www.burmeseclassic.com

ရွှေပြည်သိမ်းစာပေ

# လုံမ

နလုံးသားသံတမန်



BURMESE CLASSIC .com

(အချစ်လုံးချင်းဝတ္ထုသစ်)

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်ခြင်း
ပထမအကြိမ်၊ ဖေဖော်ဝါရီလ၊ ၂၀၁၄ ခုနှစ်။

ထုတ်ဝေသူ
ဦးဖြိုးကျော်သူ (၅၀၁၆) (ရွှေပြည်သိမ်းစာပေ)
အမှတ် ၂၂၁ (၄)လွှာ၊ ဗိုလ်မြတ်ထွန်းလမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ
ဦးအေးလွင် (၂၅၅၉) (ရွှေပဒေသာပုံနှိပ်တိုက်)
အမှတ် (၃၃)၊ ကျိုက်ကော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးဒီဇိုင်း
ယုဝ

အုပ်ရေ ၅၀၀၊ တန်ဖိုး ၁၀၀ ကျပ်

၈၉၅.၈၃

လုံမ
နှလုံးသားသံတမန်/လုံမ။ -ရန်ကုန်။
ရွှေပြည့်သိမ်းစာပေ၊ ၂၀၁၄
၂၄၀ စာ၊ ၁၂ × ၁၈ စင်တီမီတာ
(၁) နှလုံးသားသံတမန်

# လုံမ

နှလုံးသားသံတမန်

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

''ကျွတ်···ဒါက ဘယ်လိုဖြစ်တာလဲ''

အာသာဂတီကြွယ် ကျွတ်ကနဲစုတ်သပ်ပြီး သူမကားဘေးနားကပ်ရပ်ထားသော လင်ခရူဆာကားကြီးကို အံ့ကြိတ်ကာ မကျေမနပ်ကြည့်လိုက်သည်။ အမြဲတမ်းအလိုမကျဖြစ်နေသော အာသာဝတီကြွယ်၏မျက်နှာသည် ရှုပ်မှုန်ကုပ်နေ၏။

''ဗုန်း ဗုန်း''

''ဒါ ဘယ်သူ့ကားလဲ၊ ဒါ ဘယ်သူ့ကားလဲ''

ပါးစပ်က တတွတ်တွတ်အော်ပြောနေသလို လက်ကလည်း ကားခေါင်းပိုင်းဘော်ဒီကို ထုနေသည်။ အနီးပတ်ဝန်းကျင်က လူတချို့လှည့်ကြည့်ကြပေမယ့် ဘာတစ်ခွန်းမှ ဝင်မပြောကြ။

''တောက်···စိတ်တိုလိုက်တာနော်''

''ဒုန်း''

အာသာဝတီကြွယ် ဒီ့ထက်ပိုပြီး စိတ်မရှည်တော့။ ကားရှေ့ဘီးကို ခြေထောက်နှင့်ကန်လိုက်သည်။

''ဟိတ်···မင်း ဒါဘာလုပ်တာလဲ၊ မိုက်ရိုင်းလှချည်ကား''

ထိုအချိန်မှာပဲ အာသာဝတီကြွယ်နှင့် မတိမ်းမယိမ်းလောက်ရှိမည့် လူတစ်ယောက် အပြေးအလွှားရောက်လာပြီး အမောတကောမေး၏။ ထိုသူက ကျိန်းသေကို လင်ခရူဆာကားပိုင်ရှင်ဖြစ်မည်။

''ဟော့ ပြောလေ၊ ဒါဘာလုပ်တာလဲလို့ မေးနေတယ်မလား''

လင်ခရူဆာကားပိုင်ရှင်ကို အာသာဝတီကြွယ် မိုက်ကြည့်ကြည့်ပစ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီး

''ဒုန်း''

နောက်တစ်ချက် ခြေထောက်နှင့် ထပ်ကန်လိုက်ပြန်သည်။

သမုတ်ထယ် တအံ့တသြဖြစ်သွားပြီး

''ဟာ…ပြောနေရင်းကတောင် မင်းတော်တော်မိုက်ရိုင်းတဲ့ မိန်းကလေးပါလား''

အာသာသတီကြွယ် မှုန်ကုပ်ကုပ်မျက်နှာနှင့် ခပ်စွေစွေကြည့်ပြီး

''ရိုင်းတယ်၊ ရိုင်းတော့ ဘာလုပ်ချင်လဲ''

BURMESE CLASSIC .com

''ဘာပြောတယ်''

မချေမငံ မိုက်တီမိုက်ကန်းပြောနေသော ခပ်ရိုင်းရိုင်းကောင်မလေးကို သမုတ်ထယ် ဒေါသထွက်လွန်းလို့ အသားတွေတဆတ်ဆတ်တုန်ပြီး အသားကုန်အော်ပစ်လိုက်သည်။

အာသာဝတီကြွယ် လုံးဝဂရုမစိုက်။ သမုတ်ထယ်ကိုတောင် စိန်ခေါ်သည့်အကြည့်နှင့် ကြည့်နေသေးသည်။

မိန်းမတန်မဲ့ ဘာကိုမှအကြောက်အလန့်မရှိသော ဒီမိန်းမကို သမုတ်ထယ် အမှန့်ချေပစ်လိုက်ချင်သည်။ လှုပုံစံမျက်နှာပေးနှင့် စကားပြောပုံကိုက မိုက်တီမိုက်ကန်း ဘယ်သူ့ကိုမှ ဂရုမစိုက်သည့်ပုံ တော်တော်အမြင်ကပ်စရာပါ။

ဂျင်းအဖြူ ဒူးဆစ်အောက် ဘောင်းဘီအကျပ်ကို ပုဖွန်ဆီရောင်အကွက် ရှပ်အင်္ကျီဖားဖားကြီးနှင့် တွဲဝတ်ထားပြီး ကျောပိုးအိတ်တစ်လုံးကိုလည်း ကိုရီးယားမင်းသမီးတွေအတိုင်း ပိုးထားသည်။

လယ်သာ ရှူးဖိနပ်အမည်းကို စီးထားသော သူမပုံစံက ယောက်ျားလျာလိုလို၊ သမုတ်ထယ် မျက်စိထဲမှာတော့ တကယ့်ကို ထောင့်မကျိုးသည့် ကောင်မလေးပင်။

''တောက်''

''ဘာလုပ်ချင်လဲ၊ သတ္တိရှိရင် ထိကြည့်လိုက်လေ''

သမုတ်ထယ်နှင့် အနီးဆုံးကို တိုးကပ်လိုက်ပြီး ခြေဖျားထောက်



ခုံးချင်းတိုက်ကာ အာသာဝတီကြွယ်မေးလိုက်သည်။ မိန်းမသားတစ်ယောက် ဆိုသောအသိနှင့် သမုတ်ထယ်စိတ်ကို အတော်ထိန်းထားသည်။

''သမုတ် တော်ပါတော့ကွာ''

''ဘာဖြစ်လို့တော်ရမှာလဲ၊ မိန်းမဖြစ်ပြီး ဒီလောက်မိုက်ရိုင်းနေတာ ခင်းမမြင်ဘူးလား''

လောလောဆယ် သမုတ်ထယ်အတွက် ဝေမျိုးက မဲစရာဖြစ်သွားသည်။

''ဟုတ်တယ်၊ မိုက်ရိုင်းတယ်၊ ဘာဖြစ်ချင်လဲ''

အာသာဝတီကြွယ်ကလည်း ဆတ်ဆတ်ထိမခံ။ ယောက်ျားဖြစ်လို့ ကြောက်လန့်သည့်စိတ်လည်း နည်းနည်းမှမရှိ။ အာသာဝတီကြွယ့်ဘဝမှာ ဘယ်သူ့ကိုမှ ကြောက်လည်းမကြောက်ဘူး။ စိတ်လည်းမဝင်စားဘူး။ လူလု ချင်းဆိုသည့်အသိပဲရှိသည်။ ကိုယ့်တစ်ချက်ချလျှင် ယောက်ျားဖြစ်ဖြစ် မိန်းမဖြစ်ဖြစ် နှစ်ချက်လောက်ပြန်ချရမှ အာသာဝတီကြွယ်က ကျေနပ်သူ။ အခုလို မိန်းကလေးတစ်ယောက်နှင့်တောင် ဖက်ဖြစ်တတ်သည့် ယောက်ျားရင့်မာကြီးဆို ပိုလို့တောင် မကြောက်သေး။

''မင်းကွာ၊ မိန်းမဖြစ်နေလို့ပေါ့''

''မိန်းမဖြစ်လည်း ဂရုစိုက်စရာမလိုပါဘူး။ ဘာလို့လဲဆိုတော့ ရှင့်ကို ကြောက်လည်းမကြောက်ဘူး။ ဂရုလည်းမစိုက်ဘူး''

''ပြောနေရင်းတောင်ကွာ''

''လာပါ သမုတ်ရယ်၊ သွားရအောင်ပါ၊ ဒီက ညီမလည်း တို့တောင်းပန်ပါတယ်''

''ဟေ့ကောင် ဘာလို့တောင်းပန်နေတာလဲ''

ဝေမျိုးကို သမုတ်ထယ် ခပ်တည်တည်ကြီးကြည့်ပြီး ဟောက်ပစ်လိုက်သည်။ ဘယ့်နှယ် မှားလည်းမှားသေးတယ်။ သူမကပဲ မာရေကျောရေနှင့်။ ဒါကို သွားအဖက်လုပ်ပီတောင်းပန်နေသော ဝေမျိုးကိုလည်း တော်တော်ဒေါ်တိုသွားသည်။

''ဒီမှာ အပိုတွေလာပြောမနေနဲ့။ ကားထွက်မှာ မြန်မြန်ထွက်''

www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောတယ်"

သမုတ်ထယ် မျက်ခုံးနှစ်ဖက်ကို တွန့်ချိုးပြီး သူမနည်းတူ ခပ်မိုက်မိုက်ကြည့်ပစ်လိုက်သည်။

"ငါ့ကို အမိန့်ပေးရအောင် မင်းကဘာမို့လဲ"

စိတ်တွေကိုသာ လွှတ်ပေးလိုက်လျှင် ဒီလူ ကစ်စစီဖြစ်တော့မည်။ အပိုစကားတွေပြောရမှာလည်း အာသာဝတီကြွယ်က အင်မတန်ကြောက်သည်။

"ကားထွက်မလို့၊ ရှင့်ကားနဲ့ မလွတ်လို့"

အာသာဝတီကြွယ် အသားကုန်အော်ပစ်လိုက်တော့ ဝေမျိုးလန့်သွား၏။ မိန်းမတန်မဲ့ အသံလည်းတော်တော်ကျယ်သလို အရှက်ရှိမည့်ပုံလည်း မပေါ်ပါ။ ဒီလောက်စွာတေးလန်ပြီး ကမ်းကုန်အောင်မိုက်ရိုင်းသော ဒီကောင်မလေးကို ပညာပေးချင်သည်။ သမုတ်ထယ် ညစ်ကျယ်ကျယ်ပြုံးလိုက်ပြီး

"ထွက်ပေါ့၊ မင်းကားထွက်တာ ငါနဲ့ဘာဆိုင်လို့ ငါ့ကားကိုထွက်ခိုင်းနေရတာလဲ"

သမုတ်ထယ် လက်ပိုက်ပြီး သရော်သလို ခပ်အေးအေးပြောတော့ သူမ ဇွေ့ဇွေ့ခုန်ဒေါသထွက်သွားမည်ထင်ပြီး ကျေနပ်နေသည်။ ဒါပေမဲ့ သူမက လုံးဝဒေါသမဖြစ်။ သမုတ်ထယ်ကို ခပ်စိမ်းစိမ်းတစ်ချက်ကြည့်ပြီး ကားပေါ်တက်ကာ ကားတံခါးကို ဆောင့်ပိတ်လိုက်သည်။

သူမ၏ ကားစက်နှိုးသံနှင့်အတူ

"ကျွိ. . .ကလွီ"

ဆိုသော ကားနှစ်စီးပွတ်တိုက်သံတွေ ထွက်လာပြီးနောက်မှာတော့ သမုတ်ထယ် ဟိုက်ခနဲဖြစ်သွားရသည်။

"ဟာကွာ. . .သွားပါပြီ"

စွာတေးလန်မ ကားပွတ်ဆွဲသွားတာကြောင့် သမုတ်ထယ်ကားအသစ်ကြီး၏ ဘေးဘော်ဒီမှာ ဆေးတွေပွန်းပဲ့သွားတာမြင်လို့မကောင်း။ ဒေါသဖြစ်လွန်းလို့ သမုတ်ထယ် အသားတွေတဆတ်ဆတ်တုန်ပြီး

"ဟေ့ နေဦး၊ နေဦး"

သမုတ်ထယ် သွေးရူးသွေးတန်းနှင့် ဘယ်လောက်အော်အော် သူမ



ကားလေးက အဝေးကိုရောက်သွားပြီ။ ကိုယ့်မှာသာ အရူးတစ်ယောက်လိုဖြစ်ကာ လူတွေဝိုင်းကြည့်ကုန်သည်။

"တောက်. . .မိုက်ရိုင်းလိုက်တာ၊ ဘယ်လိုမိန်းမလည်း မသိဘူး"

သမုတ်ထယ် ဒေါသဖြစ်လွန်းလို့ အသံတွေတောင်တုန်နေသည်။ ဝယ်ထားတာ ရက်ပိုင်းပဲရှိသေးသော ကားအသစ်ကြီးကိုကြည့်ပြီး ယောက်ျားတန်မဲ့ငိုချင်စိတ်တောင် ပေါက်သွားသည်။ အနားမှာသာရှိလို့ကတော့ ကန်းကုန်အောင်မိုက်ရိုင်းသည့် ဂလန့်ဂွစာမကို ကိုင်တောင်ပေါက်လိုက်မိမလားမသိပေ။

"ဗုန်း ဗုန်း"

"တောက်"

ကားခေါင်းပိုင်းဘော်ဒီကို လက်သီးနှင့်ထုပြီး ဒေါသတွေဖြစ်နေသော သမုတ်ထယ်ကို သူငယ်ချင်းဝေမျိုးကြည့်ပြီး ပြုံးစိစိလုပ်နေတော့ သူ့ပိုတင်းသွားကာ

"မင်းက ပြုံးနိုင်သေးတယ်နော်"

သူ့ကိုမဲတော့မှာသိသော ဝေမျိုးက အပြုံးမပျက်ဘဲ

"မပြုံးလို့ ငါကဘာလုပ်ရမှာလဲ"

"ဒီမှာလုပ်သွားတာမြင်တယ် မလား၊ ငါ ဒီလောက်ခံစားနေရတာတောင် မင်းက ပြုံးနေသေးတယ်။ မင်းက တကယ်တော့ ငါ့အတွက် သူငယ်ချင်းကောင်းမှ မဟုတ်တာ"

"ဘာလဲ. . .သူငယ်ချင်းကောင်းဖြစ်အောင် ငါက အဲဒီကားနောက်ကို ပြေးလိုက်သွားရမှာလား"

"မင်း မရွဲ့နဲ့နော်"

"ဟုတ်တယ်လေ၊ အစတည်းကသာ ကိုယ့်လမ်းကိုယ်သွားလိုက်ရင် ဒီလိုဖြစ်စရာအကြောင်းမရှိဘူး"

"ဟေ့ကောင် ဝေမျိုး၊ ငါ့ဒေါသတွေ မင်းဆီရောက်သွားမယ်နော်"

သူ့ဒေါသ တကယ်ထွက်နေတာသိတော့ ဝေမျိုးငြိမ်သွားသည်။ ဝေမျိုးငြိမ်တော့မှ သမုတ်ထယ် ဒေါသက စွာတေးလန်မဆီ လှည့်သွားပြန်သည်။

"မိန်းကလေးဖြစ်ပြီး ဒီလောက်မိုက်ရိုင်းတာ တစ်ခါမှ မတွေ့ဖူးဘူး၊

www.burmeseclassic.com

www.burmeseclassic.com



သူမှိုလုပ်ရဲတယ်၊ တော်ပြီ ဒီကားကိုလဲပစ်လိုက်တော့မယ်''

''လဲပေါ့၊ မင်းက တတ်နိုင်တာပဲ''

သမုတ်ထယ် ဖျတ်ကနဲ ဝေမျိုးကိုကြည့်လိုက်သည်။ ဝေမျိုးပခုံးကို သူ့ဘက်သို့ ခပ်ကြမ်းကြမ်းဆွဲလှည့်လိုက်ပြီး

''နေစမ်းပါဦး၊ မင်းက ငါ့ဘက်ကနည်းနည်းမှမလိုက်တဲ့ ဟိုဟာမလေး ဘက်က နာနေတာ ဘာသဘောလဲ''

''မနာပါဘူး၊ နာစရာအကြောင်းလည်းမရှိဘူး''

ဝေမျိုး ခပ်အေးအေး ပြောနေပေမယ့် သူ့ဒေါသက မပြယ်သေးပါ။ စွာတေးလန်မ လုပ်သွားတာလည်း မြင်ရဲ့သားနှင့်။ သူ့ကိုတောင် အပြစ်တင်နေသည်။

''ကဲ. . .သွားမယ်၊ ဟိုကောင်မလေးကလည်း မသိတော့တဲ့အတွက် တစ်ယောက်တည်း ဒေါသတွေဖြစ်မနေနဲ့တော့၊ နောက်တစ်ခါတွေ့တော့ မင်းအလှည့်ပေါ့''

''တော်. . .တော်၊ ဒီလိုမိန်းမမျိုးနဲ့လည်း ထပ်မဆုံချင်ပါဘူး''

သမုတ်ထယ်က အော့နှလုံးနာသလို ခါးခါးသီးသီးပြောတော့ ဝေမျိုး တဟားဟားနှင့်ရယ်သည်။

သမုတ်ထယ် ကားပေါ်တက်လိုက်သည်။ အနားပတ်ဝန်းကျင်က လူ တချို့ စောစောက သမုတ်ထယ်တို့အဖြစ်ကိုတွေ့သည်ထင်၏။ အားလုံး ပြုံးစိစိနှင့် ကြည့်နေကြသည်။

ဒီတော့မှ သမုတ်ထယ် ရှက်သွားပြီး ထိုနေရာမှ ကားကိုမြန်မြန်လေး မောင်းထွက်လာခဲ့သည်။ ကားသာမောင်းနေရသည်၊ မိုက်ကန်းကန်း ဂျစ် ကန်ကန်စွာတေးလန်မကို မျက်စိထဲက မထွက်။ တွေးလိုက်တိုင်း ဒေါ သတွေပဲ ထွက်နေသည်။

ဝေမျိုးကတော့ ကားကူရှင်ကိုမှီပြီး မှိန်းနေသည်။ ပါးစပ်ကလည်း သီချင်းတောင် ညည်းနေသေးသည်။ သူ့မှာသာ ဒေါသတွေနှင့် တန်နွှံခံစား နေရသည်။

## အခန်း (၂)

''တီ. . .တီ. . .တီ''

အာသာဝတီကြွယ် ကားဟွန်းကို အသားကုန်တီးပစ်လိုက်သည်။

ခြံစောင့်ကုလားလေး အပြေးအလွှား တံခါးလာဖွင့်ပြီး အာသာဝတီ ကြွယ့်မျက်နှာကို မကြည့်ဘဲ ခေါင်းငုံ့နေသည်။

အိမ်ကလူတွေအားလုံး အာသာ့အသံကြားတာနဲ့ အသံတိတ်ကုန်၏။ အာသာ့မျက်နှာကိုလည်း မကြည့်ရဲကြ။ ကိစ္စမရှိလျှင် ဝေးဝေးကရှောင် ကြသည်။ အာသာကလည်း အကြောင်းမရှိဘဲ ဘယ်သူ့ကိုမှ အပိုစကား မပြော။ အာသာ့ဘဝမှာ ပျော်ရွှင်မှုလည်းမရှိ။ သိတတ်စအရွယ်တည်း က အပြုံးအရယ်ဆိုတာလည်း မှတ်မှတ်ရရ တစ်ခါမှ မရှိဘူးခဲ့။ မကျေ နပ်မှု၊ ဒေါသဖြစ်မှုတွေနဲ့သာ အမြဲတမ်း ဖက်တွယ်နေခဲ့ရသည်။

အဲဒါ ဘာကြောင့်လဲ။ အာသာ့မှာ ဘာကြောင့်အလိုမကျခြင်းတွေပဲ ရှိနေရတာလဲ။ အဓိက တရားခံကတော့ အာသာရဲ့အမေပဲဖြစ်သည်။ အာသာ့ကိုမွေးထုတ်ခဲ့သည့်အမေ ဒေါ်မြဝတ်ရည်ကြောင့်ပဲဖြစ်သည်။ အတွေး တွေကို အဝေးသို့ လွှင့်ထုတ်ပြီး အာသာဝတီကြွယ် ခြံထဲသို့ ကားကို ခပ်ကြမ်းကြမ်းမောင်းဝင်လာခဲ့သည်။ ကားတံခါးကိုဂျိန်းကနဲ ပိတ်သံနှင့် ကွက်တိပင်။ အိမ်အကူမစန်း အိမ်တံခါးအသင့်ဖွင့်ထားသည်။

လယ်သာရှူးဖိနပ်ကိုချွတ်ပြီး ခြေထောက်နှင့်ပင် ဖိနပ်စင်သို့ ခပ် ကြမ်းကြမ်း ပစ်ကန်လိုက်သည်။ ညှေ့ခန်းတစ်နေရာ၏ အိစက်နေသော ဆိုဖာပေါ်တွင် အာသာဝတီကြွယ့်မိခင် ဒေါ်မြဝတ်ရည် စီးကရက်သောက် မပျက်။ သမီးဖြစ်သူလုပ်သမျှ တစ်ချက်မှ လှည့်မကြည့်ဘဲ မဆိုင်သလို

www.burmeseclassic.com

www.burmeseclassic.com



ဝင် စီးဆက်ရွာနေသည်။

**အသာ** မိခင်ဖြစ်သူ ဒေါ်မြဝတ်ရည်ကို တစ်ချက်စောင်းငဲ့ပြီး ကြည့်လိုက်သည်။ အမေ့ကို အာသာမုန်းတာ မကျေနပ်တာအဲဒါတွေပဲ။ မအေကို မုန်းတယ်ဆိုတော့ ငရဲကြီးမှာ အာသာမသိ၍မဟုတ်။ ဒါပေမဲ့ အမေက အာသာနှင့်ပတ်သက်လျှင် တုန့်လှုပ်မှုကင်းမဲ့ပြီး တော်တော်ကို နေစိမ့်သည်။

အာသာကောင်းတာပဲလုပ်လုပ်၊ မကောင်းတာပဲလုပ်လုပ်၊ သမီးအရင်းမဟုတ်သလို သူစိမ်းဆန်လွန်းသည်။ အာသာ့စိတ်တွေ ကြမ်းတမ်းပြီး ဘယ်သူ့ကိုမှ စိတ်တိုင်းမကျဖြစ်နေတာကလည်း အမေ့ကြောင့်ဖြစ်သည်။ သိတတ်စအရွယ်ရောက်တည်းက သမီးရင်းမှဟုတ်ရဲ့လားဟု မကြာခဏ ပေါက်ကွဲခဲ့ရသည်။

ဒါပေမဲ့ ဒေါ်မြဝတ်ရည်သည် အာသာ၀တီကြွယ်ရဲ့ အမေရင်းဆိုတာ နိုင်လုံသည့်အထောက်အထားများအပြင် အာသာသိပ်ချစ်သည့် အမေ့ညီမဝမ်းကွဲအန့်တီနိုင်ကလည်း ကျိန်တွယ်ပြီးပြောသည်။

အောက်နှုတ်ခမ်းကို အပေါ်သွားနှင့်ပြုတ်လုမတတ်ကိုက်ပြီး ခြေသံပြင်းပြင်းနင်းကာ အမေ့ရှေ့က အာသာဖြတ်ခဲ့သည်။ အခန်းတံခါးကို ဝုန်းကနဲပြန်ပိတ်ပြီး လွယ်ထားသော ကျောပိုးအိတ်ကို အခန်းထောင့်တစ်နေရာသို့ လွှင့်ပစ်လိုက်၏။ ဒီအထိ အာသာ့ဒေါသက. မပြယ်နိုင်သေး။

အာသာ့မျက်စိရှေ့ရောက်လာသော စားပွဲတင်နာရီလှလှလေးသည် ခါးစာခံဖြစ်သွားသည်။

"ဒုန်း"

စားပွဲတင်နာရီလေးကို တစ်အားပစ်ပေါက်လိုက်တော့ နာရီလေး အစိတ်စိတ်အမွှာမွှာဖြစ်သွား၏။ ကုတင်ပေါ်ပစ်လှဲချပြီး ဒေါသတွေဖြေနေရသည်။

"အမေ့ကိုမြင်တိုင်း ဒေါသတွေဖြစ်နေရတာ၊ ငရဲကိုဝယ်ယူနေသလိုပဲဆိုတာ အာသာသိပေမယ့် ဘာတတ်နိုင်မှာလဲ၊ စိတ်ကအလိုလိုဖြစ်နေတာကို အားသာလည်း မတားဆီးနိုင်ပါ။ သမီးရင်းတစ်ယောက်ကို အမေရင်းတစ်ယောက်က ဒီလောက် စိမ်းကား၊ ဥပေက္ခာပြုတာ လောကကြီးမှာ



ဒေါ်မြဝတ်ရည်ဆိုသော အမေတစ်ယောက်ပဲ ရှိမည်ထင်သည်။

"ဟာ . . .ငါ ဘာတွေတွေးနေတာလဲ။ မတွေးချင်ဘူး။ အမေ့အကြောင်းမတွေးချင်ဘူး"

အာသာ၀တီကြွယ်တစ်ယောက်တည်း ဗလုံးဗထွေးပြောပြီး လက်နှစ်ဖက်ကလည်း အိပ်ရာကို ထုရိုက်နေသည်။

"ငါ့ကို မုန်းတဲ့ ဒီအမေအတွက် ငါ ဘာလို့ ဝမ်းနည်းရမှာလဲ"

ပါးစပ်ကလည်း တတွတ်တွတ် ပြောနေသည်။ ပြောလို့ မောသွားတော့ အာသာ၀တီကြွယ်အိပ်ပျော်သွားသည်။ အိပ်ပျော်သွားသော အာသာ၀တီကြွယ်မျက်နှာလေးသည် အပြစ်ကင်းစင်နေ၏။ စောစောက ဒေါသတွေ ပြည့်နေသော အာသာ၀တီကြွယ်နှင့်ဘာမှမဆိုင်၊ ပကတိရိုးသားဖြူစင်မှုတွေနှင့်အပြစ်ကင်းစင်နေသည်။

အာသာ၀တီကြွယ့်ခေါင်းအုံးဘေးက ဖုန်းလေး သီချင်းသံထွက်လာတော့ သူမေးခနဲ အိပ်ပျော်သွားရာမှ လန့်နိုးသွားသည်။

"ဟာ . . .အန့်တီနိုင်"

အန့်တီနိုင့်ဖုန်းဖြစ်နေတော့ အာသာ၀မ်းသာအားရဖုန်းလေး ကောက်ကိုင်ပြီး

"ဟဲလို . . .အန့်တီနိုင်"

"သမီးလေး အာသာ နေကောင်းတယ်နော်"

အန့်တီနိုင့်အသံလေးက အာသာ့နားထဲသို့ စမ်းရေစီးသံလေးလို ငြိမ့်ညောင်းစွာ စီးဝင်လာသည်။

"ကောင်းပါတယ်၊ အန့်တီနိုင်ရော"

"သမီးကို သတိရတာကလွဲရင် အားလုံးအိုကေပဲ"

အန့်တီနိုင့်အပြောလေးကြောင့် အာသာ၀မ်းနည်းသွားသည်။

"သမီးကတော့ အန့်တီနိုင် မရှိမှ ပိုဆိုးနေတယ်"

"ဘာတွေဆိုးနေလို့လဲ သမီးရယ်၊ အန့်တီနိုင် သမီးကို ဘာပြောခဲ့လဲ၊ အန့်တီနိုင့်စကားကို နားထောင်မယ်ဆို"

www.burmeseclassic.com

www.burmeseclassic.com



''စိတ်မဆိုးပါနဲ့ အန်တီနိုင်ရယ်၊ အမေ့ကိုတွေ့ရင် သမီးစိတ်တွေ ဘာကြောင့် ကြမ်းတမ်းသွားတယ်ဆိုတာ ကိုယ့်ကိုယ်ကိုယ်လည်း မသိဘူး''

''သမီးရဲ့ ပင်ကိုစိတ်ဖြူစင်နူးညံ့သူလေးပါ။ သမီး အမေကို နားလည်ပေးလိုက်ပါ။ တကယ်တော့ သမီးအမေက သမီးကို သိပ်ချစ်ပါတယ်''

အာသာဟားတိုက်ပြီးသာ ရယ်လိုက်ချင်သည်။ အမေက အာသာ့ကို ချစ်တယ်တဲ့။ အန်တီနိုင်ကတော့ ထိုကဲ့သို့ အမြဲပြောသည်။ အာသာ့ကို အမေဥပက္ခာပြုတာကိုလည်း အန်တီနိုင်တွေ့နေ မြင်နေသားနဲ့၊ အမေက အာသာ့ကို ချစ်ပါတယ်ဟု အမြဲတမ်းပြောသည်။

အာသာ စိတ်ချမ်းသာအောင် ပြောတာသိသည်၊ အန်တီနိုင်က အာသာ့အတွက် အမြဲလိုအင်တွေကို ဖြည့်ပေးနေသည့်အခါတစ်ယောက်ပါ။ အန်တီနိုင်သာ အာသာ့အမေဖြစ်လျှင် သိပ်ကောင်းမှာလို့ အမေ့မျက်နှာကို မြင်တိုင်းတွေးမိသည်။ အမေ့ဆီက မရသော နွေးထွေးသည့် မေတ္တာတွေကို အန်တီနိုင်က ပေးသည်။

''ဘာတွေ စဉ်းစားနေတာလဲ သမီးလေး''

အာသာအတွေးစတွေ ပြတ်တောက်သွားပြီး

''မစဉ်းစားပါဘူး အန်တီနိုင်''

အန်တီနိုင် ရယ်လိုက်သံက အန်တီနိုင် သိပါတယ် မညာပါနဲ့လို့ပြော နေသလိုပဲ။

''သမီးကို လိမ္မာယဉ်ကျေးပြီးမိန်းမပီပီသသအဖြစ် ဘယ်တော့ အန်တီနိုင် မြင်ရမှာလဲ။ အမေကို လိုက်တုနေလို့ကတော့ အာသာဝတ် ကြွယ်ဟာ သမီးမိုက်ပဲ ဖြစ်နေမှာပဲ''

''သမီး ယဉ်ကျေးရင်ရော အမေက သမီးတစ်ယောက်အဖြစ် အသိ အမှတ်ပြုမှာလား''

အာသာဝတီကြွယ်က ထိခိုက်ကြေကွဲသံလေးနှင့်မေးတော့ အန်တီနိုင် သက်ပြင်းချသံအတိုင်းသား ကြားရသည်။



''အာသာ ဘယ်လိုပဲနေနေ သေတဲ့အထိ အမေ့ဆီက နွေးထွေးတဲ့ မေတ္တာရမှာမဟုတ်ဘူး။ ဒါပေမဲ့ သမီးအတတ်နိုင်ဆုံး သမီးစိတ်ကိုနိုင်အောင် ထိန်းပါ့မယ်''

''ဒီလိုမှပေါ့ သမီးရယ်၊ အန်တီနိုင် အရမ်းဝမ်းသာတာပဲ၊ နောက်ထပ် ဝမ်းသာစရာပြောရဦးမယ် သမီးရဲ့''

''ဘာလဲဟင် အန်တီနိုင်''

''ရှေ့လကို ခွင့်ဆယ်ရက်ရမယ်၊ အဲဒါလာမယ့်နေ့ ကြိုဖုန်းဆက်မယ်''

''ဝမ်းသာလိုက်တာ အန်တီနိုင်ရယ်''

အာသာပျော်လွန်းလို့ ထခုန်လိုက်သည်။

''အန်တီနိုင် သမီးကိုကြိုဖုန်းဆက်နော်၊ သမီး မျှော်နေမယ်''

''ဟုတ်ကဲ့ပါရှင်၊ သမီး ကျန်းမာရေးကို ဂရုစိုက်နော်''

''ဟုတ်ကဲ့''

''ဘာပြောဦးမလဲ''

''မပြောတော့ဘူး၊ သမီး အရမ်းပျော်နေတာပဲ သိတယ်''

တကယ်ကို အာသာ့ရင်ထဲမှာ အရမ်းအပျော်တွေဝင်ပြီး ကြည်လင်လန်းဆန်းနေသည်။

''ဒါဆို အန်တီနိုင် ဖုန်းချလိုက်တော့မယ်နော်''

''ခဏလေး အန်တီနိုင်''

''ရွတ်''

ဖုန်းထဲကနေ ပေးနေကျအနမ်းလေး အန်တီနိုင့်ကိုပေးလိုက်သည်။ တစ်ဖက်က အန်တီနိုင်ကလည်း အာသာ့ကို ဖုန်းထဲက ပြန်နမ်းသည်။ အာသာနှင့် အန်တီနိုင်က အဲဒီလောက်အထိ ချစ်ကြတာဖြစ်သည်။ အမေ့ဝမ်းထဲက ကျွတ်ကတည်းက အန်တီနိုင်ကပဲ အာသာ့ကို အမေရင်းတစ်ယောက်လို စောင့်ရှောက်ခဲ့တာပါ။

မြို့တော်စည်ပင်မှာ အရာရှိကြီး အန်တီနိုင်က ရာထူးတက်ပြီး ကချင်ပြည်နယ်ဘက် ပြောင်းရမည့်ဆိုတော့ အာသာငိုလိုက်ရတာ။ ရာထူး

www.burmeseclassic.com

www.burmeseclassic.com



မယူတဲ့ မပြောင်းတော့ဘူးဟု အန်တီခိုင်ပြောတော့ အန်တီခိုင့်တက်လမ်းကို ပိတ်မှာစိုးပြီး အာသာကပဲ ပြောင်းဖို့တိုက်တွန်းခဲ့ပေမယ့် ရင်ထဲကတော့ နည်းနည်းမှမကောင်း။

တွေးရင်းနှင့် အန်တီခိုင့်ကို သတိရပြီး မျက်ရည်တွေကျလာသည်။

လွမ်းတယ် အန်တီခိုင်ရယ်။

❀ ❀ ❀

## အခန်း (၃)

ဝေမျိုးကို အိမ်ပြန်ပို့ပြီး ကိုယ့်အိမ်ပြန်ရောက်လာသည်အထိ သမုတ်ထယ် ဒေါသတွေက မပြယ်သေး။ ဒေါသမပြယ်သေးသည့်ထဲကကို ဖိုက်ကန်းကန်းဂျစ်ကန်ကန်ပုံစံက မျက်စိထဲက မထွက်။

ဘာမှ လိမ်းခြယ်မထားသော သူမမျက်နှာလေးက ဝင်းမွတ်ကြည်လင်နေတာ တခြားမိန်းမတွေထဲမှာ ထင်းနေသည်။ သူမမျက်နှာပေါ်မှာ အထင်ရှားဆုံးကတော့ မျက်လုံးနှင့် မျက်ခုံးဖြစ်သည်။ မျက်ခုံးထူထူလေးက ထက်မြက်ရဲရင့်မှုကို ပေါ်လွင်စေသလို မျက်လုံးလေးတစ်စုံကလည်း ဘယ်သူ့ကိုမှ ဂရုမစိုက်သည့်အလား။

ဘာကိုမကျေနပ်မှန်းမသိသော သူမ၏ အပြုံးဆုံးစရိုက်ကတော့ ယဉ်ကျေးမှုမရှိတာပဲဖြစ်သည်။ သူမ ဘယ်သူလဲ။ သူမကို ယဉ်ကျေးအောင် ဆုံးမမည့် မိဘတွေရောရှိလား။

ငါ ဘာတွေလျှောက်တွေးနေတာလဲ။

တကယ်ဆို ကိုယ့်ကိုမချေမငံဆက်ဆံပြီး ယဉ်ကျေးမှုမရှိသော မိန်းမတစ်ယောက်ကို ဒေါသဖြစ်ရမှာ၊ အမြင်ကပ်ရမှာ။

တကယ်လည်း သမုတ်ထယ် သူမကို ဒေါသဖြစ်သည်။ အမြင်ကပ်သည်။

"ဟော…သား ပြန်လာပြီ"

သမုတ်ထယ် အိမ်ထဲဝင်လာတော့ အပြင်ထွက်ဖို့ အသင့်ဖြစ်နေသော ခင် ဒေါ်ခင်ခင်မေက အပြုံးနှင့်နှုတ်ဆက်သည်။

"ဟုတ်ကဲ့ မေမေ၊ မေမေဘယ်သွားမလို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



သမုတ်ထယ်မေးတာကို မေမေက မဖြေဘဲ အိမ်ထဲကထွက်လာသော ငွေမိုးဆက်ကို အပြုံးလေးနှင့် လှမ်းကြည့်၏။ ဆက်ကို မေးဆိုသော နှင့် မေမေက ဆက်ကိုမေးငေါ့ပြသည်။

''ပြန်လာပြီလား သမုတ်''

အပြုံးလှလှလေးနှင့် နှုတ်ဆက်သော ဆက်ကို သမုတ်ကလည်း အပြုံးလေးနှင့်ခေါင်းညိတ်ပြသည်။

ဆက်ကိုမြင်လိုက်တာနှင့် သူ့ရဲ့စိတ်တွေကြည်လင်လန်းဆန်းသွား ဘယ်အချိန်တွေ့လိုက်တွေ့လိုက် ဆက်က သူအင်မတန်စိတ်တိုင်းကျသော သူအလိုချင်ဆုံးသော ပုံစံမျိုးဝင်သည့် မိန်းကလေးဖြစ်သည်။

မရမ်းစေ့ရောင် ရင်ဖုံးလေးတွင် အနားသားမှာ စီးကွင့်လေး ထိုးထားသည့် မြန်မာဆန်ဆန်အင်္ကျီလေးကို မရမ်းရောင်ရင့်ရင့် စက ရှည်လေးနှင့် လိုက်ဖက်ညီအောင်ဝတ်ထားသော ဆက်ရဲ့ဒီဖိုင်းသ အဆင့်အတန်းမြင့်မြင့်ထဲက မိန်းကလေးတစ်ယောက်ဆိုတာ မြင်တာ သိသည်။

တကယ်လည်း ဆက်က အဆင့်အတန်းမြင့်သော မျိုးနွယ်က ပေါ ဖွားလာသည့်မိန်းကလေးဖြစ်သည်။ ဆက်အဖေက ဆောက်လုပ်ရေး ညွှန်ချုပ်တစ်ယောက်ဖြစ်ပြီး နှလုံးရောဂါနှင့်ကွယ်လွန်သွားတာ ငါး လောက်ရှိပြီ။

ဆက် အမေကလည်း ဘိုးဘွားစဉ်ဆက် ချမ်းသာသော မျိုးရိုးကော သူဌေးသမီးတစ်ယောက်ပင်။ ဆက်အဖေမရှိတော့ပေမယ့် ဆက်တို့သားအ အခြေအနေက လုံးဝယိမ်းယိုင်မသွား။ ဆက်ရဲ့နှစ်ဘက်အဘိုးအဘွား ခဲ့သည့် အမွေအနှစ်တွေက ဆက်တို့သားအမိ ဘာမှမလုပ်ဘဲ ထိုင်စ တောင် ဒီတစ်သက် မကုန်နိုင်ပါ။

ဒီကြားထဲ တစ်ဦးတည်းသောသမီး ဆက်ကလည်း အရမ်းလိမ္မာ သည်။ ဆက်က ဒီခေတ်ထဲမှာတော့ ရှားရှားပါးပါး မိန်းကလေးတစ်ယော ပင်။ ပညာရေးမှာဆိုလည်း ကွန်ပျူတာဘွဲ့ရပြီးပြီ။ အချက်အပြုတ် အိမ် ကိစ္စလည်း ကျွမ်းကျင်ပြီး အပြောအဆိုအနေအထိုင်မှာဆိုလည်း အင်မ



ဘူးခြွေရသည်။

ဖေဖေနှင့်ဆက်အဖေက ငယ်သူငယ်ချင်းတွေဖြစ်ပြီး သူနှင့်ဆက်ကို အရွယ်ရောက်လျှင် ပေးစားဖို့ ကတိထားခဲ့ကြသည်။ ဆက်ကတော့ မသိပါ။ သူကတော့ တစ်ချိန်မှာဇနီးတော်ရမည့် ဆက်ကိုအဲရမ်းကျေနပ် သည်။

သမုတ်ထယ်ဆိုသော သူ့ဘဝကလည်း ငယ်ငယ်လေးတည်းက လို တိုင်းရခဲ့သော သူဖြစ်သည်။ တစ်ဦးတည်းသောသား၊ သူ့ကိုဖေဖေနှင့် မေမေက သိပ်ချစ်သည်။ သူ့ဘဝအတွက် အဖော်မွန်ရွေးပေးတာတောင် သူစိတ်တိုင်းကျ ကျေနပ်စေမည့် မိန်းမကိုရွေးပေး၏။

ငွေမိုးဆက်ဆိုသော ဆက်ကို သူတင်မဟုတ်ပါ။ ဘယ်ယောကျ်ားမဆို ကျေနပ်လက်ခံမည်မှာ မလွဲ။

''မေမေနဲ့ သမီးလေးဆက် မင်္ဂလာဒုံ သွားမလို့သားရဲ့''

မေမေ့အသံကြားမှ သူ့အတွေးတွေ ပြတ်တောက်သွားသည်။

''အန်ကယ်အောင်ဆီလား မေမေ''

''ဟုတ်တယ်လေ သားရဲ့၊ သွားဖို့ချိန်းနေတာကြာပြီ။ မနေ့က ကိုအောင် က ထပ်ဖုန်းဆက်ခေါ်တယ်''

''အန်ဟီမော်ရော မပါဘူးလား''

သမုတ်ထယ်အမေ့ကို မေးသလိုလိုနှင့် ငွေမိုးဆက်ဘက်ကြည့်လိုက် သည်။ စကားနည်းသော ဆက်က မေမေ့ကိုလှမ်းကြည့်တော့ မေမေက

''မော်က ဒီနေ့မအားဘူးသားရဲ့၊ သူက လွန်ခဲ့တဲ့ တစ်ပတ်လောက် ကတင် လမ်းကြုံလို့ဝင်ခဲ့သေးတယ်။ သားကလည်း ဟိုတစ်နေ့ကတင် သားအဖေနဲ့သွားထားတော့ မေမေနဲ့သမီးလေးဆက်ပဲ သွားဖို့ကျန်တော့ တယ်လေ။ ကိုအောင်တို့ လင်မယားကလည်း သားသိတဲ့အတိုင်း ဒီမိသားစု စုကို တစ်လနှစ်ခါလောက်လာမှ ကျေနပ်တာ''

မေမေပြောတာ ဟုတ်သည့်အတွက် သမုတ်ခေါင်းညိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆက်အမေ မေမေနှင့် အန်ကယ်အောင်တို့က သိပ်ချစ်ကြသည့် ငယ်သူငယ်
ချင်းတွေ။ အန်ကယ်အောင်တို့ လင်မယားက မင်္ဂလာဒုံမှာနေပြီး မေမေ
ပြောသလို သမုတ်တို့မိသားစုနှင့် ဆက်တို့သားအမိကို မကြာမကြ
လာစေချင်သည်။ သူတို့က သားသမီးလည်း မထွန်းကား။ ဒါကြောင့်
ဆက်ကို သိပ်ချစ်သည်။

''ကိုမုတ် လိုက်ဦးမလား''

''မလိုက်တော့ဘူးဆက်ရယ်၊ အရမ်းပင်ပန်းနေလို့ မေမေနဲ့ဆက်
သွားလိုက်ပါနော်''

''ဟုတ်ကဲ့ ကိုမုတ်။ နားလိုက်တော့လေ။ ရေကို မျက်ချင်းမချိုး
နော်''

''စိတ်ချပါ ဆက်ရဲ့''

သူ ဆက်ကိုကြည့်ပြီး ရွှန်းရွှန်းစားစားပြောတော့ ဆက် ရှက်ပြုံး
လေး ပြုံး၏။ မေမေကတော့ သူနှင့်ဆက်ကိုကြည့်ပြီး တပြုံးပြုံးနှင့်ကျေနပ်
နေသည်။

''ဒါဆို ဆက်တို့သွားမယ်နော် ကိုမုတ်''

''ကောင်းပြီ ဆက်၊ ကားလည်း သတိထားမောင်းဦးနော်''

''ဟုတ်ကဲ့ပါ ကိုမုတ်''

''အံမယ်လေး သားရယ်၊ စိတ်မချရင်လည်း လိုက်ခဲ့ပေါ့''

မေမေစကားနာထိုးတော့ သူ ဆက်ကိုအားနာသွားသည်။ ဒါပေမဲ့
လူတစ်ဖက်သား စိတ်ဆင်းရဲမှာ အင်မတန်ကြောက်သည့်ဆက်က မျက်နှာ
အပျက်ပျက်နှင့်

''မေမေခင်က နောက်တာနော်၊ ကိုမုတ်စိတ်ညစ်မသွားနဲ့ဦး''

''တို့တကယ် လိုက်ချင်ပါတယ် ဆက်ရယ်''

''ယုံပါတယ် ကိုမုတ်ရဲ့''

ဆက် အတင်းစကားဖြတ်ပြီး မေမေ့လက်ကိုဆွဲခေါ်သွားသည်။



သူ အားနာနေတာသိသည့်ဆက်က လိုက်မယ်ပြောမှာစိုးကာ အတင်း
သွားတော့သည်။ အဲဒီလောက်အထိ လူတစ်ဖက်သားကို ညှာတာသည့်
ကောင်မလေးပါ။ လူတိုင်းကို အနွံ့ပေးသည့်ဆက်ရဲ့မျက်နှာလေးက အစဉ်
အမြဲ အေးချမ်းပြီးကြည်လင်နေသည်။

ပင်ပန်းတာတွေ ပျောက်ပြီး ဆက်နှင့်မေမေ့နောက်၊ ပြေးလိုက်ချင်စိတ်
ပေါက်သွားသည်။ ဣန္ဒြေရှိပြီး ယဉ်ကျေးသောဆက်နှင့် သူဆုံခဲ့သော
မိန်းရိုင်းဂျစ်ကန်ကန်ကောင်မလေးကိုယှဉ်ပြီး မြင်မိသည်။ ခေါင်းကို
ယမ်းကာမတတ်ခါပစ်လိုက်၏။ ဘာမှမဆိုင်ပါ၊ တခြားမိန်းမတစ်ယောက်ရဲ့
အကြောင်းကို ကိုယ်တိုင်ကြတွေ့မှ ဆက်ဟာဘယ်လောက်အဖိုးတန်သလဲဆိုတာ
ပိုသိသွားရသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

ရေစက်ပဲပြောရမလား မသိ။ သမုတ်ဘယ်ကြည့်မရသော မာကျော ကျောကြွပ်ဆတ်ဆတ် မဂျစ်တူးနှင့် ထပ်တွေ့ပြန်သည်။ ဒီလောက်ကျယ် သော ရန်ကုန်မြို့တော်ကြီးမှာ လွန်ခဲ့သော တစ်ပတ်လောက်ကမှ မချေမငံဖြစ်ခဲ့သော လူနှစ်ယောက်ပြန်တွေ့ခြင်းသည် တွေးကြည့်မည်ဆိုလျှင် တော်တော် အံ့သြစရာပါ။

သူမကို သမုတ်မေ့တောင်နေပြီ။ တွေ့လိုက်သည့်အခါမှသာ လွန်ခဲ့ သော တစ်ပတ်ကမှ ပြဿနာဖြစ်ခဲ့သည့် မဂျစ်တူးဆိုတာ အမှတ်ရသွား ခြင်းဖြစ်သည်။ သူမကတော့ သမုတ်ကိုမှတ်မိ မမှတ်မိ မသိ။

ဒီတစ်ခါတွေ့တာကတော့ နာမည်ကြီး ဟော့ပေါ့ဆိုင်တစ်ဆိုင်မှာဖြစ် ပြီး သူမက ဟော့ပေါ့ဆိုင်အရှင်ရောက်နှင့်နေတာဖြစ်သည်။ သမုတ်မျက် စိကလည်း ဆိုင်ထဲဝင်လာတည်းက တစ်ယောက်တည်းထိုင်နေသော သူမကို တန်းတွေ့တာဖြစ်သည်။ သူမက သမုတ်ကိုမမြင်။ ရောက်နေတာ မကြာသေးဟု ခန့်မှန်းရသည်။ ဘာကြောင့်လဲဆိုတော့ သူမရှေ့က ဟော့ပေါ့ တွေက အငွေ့တထောင်းထောင်း။

ဘယ်သူ့ကိုမှ မကြည့်ဘဲ သူမကဖုန်းလေးကိုကလိနေ၏။ သူမကို ကြည့်ရတာ ဘယ်သူ့ကိုမှ ဂရုစိုက်စိတ်ဝင်စားပုံလည်းမရ။ သမုတ်တွေ့ သည့်နှစ်ခါလုံး တစ်ယောက်တည်းပဲဖြစ်သည်။ သူမနှင့် မျက်နှာချင်းဆိုင် မှာ သမုတ်ထိုင်လိုက်သည်။ ဝေမျိုးကတော့ သူမကို မမြင်သေး။

"ဟော့ကောင် သမုတ် ပုစွန်တုပ်ပါထည့်မယ်၊ ရှယ်ပေါ့"

"မင်းက သူများကျွေးတာဆို ဘယ်ဟာအကောင်းဆုံးလဲ၊ ဘယ်ဟာ



…အကြီးဆုံးလဲပဲ ချောင်းနေတာမလား"

"စကားမများနဲ့ဟော့ကောင်၊ မင်းကရော ဘာထူးလို့လဲ"

"ကဲပါ၊ မှာမှာသာ မှာစမ်းပါ"

ဝေမျိုး ပွစိပွစိပြောရင်း သူ့စိတ်ကြိုက်ကို စိမ်ပြေနပြေမှာနေသည်။

ကြည့်မရပေမယ့် သူ့မျက်စိတွေက မကြာခဏ မဂျစ်တူးဆီရောက် …းသည်။ ဂျင်းလိုအသားမျိုးထက် နည်းနည်းပါးသော အနန်းခွံရောင် …ရင်ဖုံးကို ဘောင်းဘီရှည်အဖြူနှင့်တွဲဝတ်ထားသည်။ အောက်ခံ …ကိုအမည်းလေးက ရင်ဟိုက်ဟိုက်လေးဖြစ်သောကြောင့် သူမရဲ့ရင်ညွန့် …ပင်းလေးကအတိုင်းသား၊ သမုတ်တွေ့သည့်နှစ်ခါလုံး သူမဝတ်သော …တ်အစားတွေက မိန်းမသိပ်မဆန်။

ခါးမရောက်တရောက် သူမဆံပင်တွေကတော့ ကောက်သားရေးရေး …နှင့်ဖြစ်သည်။ နေကာမျက်မှန်အညိုရင့်ရင့်လေးကို နဖူးအထက်နား …တင်ထားသည့် သူမစတိုင်က အဆင့်အတန်းမြင့်မြင့်ထဲကမှန်းသိသာ …သည်။ ရိုင်းပြတာကလွဲလျှင်ပေါ့။

သူမအကြောင်း သမုတ်ဘယ်လောက်တောင် အတွေးနယ်ချဲ့မိသွား …မသိ။ သူမအသံခပ်ကျယ်ကျယ်ကြောင့် အတွေးစတွေပြတ်ပြီး လှမ်း …ကြည့်လိုက်တော့ ခပ်ရွယ်ရွယ် လူငယ်လေးသုံးယောက် သူမနှင့်တစ်ဝိုင်း …ည်းမှာ ထိုင်နေကြ၏။

"ငါ့ကို ဘယ်လိုအစား အောက်မေ့လို့လဲ"

သူမအသံကျယ်သလို သူမမျက်လုံးတွေကလည်း ဒေါသကြောင့် …တောင်ထွက်နေသည်။

"မအောက်မေ့ပါဘူး။ အာသာဘယ်လိုမိန်းမလဲဆိုတာ သိပါတယ်"

"သိရင်သွား။ အခုချက်ချင်း ထသွား"

တော်တော်ကြီးကို ကျယ်သွားသော သူမအသံကြောင့် စားသောက် …သူတွေ ဝိုင်းကြည့်ကုန်၏။ ကောင်လေးသုံးယောက်ကတော့ ပြိတ်…
…နှာတွေနှင့်ထိုင်ရာက မထ။

www.burmeseclassic.com



အသံတွေကြောင့် ဝေမျိုးလှည့်ကြည့်ပြီး မျက်လုံးကြီးပြူးသွား၏။ သူ့ဘက်ကို ဝေမျိုးပြန်လှည့်လာပြီး တအံ့တဩပုံနှင့်

''သမုတ်. . .သမုတ်''

မြင်တယ်ဆိုသည့်ပုံနှင့် သမုတ်ခေါင်းညိတ်ပြတော့ ဝေမျိုးမျက်နှာ အရောင်အမျိုးမျိုးပြောင်းသွားသည်၊ သမုတ်ကိုကြည့်သည်အကြည့်တွေက မကျေမနပ်နှင့်။ တွေ့လျက်နဲ့မပြောဘူးဆိုသည့် အဓိပ္ပါယ်မျိုးပင်။

တစ်ဖက်က မဂျစ်တူးကလည်း ပိုပွဲကြမ်းနေသည်။

''နင်တို့ မထဘူးလား၊ ထမလား''

အမေးနှင့်အတူ မဂျစ်တူးက ကုလားထိုင်တစ်လုံးကို ဆတ်ကနဲ ကောက်ကိုင်နေသည်။

''ဟာ. . .ချတော့မယ်''

''လုပ်ကြပါဦး''

စားသောက်သူတွေ တစ်ယောက်တစ်ခွန်း ဆူညံသံတွေထွက်လာပေမယ့် ဘယ်သူမှတော့ ကိုယ်ထိလက်ရောက် ဝင် မဆွဲကြ။ ထိုအချိန်မှာ ဆိုင်ဝန်ထမ်းကောင်လေးတွေ အပြေးအလွှားရောက်လာကြသည်။

''ဘာဖြစ်လို့လဲ အစ်မ''

''ဘယ်လိုဖြစ်ကြတာလဲ''

ဝန်ထမ်းကောင်လေးတွေ တစ်ယောက်တစ်ခွန်းမေးပြီး တစ်ယောက်ကလည်း မဂျစ်တူးမြှောက်ကိုင်ထားသော ကုလားထိုင်ကို အတင်းလုနေသည်။

''ဘာမှမဖြစ်ပါဘူး။ ကိုယ်တို့ချင်း စကားများနေကြတာပါ''

''မဟုတ်ဘူး။ သူတို့ကိုလည်းမသိဘူး။ ဒီဝိုင်းက မောင်းထုတ်ပေးပါ''

ဆံပင်ရှည်ကို စုစည်းထားသော ပိန်ပိန်ဖြူဖြူကောင်လေးက စားပွဲထိုးလေးတွေကို အပြုံးနှင့်ရှင်းပြပေမယ့် မဂျစ်တူးက လုံးဝလက်မခံ။ ခါးခါးသီးသီးငြင်း၏။ သူမဟော်တော်လည်း ဒေါသထွက်နေပုံရသည်။

''ရင့်လှချည်လား အာသာဝတီကြွယ်။ မောင်းထုတ်ပေး ဟုတ်လား။



ဒီအဆင့်က မောင်းထုတ်ရမယ့်အဆင့်မဟုတ်တာ နင်သိပါတယ်''

''မသိဘူး။ စိတ်လည်းမဝင်စားဘူး။ ဒီကတာဝန်ရှိသူတွေ သူတို့ကို မောင်းထုတ်မလား၊ ကျွန်မသွားရမလား''

စားပွဲထိုးလေးတွေ ဘာလုပ်ရမှန်းမသိဖြစ်နေချိန်မှာ ဆိုင်ကမန်နေဂျာ သုတ်သုတ်ပျာပျာနှင့်ရောက်လာသည်။ တစ်ယောက်ယောက် သတင်းသွားပို့လိုက်ပုံပင်။ ကောင်လေးသုံးယောက်ကတော့ ဘယ်သူ့ကိုမှ ဂရုမစိုက်ပုံနှင့် ဆက်ထိုင်နေသည်။ မဂျစ်တူးကိုပြောသော ဆံရှည်ကောင်လေးဆို စားပွဲခုံကို လက်ထိပ်နှင့်တောက်တောက် ကစားနေသေးသည်။

ကြည့်ရတာ လူချမ်းသာသားမှန်း သိသာ၏။ မိဘတွေအစွမ်းကုန် အလိုလိုက်ထားသည့်အပြင် ငွေကိုရေလိုသုံးနိုင်သဖြင့် ဘယ်သူမှလူမထင်သည့်ပုံ။ ကျန်နှစ်ယောက်ကတော့ ဆံရှည်ပိန်ကောင်ကို ညာဖားစားနေသည့် အပေါင်းအသင်းဖြစ်မည်။

''ဒီက ညီလေးတို့ ဟိုဘက်မှာ ဝိုင်းလွတ်တွေ အများကြီးရှိပါတယ်''

မန်နေဂျာက ဆံရှည်ပိန်ကိုပဲ ရည်ရွယ်ပြီး တောင်းပန်တော့ ဆံရှည် လုံးဝဂရုမစိုက်ဘဲ

''ကျွန်တော်တို့ ဒီဝိုင်းမှာပဲထိုင်မယ်၊ ဘယ်ဝိုင်းမှ မသွားနိုင်ဘူး''

''အစ်ကိုကို တောင်းပန်နေတာပါ။ တခြားဝိုင်းတွေကို အနှောင့်အယှက်မပေးပါနဲ့''

ဆံရှည်ပိန် မန်နေဂျာဘက် ဆတ်ကနဲလှည့်လိုက်ပြီး မိုက်ကြည့်ကြည့်သည်။

''တခြားဝိုင်းတွေကို ကျုပ်တို့ဘာတွေအနှောင့်အယှက်ပေးနေလို့လဲ''

''ဒါတော့ ဒါပေါ့၊ ဒါပေမဲ့ ဒီကညီမလေးကမှ မကျေနပ်တာ၊ ကိုယ့်ကာစတမ်မာ ကျေနပ်အောင်လုပ်ပေးဖို့က အစ်ကိုတို့မှာ တာဝန်ရှိလို့ပါ''

''ကျုပ်တို့ကရော ခင်ဗျားတို့ရဲ့ ကာစတမ်မာမဟုတ်လို့လား''

ပွဲက တဖြည်းဖြည်းနှင့် ပိုကြမ်းလာသည်။ ဆံရှည်ကလည်း မိုက်တိမိုက်ကန်းနှင့် လျှော့မည့်ပုံမပေါ်။ ဆံရှည် ပေါင်၏အပေါင်းအဖော်နှစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ကလည်း ဆံရှည်ကို တစ်ခုခုသုပ်ကာနှင့် ဖြမယ်ဆိုသည့်ဒီဇိုင်းတွေနှင့်။ တစ်ဆိုင်လုံးက စားသောက်နေသူတွေကလည်း ဘာများဖြစ်မလဲ စိတ်ဝင်တစားအာရုံစိုက်နေကြသည်။

ထိုအချိန်မှာပဲ မဂျစ်တူးက သူမကျောပိုးအိတ်ကောက်ယူပြီး ဆတ်ကနဲ ဝိုင်းကနေထသွားသည်။

"ဟာ...အာသာ နေဦးလေ"

"အာသာဝတီကြွယ်"

ဆံရှည်ငပိန် ဝရှန်းသုန်းကားနှင့် အာသာဝတီကြွယ်ဟုခေါ်သော မဂျစ်ကူးနောက် ပြေးလိုက်သွားတော့ ကျန်နှစ်ယောက်လည်းထက်ကြပ်မကွာလိုက်သွား၏။

"ဟာ...သွားပါပြီ။ ဟော့ပေါ့ဖိုးတွေ ရှင်းမသွားဘူး"

အားလုံးအာရုံက ထွက်သွားသူတွေဆီရောက်နေစဉ်မှာပဲ စားပွဲထိုးကောင်လေးက နမြောတသသံကြီးနှင့် မဂျစ်တူးခေါ် အာသာဝတီကြွယ်မှာထားပြီး မစားရသေးသော ဟော့ပေါ့ပွဲတွေကြည့်ကာ ပြော၏။ အားလုံးပြုံးစိစိနှင့် စားစရာရှိတာဆက်စားနေကြ၏။ အခုမှပင် ဆိုင်လေးက ဖွန်းသံ ခက်ရင်းသံတွေနှင့် ပြန်လည်စိုပြေသွားသည်။

"ဆရာ မှာထားပြီးသား ဟော့ပေါ့ဖိုးတွေ လိုက်တောင်းရမလား"

"နေပါစေတော့ကွာ။ ပြဿနာ ဒီလောက်နဲ့ပြီးသွားတာပဲ တော်ပါပြီ"

အခုမှ စိတ်အေးသွားပုံနှင့် မန်နေဂျာက စားပွဲထိုးလေးတွေကို နှစ်သိမ့်၏။

"ဆိုင်ကိုလာဖူးလား"

"တစ်ခါမှ မတွေ့ဖူးဘူး"

"ဘာတွေ ဇာတ်လမ်းရှုပ်ထားလဲ မသိဘူး"

"အေးလေ အခုမှလာပေါက်ကွဲပြနေတယ်"

"မဖြစ်နိုင်ပါဘူး။ ကောင်မလေးကြည့်ရတာ တည်တည်တံ့တံ့ပါ"

မန်နေဂျာ ပြောလိုက်သောစကားကို သမုတ်ကျေနပ်သွားသည်။



ဟုတ်တယ် သမုတ်လည်း လူကဲခတ်မညံ့ပါဘူး။ အာသာဝတီကြွယ်ဆိုသော ကောင်မလေးက မိုက်ရိုင်းပြီးဒေါသကြီးပေမယ့် ခပ်ရှုပ်ရှုပ်ကောင်လေးမဟုတ်တာတော့ သူပြောရဲသည်။

"ဟာ ဆရာကလည်း အခုခေတ်မိန်းမတွေက မသိတဲ့သူဆိုရင် သူတို့ကို အထင်ကြီးအောင်ခပ်တည်တည်ကြီးနဲ့အထင်ကြီးအောင်နေတာ။ နောက်မှာ ရှုပ်ထားတဲ့ ဇာတ်လမ်းတွေကတစ်ပုံကြီး"

"အဲဒါတော့ဟုတ်တယ်ဆရာရဲ့"

"ကဲ...ကဲ...တော်ကြတော့၊ ပန်းကန်တွေသိမ်းလိုက်"

မန်နေဂျာထွက်သွားတော့ စားပွဲထိုးကောင်လေးတွေ ပန်းကန်တွေသိမ်းရင်း အာသာဝတီကြွယ်ဆိုသော ကောင်မလေးအကြောင်း ပြောကောင်းတုန်း။ သူမ မကောင်းကြောင်း တခြားသူတွေပြောတော့ သူမခံချင်ဖြစ်နေသည်။

အာသာဝတီကြွယ်တဲ့။

မထင်မှတ်ဘဲ သူမနာမည် သိလိုက်ရသည်။

"လိုက်သွားချင်လို့လား"

ဝေမျိုး မချိုမချဉ်မျက်နှာနှင့် ကောက်ကာငင်ကာမေးလိုက်တော့ သူစိတ်တိုသွားသည်။ ဝေမျိုးကို မကြည်သလိုအကြည့်နှင့် ကြည့်ပြီး

"ငါက ဘာဆိုင်လို့ လိုက်ရမှာလဲ"

သမုတ်အော်တော့ ဝေမျိုးပခုံးတွန့်၏။

"မသိဘူးလေ။ မင်းများလိုက်ချင်မလားလို့"

အသားလွတ်ကြီးပွံ့နေသော ဝေမျိုးကိုကြည့်ပြီး သမုတ်မချိုမချဉ်ပြုံးကာ

"ငါက လိုက်ချင်စရာအကြောင်းမရှိဘူး။ မင်းလိုက်ချင်ရင်သာ လိုက်သွား"

"ဇာတ်လမ်းက မင်းနဲ့စဖြစ်တာလေ"

"ဘာဆိုင်လဲ။ ငါက မလိုဘူးဆိုတာ မင်းသိပါတယ်"

ဆက်ကို ရည်ရွယ်ပြီးပြောတာ ဝေမျိုးသိတော့ မျက်နှာတစ်ပြင်လုံး

www.burmeseclassic.com

www.burmeseclassic.com



ရှုံ့မဲ့နေသည်။

"သိပါတယ်၊ မဏ္ဍာပ်တိုင်တက်ပြမနေပါနဲ့"

"တက်ရမယ်လေ။ တက်စရာဆိုတော့ တက်မှာပေါ့"

ဝေမျိုးဆက်မပြောတော့ဘဲ မသိဟန်ဆောင်နေသည်။

နာမည်က အာသာဝတီကြွယ်။ နာမည်ဆန်းသလို လူပုံကလည်း တခြားမိန်းမတွေနှင့်မတူသော ဒီကောင်မလေးကို သမုတ်မှတ်မှတ်သားသား ရှိသွားသည်။

❀ ❀ ❀

## အခန်း (၅)

ဒေါ်မြဝတ်ရည်နှင့် အာသာဝတီကြွယ်တို့ ရဲမခန်းကထွက်လာတော့ ညနေ ငါးနာရီကျော်ပြီ။

အာသာ့ကိုအမြဲလိုက်နှောင့်ယှက်နေသော ငနဲသားကို ဒီနေ့တော့ ဘယ်လိုမှ စိတ်မထိန်းနိုင်ဘဲ ခေါင်းရိုက်ခွဲပစ်လိုက်သည်။ ဟော့ပေါ့ဆိုင် ထွက်လာပြီး အာသာသွားရာနောက်က တကောက်ကောက်ပါလာသည်။ အာသာအပြင်ထွက်တိုင်း နောက်ကအမြဲလိုက်ပြီး ဘယ်ကိုဝင်ဝင်လည်း နောက်ကပါသည်။ မသိသူတွေဆို သူ့ရည်းစားလိုလို ကင်အောင်ဖန်တီး ၍ သူ့လို ပိုးဟပ်ဖြူပုံနဲ့ ပိန်ခြောက်နေသောကောင်ကို တစ်ချက် ကြည့်တာနှင့် လဲသွားနိုင်သည်။ မိဘအရှိန်အဝါနှင့် ဘယ်သူမှလူမထင်သော ဒီလိုကောင်ကို အာသာလုံးဝစိတ်မဝင်စားပါ။

အာသာ့ဘဝမှာ ယောကျာ်းဆိုတာ စိတ်ဝင်စားစရာ သတ္တဝါလို့ သတ်မှတ်ပါ။ ယောကျာ်းတစ်ယောက်ကို အချိန်ပေးဖို့စိတ်ကူးမရှိသလို နယ်ကြွင်နာချင်သည့် စိတ်လည်းမရှိချေ။ အချစ်ကိုလည်း စိတ်မဝင်စား ။ ယောကျာ်းတွေကိုလည်း မြတ်နိုးစရာရယ်လို့ ဘယ်တုန်းကမှ သတ်မှတ်ခဲ့ဖူးခြင်း မရှိပါ။ ဘယ်တော့မှလည်း ရှိလာမှာမဟုတ်ဟု ကိုယ့် ကိုယ်ကို ယုံကြည်သည်။

လောကကြီးမှာ ယောကျာ်းဆို၍ အဖေတစ်ယောက်တည်းဟု အာသာ သတ်မှတ်ထားသည်။ အာသာ့နောက်ကို ဒီကောင်ဖွဲနပဲနှင့်လိုက်နေတာ ကြာပြီ။ ဥပေက္ခာပြုထားပေမယ့် ဒင်းကမရ။ ဒီနေ့တော့ အနားမှာတွေ့ သည့် သစ်သားတစ်ချောင်းနှင့် အားရပါးရရိုက်လိုက်တာ ခေါင်းသွေး

www.burmeseclassic.com

www.burmeseclassic.com



တွေ ဖြာကနဲ့ကျလာသည်။ သူ့အဖော်နှစ်ယောက် လုံး၀ မထင်မှတ်သော အဖြစ်ကြောင့် နောက်တစ်လှမ်းဆုတ်ပြီး တအံ့တသြကြည့်နေကြသည်။

အာသာကတော့ နည်းနည်းမှ ကြောက်လန့်စိတ်မရှိ။ ဒါမှ နောက်မလုပ်ခဲ့တဲ့ မှတ်လောက်သားလောက်ရှိသွားမှာ။ နောက်မှတ်၊ မမှတ်တော့မသိ။ အခုလောလောဆယ်မှာတော့ ဒီလောက်သွေးတွေမြင်မကောင်းအောင်ထွက်နေတာတောင် နည်းနည်းမှ အပြုံးမပျက်။

သူ့အဖော်နှစ်ယောက်ကို မကျေနပ်လျှင် လိုက်ခဲ့ဖို့ လိပ်စာပေးပြီး အာသာ အိမ်ပြန်လာခဲ့သည်။ သိပ်မကြာပါ။ ရပ်ကွက်လူကြီးနှင့်အတူ အရပ်ဝတ်နှင့်ရဲနှစ်ယောက်ရောက်လာပြီး ဟိုဘက်က မကျေနပ်လို့တိုင်ကြောင်းပြောတ၏။

အာသာတစ်ခွန်းမှ ရှည်ရှည်ဝေးဝေးမပြော။ ကောက်ကနဲ ထလိုက်တော့ အမေပါလာသည်။

မိန်းကလေးတစ်ယောက်ကို သိက္ခာမဲ့အောင် လိုက်နှောင့်ယှက်သည့်အတွက် ဘာမှရှင်းပြစရာမလိုတဲ့ တစ်ဖက်ကကျေနပ်အောင် နောက်ဒီလိုမလုပ်ဖို့ ဆုံးမပြီးပြန်လွှတ်လိုက်သည်။

ထုံးစံအတိုင်း ရဲစခန်းမှာလည်း အမေဘာတစ်ခွန်းမှ ဝင်မပြော။ အာသာ့ကိုလည်း တစ်ခွန်းမှမဆူပါ။ မျက်နှာနည်းနည်းမှမပျက်ဘဲ ကားမောင်းနေသောအမေ့ကို အာသာခပ်စွေစွေကြည့်ပြီး

"အမေ"

အမေ မထူး။

"အမေ"

အာသာစိတ်တိုပြီး နောက်တစ်ကြိမ် ခပ်ဆတ်ဆတ်လေးခေါ်မှ ဆက်လုနီးပါးဖြစ်နေသော မျက်ခုံးမည်းမည်းနှစ်ခုကို ကြုတ်ပြီး အမေကြည့်သည်။

အလိုမကျမှုတွေက ဒေါ်မြတ်ရည်မျက်နှာပေါ်မှာ အပြည့်။ တကယ်ဆို ဒီသမီးလေးတစ်ယောက်တည်းရှိတာ၊ တန်နေအောင်ချစ်ရမှာပါ။ ဒါပေမဲ့ ဒေါ်မြပတ်ရည် သမီးဖြစ်သူကိုမချစ်။ သမီးဖြစ်သူကို မြင်တိုင်း ခင်ပွန်းဖြစ်သူမျက်နှာကိုမြင်ပြီး ခါးခါးသီးသီးကိုဖြစ်ရသည်။ ဘယ်လိုမှကို ချစ်ကြည့်



လို့မရပါ။

သမီးဖြစ်သူကို ဥပေက္ခာပြု စိမ်းစိမ်းကားကားနေမှ စိတ်ထဲဖြေသာသည်။ ဒင်းကတော့ သူ့ကိုမချစ်ရကောင်းလား၊ ဥပေက္ခာပြုရမလားဆိုပြီး အမေ ဖြစ်သူကို အမြဲရန်လုပ်တတ်သည်။

အခုလည်း သူကပဲ ပြဿနာလုပ်သည်။ သူကပဲ မအေကိုပြန်ပြီး ဘာပြဿနာရှာဦးမည်လဲ မသိ။

"အမေ့မှာ နှလုံးသားရှိရဲ့လား။ အာသာက အမေ့သမီးအရင်းဆို အမေဒီလိုပုံစံမျိုးနဲ့ မနေသင့်ဘူး"

"ငါက ဘယ်လိုနေရမှာလဲ"

အလိုမကျသံနှင့် ခပ်ဆောင့်ဆောင့်မေးပြီး အမေမျက်နှာလွှဲသွားသည်။

ကားမောင်းနေသော အမေ့လက်ချောင်းသွယ်သွယ်လေးတွေကို အာသာစိုက်ကြည့်မိသည်။ ကျချင်နေသောမျက်ရည်စတွေကို ပုတ်ခတ်ထိန်းရင်း အမေ့မျက်နှာကို မမြင်ဖူးသူတစ်ယောက်လို အငမ်းမရကြည့်နေမိသည်။ သိပ်လှသောအမေ့မျက်နှာမှာ မာနတွေမကျေမနပ်မှုတွေ တွဲခိုနေသည်။

ငယ်ငယ်တုန်းက အမေဟာသိပ်အေးပြီး သိပ်နူးညံ့သူလို့ အန်တီနိုင် ခဏခဏပြောသည်။ မယုံနိုင်စရာပါလား အမေရယ်။ အာသာ့အဖေ့ပါ သမီးတစ်ယောက်ရယ်ဟု နည်းနည်းပါးပါး နူးညံ့လိုက်စမ်းပါ။ အာသာ အမေ့အတွက် ဘာမဆိုပေးဆပ်မှာပါ။ အာသာ့ရင်ထဲက ခံစားချက်တွေကို အမေသိလား။

"ဘာလဲ ညည်းက ငါမတုန့်လှုပ် တုန့်လှုပ်အောင် နည်းလမ်းမျိုးစုံနဲ့ ဖန်တီးနေတာလား။ လုပ်လိုက်စမ်းပါ။ ရဲစခန်းပြီးတော့ ထောင်ပဲရှိတော့တယ်"

အာသာ့ကိုမကြည့်ဘဲ ကားမောင်းရင်းက အမေပြောနေသည်။ မဲ့ရွဲ့ပြီး အမေပြောနေပုံက မိထွေးတစ်ယောက်က လင်ပါသမီးကိုပြောနေသည့်အတိုင်းပင်။

"ညည်းသိထားဖို့က ညည်းဘာကြီးပဲလုပ်ပြနေ လုပ်ပြနေ ငါဘယ်

www.burmeseclassic.com

www.burmeseclassic.com



တော့မှ ထိတ်လန့်တုန်လှုပ်သွားမှာ မဟုတ်ဘူး။ ညည်းကို ငါ့သမီးတော်ယောက်အဖြစ် အသိအမှတ်ပြုထားတယ်လေ။ တော်ပြီပေါ့၊ ဘာလို့လောက် လောဘတွေကြီးနေရတာလဲ။ စိုးကြွယ်သွေးမို့ မချစ်ပါဘူးဆိုစိုးကြွယ်နဲ့ စိတ်ဓါတ်ပါ တစ်ထေရာတည်း လာတူနေတယ်။ ညည်းစိုးကြွယ်နဲ့မတူတဲ့အချက်ကတော့ မာနရှိတာပဲ။ စိုးကြွယ်ဆိုတဲ့ ဒင်းကတော့ မာနလည်းမရှိ၊ အရှက်လည်းမရှိ။ ငါ့ဘဝထဲကို ဝင်မလာပါနဲ့ဆိုလည်း အတင်းဝင်လာ။ မုန်းတယ်၊ ဒင်းကို သေသွားတာတောင် မကျေနပ်ဘူး အပြန်တစ်ရာလောက်ကို သတ်ပစ်ချင်တယ်''

''တော်တော့''

အာသာအော်လိုက်သောအသံနက်ကြီးကို အမေလုံးဝလန့်မသွား အာသာသိပ်ချစ်သည့်အဖေ့ကို ရက်ရက်စက်စက်ပြောလျှင် အာသာအရှိန်နာတတ်တာ အမေသိထားသည့်အတွက် အခုလိုပေါက်ကွဲမှာကို သိသိကြီးနှင့်ပြောသည်။

ပြောလိုက်ပါလား အမေ။

ညည်းဘာလို့ ယမ်းလယ်ခေါင်မှာ အော်ရတာလဲ၊ ညည်းအရှက်မရှိဘူးလားလို့ ဆူလိုက်စမ်းပါ။ အမေဆူတာ၊ အမေဆုံးမတာ အာသာခံချင်လှသည်။

အဖေ့အကြောင်း အာသာမခံချင်အောင်ပြောဖို့ဆို အမေ့ပါးစပ်ကထွက်တတ်သည်။ အဖေ့မကောင်းကြောင်း ချိုးချိုးဖဲ့ဖဲ့စီကာပတ်ကုံးပြောတတ်သည့် အမေက သမီးအာသာနှင့် ပတ်သက်သည့်ကိစ္စတွေကိုတော့ ဘာတစ်ခုမှ စိတ်မဝင်စား။

ဘာဆိုင်လို့လဲ၊ အဖေ့ကိုမုန်းတာနှင့် ကိုယ့်ဝမ်းနှင့်လွယ်ပြီး မွေးခဲ့သော သမီးကိုတောင် မုန်းနေသည်။ တကယ်တော့ အမေက တော်တော်အတ္တကြီးသည့် မိန်းမကြီး။ မချစ်ဘဲယူခဲ့သည့်အဖေ့ကို တစ်သက်လုံးရန်သူလိုဆက်ဆံသည်။ အဖေသေသွားတာတောင် မကျေနပ်နိုင်သေး။

တစ်သက်လုံး စိတ်ဆင်းရဲခဲ့ရသည့်အဖေ့အစား အမေ့ကိုအာသာနာကြည်းသည်။ အဖေ့အပေါ် ရက်စက်သည့်အမေ့လုပ်ရပ်တွေကို အသက်



နေသရွေ့ အာသာသတိရနေမှာ။

အိမ်ရောက်တော့ ကားရပ်ပြီးတာနှင့် အမေဆင်းသွားသည်။ အာသာ ခန်းရှိရာ တန်းလာခဲ့သည်။ တစ်လမ်းလုံး ပေါက်ကွဲခဲ့ရလို့လား အာသာ့ဒေါသတွေ ပြယ်သွား၏။

ကို အေးချမ်းစွာပဲ အာသာဖြတ်သန်းချင်သည်။ မိန်းမပီသပြီး ငြိမ်အေးဆေးသည့်မိန်းမတစ်ယောက် သိပ်ဖြစ်ချင်သည်။ ဒါပေမဲ့ ဖြစ်စေချင်သလို မဖြစ်ခဲ့ပါ။ ငယ်ငယ်လေးကတည်းက မိဘနှစ်ပါး အိမ်ထောင်ရေးအဆင်မပြေမှုအောက်မှာ ကြီးပြင်းခဲ့ရသည်။ အိမ် ထောင်ရေးအဆင်မပြေတာကလည်း အမေ့ဘက်ကပါ။ အဖေက အရမ်း ခဲ့သည့်ယောက်ျားတစ်ယောက်။ သမီးဖြစ်သော အာသာ့ကိုလည်း ချစ်သည်။

အဖေ့ကိုမုန်းသည့်အမေက အာသာ့ကိုလည်းမုန်းသည်။ ဒီကြားထဲ သာက အဖေနှင့်ချွတ်စွပ်တူတော့ အမေ့ရဲ့ဥပေက္ခာလစ်လျူရှုမှုကို ခဲ့ရသည်။ အမေသာ အဖေချစ်သလိုပြန်ချစ်လျှင် အာသာတို့မိသားစု ကတော့ အေးဆေးပြီး ပျော်စရာကောင်းသော မိသားစုလေးဖြစ်မှာ။ အခုတော့ အာသာ့ကိုသိပ်ချစ်တဲ့ အဖေလည်းမရှိဘူး။ အန်တီနိုင် ည်း တစ်နယ်တကျေးမှာ။ အာသာ့ဘဝမှာ ဘယ်မှာလဲ ပျော်စရာ။

''ဟား...ဟား...ဟား''

အရူးတစ်ယောက်လိုပင် အာသာအော်ဟစ်ရယ်မောလိုက်မှ ညစ်ထေး သော စိတ်တွေလန်းဆန်းသွားသလိုပဲ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

''သံပုရာရည်လေး သောက်လိုက်ပါဦး ကိုမုတ်''

ဆက်အသံသေးက ဘူ့နားထဲသို့ နားဝင်ချိုစွာဝင်လာသည်။ ဆက်က သံပုရာရည်ဖန်ခွက်ထည့်ထားသော ပန်းကန်လေးကို သူ့ဘေးနားစားပွဲ ခုံပုလေးပေါ် တင်လိုက်သည်။ အလုပ်လုပ်ခြင်းကို ခဏရပ်လိုက်ပြီး

''ကျေးဇူးပဲ ဆက်''

''သောက်ကြည့်လိုက်ပါဦး ကိုမုတ်။ ဘာလိုသေးလဲလို့''

''ဆက်ဖျော်ပေးတဲ့ သံပုရာရည်က ဘယ်တုန်းက ဘာလိုဖူးလို့လဲ''

ဆက် ကျေနပ်ပြုံးလေးနှင့် သမုတ်ကိုမကြည့်ဘဲ ခေါင်းငုံ့နေသည်

ကိုယ့်လက်မှန်းကို သိပေမယ့် ဆက်က မေးနေကျအတိုင်းမေးတာ ကိုမုတ်ကလည်း ဒီလိုပဲပြောနေကျပါ။ ဒါကိုပဲ ဆက်က သာယာနေတာ ဖြစ်သည်။

ဆက်က အချက်အပြုတ် အချုပ်အလုပ်လည်း ဝါသနာပါသည် တစ်ဦးတည်းသောသမီးလေးမို့ ဖေဖေနဲ့မေမေက တုန်နေအောင်ချစ်သည် မေမေက ဆက်ကို ဘာမှမလုပ်ဘဲကြော့ကြော့လေးပဲ နေစေချင်ပေမယ့် ဆက်က မနေနိုင်။

အိမ်ထောင်တစ်ခုကို နိုင်နင်းစွာ ထိန်းသိမ်းနိုင်သည့်ဆက်ကို မွေး... တော်ချင်သူတွေ တော်တော်များသည်။ ဒါပေမဲ့ ဆက်က မွေးပြီးတည်း... တ်ဆိပ်နှိပ်ပြီးသား။

ဖေဖေနဲ့ ကိုမုတ်ဖေဖေက သိပ်ချစ်ကြသည့် ငယ်သူငယ်ချင်း... တစ်ယောက်တည်းဆီသာ ရှားရှားပါးပါး မွေးထားကြသော ကိုမုတ်...



...ဆက်ကို အရမ်းသဘောတူသည်။ ကိုမုတ်ကလည်း လိမ္မာသည့် သား ...တစ်ယောက်မို့ မိဘတွေစကားနားထောင်သည်။ ဆက်လည်း ထိုနည်း ...တည်းကောင်းပါပဲ။

ကိုမုတ်ကို ချစ်လား မချစ်လားဆိုတာတော့ ဆက်မသိပါ။ သိအောင် ...ည်း မကြိုးစားခဲ့။ အချိန်တန်လျှင် ကိုမုတ်ကိုပဲ လက်ထပ်ရမှာမို့ ...ဆက်က ကိုမုတ်အတွက် ဇနီးကောင်းတစ်ယောက်ဖြစ်ဖို့ပဲလိုသည်။ ကိုမုတ် ...ည်း ဒီအတိုင်းပဲနေမှာပါ။

''ဆက် ထိုင်လေ။ မတ်တတ်ကြီး ဘာတွေတွေးနေကာလဲ''

ဆက်က ရှက်သွားသောအပြုံးလေးနှင့်

''မထိုင်တော့ပါဘူး ကိုမုတ်၊ ဘာလိုသေးလဲ ကိုမုတ်''

''မလိုပါဘူး ဆက်ရယ်၊ အားလုံးပြည့်စုံပါတယ်''

''ဟင်...ဆက်လည်း ဘာမှလုပ်မပေးရသေးဘဲနဲ့''

သမုတ် ဟက်ဟက်ပက်ပက်ရယ်တော့ ဆက်က ငေးကြည့်နေ၏။

''ကိုမုတ်က အရမ်းချောတာပဲနော်။ ကိုမုတ်ကို သဘောကျတဲ့ ကောင်မ ...တွေ အများကြီးရှိမှာပဲ''

''ဟာ ဆက် ဒီနေ့ ဘာဖြစ်နေတာလဲ။ အတူးအဆန်းစကား ...ချည်းပဲ ပြောနေတယ်''

ဆက် သူ့ကိုပြုံးကြည့်နေသည်။

''ဆက်သွားတော့မယ်''

သူ ခေါင်းတောင်ညိတ်မိရဲ့လား မသိ။ ဆက် ပြန်လှည့်ထွက်သွား ...ည်။ ခါးထိရှည်သော ဆံပင်ဖြောင့်ဖြောင့်စင်းစင်းလေးတွေကို ဆံနှိပ် ...တစ်ချောင်းဖြင့် စုညှပ်ထားပြီး စပန့်ပန်းနုရောင်ဖျော့ဖျော့လေး ...ဆက်ကို ရိုးရိုးလေး ချုပ်ဝတ်ထားသည်။ သူမသည် တစ်ချိန်မှာ ...နီးဖြစ်လာမည့် သူကလေးဖြစ်သည်။

သူနှင့်ဆက်က ငယ်ငယ်ကသာကစားဖော်ဖြစ်ခဲ့တာ အရွယ်ရောက်လာ ...ပြီး ဟက်ဟက်ပက်ပက် စကားမပြောဖြစ်ကြတော့။ ကုမ္ပဏီပိတ် ...ရက်မို့ အခုလိုအလုပ်ပါမလာလျှင် ဘုရားသွား ရုပ်ရှင်ကြည့်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



နှစ်မိသားစုလုံးလျှောက်လည်ကြသည်။ အဲဒီအခါမှာလည်း ပြောစရာရှိသည် သမားရိုးကျစကားသာပြောသည်။ ဆက်ကလည်း သူ့ကိုတွတ်တီးတွတ်တာ စကားမျိုးတွေတစ်ခါမှမပြောဖူး။ သူကလည်းညီမလေးတစ်ယောက်လို သူငယ်ချင်းတစ်ယောက်လိုထက်မပို။

တစ်ချိန်မှာ လက်ထပ်ရမှာလို့နှစ်ယောက်စလုံးရဲ့အသိထဲမှာ ရှိထားကြ ပေမယ့် အပေါ်ယံမှာတော့ ရိုးရိုးသားသားပဲဆက်ဆံကြသည်။ သူနှင့်ဆက်ရဲ့ အိမ်ထောင်ရေးဟာ အေးစက်စက်ဖြစ်မှာတော့ သေချာသည်။

သမုတ်အတွေးတွေနှင့် စီးမျောသွားရာမှ အလုပ်ထဲ စိတ်ပြန်နှစ်လိုက် သည်။

ဘယ်လောက်အထိ အလုပ်ထဲကိုစိတ်ဝင်စားသွားသည်မသိ မျက်စိ တွေ ညောင်းလာမှ အလုပ်လုပ်ခြင်းကို ရပ်တန့်ကာ မတ်တတ်ရပ်ပြီး အညောင်း ဆန့်လိုက်သည်။

''ငါးနာရီတောင်ထိုးတော့မှာပဲ''

လက်ကနာရီလေးကိုကြည့်ပြီး နှုတ်ကပြောရင်း စာရင်းစာအုပ်တွေကို လည်း သေသေသပ်သပ်စီလိုက်သည်။

''သားရေ• • •မေမေဝင်လာပြီနော်''

''ဟုတ်ကဲ့• • •မေမေ''

မေမေအပြုံးလေးနှင့်ဝင်လာပြီး• • •

''အလုပ်တွေပြီးသွားပြီလား သား''

''ပြီးတော့မပြီးသေးဘူး မေမေ''

မေမေက သမုတ်ပါးလေးကိုပွတ်ပြီး

''တော်ပါတော့သားရယ်၊ ခဏနားပြီး ရေချိုးလိုက်တော့။ သမီးလေး ဆက်ကို လိုက်ပို့ရမယ်လေ''

''တစ်နေကုန် ဆက်ပျင်းနေမှာပဲ မေမေ''

''သူ့မှာ ပျင်းချိန်ရှိပုံမပေါ်ဘူး သားရဲ့။ အလုပ်က တစ်ခါမှ မနား နားတာနဲ့ ဘုရားစာဖတ်၊ တရားနာနေတာ။ ဒီခေတ်ထဲမှာတော့ သမီးလေး ဆက်က တကယ့်ကိုရှားရှားပါးပါးပါပဲသားရယ်။ မော်ကလည်း အသ



အသင်ကောင်းတဲ့ မိခင်တစ်ယောက်ဆိုတော့ ဆက်လိမ္မာယဉ်ကျေးတာ ဆန်းလဲ''

မေမေ ထိုသို့ပြောတော့ အာသာဝတီကြွယ်ဆိုသော ကောင်မလေးဆီ စိတ်ကရောက်သွားသည်။ သူမမှာသွန်သင်ဆုံးမမယ့် မိဘဲမရှိရဲ့လား။ မရှိလို့ သူမ ရိုင်းစိုင်းနေတာလား။ ရှိလျက်နဲ့ ဘာကိုမကျေမနပ်ဖြစ်ပြီး ဒီလိုပုံမျိုးဖြစ် နေရတာလဲ။ သူမအကြောင်း သိချင်စိတ်တွေ တဖွားဖွားပေါ်လာသည်။

''မေမေကတော့လေ ဆက်ကိုချွေးမတော်ရမှာ အရမ်းဂုဏ်ယူတယ်။ အရမ်းလည်းကျေနပ်တယ်သားရယ်''

ဒါကမေမေအမြဲပြောနေကျစကားဖြစ်သည်။

''သားရောဟင်''

''ဗျာ• • •မေမေ''

''ဩော်• • •သားကရော သမီးလေးဆက်အပေါ် ဘယ်လိုသဘော လဲ''

မေမေ့အမေးကို သူရယ်လိုက်ပြီးမှ

''မေမေက ဘာစိတ်ကူးတွေရပါက်ပြီး အခုမှ ဒီလိုမေးရတာလဲ၊ ဆက်က တခြားမိန်းမတွေနဲ့မတူတဲ့မိန်းမ။ တော်ရုံမိန်းမတွေမှာမရှိတဲ့ ချင်းတွေ ဆက်မှာရှိတယ်။ သားလည်း မေမေ့လိုပဲပေ့ါ။ တစ်ချိန် သားဇနီးဖြစ်လာမယ့်ဆက်ကို ကျေနပ်တယ်။ ကိုယ့်ကိုယ်ကိုယ်လည်း နဲ့လက်တွဲဖော်ဖြစ်မှာကို ဂုဏ်ယူတယ်''

''သားအနေနဲ့က ဂုဏ်ယူရုံ၊ ကျေနပ်ရုံနဲ့ မပြီးဘူးသား''

''ဘာလိုသေးလို့လဲ မေမေ''

တအံ့တသြ မေမေ့ကိုမေးတော့ မေမေသားဖြစ်သူမျက်နှာကို ကြည့်ပြီးမှ

''ချစ်လေ သားရဲ့၊ တစ်ဦးနဲ့တစ်ဦးပေါင်းဖက်ကြတဲ့အခါမှာ အချစ် လိုသေးတယ်သားရဲ့''

ဘာပြောရမှန်းမသိတဲ့ မေမေ့မျက်နှာကိုသာ ကြောင်တောင်တောင် ကြည့်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"[illegible]ကြည့်ရတာ သမီးလေးဆက်ကို သိပ်လေးလေးနက်နက် [illegible] ကြည့်လာသည်။ မေမေ့အကြည့်ကို သူသိသည်။
[illegible]"

[illegible] ခွပ်ခဲ့ချက်ကြောင့် သူ့နှလုံးသားတွေ ဆတ်ကနဲဖြစ်သွားသည် [illegible]

"[illegible]တစ်ယောက်တည်း ဒီလိုထင်တာမဟုတ်ဘူး၊ မော်ကလည်း [illegible] ဒီအတိုင်းပဲပြောတယ်၊ မော်က သူ့သမီးလေးကို သိပ်ချစ်တယ် သား [illegible] ဆက်က အရမ်းလည်းရိုးသားတယ်၊ ဒီခေတ်မှာ ဆက်လို စင်းလုံးချော [illegible] မိန်းကလေးမရှိဘူး။ သူ တစ်ခုခုဖြစ်သွားရင် မေမေတို့ သားလက်ထဲ [illegible] ပဲ စိတ်ချတယ်"

မေမေ ဘာကြောင့် အခုမှဒီစကားတွေပြောနေတာလဲ စဉ်းစား [illegible] ဆက်ကို ချစ်၊ မချစ်ဆိုတာ သူလည်းသေသေချာချာမသိဘူး။ တစ်ခါ [illegible] လည်း တွေးမကြည့်ဖူးပါ။

"သားတော့ ဘာမှနားမလည်နိုင်ဘူး မေမေ"

"သားစိတ်ထဲမှာ အခုမှဒီလိုစကားတွေပြောလို့ အံ့သြနေတယ်မလား [illegible] ဆက်က ငြင်းစရာမိန်းကလေးမဟုတ်တဲ့အတွက် သားမငြင်းပေမယ့် [illegible] ကို တစ်ထောင့်ငါးရာမေတ္တာနဲ့ သားချစ်ကြည့်ဖူးလား သား"

မေမေက စကားကိုရပ်ပြီး သူ့ကိုခေါ်လိုက်ပြီး

"အခုအချိန်က အရမ်းအရေးကြီးနေပြီသား၊ ဒီဝါမဝင်ခင် သား [illegible] သမီးလေးဆက် လက်ထပ်ရလိမ့်မယ်"

"ဘယ် ဘယ်လိုဖြစ်လို့လဲ မေမေ"

သူ့စကားတွေတောင် အထစ်အထစ်အငေါ့ငေါ့ဖြစ်သွားရသည်။

"နောက် နှစ်နှစ်လောက်ကြာမှပဲဆို နှစ်ဘက်သဘောတူစီစဉ်ထား [illegible] တာမဟုတ်လား မေမေ"

"သားနဲ့ သမီးဆက်ရဲ့အခြေအနေက ပညာလည်းစုံ၊ ငွေကြေးဥစ္စာ [illegible] လည်း ပြောစရာမှမလိုပဲ၊ စီစဉ်ထားတဲ့အတိုင်းမဟုတ်ဘဲ အခုချက်ချင်း [illegible] ရော ဘာဖြစ်လို့လဲ သားရဲ့"

"ဟို...မ မဟုတ်ပါဘူး မေမေ"

သူ ဘယ်လိုဆင်ခြေတက်ရမှန်း မသိတော့ မေမေအကြည့် တစ်ချ[illegible]



"မေမေ သားကိုတစ်မျိုးမထင်ပါနဲ့။ ဆက်ဟာ ဘယ်ယောကျ်ားမျိုး [illegible] မငြင်းနိုင်တဲ့မိန်းမမပါ။ မေမေပြောသလို ဆက်ကို တစ်ထောင့်ငါး [illegible]အချစ်နဲ့ ချစ်မချစ်တော့ သားကိုယ်သားလည်း မစမ်းစစ်မိဘူး။ ဆက် [illegible] သားတစ်နေ့ လက်ထပ်ရမယ့် မိန်းမဆိုတာ သားခေါင်းထဲမှာ [illegible]ပြီးသားပါ။ အရေးတကြီးလက်ထပ်ရမယ်ဆိုတဲ့ မေမေ့စကားကြောင့် [illegible]အံ့သြသွားတာပါ။ အရင်တည်းက ဒီနှစ်အတွင်း လက်ထပ်ဖို့ စီစဉ် [illegible] သားဘာမှ အံ့သြစရာမရှိပါဘူး"

"သားနဲ့ ဆက်ကိစ္စ ဘာကြောင့်မြန်မြန်ဆန်ဆန်ဖြစ်သွားရတယ်ဆိုတာ [illegible]မှ မေမေပြောပြမယ်။ အခု သားလုပ်စရာရှိတာလုပ်။ ပြီးရင် [illegible]ကို လိုက်ပို့ကြမယ်။ အပြင်မှာ ဆက်တစ်ယောက်တည်း။ မေမေ [illegible]"

မေမေပြောပြောဆိုဆိုနှင့် သမုတ်အခန်းထဲက ထွက်သွားသည်။

ဘာတွေအရေးတကြီး ပြဿနာဖြစ်လို့ သူနှင့်ဆက် ဒီနှစ်အတွင်း [illegible]ထပ်ရမှာလဲ။ နောက်မှပြောပြမယ်လို့တော့ မေမေပြောသည်။ မေမေ [illegible]သလို လက်ထပ်ဖို့အားလုံး အဆင်သင့်ဖြစ်နေသည့် သူနှင့်ဆက်က [illegible]နှစ်နှစ်ကြာမှ လက်ထပ်ထပ်၊ ဒီနှစ်ထဲမှာပဲ လက်ထပ်ထပ် မထူး [illegible]

ဒါပေမဲ့ သူ လက်မထပ်ချင်သေးပါ။ အဲဒါ ဘာကြောင့်လဲဆိုတာ [illegible]ကိုယ်သူလည်း မသိ။ ဆက်ကရော သူနှင့်ချက်ချင်းလက်ထပ်ဖို့ကိစ္စ [illegible] ဘာပြောမည်မသိ။ ပြောမည့်သာပြောရတာပါ။ ဆက်က အရာအား [illegible] သူ့သဘောဆိုတာ သိနေပြီးသား။ ဒီကိစ္စ ဆက်ကို တီးခေါက်ကြည့် [illegible]မည်။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

''ဟော…သမီးလေးတောင် ပြန်လာပြီ။ လာကြ လာကြ၊ သား အကြိုက် နွားနို့ဆန်ပြုတ်လည်း လုပ်ထားတယ်''

သူတို့ကားလေး ဆက်တို့တိုက်ကြီးရှေ့ရပ်လိုက်တာနှင့် ဆက်အမေ အန့်တီမော်က အသင့်ကြိုပြီး အပြုံးလေးနှင့်သူ့ကို လှမ်းပြောသည်။

''မော်တို့များ သိပ်မျက်နှာလိုက်ဘာပဲ။ သူ့သားအတွက်ဆို သိပ် သိတတ်''

''အံမယ် အပြစ်တင်မစောပါနဲ့နော်။ ခင်နဲ့ ကိုမောင့်အတွက် ဆိတ် သားနဲ့ပလာတာကို ရှယ်အော်ဒါမှာထားတာ''

မေမေစကားနာထိုးတော့ အန့်တီမော်ကလည်း ဒက်ခနဲပြန်ချေပသည်။

''ဟုတ်သားပဲ ခင်ကအပြစ်ပြောချင်တာက အရင်ပဲကို၊ ကြည့်ဦးမှ ပေါ့၊ ကိုယ်တို့အတွက်လည်း ပါပါတယ်။ ကွာတော့ ကွာတာပေါ့ကွာ။ ကိုယ်တို့အတွက်ကတော့ အော်ဒါမှာတာ။ သားအတွက်ကတော့ ကိုယ်တိုင် လုပ်တာ။ မတူဘူးပေါ့လေ''

ဖေဖေ ခပ်တည်တည်နှင့်နောက်တော့ အားလုံးဝိုင်းရယ်ကြသည်။

''ကျေးဇူးပဲ အန့်တီမော်''

''ကြည့် ပြောပြန်ပြီ''

''ဆောရီး အန့်တီမော်''

သူ အန့်တီမော့်ပခုံးလေးကို ဖက်ပြီး အိမ်ထဲဝင်လာတော့ အန့်တီ မော်ကျေနပ်ပြုံးကြီးနှင့်။ ဆက်ကတော့ နဂိုတည်းက အနေအေးသူပီပီ ဘာတစ်ခွန်းမှ မပြောဘဲ အားလုံးပြောသမျှကို အပြုံးလေးနှင့်နားထောင်



နေသည်။ ဆက်မှာ ချစ်စရာကောင်းတာတစ်ခုရှိသေးသည်။ အဲဒါကတော့ ဆက်ရဲ့မျက်လုံးလေးတွေက အမြဲပြုံးနေသည်။ ဆက်မျက်နှာလေးက ချိုဖြစ်သည့်မျက်နှာလေးဖြစ်သည်။

ညစာခန်းမှာ ထိုင်ကြတော့လည်း အန့်တီမော်က သူနှင့်ဆက်ကြားမှာ။ သူသိတတ်စအရွယ်တည်းက အန့်တီမော်က သူ့ကိုသမီးဖြစ်သူ ဆက်နှင့်တန်းတူ ချစ်သည်။ မေမေဆူလည်းမကြိုက်။ ရိုက်လည်းမကြိုက်။ အာလေးဝယ်ပေးပေး ဆက်နှင့်တန်းတူ။ အစားအသောက်ဆိုလည်း ဒီ အတိုင်းပဲ။ သူကြိုက်သည့် အစားအစာတွေဆို အန့်တီမော်အကုန်အလွတ် ရသည်။

''ကဲပါ စားတဲ့သောက်တဲ့အကြောင်း နောက်မှပြော။ အခုလောလော ဆယ် သားနဲ့သမီးတို့ လွတ်လွတ်လပ်လပ်ခြံထဲမှာ သွားစကားပြောကြ။ မေမေတို့လူကြီးတွေ ဆွေးနွေးစရာရှိလို့''

ထိုင်လို့ ဖင်တောင်မပူသေး။ မေမေက ပေါ်တင်ကြီးနှင်နေပြီ။ ဆက်နှင့်သူက အမြဲတမ်းလွတ်လပ်ခွင့် ရနေသူတွေပဲ။ ဘာမှမဟုတ်ဘူး။ သူနှင့်ဆက်ကို မကြားစေချင်သောစကားမို့ စကားဝိုင်းထဲက ပယ်ထုတ် ခြင်းဖြစ်သည်။

''လာ ဆက်''

သူခေါ်လိုက်တော့ ဆက်က ချက်ချင်းထလိုက်လာသည်။ ဖေဖေ၊ မေမေနဲ့ အန့်တီမော်ကတော့ သူနှင့်ဆက်ကိုကြည့်ပြီး ကျေနပ်နေကြသည်။

''သားနဲ့သမီးကိုကြည့်ရတာ စိတ်ချမ်းသာလိုက်တာ ခင်ရယ်''

''ခင်လည်း ဒီအတိုင်းပါပဲ မော်ရယ်''

''အေး မင်းတို့ပဲပြော။ ငါကတော့ မပြောတော့ဘူး''

''ကိုမိုးခေါင်ကို ရှိစေချင်လိုက်တာ''

အန့်တီမော် ဝမ်းနည်းသံလေးနှင့်ပြောတော့ ဆက်မျက်နှာပျက်သွား သည်။ အမြဲတမ်း ပြုံးချိုနေသောဆက်ကို အခုလိုမြင်လိုက်ရတော့ သူ ကောင်းဖြစ်သွားသည်။ ထိုနောက်မှာတော့ လူကြီးတွေဘာပြောကြမည် သိတော့။ သူနှင့်ဆက်ကတော့ ခြံထဲက ဒန်းလေးပေါ် ကိုယ်စီထိုင်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ကြသည်။

"စိတ်မကောင်းမဖြစ်ပါနဲ့ ဆက်ရယ်"

သူ့အားပေးစကားမှ ဆက်ကမျက်ရည်တွေပါ ကျလာသည်။ ဘယ်လို နှစ်သိမ့်ရမှန်းမသိ။ အဖေမရှိသည့်ခံစားချက် သူမခံစားဖူးပေမယ့် ကိုယ်ချင်းစာလို့ရပါသည်။

"မငိုပါနဲ့ဆက်ရယ်၊ ဆက်ငိုတော့ တို့ရင်ထဲမှာ တစ်မျိုးကြီးပဲ"

သူလည်း ဒီလောက်ပဲ ချော့တတ်သည်။ ချစ်သူရည်းစားဆိုလျှင် တော့ မျက်ရည်တွေ တယုတယသုတ်ပေးပြီး ထွေးပွေ့ထားမိမှာပဲ။ ဆက်က တော့ ကိုယ်လက်ထပ်ရမည့် မိန်းမပေမယ့် အဲဒီလောက်ထိမရဲဘူး။ ဒီတော့ ဆက်အာရုံပြောင်းစေမည့် စကားမျိုးပဲ ပြောရတော့သည်။ အခုမှပင် ဆက်ကိုတွေ့လျှင် မေးဖို့ကိစ္စသတိရသွားပြီး

"ဆက်"

ဆက်က မထူးဘဲ မျက်လုံးအကြည့်လေးနှင့်ပဲ ကြည့်ရင်း မျက်ရည် တွေကို လက်ဖမိုးလေးနှင့်သုတ်နေ၏။

"ဆက်ကို မေးစရာရှိလို့"

"မေးလေ"

"တို့နဲ့ဆက် လက်ထပ်ဖို့ကိစ္စ အန်တီမော်ဘာပြောသေးလဲ"

ဆက် သူ့ကိုကြည့်သည့်အကြည့်က တစ်မျိုးပင်။

"ပြောလေ ဆက်"

ဆက် သက်ပြင်းလေးချပြီး

"ဒီနှစ် ဝါမဝင်ခင် ကိုမှတ်နဲ့ဆက်ကို လက်ထပ်စေချင်တယ်တဲ့"

"မေမေလည်း အဲဒီကိစ္စ အခုမှတို့ကိုပြောတယ်၊ အားလုံးစီစဉ်ထား ကြတာက နောက်နှစ်နှစ်မှမဟုတ်လား။ အခုဘာဖြစ်လို့ မြန်မြန်ဆန်ဆန် ကြီးထဖြစ်သွားတာလဲ၊ အဲဒါ ဆက်သိလား"

"ဟင့်အင်း ကိုမှတ်၊ ဆက်လည်းမသိဘူး။ ဆက်လည်း လွန်ခဲ့တဲ့ သုံးရက်လောက်က မေမေအဲဒီလိုပြောတော့ ဆက်တောင် အံ့သြနေတာ"

ဟုတ်မှာပါ။ ဆက် မသိဘူးဆိုတာ သူယုံသည်။ ဘာကြောင့် လူကြီး



တွေက မြန်မြန်ဆန်ဆန်လက်ထပ်စေချင်တာလဲဆိုတာ စဉ်းစားလို့မရပေ။

"ကဲပါ . . . ဆက်လည်း ဘာမှခေါင်းစားမနေနဲ့တော့၊ တကယ်လို့ လူကြီးတွေသဘောအတိုင်း ဒီနှစ်ဝါမဝင်ခင်ဆို လေးလလောက်ပဲလိုတော့ တယ်။ ဆက် သဘောကရော။ ဆက်သဘောကို ပြောပါဦး"

"ဆက်ကတော့ ကိုမှတ်သဘောပါပဲ"

ထင်သားပဲ။ ဆက် ဒီလိုပြောလိမ့်မယ်ဆိုတာ မေးမိသည့် ကိုယ့်ကိုယ် ကိုယ်ပဲ ဒေါသတွေဖြစ်မိသည်။

"ကိုမှတ် သဘောကရောဟင်"

ဆက် မေးနေပြီ၊ သူ ဘာပြောရမလဲ။ ဆက်မျက်နှာလေးက ပကာတိ ဖြူဝင်ပြီး အပြစ်ကင်းစင်နေသည်။ သူဘယ်လိုအင်အားမျိုးနှင့် ရန်းထွက် နိုင်မှာလဲ။ သူဘာပြောမလဲ ဆက်မျှော်လင့်နေသည်။

"အားလုံးဆန္ဒက တို့ဆန္ဒပါပဲ ဆက်"

ဆက်ရဲ့ မျက်နှာလေးပိုပြီး ကြည်လင်သွားတယ်လို့ သူထင်သည်။ စိတ်ထဲမှာ ဘာတွေနောက်ကျိရှုပ်ထွေးနေမှန်းမသိ။ သူ ဘာစကားမှ မပြောတော့ ဆက်ကလည်း ငြိမ်ငြိမ်လေးထိုင်နေ၏။ သူနှင့်ဆက်ကြား မှာ တိတ်ဆိတ်မှုကြီးက တော်တော်ကြာကြာ ကြီးစိုးသွားသည်။ တိတ် ဆိတ်မှုနှင့်အတူ အမှောင်ထုကလည်း ကြီးစိုးသွားတော့

"အိမ်ထဲဝင်ရအောင်နော် ဆက်"

"ဟုတ်ကဲ့ ကိုမှတ်"

အမြဲတမ်း နားခံတတ်သူလေးမို့ ဆက်နှင့်လက်ထပ်ပြီးလျှင် စိတ် မဆင်းရဲရဘူးဆိုတာသိသည်။ ဒါပေမဲ့ ဘာကြောင့် သူ့စိတ်တွေမရွှင်လန်း ရတာလဲ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

"အန်တီပြောတာလည်း ဟုတ်သားပဲ။ အခုပဲ လက်ထပ်ထပ်၊ နောက်ဘယ်တော့မှ လက်ထပ်ထပ် အတူတူပါပဲ။ မင်းတို့နှစ်ယောက်လုံးကလည်း အားလုံးပြည့်စုံပြီးသားအပြင် တစ်ယောက်နဲ့တစ်ယောက်ကလည်း နားလည်မှုတွေရှိပြီးသားပဲ"

ဝေမျိုးစကားကို ဘာတစ်ခွန်းမှ သူပြန်ပြီးမချေပ။ ဝေမျိုးမသိမသာ အကဲခတ်နေတော့ သူဘာပြောရမှန်းမသိဖြစ်နေသည်။ ကားမောင်းရင်း သူစဉ်းစားနေသည်။

"မင်း ဘာဖြစ်နေတာလဲ သမုတ်"

သူ့မျက်နှာကို စေ့စေ့ကြည့်ပြီး ဝေမျိုးမေးသည်။

"မဖြစ်ပါဘူး"

သူပြန်ပြောသည့်အသံက အေးတိအေးစက် အသက်မပါသလို။

"မင်းတစ်ခုခုတော့ဖြစ်နေပြီ။ အဲဒါ သေချာတယ်။ ဒါပေမဲ့ မင်းကိုယ်မင်းလည်း ဘာဖြစ်မှန်းမသိဘူးဖြစ်နေတယ်၊ အဲဒါဟုတ်တယ် မဟုတ်လား"

သူ မညာချင်တော့ပါ။ ဝေမျိုးဆိုတာ အခုမှပေါင်းသော သူငယ်ချင်းမဟုတ်သည့်အတွက် ညာလို့မရတာ သူသိသည်။

"ဟုတ်တယ် ဝေမျိုး၊ ငါ ဘာဖြစ်နေမှန်း ကိုယ့်ကိုယ်ကိုယ်လည်း မသိဘူး။ အဲဒါကြောင့် ဘာဖြစ်လို့ ဆက်ကိုလက်မထပ်ချင်သေးတာလဲလို့ အတင်းအကြပ်မမေးပါနဲ့"

"မမေးပါဘူး။ ပြဿနာတစ်ခုမှာအဖြေတော့ ရှိပါတယ်။ အဲဒီအဖြေကို မင်းရအောင်တော့ ရှာရမယ်"



ဝေမျိုးစကားကို သူနားလည်သလို နားမလည်သလိုလိုပဲ။ သူနှင့်ဝေမျိုးက ကျောင်းတုန်းက တွဲခဲ့သည့် သူငယ်ချင်းကျော်ကျော်တို့အိမ်သွားနေခြင်းဖြစ်သည်။ ကျော်ကျော်က ကျောင်းပြီးတည်းက စင်္ကာပူရှိ အစ်မတွေဆီထွက်သွားတာ အခါမှပြန်လာခြင်းဖြစ်သည်။ နေ့လည်ထဲက လာဖို့ချိန်းထားပြီးမှ ဝေမျိုးကိစ္စတစ်ခုပေါ်လာသည့်အတွက် ညနေစောင်းမှ နှစ်ယောက်သားထွက်လာကြသည်။

ကျော်ကျော်တို့လမ်းထဲကို ကားလေးဝင်လာစဉ်မှာပဲ သူလုံးဝကိုမျှော်လင့်မထားသော အာသာဝတီကြွယ်ဆိုသည့် ကောင်မလေးကိုတွေ့လိုက်ရတော့ သူ့ရင်ထဲ ဘယ်လိုဖြစ်သွားမှန်းမသိ။

"ဟာ"

"ဝေမျိုး . . . ဝေမျိုး"

သူတအံ့တသြနှင့် 'ဟာ'လိုက်သလို ဘေးကဝေမျိုးကိုလည်း ဝမ်းသာအားရ လှုပ်ခေါ်လိုက်သည်။

"မြင်ပါတယ်"

ဝေမျိုးက သူ့ကိုမကြည့်ဘဲ ခပ်ဆတ်ဆတ်ပြော၏။

ဒီတစ်ခါတော့ သူမရဲ့စီးတော်ယာဉ် ကားလေးမပါဘဲ တစ်ယောက်တည်း အေးအေးဆေးဆေး လမ်းလျှောက်လာခြင်းဖြစ်သည်။ သူမ ဒီရပ်ကွက်ထဲမှာနေတာလား။ ဒါမှမဟုတ် ကားကို တစ်နေရာရာမှာမျှားထားခဲ့သလား။ သူမနှင့် ခပ်ခွာခွာမှာတော့ လူငယ်လေးတစ်ယောက်က သူမကို ချည်စကားပြောရင်း လမ်းလျှောက်လာသည်။ ရင်းနှီးသူတွေမို့ အတူလျှောက်လာကြတာလား။ ဒါမှမဟုတ် ဟော့ပေါ့ဆိုင်မှာကလို သူမကို [illegible]နှောင့်ယှက်သည့် ကောင်လေးလားဆိုတာတော့ သူလည်းမဝေခွဲတတ်။

သူ့ကိုယ်သူ သေချာတာတစ်ခုကတော့ အာသာဝတီကြွယ်ဆိုသော ကောင်မလေးကို လုံးဝမမျှော်လင့်မထားသောအချိန်မှာ ထပ်တွေ့ရသည့်အတွက် ပျော်သွားတာပဲဖြစ်သည်။

"တွေ့လိုက်တိုင်း တစ်ခါမှ မရှင်းဘူး။ ဒါကြောင့် ဟော့ပေါ့ဆိုင်က [illegible]ပုံပြင်လေးတွေပြောတာ"

www.burmeseclassic.com

www.burmeseclassic.com



ဝေမျိုး ထင်မြင်ချက်နှင့် အပြစ်တင်တော့ အာသာဝတီကြွယ်တက်က သုနာမိသည်။

လူတစ်ယောက်အကြောင်း ဂဃနဏမသိဘဲ ထင်မြင်ချက်နှင့် အပြစ်ပြောတာ သူမကြိုက်ပါ။ ဝေမျိုးနှင့်ဟော့ပေါ့ဆိုင်က စားပွဲထိုးလေးတွေ အချော့အမွဲ။ သူကတော့ အာသာဝတီကြွယ်ဆိုသော ကောင်မလေးကို မကြည့်သည်။ သူမဟာ ရိုင်းတာကလွဲပြီး ရှုပ်ရှုပ်ယှက်ယှက် ကောင်မလေး မဖြစ်နိုင်။ သူမ ရိုင်းတာကလည်း သွန်သင်ဆုံးမမည့်သူမရှိ၍ ရိုင်းခြင်းဖြစ်ပေလိမ့်မည်။

''ဟိတ်...ဘယ်က ပြန်လာတာလဲ''

သူ့ကိုယ်သူတောင် မထင်အောင် သူမအနားမရောက်ခင် ကားရပ်လိုက်ပြီး သူမကို လှမ်းနှုတ်ဆက်လိုက်သည်။ ဝေမျိုး တအံ့တဩဖြစ်ပြီး သူ့ကိုကြည့်နေမှာသိသည်။ အာသာဝတီကြွယ်ဆိုသော ကောင်မလေးကတော့ သူ့ကိုဘာလာကြောင်တာလဲဆိုသည့် အဆင်မျိုးနှင့် မိုက်ကြည့်ကြည့်ပြီး သူမငေမ်း သူမလျှောက်သွားသည်။ အာသာဝတီကြွယ်ရဲ့ မိတ်ဆွေလား၊ ရန်သူလားမသိသည့် ငနဲကလည်း သူ့ကိုဘုကြည့်ကြည့်သွားသည်။

''ဟား...ဟား...ဟား''

ဝေမျိုး ကောက်ကာငင်ကာ ရယ်လိုက်တော့ သူစိတ်တိုပြီး ဘယ်သူ့ကို ဖြစ်ရမှန်းမသိသောဒေါသက ဝေမျိုးဘက်လှည့်သွားသည်။

''ဟော့ကောင် မင်းကဘာလို့ ရယ်တာလဲ၊ ငါ့ကိုလှောင်တာလား''

''ရယ်စရာကောင်းလို့ ရယ်တာပေါ့။ မင်းနဲ့မသိတဲ့ ဘာဖြစ်လို့ သွားနှုတ်ဆက်တာလဲ၊ မင်းကို ဟိုက ကြောင်တစ်ကောင်ဆိုတဲ့ အကြည့်နဲ့ကြည့်သွားတာမြင်တယ် မဟုတ်လား။ ဟို ငနဲကလည်း မင်းကိုခေါင်းရိုက်မခွဲသွားတာ ကံကောင်း''

ဝေမျိုးစကားကို သူမခံချင်ဖြစ်သွားသည်။

''အံမယ် ခွဲကြည့်ပါလား၊ ဒီကောင်က ဘာကောင်မို့လဲ''

''ဘာကောင်လဲတော့မသိပေမယ့် အာသာဝတီကြွယ်နဲ့ပတ်သက်နေ



တော့ သေချာတယ်''

''မင်းကလေ ကိုယ့်ကိုယ်ကိုယ် သိပ်အထင်ကြီးတာပဲ''

သမုတ် ခပ်ချဉ်ချဉ်နှင့်ပြောတော့ ဝေမျိုးအပြုံးမပျက်။

''မင်း အထင်မကြီးလည်း ဂရုမစိုက်ပါဘူး။ အဲဒီကောင်မလေးက တော်တော်ကိုရှုပ်တဲ့ ကောင်မလေးဖြစ်မယ်''

စိတ်ထဲ တနုံ့နုံ့နှင့် ဝေမျိုးကိုဒေါသတွေဖြစ်နေမိသည်။ ပြောပြန်လျှင်လည်း မင်းနဲ့ဘာဆိုင်လို့ နာရတာလဲဟု ဒီကောင်စကားနာထိုးဦးမည်။ သမုတ် မေးကြောကြီးတွေထောင်ပြီး ဝေမျိုးကို စကားမပြောတော့၊ ဝေမျိုးမျက်နှာ ပြောင်စပ်စပ်ဖြစ်နေတာကို သူမကြည့်ဘဲမြင်နေရသည်။

''ဒီမှာ ဟော့ကောင်၊ မင်းဘာဖြစ်နေလဲဆိုတဲ့အဖြေကို မင်းစဉ်းစားလို့ ရပေမယ့် ငါရပြီ''

ထိတ်ခနဲ ဖြစ်သွားခြင်းနှင့်အတူ ဝေမျိုးကို ဆတ်ကနဲလှည့်ကြည့်လိုက်သည်။ ဝေမျိုးက ဣန္ဒြေရရပင် လက်ပိုက်ပြီး ကားကူရှင်ကိုမှီထားသည်။ သူ့ကိုကြည့်နေသော ဝေမျိုးအကြည့်ကို သူပြိုင်မကြည့်ရဲပါ။ ဝေမျိုးဆီက အကြည့်ကိုလွှဲပြီး ကားသာမောင်းနေရသည်၊ သူ့စိတ်တွေ လှုပ်ပုံ့နေသည်။

''အာသာဝတီကြွယ်ဆိုတဲ့ ကောင်မလေးကို မင်းစိတ်ဝင်စားနေတယ် မဟုတ်လား''

''ဟာ...မဟုတ်တာ၊ မဟုတ်ဘူး''

သူ ခါးခါးသီးသီးငြင်းလိုက်ပုံက လုံးဝဣန္ဒြေမရ။

''ငါ့လိုကောင်မျိုးကိုတောင် မင်းငြင်းနေတယ်ဟုတ်လား။ ဒီမှာ သမုတ် မင်းဘယ်လောက်ငြင်းငြင်း၊ ငါမယုံဘူး။ ခုတယ်လေ မင်းပန်မခံရင်လည်း နေပေါ့''

ဝေမျိုးခပ်တည်တည်နှင့် စကားမပြောတော့သည့်အချိန်မှာ ပေါက်ကွဲချင်စိတ်ကို မနည်းပင် ထိန်းထားရသည်။ သွေးကြောတွေထဲမှာ တဖျဉ်းဖျဉ်းလောင်သော ဝေဒနာတွေ ခံစားလာရကာ ပေါက်ကွဲထွက်မလားဟောင် ထင်မှတ်ရသည်၊ ဝေမျိုးတစ်ခုခုဆက်ပြောလျှင် သိပ်ကောင်းမည်။ ဒါပေမဲ့ ဝေမျိုးကပြောစရာမရှိတော့သည့်အလား အေးအေးဆေးဆေး

www.burmeseclassic.com

www.burmeseclassic.com



တိုင်နေ၏။ သူ့မှာသာ ကာ္လခြေမရဖြစ်ကာ နောက်ဆုံးမနေနိုင်တော့။

"ဝေမျိုး"

ဝေမျိုးက အကြည့်လေးဖြင့်သာ

"ငါကိုဘာဖြစ်လို့ အဲဒီလို စွပ်စွဲရတာလဲ"

အသံတွေ တုန်နေတာ သူ့ကိုယ်သူ သတိထားမိသည်။

"အာသာဝတီကြွယ်နဲ့တွေ့ရင် မင်းစိတ်လှုပ်ရှားနေတာ မင်းကိုယ်မင်
သိပေမယ့် အနားမှာရှိတဲ့ငါက သိတယ်။ အခုလည်း သူ့ကိုတွေ့လိုက်
လို့ မင်းပျော်သွားတယ်မလား"

သူ ဝန်မခံမိ။

"အဲဒါဖြစ်နိုင်လား ဝေမျိုး၊ ဖြစ်ရောဖြစ်သင့်လား"

"ဖြစ်နိုင်တယ်၊ ဖြစ်နိုင်ယို့မင်းဖြစ်တာပေါ့။ ဒါပေမဲ့ မဖြစ်သင့်ဘူး
မဖြစ်သင့်တာမှ လုံးဝမဖြစ်သင့်တဲ့ကိစ္စပဲ။ အထူးသဖြင့် အာသာဝတီကြွယ်
ဆိုတဲ့ ခပ်ရှုပ်ရှုပ်ကောင်မလေးနဲ့ ပိုမဖြစ်သင့်ဘူး"

"သူ့ကို အဲဒီလို မစွပ်စွဲပါနဲ့ကွာ။ သူဟာ မင်းပြောသလို ခပ်ရှု
ရှုပ် ကောင်မလေးမဖြစ်နိုင်ပါဘူး။ အဲဒါကို ငါ့စိတ်ထဲမှာ လုံးဝယုံကြည်
နေတယ်"

"ယုံကြည်လည်း မင်းနဲ့ဒီကောင်မလေးဖြစ်မှ မဖြစ်နိုင်တာ"

ဝေမျိုးမကြားနိုင်လောက်သည့် သက်ပြင်းလေးသူချလိုက်သည်။ ကာ
မောင်းနေပေမယ့် စိတ်နှင့်ကိုယ် မကပ်တော့။

"ဆက်နဲ့ လက်မထပ်ချင်သေးတာ၊ ဒါကြောင့်လို့ မင်းငြင်းမလား"

"အဲဒါကြောင့်ဆိုလည်း ဖြစ်မှမဖြစ်နိုင်တာ။ မင်းပဲမဖြစ်သင့်ဘူးဆို

ထိုစကားလေးကိုပြောလိုက်ရသည့်အတွက် သူ့ရင်ထဲခံစားသွားရတာ
ဝေမျိုးမသိ။ အခုမှပင် ဒီကောင်မလေးကို စိတ်ဝင်စားမိတာ သူပို
သွားသည်။ သူ့မှာ နှစ်ဘက်မိဘကလည်း သဘောတူ ကိုယ်တိုင်ကလည်
ကျေနပ်သဘောကျလှသော ဆက်ရှိနေသားနှင့် ဆက်နှင့်ဘာမှန္နိုင်းယှဉ်
လို့မရသည့် ဒီကောင်မလေးကို ဘာကြောင့် စိတ်ဝင်စားရတာလဲ။

စတွေ့ကျတာလည်း အနုအလှတွေနှင့် ကောင်းသောတွေခြင်းမဟုတ်



ဆို သူ့ကိုမှတ်မိမှာတောင် မဟုတ်ပေ။ ဒါကို ဘာကြောင့် အာသာ
ဝတီကြွယ်ကို စိတ်ဝင်စားသွားရတာလဲဆိုတာ ကိုယ့်ကိုယ်ကိုယ်တောင်
ကြည့် နေမိသည်။ နောက်ပြီး သူ့အဖြစ်ကို သူငယ်ချင်းဝေမျိုးက ကောင်း
ကောင်းသိသည်။ ဆက်နှင့် လက်ထပ်ဖို့ စိတ်ဝင်တစားရှိမနေတာ အာသာ
ဝတီကြွယ်ကြောင့်ဟု အနိုင်အမာပင် ဝေမျိုးပြောသည်။

"မင်း အာသာဝတီကို မေ့လိုက်တော့။ မင်းတို့နောက်ထပ်ပြီး တွေ့
ရအကြောင်းလည်းမရှိတော့ပါဘူး။ မင်းနဲ့ အာသာဝတီကြွယ်တွေ့ဆုံ
ခြင်းဟာ ဒါနောက်ဆုံးဖြစ်မှာပါ။ မင်းမှာ မဖြစ်မနေလက်ထပ်ရမယ့်
ရည်းဆက်ရှိတယ်ဆိုတာ ခေါင်းထဲမှာ စွဲနေအောင် မှတ်ထားသမှတ်"

ဝေမျိုး၏ နောက်ဆုံးစကားက သူ့ရင်ကို ရိုက်ခတ်သွားသည်။
ဟုတ်ပါတယ်လေ၊ ငါ့မှာ မဖြစ်မနေလက်ထပ်ရမယ့် ဆက်ရှိနေတာ
ဆက်က လွဲပြီး ဘယ်မိန်းမကိုမှ စိတ်မဝင်စားသင့်ဘူး။
သမုတ် သူ့ကိုယ်သူ သတိပေးနေရသည်။
သူနှင့်ဝေမျိုး ကျော်ကျော်တို့အိမ်ရောက်တော့ ကျော်ကျော်က အသင့်
စောင့်ကြိုနေသည်။

"ချစ်သူငယ်ချင်းတွေ လာပြီ"

"စောင့်နေတာ ကြာပြီလား"

"မကြာသေးပါဘူး"

"တစ်အိမ်လုံးလည်း တိတ်ဆိတ်နေပါလား ကျော်ကျော်"

ဝေမျိုး တစ်အိမ်လုံးကို လှည့်ပတ်ကြည့်ပြီးမေးတော့ သူကလည်း
ငြိတ်ထောက်ခံလိုက်သည်။ ကျော်ကျော်ဝမ်းသာအားရ အသံကြီးနှင့်

"ဘယ်သူမှ မရှိဘူးလေ၊ အင်းစိန်က ငါ့အဘွားအလှူကို တစ်အိမ်
လုံးသွားကြတယ်။ ငါတစ်ယောက်ပဲ ကျန်ခဲ့တာ၊ ဒါကြောင့် အိမ်မှာပဲ
ခေါ်လိုက်တာ"

"ဟုတ်လား၊ ဒါဆို လွတ်လွတ်လပ်လပ် ကဲလို့ရတာပေါ့"

"ဒါကြောင့် ငါနေခဲ့တာပေါ့၊ မေမေကတော့ သိပ်အမြင်မကြည်ဘူး၊
ဘာတတ်နိုင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ကျော်ကျော် ဦးဆောင်ပြီး နောက်သို့ဝင်လာခဲ့သည်။ ထမင်းစားခန်းထဲမှာ အသင့်ပြင်ထားသော ဖန်ခွက်လှလှလေး သုံးခွက်နှင့်အတူ ဝက်ခေါက်ကင်း ကြက်ခြေထောက်စွပ်ပြုတ်၊ ပုစွန်တုပ်နှင့် မြေပဲဆားလှော်သီးကိုလှော်တွေပါ အမြည်းအတွက် စုံစုံလင်လင်တွေ့ရသည်။

"ဟာ…စုံလှချည်လား ဖိုးကျော်ရဲ့"

ဝေမျိုးက နှုတ်ခမ်းကို လျှာနှင့်သပ်ပြီး ကျေနပ်သံကြီးနှင့်ပြောသည်။ ကျော်ကျော် နိုင်ငံခြားမှာတုန်းကလည်း သူနှင့်ဝေမျိုး တစ်လနှစ်ခါလောက် ဘီယာသောက်ဖြစ်ကြသည်။ သိပ်အကြိုက်ကြီးမဟုတ်ပေမယ့် စိတ်ကတောင့်တလာသည့်အခါမျိုးဆိုလျှင် နှစ်ယောက်သားအဖော်စပ်ပြီး တစ်ဆိုင်ဆိုင်မှာ ချိန်းကြသည်။ ကျော်ကျော်စကားပုကြာ ပြန်ရောက်လာတော့လည်း တစ်ဆိုင်ဆိုင်မှာ ဘီယာလည်းတိုက်၊ တစ်ခုခုလည်း ကျွေးမလို့ပါ။

အခု သူ့အိမ်မှာ ဘယ်သူမှမရှိသည့်အတွက် အိမ်မှာပဲ ဝိုင်းဖွဲ့လိုက်သည်။ ကျော်ကျော် ရေခဲသေတ္တာထဲက ဘီယာဘူးတွေထုတ်ပြီး စားပွဲပေါ် ချလိုက်သည်။

"ကဲ…ချစ်သူငယ်ချင်းတို့ ကြိုက်သလိုသောက်၊ ကြိုက်တာစား"

"အိုကေ သူငယ်ချင်း"

"ငါ့သူငယ်ချင်းကြီး အမြဲတမ်းတိုက်နိုင်ပါစေ၊ ကျွေးနိုင်ပါစေ"

"ဟေ့ကောင်တွေ ငါ့ကိုအဲဒီဆုတွေချည်းပဲ မပေးနဲ့ ချစ်သူချောချောလေးတစ်ယောက် မြန်မြန်ရပါစေလို့ ဆုတောင်းပေးဦး"

"အိုကေ အိုကေ သူငယ်ချင်း ဆုတောင်းပေးရမှာပေါ့၊ ချစ်သူငယ်ချင်း ကျော်ကျော်ပိုင် ရည်းစားချောချောလေး မြန်မြန်ရပါစေ"

"ဟေး…ဖြောင်း ဖြောင်း ဖြောင်း"

"ပေးတဲ့ဆုနဲ့ ပြည့်ပါစေ"

"လူပျိုကြီးဘဝက မြန်မြန်ကျွတ်ပါစေ"

"လူပျိုလေးပါကွာ၊ မင်းကလည်း"

"ဟုတ်သားပဲ၊ သမုတ် မင်းက ဘယ်လိုပြောလိုက်တာလဲ"

ဝေမျိုး သူ့ကို ခပ်တည်တည်နှင့်ဟောက်မှ ကျော်ကျော်ကျေနပ်သွားသည်။



"သောရီး သူငယ်ချင်း၊ သောရီး"

"အဲဒီလို လုပ်စမ်းပါ"

"ကဲ စမယ်၊ ချီးယား"

"ချီးယား"

သုံးယောက်သား ဖန်ခွက်ချင်းတိုက်ပြီး ချီးယားလုပ်လိုက်သည်။ ဘီယာသောက်လိုက်၊ အမြည်းလေးဝါးလိုက်နှင့် သုံးယောက်သား ဟောင်းနှောင်းဖြစ်တွေ ပြောပြီး တဟီးဟီး တဟားဟားနှင့် ဆူညံနေကြသည်။

"ဟား…တယ်ကောင်းတဲ့ ဝိုင်းပါလား"

"လေးလေး"

"လေးလေး…လာ"

သမုတ်တို့သူငယ်ချင်းသုံးယောက် သောက်လိုက်စားလိုက် စကားတွေပြောလိုက်နှင့်လုပ်နေစဉ်မှာပဲ ကျော်ကျော့်ဦးလေး လူပျိုကြီးရောက်လာပြီး ဝင်ဆက်ခြင်းဖြစ်သည်။ ကျော်ကျော့်ဦးလေး လူပျိုကြီးက ဟိုတုန်းတည်းက ပျော်ပျော်နေတတ်သူဖြစ်ပြီး တူဖြစ်သူကျော်ကျော်နှင့်လည်း သူငယ်ချင်းလို ပေါင်းသည်။ ကျော်ကျော့်ကိုသိပ်ချစ်ပြီး ကျော်ကျော့်သူငယ်ချင်းတွေအားလုံးကိုလည်း ချစ်သည်။ ယခုအချိန်ထိ မိန်းမ မရသေးသော အသက်ကြီးကိုယ်တည်း လူပျိုကြီးဖြစ်သည်။ အစ်မဖြစ်သူ ကျော်ကျော့်အမေနှင့်လည်း အတူနေသည်။

လေးလေးဝင်ထိုင်တော့ ကျော်ကျော်ဖန်ခွက်တစ်လုံး ထယူပြီး စားပွဲပေါ်ချလိုက်သည်။ ဝေမျိုးက ဘီယာတစ်ဘူးဖောက်ကာ ဖန်ခွက်ထဲလောင်းထည့်ပြီး

"လေးလေး…သောက်"

လေးလေးက အပြုံးနှင့်ဝေမျိုးလက်ထဲက ဘီယာခွက်ကို လှမ်းယူပြီး တစ်ကိုက်သောက်လိုက်ကာ

"မင်းတို့နှစ်ယောက်လည်း ကျော်ကျော်ပြန်လာမှ တွေ့ရတော့တယ်"

www.burmeseclassic.com

www.burmeseclassic.com



လေးလေးအပြစ်တင်သံလေးနှင့်ပြောတော့ သမုတ်မျက်နှာချိုသွေးကာ

"သတိကတော့ အမြဲရနေပါတယ် လေးလေးရယ်"

"အေးပါလေ ကမ္ဘာကြီးတစ်ခုလုံးကို ဦးစီးနေရတော့ ဘယ်အားမလဲ"

"မဟုတ်ပါဘူး လေးလေးရယ်"

"သမုတ်ရေ လူလိုရင် လေးလေးကိုလည်း ခေါ်ပါဦး"

"ဟုတ်တယ် သမုတ်၊ မင်းတို့ကုမ္ပဏီမှာ လေးလေးကိုတစ်နေရာလောက်ပေါ့၊ နောက်ဆုံး ဒရဝမ်ဖြစ်ဖြစ်"

ကျော်ကျော်ဝင်နောက်တော့ လေးလေးဒေါသနှင့်ကျော်ကျော့်ကိုကြည့်ပြီး

"ဟေ့ကောင် ငါ့အရည်အချင်းက ဒရဝမ်လောက်ပဲ တန်လား"

လေးလေးဟောက်တော့ ကျော်ကျော်စပ်ဖြဲဖြဲနှင့် ဆက်ပြော၏။

"လေးလေးပဲ အလုပ်တစ်ခုရှိရင် ပြီးရောဆို။ ဒါမှ လေးလေးမဒီကြီးက လက်ခံမှာမဟုတ်လား"

"ဟေ့ကောင် တော်စမ်း၊ ကိုယ့်ဦးလေးကို မသကာ မန်နေဂျာလောက်ဆို တော်သေး။ အခုတော့ ဒရဝမ်တဲ့ တော်တော်အသုံးမကျတဲ့တူ"

လေးလေးကိုကြည့်ပြီး သူနှင့်ဝေမျိုးရယ်လိုက်သည်။

"လေးလေးက အဲဒီအန်တီကြီးကို အခုထိစွဲလမ်းတုန်းလား"

သူမေးတော့ လေးလေးတစ်ခုခုမပြောခင် ကျော်ကျော်က

"စွဲလမ်းတုန်းလေ၊ ဟိုက ယောကျ်ားယူဖို့ မစဉ်းစားပါဘူး။ အပျိုကြီးပဲလုပ်ပါတော့မယ်ဆိုတာကို အဲဒါမှ အဲဒါကိုစွဲစွဲလန်းလန်းဖြစ်နေတယ် တခြားမိန်းမတစ်ယောက်ကိုသာ ပြောင်းချစ်ရင် အခုဆို ကလေးလေးယောက်လောက်တောင် ရပြီ"

"ဟေ့ကောင် တိတ်စမ်း၊ မင်း မချစ်ဖူးတိုင်း ဟိုလူ့ချစ်ပါ၊ ဒီလူ့ချစ်ပါလို့ လျှောက်မခိုင်းနဲ့။ အချစ်ဆိုတာ သူ့ဟာသူရင်ထဲက အလိုလိုဖြစ်ပေါ်လာတဲ့အရာ။ ချစ်ခိုင်းတိုင်း ချစ်ချင်မှချစ်မယ်၊ မချစ်နဲ့ဆိုလည်း ချစ်ချင်ချစ်မှာပဲ။ အချစ်ကို အမိန့်ပေးလို့မရဘူး။ အဲဒါ မင်းနားလည်လားဖိုးကျော်"



"ရိုက်. . . လေးလေး၊ လေးလေးရဲ့ ဒိုင်တွေက တကယ်ခံစားချက်အပြည့်ပဲ"

တကယ်ကို သူလိုက်လိုက်လဲ့လဲ့ပြောတာပါ။ လေးလေး ခံစားချက်နှင့် သူ့ရင်ထဲက ခံစားချက်က တကယ်ကို ထပ်တူထပ်မျှဖြစ်နေသည်။ ဝေမျိုးက သူ့ကိုအဓိပ္ပါယ်ပါပါ လှမ်းကြည့်၏။ ကျော်ကျော့်မျက်နှာကြီးကတော့ နှင့်ထားသည့်အလား ရှုံ့မဲ့နေသည်။

"မင်းတော်တယ် သမုတ်၊ ငါ့တူပီသတယ်၊ မင်းက တော်မှာပေါ့၊ မင်းမှာက ချစ်ရမယ့်သူရှိတာကိုး။ ဒီကောင်တွေကတော့ ဂေါ်မစွံဖွတ်ကျားတွေ။ ဘာမှအချစ်ဆိုတာကို နားလည်တာမဟုတ်ဘူး။ ဟိုကောင် ကျော်ကိုဆိုသေး။ နိုင်ငံတကာသာ ရောက်နေတာ။ ရည်းစားဆိုလို့ အနံ့ခံစရာတောင် မရှိဘူး"

လေးလေးကတော့ ဝေမျိုးနှင့် ကျော်ကျော့်ကို ပယ်ပယ်နယ်နယ်ရှုံ့ချနေပြီ။

"ဒီကောင်လည်း သူချစ်ကိုယ်ချစ် ရထားတဲ့ချစ်သူမဟုတ်ပါဘူး လေးလေးရာ၊ သူ့မိဘတွေ ဒီကောင်ငယ်ငယ်လေးတည်းက စီစဉ်ထားလို့ ဒီကောင့်အစွမ်းအစနဲ့ဆို ဝေးပါသေး"

ဝေမျိုး မခံမရပ်နိုင်စွာ ကက်ကက်လန်ပြန်ပြောတော့ လေးလေးကလည်း မလျှော့။

"ဘာပဲဖြစ်ဖြစ်လေ၊ မင်းတို့ထက်စာရင် သမုတ်က အများကြီးသာတယ်"

သမုတ် အောင်နိုင်သူအပြုံးနှင့်ပြုံးတော့ ဟိုနှစ်ကောင်ကြည့်မရသလို ယောကျ်ားကြီးတွေတန်မဲ့ မျက်စောင်းတထိုးထိုးနှင့်။ ဒီလိုတော့လည်း ရှိရတာ ဂုဏ်ယူစရာကောင်းသား။ ဒါတောင် ဝေမျိုးပြောသလို တွေစီစဉ်ထားသူပါ။ သူချစ်ကိုယ်ချစ် ချစ်သူသာဆို သိပ်ကောင်းမှာ။ မရှိသည့် ဒီနှစ်ကောင်ရှေ့မှာ ချစ်သူရှိတယ်ဆိုတာ မြိန်စရာကြီး။

"နောက်တစ်ခုက သူက ငါ့ကိုယ်မိမ်းချင်ပါတယ်။ ဟို သူ့တူမ မိမသုံးမဟာမလေး ကြားကဝင်နှောင့်နေလို့ နောက်ပြန်ပြန်ဆုတ်ာ"

www.burmeseclassic.com

www.burmeseclassic.com



"မိမဆုံးမ ဖမဆုံးမပါ လေးလေးရဲ့"

"သူက ဖအေမရှိဘူး၊ မအေပဲရှိတယ်၊ ရှိတဲ့အမေကလည်း လုံး၀ အဆုံးအမမရှိဘူး။ ဒါကြောင့် ဒီကောင်မလေးက လူကြီးလူကြီးမှန်းမသိဘဲ ရှိုင်းလိုက်တာ ကန်းကုန်နေတာပဲ။ ဒါကြောင့် မိမဆုံးမ မိမဆုံးမလို့ပြော တာ"

"သူ့တူမကြောင့်ချည်း မဟုတ်ပါဘူးလေးလေးရာ၊ အန်တီခိုင်ကြီး ကိုယ်တိုင်ကလည်း လေးလေးကို စိတ်မဝင်စားလို့ပါ"

"ဟော့ကောင် မင်းပါလာပြန်ပြီလား"

လေးလေး ကျော့ကျော့ကို ဖန်ခွက်နှင့်ကောက်ပေါက်လိုက်ဟန်ပြင် တော့ အနားက ဝေမျိုး လေးလေးလက်ကို အတင်းလှမ်းဆွဲပြီး

"မလုပ်ပါနဲ့ လေးလေးရယ်၊ စိတ်ကို ထိန်းပါဦး"

"ပြောပုံကို နားထောင်ဦးလေ၊ ကိုယ့်ဦးလေးကို သိက္ခာချနေတယ် မင်းတို့မို့ပေါ့၊ တခြားသူရှေ့သာဆို ငါအရှက်ကွဲပြီ"

"တခြားသူရှေ့ပြောမလား လေးလေးရဲ့"

ကျော်ကျော်ရှုပုပ်ပုပ်မျက်နှာနှင့် ဦးလေးဖြစ်သူကို ပြန်ပက်၏။

"မင်း ပါးစပ်ကိုပိတ်ထား"

"ကဲ ကျော်ကျော် မင်းလည်း ပါးစပ်ပိတ်။ လေးလေးလည်း စိ မဆိုးနဲ့တော့"

"မဟုတ်ပါဘူး၊ လေးလေးပဲ စောစောက ပြောပြီး၊ ချစ်ရင် ဘယ် တားတား မရဘူးဆို။ နောက်ပြီး သူက အဒေါ်ပဲ။ သူသာ လေးလေး စိတ်ဝင်စားရင် သူ့တူမ မပြောနဲ့ သူ့မိဘလည်း မရဘူး"

လေးလေး သူ့စကားနှင့်သူငြိသွားတော့ ဘာတစ်ခွန်းမှ ပြန်မပြော တော့။ ဒါပေမဲ့ ကျော်ကျော့်ကိုတော့ မျက်စောင်းကြီးတခဲခဲနှင့် ကျေ ပုံမရ။

"ကဲပါ. . .လေးလေး ချ"

လေးလေးပါ ပါမှ ဝိုင်းကပိုပြီး စိုပြည်သွားသည်။

"သမုတ် ငါပြောတာ မမေ့နဲ့နော်၊ အလုပ်တစ်ခုလောက် ရှာ

"ဟုတ်ကဲ့ပါ လေးလေးရဲ့"



"ငါလည်း သူများချစ်သူတွေကို ခွဲခဲ့လို့လား မသိဘူး။ အဖြေပေး တာနီးမှ ခိုင်က ကချင်ပြည်နယ် မြစ်ကြီးနားကို ပြောင်းသွားတယ်လေ"

"ဟုတ်လား လေးလေး"

"ဟုတ်တယ်ကွာ၊ ဒါကြောင့် ငါလွမ်းနေတာပေါ့"

လေးလေးမမြင်အောင် သူနှင့်ဝေမျိုး ကြိတ်ရယ်လိုက်သည်။ ကျော်ကျော် ကတော့ ဦးလေးဖြစ်သူကိုကြည့်ပြီး ရှုံ့မဲ့နေ၏။

သူနှင့်ဝေမျိုး ကျော်ကျော်တို့အိမ်ကပြန်ဖို့ပြင်တော့ ငါးနာရီကျော်ပြီ။ လေးလေးကတော့ အလွမ်းတွေနှင့်ရောပြီး ဒေါင်းနေပြီ။ ကျော်ကျော်တံခါး အထိလိုက်ပို့ပြီး စကားပြောနေစဉ် သူ့မျက်စိက စကိတ်စီးပြီး ဒီဘက်ကို လာနေသော ကောင်မလေးဆီ ရောက်သွားသည်။

"အာသာဝတီကြွယ်"

နှုတ်က ယောင်ယမ်းပြီး အသံထွက်လိုက်တော့ ဝေမျိုးနှင့်ကျော်ကျော် အကြည့်တွေက ပြိုင်တူပင် အာသာဝတီကြွယ်ထံ ရောက်သွားသည်။

"မင်းနဲ့ အာသာဝတီကြွယ်နဲ့ သိလို့လား"

ဝေမျိုး ဖျတ်ကနဲ သူ့ကိုကြည့်တာနှင့် ကျော်ကျော်တအံ့တသြမေး လိုက်ခြင်းက တချိန်တည်းပင်ဖြစ်သည်။ ထိုအချိန်မှာ အာသာဝတီကြွယ် က သူတို့ကိုဖြတ်ကျော်သွားပြီ။

ကျော်ကျော့်အမေးကိုရော ဝေမျိုးအကြည့်ကိုရော သူအာရုံမရောက် သူစိတ်ဝင်စားတာက စကိတ်စီးသွားသော အာသာဝတီကြွယ်ထံသို့။

"သမုတ် ဘယ်လိုဖြစ်တာလဲ။ ငါမေးတာရော ကြားရဲ့လား။ မေးသာ တယ်၊ သိမယ့်ပုံမပေါ်ပါဘူး"

ကျော်ကျော်က သူ့ဟာသူမေး သူ့ဟာသူဖြေရှင်းချက်ပေးနေသည်။

"ကျော်ကျော် သူက ဒီလမ်းထဲမှာနေတာလား။ မင်းသူ့ကို သိတယ် လား"

အမေးမရသူမေးတော့ ဝေမျိုးအကြည့်ကို သူသိသည်။ ဝေမျိုးအကြည့် ရှေ့မဆိုက်နိုင်။ ကျော်ကျော်ပြောလာမည့်စကားကိုပဲ သူစိတ်ဝင်စား ည်။

"အာသာဝတီကြွယ်က လေးလေးကြိုက်နေတဲ့ အပျိုကြီးဒေါ်ခိုင်ခိုင်

www.burmeseclassic.com



ကျော်ရဲ့ တူမပဲ။ စောစောက လေးလေးမကျေမနပ်ဖြစ်နေတာ သူ့ကို လေ။ ငါတို့ခြံနဲ့ အာသာဝတီကြွယ်တို့ခြံက လေးခြံပဲကျော်တယ်''

''ဩော် လေးလေးပြောတဲ့ မိမဆုံးမ မိမဆုံးမဆိုတာ သူ့ကိုပြောတာ ပေါ့''

''ဟုတ်တယ်၊ နေပါဦး မင်းနဲ့ အာသာဝတီကြွယ်က ဘယ်လိုပတ်သက် နေလို့လဲ''

''အဲဒီအကြောင်း မင်းကိုနောက်မှအေးအေးဆေးဆေးပြောပြမယ် ကျော်ကျော်သွားမယ်''

တစ်ချိန်လုံး ငြိမ်နေသောဝေမျိုးက အတင်းစကားဖြတ်ပြီး သူ့ကို လည်း ကားပေါ်တက်ခိုင်းနေသည်။ သူ ကျော်ကျော့်ကို စကားတွေထပ် ပြောချင်သေးသော်လည်း ဒီနေ့အဖို့ မဖြစ်နိုင်တော့တာ သိသည်။ မဖြစ်နိုင် တော့သည့်အဆုံး သူလက်လျှော့ပြီး ကားပေါ်တက်လိုက်သည်။ ဝေမျိုး လက်ပြတော့ ကျော်ကျော်လက်တောင်ပြန်မပြနိုင်ဘဲ ကြောင်တောင်တောင် ကြီး ကြည့်ကျန်ခဲ့သည်။ ကျော်ကျော်ပဟေဠိတွေနှင့် ကျန်ခဲ့မှာ သူသိသည်။ ကျော်ကျော်ဖုန်းဆက်ပြီး ကျိန်းသေမေးမှာဆိုသည့်အတွေးနှင့်ပဲ သူလက် လျှော့လိုက်သည်။

ကျော်ကျော်ဝို့အိမ်ကထွက်လာပြီး တော်တော်ကြာသည့်အထိ သူ နှင့်ဝေမျိုးစကားမပြောဖြစ်ကြ။ ဝေမျိုးအိမ်ရှေ့ရောက်သည့်အထိလည်း စကားမပြောကြသေးပါ။ ဝေမျိုးကားပေါ်က ဆင်းပြီးမှသူ့ကို ငုံ့ကြည့်က

''မင်း စိတ်ကူးယဉ်မယ်ဆိုရင်တော့ ယဉ်ပါ''

ဝေမျိုး ဒါပဲပြောပြီး သူတစ်ခုခုပြန်မပြောခင် အနားကထွက်သွားသည်။ ရင်ထဲမှာ တစ်တစ်ဆို့ဆို့ကြီးနှင့်။ ဝေမျိုးနောက်ကျောကိုသာကြည့်ပြီး သက် ပြင်းချလိုက်သည်။ ဝေမျိုးက သူငယ်ချင်းကောင်းပီသစွာပင် အာသာဝတီကြွယ်ထံ သူစိတ်ယိုင်သွားမှာမလိုလား။ သူကလည်း ဂျစ်ကန် မာကျောကျောဒီကောင်မလေးကိုမှ။

✿ ✿ ✿

# အခန်း (၉)

အမေ့ကို မနေ့က တစ်နေကုန် မတွေ့။ တစ်နေရာရာသွားသည် ထင်နှင့် အာသာကိုယ့်အလုပ်ကိုယ်လုပ်ရင်း တစ်နေ့တာကုန်သွားသည်။ နေ့မနက် အာသာအစောကြီးနိုးသည့်အတွက် အစောကြီးဗိုက်ဆာသည်။ အာသာထမင်းစားခန်းထဲ ဝင်လာတော့ ဒေါ်မိ၊ မစန်း၊ ညိုညို သုံးယောက် အလုပ်ကိုယ်စီနှင့်။

''ဟော...မမအာသာ နိုးလာပြီ။ ဘာစားမလဲ၊ မမအာသာ''

''နွားနို့ကို သကြားမထည့်နဲ့။ ကိတ်ခြောက်ဘူးချ''

''ဟုတ်ကဲ့၊ မမအာသာ။ ဒီနေ့ အိပ်ရာနိုးတာ စောတယ်နော်''

''ဟဲ့ ညိုညို''

ညိုညို့ကို ဒေါ်မိ လှမ်းဟန့်သည်။

အပိုစကားတွေ သိပ်ပြောသော ညိုညို့ကို အာသာခပ်ဖွဖွကြည့် လိုက်သလို ဒေါ်မိကလည်း တော်တော်လျှာရှည်တဲ့ကောင်မဆိုသည့်ပုံနှင့် ကြည့်ပြသည်။

ဒေါ်မိက အမေ့မိဘ အာသာ့အဘိုးအဘွားတွေ လက်ထက်ကတည်း က အလုပ်လုပ်ခဲ့သည့်အတွက် မိသားစုဝင်လိုဖြစ်နေပြီ။ ဆွေမျိုးသားချင်း လည်း မရှိတော့ အမေနှင့်အာသာ့ကိုပဲ သူ့သွေးရင်းလို သဘောထား သည်။ အမေနှင့်အန်တီခိုင်ပြီးလျှင် အာသာစကားအများဆုံးပြောသူမှာ ဖြစ်သည်။

ဆန်းကတော့ အာသာ့ထက် ခြောက်နှစ်လောက်ကြီးပြီး အာသာ နှစ်ရောက်မှ အာသာ့လက်တိုလက်တောင်းအတွက် ဒေါ်တာဟု

www.burmeseclassic.com

www.burmeseclassic.com



အန်တီနိုင်ပြောသည်။ ဒါပေမဲ့ အာသာ့အလုပ်က ဘာမှ မယ်မယ်ရရ မရှိသည့်အပြင် မစန်းက အာသာ့ကို လန့်သည်။ အာသာ့မျက်နှာကို လည်း စေ့စေ့မကြည့်ရဲ။ မဖြစ်မနေမို့ စကားပြောရလျှင်လည်း ခေါင်းငုံ့ ပြီး ပြောသည်။ မစန်းက ကြောက်လည်းကြောက်တတ်သည်။

အမေနှင့်ပြဿနာဖြစ်တိုင်း အာသာဝိုင်းဒိုင်းကျဲလျှင် မစန်းက နေစရာမရှိတော့။ ညိုညိုကတော့ မစန်းအရင်ရောက်တာဖြစ်သည်။ ညိုညို က အာသာ့ကို ရောချင်သည်။ စကားမရှိစကားရှာပြီး အပိုတွေပြောလွန်း လို့ အာသာဘယ်လောက် ဟောက်ဟောက်လည်း မဖြုံဘူး။ အန်တီနိုင် နဲ့ ဒေါ်မိ အာပေါက်မတတ်ပြောလည်း အမှတ်မရှိ။

အာသာ ဘယ်သူ့ကိုမှ စကားမပြောချင်ပါ။ မာနကြီးလို့မဟုတ်ဘူး တစ်ယောက်ဘည်းပဲ အာသာနေချင်သည်။ သိတတ်စတည်းက အမေ့ရဲ့ စိမ်းကားရက်စက်မှုတွေကြောင့် အမေ့ကို မကျေနပ်ရာက ဘယ်သူ့ကိုမှ စိတ်တိုင်းမကျဖြစ်နေသည်။

အဖေ ကြင်နာသလောက်၊ အမေ့ကိုလည်း ရက်စက်သည့်အတွက် အာသာ့ရဲ့အမေ့အပေါ် နာကျည်းမှုတွေက ဘယ်တော့မှ အဆုံးသတ်မှာ မလဲ။ အာသာ ကျောင်းစတက်ကတည်းက သူငယ်ချင်းတစ်ယောက်မှ မထားခဲ့ပါ။ ဆယ်တန်းအောင်ပြီး တက္ကသိုလ်တက်တော့လည်း ဒီအတိုင်းပဲ ဖော့(စ်)ရီးယားအောင်ပြီး " အာသာကျောင်းဆက်တတ်ချင်စိတ်မရှိတော့ ကိုယ့်သဘောနှင့် ကိုယ် ကျောင်းထွက်ပစ်လိုက်သည်။

အန်တီနိုင်တငိုငိုနှင့် ဘယ်လောက်နားချချ အာသာ့အလျှော့မပေး နောက်ဆုံး အန်တီပဲ အလျှော့ပေးပြီး အမေနှင့်အန်တီနိုင် အကြီးအကျယ် စကားများကြသည်။ အာသာ့ကို ဥပေက္ခာပြုထားသည့် အမေ့ကို အန်တီ နိုင်က ကျေနပ်တာမဟုတ်၊ အာသာ့ကြောင့်ပင် နှစ်ယောက်သား ခဏခဏ စကားများကြသည်။

"အာသာ သမီးလေး နွားနို့ယူဦးမလား"

ဒေါ်မိအသံကြောင့် ပျံ့လွင့်နေသော အာသာစိတ်တွေကိုပြန်စုစည်း လိုက်သည်။



"တော်ပြီ"

စားသောက်ခြင်းကို အဆုံးသတ်ပြီး အာသာထဖို့ပြင်တော့

"သမီး"

ဘာပြောမလို့လဲဆိုသောအကြည့်နှင့် ဒေါ်မိကို အာသာကြည့်လိုက် သည်။

"ဝတ်ရည် နေမကောင်းလို့"

ရင်ထဲမှာ ပူကနဲဖြစ်ပြီး စိုးရိမ်မှုတွေက ချက်ချင်းဆောင့်တက်လာ သည်၊ ဒါပေမဲ့ အာသာဟန်ဆောင်လိုက်ပြီး

"အဲဒါ အာသာက ဘာလုပ်ရမှာလဲ"

"သမီး သွားမေးလိုက်ပါဦး"

"မမေးချင်ဘူး"

ဒေါ်မိမျက်နှာ ချက်ချင်းအိုကျသွား၏။

အာသာ ဘာကြောင့်မမေးချင်လဲဆိုတာ ဒေါ်မိလည်းသိသည်။ လွန်ခဲ့ သော နှစ်နှစ်လောက်က အမေအကြီးအကျယ်ဖျားတော့ စိုးရိမ်တကြီး ဖြစ်နေသည့် အာသာ့ကို မျက်နှာလွှဲနေသည်။ အာသာ့ဘက်က တွေး ကြည့်လျှင် ဘယ်လောက်ခံပြင်းစရာ၊ နာကြည်းစရာကောင်းလိုက်သည့် အဖြစ်လဲလို့၊ အမေ ဘာကြီးပဲဖြစ်ဖြစ် ကျောခိုင်းနေမည်ဟု ဆုံးဖြတ်ထား သည်။

"ဝတ်ရည်ရဲ့နှလုံးရောဂါက တော်တော်ကြီးကို အစိုင်အခဲကြီးနေပြီ လို့ ဆရာဝန်က ပြောတယ်"

နှလုံးရောဂါ။ အာသာတစ်ခါမှ မကြားဖူးသော စကားဆန်းမို့ ဒေါ်မိကို ရုတ်တရက်ကြည့်တော့ ဒေါ်မိက အသနားခံသည့်မျက်လုံးတွေနှင့် ကြည့်နေ၏။ ဒေါ်မိ အရဲစွန့်ပြီးဆက်ပြော၏။

"ဟုတ်တယ် သမီး။ ဝတ်ရည်မှာ နှလုံးရောဂါရနေတာ တစ်နှစ် လောက်ရှိပြီ"

"အန်တီနိုင်လည်း ဘာမှမပြောပါဘူး"

"သမီး စိတ်မကောင်းဖြစ်မှာစိုးလို့ နေမှာပါ။ စိတ်ဆင်းရဲရင် နှလုံး

www.burmeseclassic.com

www.burmeseclassic.com



ရောဂါသမားဆာ ခံနိုင်ရည်မရှိဘူး''

''အမေ့မှာ ဘာတွေများ စိတ်ဆင်းရဲစရာရှိလို့လဲ''

''ရှိတာပေါ့ကွယ်၊ တကယ်တော့ ဝတ်ရည်က သမီးကိုသိပ်ချစ်ပါတယ်''

''ဟား ဟား ဟား ဟား''

အာသာအော်ရယ်တော့ ဒေါ်မိ သက်ပြင်းချသည်။

''ရယ်စရာ ပုံပြင်တစ်ပုဒ်ကို ကြားရသလိုပဲ။ ဒါဆို ဒေါ်မိကို တစ်ခု လောက်မေးချင်တယ်''

ဒေါ်မိ ခေါင်းညိတ်ပြသည်။

''အန့်တီနိုင်ရော ဒေါ်မိရောက အမေကအာသာကိုချစ်တယ်လို့ ပြောတယ်နော်၊ ချစ်လျက် ဘာဖြစ်လို့ မချစ်ဟန်ဆောင်နေရတာလဲ။ သမီးအရင်းကို အမေအရင်းကချစ်တာ ဘယ်သူကဘာပြောမှာမို့လဲ၊ ပြော ဒေါ်မိ ပြောစမ်းပါ''

''ဒေါ်မိနဲ့ နိုင်နိုင်က ငယ်ငယ်လေးကတည်းက ဝတ်ရည်နဲ့ လက်ပွန်း တတီးနေလာတဲ့သူတွေပါ။ ဝတ်ရည်စိတ်ကို နားအလည်ဆုံးလူတွေပါ။ သမီးကို ဘာကြောင့် စိမ်းကားပြနေလဲဆိုတာ တစ်နေ့တော့ သမီး နားလည်လာမှာပါ''

''အဲဒီ တစ်နေ့ကို အာသာမစောင့်နိုင်ဘူး ဒေါ်မိ၊ အခုပဲ အာသာ့ ကို ပြောပြပါလား''

''အချိန်တန်ရင် သမီးကိုပြောပြမှာပါ''

ဒေါ်မိ အာသာ့နားက လှည့်ထွက်သွားသည်။

အမေက အာသာ့ကို မုန်းချင်ဟန်ဆောင်နေတာ အကြောင်းတစ်ခု ကြောင့်တဲ့။ အချိန်တန်ရင် အဲဒီအကြောင်းကို ပြောမည်ဆိုတော့

ဟာ…အာသာ့ရင်ထဲလှိုက်ကနဲဖြစ်သွားသည်။

ဒါဆို အမေ အာသာ့ကိုချစ်တာ တကယ်ပဲပေါ့။ အန့်တီနိုင်ကလည်း သမီး အမေက သမီးကိုချစ်ပါတယ်လောက်သာ ပြောသည်။ အခု ဒေါ် မိပြောသလို တစ်ခါမှ မပြောဖူးဘူး။ ဒေါ်မိကရော ဒီနေ့မှ ဘာစိတ်ကူး



ပေါက်ပြီး ပြောရတာလဲ။

အာသာ့ရင်ထဲ တစ်ခါမှ မခံစားဖူးတာတွေ ခံစားနေရသည်။ အမေ့ အခန်းကို အာသာအပြေးအလွှားရောက်လာတော့ အမေအိပ်ပျော်နေသည်။

အိပ်ပျော်နေသော အမေ့မျက်နှာက ပျော့ပျောင်းမှုနည်းနည်းမှ မရှိ။ မယုံဘူး။ အမေ အာသာ့ကိုချစ်တယ်ဆိုတာ မယုံဘူး။ အမေ့အခန်းထဲ က အသာလေးအာသာထွက်လာခဲ့သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

သမုတ်ထင်သလို ကျော်ကျော်ဖုန်းမဆက်ပါ။ ကျော်ကျော် ဖုန်းမဆက်သည့်အဆုံး သူကပဲ ဖုန်းဆက်ပြီး ကော်ဖီဆိုင်တစ်ဆိုင်သို့ ကျော်ကျော့်ကို ချိန်းလိုက်သည်။ စိတ်စောနေသည့်သူက အရင်ရောက်နှင့်နေပြီး ဆယ့်ငါးမိနစ်လောက်ကြာမှ ကျော်ကျော်က ရောက်လာသည်။

"ကြာလိုက်တာကွာ"

ကျော်ကျော်တောင် မထိုင်ရသေးဘူး။ သူ ဆီးပြီးအပြစ်တင်တော့ ကျော်ကျော် မျက်နှာကြီးသုန်မှုန်ပြီး

"ဟာ…ဒီခရီးနဲ့ ဒီခရီး၊ ဒီလောက်တော့ ကြာမှာပေါ့ကွ၊ ဝေမျိုးရော"

အမြဲတမ်းတတွဲတွဲနေသည့်အတွက် ဝေမျိုးမပါတော့ ကျော်ကျော်က မေးနေသည်။

"မပါဘူး"

သူ တိုတိုပြတ်ပြတ်ပဲ ဖြေလိုက်၏။

"ဘာကြောင့် မပါတာလဲ၊ မင်းကရော ဘာကိစ္စအရေးကြီးနေလဲ"

သူနှင့် မျက်နှာချင်းဆိုင်ထိုင်ခုံမှာထိုင်ပြီး ကျော်ကျော်ဟောက်နေသည့် ကျော်ကျော့်ကို ခပ်စူးစူးတစ်ချက်ကြည့်လိုက်ပြီး

"မင်းကို ငါလုံးဝ မကျေနပ်ဘူး"

"ဟ…အသားလွတ်ကြီးပါလား၊ နေစမ်းပါဦး၊ ငါက ဘာလုပ်လို့ မင်းက မကျေနပ်ရတာလဲ"

"ပြောမှာ၊ ပြောဖို့ကိုခေါ်တာ"

ကျော်ကျော် သူ့ကိုတုံကြည့် ကြည့်နေပေမယ့် သူဘာပြောမလဲဆိုတာကိုတော့ စိတ်ဝင်စားမှာပါ။

"အာသာဝတီကြွယ့်အကြောင်းကို ငါသိချင်တာ မင်းသိပါတယ်၊ အဲဒါကို ဘာကြောင့်သိချင်တာလဲ။ ဘာညာဆိုပြီး မင်းဖုန်းဆက်မေးသင့်တာပေါ့"

"ဘာလို မမေးတာလဲ သိလား"

ကျော်ကျော့်ရဲ့ ကောက်ကာငင်ကာအမေးကို သူအံ့ဩဟန်မပြဘဲ

"ပြောစမ်းပါဦး"

"အဲဒီကောင်မလေးအကြောင်းက တစ်ခုမှ မကောင်းလို့"

ကျော်ကျော်ပြောလိုက်သည့်စကားကြောင့် နှလုံးသားထဲထိအောင် ကျဉ်ခနဲ ခံစားသွားရသည်။

"ဘာ…ဘာတွေမကောင်းတာလဲ"

"တစ်ခုမှ မကောင်းပါဘူးဆိုမှ၊ ဘာတွေမကောင်းတာလဲဆိုတော့ ငါက ဘယ်လိုပြောရမှာလဲ။ ဒီမှာ သမုတ် မင်းကိုငါ တစ်ခုပဲပြောမယ်၊ မင်းစိတ်ကို နိုင်အောင်ပြန်ထိန်းလိုက်ပါ။ ငွေမိုးဆက်နဲ့မင်းက သူချစ်ကိုယ်ချစ် ချစ်ကြတာမဟုတ်ပေမယ့် နိုင်မာတဲ့သံယောဇဉ်တွေရှိကြပြီးသားပဲ။ မင်းဘက်မိဘအသိုင်းအဝိုင်းအားလုံးလည်း သိတယ်၊ မင်း မမိုက်ချင်ပါနဲ့"

"ငါက ဘာတွေမိုက်နေလို့လဲ"

သူ စိတ်တိုတိုနှင့် ခပ်ဆတ်ဆတ်မေးလိုက်သည်။ သေချာပါသည်။ အာသာဝတီနှင့်ပတ်သက်သည့်အကြောင်း ဝေမျိုးဖောက်သည်ချလိုက်ပြီ။ သူဘာပဲပြောပြော ကိုးမှာမဟုတ်တော့တာသိသည်။

"မင်းကိုဝေမျိုး ဘာတွေချွန်တွန်းလုပ်ထားလဲ"

"မလုပ်ပါဘူး"

ကျော်ကျော် ခပ်အေးအေးပဲ ဖြေသည်။

"မလုပ်ဘဲနဲ့တော့ အာသာဝတီနဲ့ မပတ်သက်ဖို့အကြောင်း အလွှတ်ကျက်ပြီသလို ပြောမှာမဟုတ်ပါဘူး"

ကျော်ကျော်ပြုံးတယ်ဆိုရုံလေး ပြုံးလိုက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



''ဝေမျိုးက မင်းရောငါရောရဲ့ အချစ်ဆုံးသူငယ်ချင်းပဲ။ သူ့အချစ်ဆုံးသူငယ်ချင်းကောင်းစားမှာကိုပဲ ဒီကောင်လိုလားမှာပါ။ မင်းဆိုရင်လည်း ဒီလိုပဲနေမှာပေါ့''

သာဓုကားမှ ဆက်မပြောချင်လောက်အောင် စိတ်ပျက်သွားသည်။

''သမုတ်''

တော်တော်ကြာကြာ သူအသံတိတ်နေတော့ ကျော်ကျော် သူ့မျက်နှာကို ကြည့်ပြီး ခေါ်လိုက်သည်။ သူအကြည့်နှင့်ပဲ တုန့်ပြန်လိုက်သည်။

''မင်း သိချင်နေရင် အာသာဝတီကြွယ်ဆိုတဲ့ ကောင်မလေးအကြောင်းကို ငါပြောပြမယ်။ ပြောပြလိုက်တာ ပိုကောင်းပါတယ်။ အဲဒါမှ သူ့အကြောင်းတွေသိပြီး မင်းစိတ်ပျက်သွားမှာ''

လိုက်ခနဲ သူပျော်သွားသည်။ ကျော်ကျော်မပြောလည်း ကိုယ့်ဟာကိုယ် စုံစမ်းမှာပါ။ အခုဒီကောင်ပြောမယ်ဆိုတော့ ပိုကောင်းသည်။ ဒါတောင် သူမ အကြောင်းတွေသိပြီး သမုတ်စိတ်ပျက်သွားစေချင်၍ ပြောခြင်းဖြစ်သည်။

''အဟမ်း''

ကျော်ကျော် သူမအကြောင်းပြောဖို့အတွက် အရှိန်ယူနေသည်။ သူက လည်း သူမအကြောင်း သိချင်လှပြီ။

''အာသာဝတီကြွယ့်အဖေက သူငယ်ငယ်လေးတည်းက ဆုံးသွားတယ် အမေကလည်း သူ့ကိုမချစ်ဘူး။ ဂရုလည်းမစိုက်ဘူး။ အာသာဝတီကြွယ်က သူ့အမေမေတ္တာကို အရမ်းလိုချင်တယ်။ ဒါပေမဲ့ သူ့အမေက ဥပေက္ခာ ပြုထားတယ်။ အဲဒီအတွက်ကြောင့်ပဲ အာသာဝတီကြွယ်က ဘယ်သူ့ကို စိတ်တိုင်းမကျဖြစ်ပြီး ရိုင်းစိုင်းနေတာပေါ့ကွာ''

''သနားပါတယ်''

သူ တကယ်ခံစားသွားရသလောက် ဖြတ်ပြောတော့ ကျော်ကျော်က မျက်လုံးကြီးလုန့်ကြည့်၏။

''ဒေါ်မြဝတ်ရည် သမီးကို ဥပေက္ခာပြုပုံများ သူ့သမီး ဘာလုပ်လုပ် ဘာဖြစ်ဖြစ်၊ သူနဲ့မဆိုင်တဲ့အတိုင်းပဲ အရေးတောင်မလုပ်ဘူး''



''တော်တော်ဆိုးတဲ့ မိန်းမကြီးပဲ၊ သမီးအရင်းရော ဟုတ်ရဲ့လား ကျော်ကျော်''

''သမီးအရင်းခေါက်ခေါက်ဆိုတာ သေချာတယ်။ ဒေါ်မြဝတ်ရည် ညီမဝမ်းကွဲ ဒေါ်နိုင်နိုင်ဆိုတာ လေးလေးနစ်ရှည်လများပိုးပန်းနေတဲ့ အာသာဝတီကြွယ့်အဒေါ် အန်တီနိုင်ဆိုတာပေါ့။ အဒေါ်ဖြစ်တဲ့ အန်တီနိုင် ကတော့ အာသာဝတီကြွယ်ကို သိပ်ချစ်တယ်၊ အာသာဝတီကြွယ်ကလည်း အန်တီနိုင့်ကိုချစ်တယ်။ အာသာဝတီကြွယ်က အန်တီနိုင်ကလွဲရင် ဘယ်သူ့ကိုမှ စကားကောင်းမပြောဘူး။ ရိုင်းလည်း ရိုင်းတယ်၊ ဒါကြောင့် လေးလေးပြောတာ မကြားဘူးလား၊ မိမဆုံးမ၊ မိမဆုံးမဆိုတာလေ''

''အဲဒီ ဒေါ်မြဝတ်ရည်က သမီးအရင်းကိုဘာဖြစ်လို့ မချစ်တာလဲ''

''သူမချစ်တဲ့ယူရတဲ့ လူ့ရဲ့သမီးဖြစ်လို့တဲ့''

''မဆိုင်တာကွာ၊ ဘာပဲဖြစ်ဖြစ် သူမွေးထားတဲ့ သူ့သွေးပဲ''

အာသာဝတီကြွယ်ဘက်က သူမခံမရပ်နိုင်ဖြစ်နေသည်။ သူမကို နားသွားသည့်စိတ်တွေ ရင်နှင့်မဆံ့တော့။ ဒေါ်မြဝတ်ရည်ဆိုသော သူမ အမေကိုလည်း လူမမြင်ဖူးပဲ မုန်းနေမိသည်။ ဒါကြောင့် သူမက အရာ အားလုံးကို မကြည်မလင်အမြင်နှင့်ပဲ မြင်နေတာကို။ သူမ အကြောင်း သိမှ သနားဟွေပါပိုသွားသည်။ ကျော်ကျော်ထင်သလို စိတ်ပျက်ဖို့ နေသာသာ ပိုပြီးတောင်ချစ်သွားမိသည်။

မဖြစ်နိုင်တာ ဖြစ်နိုင်တာ အသာထား။ မေတ္တာငတ်နေသော သူမ သူ့ရဲ့အကြင်နာမေတ္တာတွေပေးချင်နေသည်။

''ကဲ...သမုတ်၊ မင်း သိချင်တာ သိရပြီမို့လား၊ ဒီလောက်နဲ့ပဲ ရပ်လိုက်ပါတော့ကွာ''

သူ ခေါင်းလည်းမညိတ်၊ ခေါင်းလည်း မခါတော့၊ ကျော်ကျော် ဆက်ပြော၏။

''နောက် ရှိသေးတယ်၊ သူက သူ့အမေမေတ္တာငတ်နေပေမဲ့ အခြား မေတ္တာတွေကိုတော့ အပိုတွေလို့ထင်နေတာ။ အထူးသဖြင့် ယောကျ်ား

www.burmeseclassic.com

www.burmeseclassic.com



တွေကို သုံးလုံးအဆောင်မကြီးဘူး။ စိတ်လည်း မဝင်စားဘူး။ သူ့ကို
လာစိတ်ဝင်စားသည်း လက်သင့်မခံဘူး။ ယောက်ျားတွေနဲ့ ပတ်သက်လို့
အရမ်းဘော်သံပြောင်တယ်လို့ နာမည်ကြီးတယ်။ သူ့ရိုက်လိုက်လို့ ခေါင်းကွဲ
ကွဲသူနဲ့ ခြေထောက်ကျိုးတဲ့သူနဲ့ ဟိုဘစ်လောကလေးတင် ကောင်လေး
တစ်ယောက်ကို ခေါင်းရိုက်ခွဲလိုက်လို့ ရဲစခန်းသွားရသေးတယ်''

''သူ ဣန္ဒြေပျက်အောင် လိုက်နှောင့်ယှက်လို့ နေမှာပေါ့''

''လိုက် မနှောင့်ယှက်လည်း သူက လွယ်တဲ့ကောင်မလေးမဟုတ်
ဘူး။ ရိုင်းလိုက်တာလည်း၊ ကမ်းကုန်နေတာပဲ။ မင်းကားကို ခြေထောက်နဲ့
ကန်တာပဲ ကြည့်။ နည်းနည်းလေးမှ သည်းခံစိတ်မရှိဘူး''

သူ့ကိုပဲ ကြည့်မရ၍လားမသိ။ ကျော်ကျော်က ဖွတ်ပင် အာသာ
ဝတီကြွယ်မကောင်းကြောင်းချည်း ပြောနေသည်။ ဝေမျိုးဆိုသည့်ကောင်
ကလည်း ဘယ်လောက်အထိ သူမ မကောင်းကြောင်းပြောထားသည်
မသိ။ သူမနှင့်စတွေ့တုန်းက သူ့ကားကို ခြေထောက်နှင့်ကန်တာပါမကျ
ပြောထားပုံရသည်။ သူမဟာ ဝေမျိုးထင်သလို ခပ်ရှုပ်ရှုပ်ကောင်မလေး
မဟုတ်တာတော့ သေချာသွားပြီ။ ဝေမျိုးဆိုတဲ့ကောင် တွေ့မှသိမယ်
သူ စိတ်ထဲကနေ ကြုံးဝါးနေသည်။

''တွေးမနေနဲ့တော့ သူငယ်ချင်း။ ဒီလောက်ဆို မင်းလည်း သူ့
အကြောင်း သိလောက်ပါပြီ။ အာသာဝတီကြွယ်ဆိုတဲ့ ကောင်မလေးကို
မေ့လိုက်တော့။ ဒါနဲ့ ငွေမိုးဆက်နဲ့မင်းက ဒီနှစ်ဝါမဝင်ခင်ဆို။ မဖြစ်မနေ
လက်ထပ်ကြရမှာပဲကွာ။ မြန်မြန်ယူလိုက်တော့ စောစောအိမ်ထောင်ကျတာ
ပေါ့။ တခြားကိစ္စတွေက မင်းတို့ဘာမှပူပင်စရာမလိုဘူးလေ။ မိဘတွေ
အရန်သင့်ခင်းထားတဲ့ မေတ္တာလမ်းကြီးကို အလိုက်သင့်လေး လျှောက်
ယုံပဲ။ မင်းက လိမ္မာတဲ့သားပါ သမုတ်ရာ။ ငါကတော့ မင်းကို အားကျ
တယ်ကွာ၊ တကယ်''

ကဲ...ဘယ့်နှယ့်ရှိစ။ သမုတ် ဘာပြန်ပြောတတ်ဦးမှာလဲ။ ဒီအချိန်
မှာ သူ အသာလေးလျှိုနေတာ အကောင်းဆုံးဟု သူ့ကိုယ်သူ သတိပေး



သည်။ သူ့ခေါင်းထဲမှာတော့ အစီအစဉ်တွေ ထစ်ပုံကြီးနှင့်။

ပထမဆုံးအနေနှင့် အာသာဝတီကြွယ်နှင့် ခင်ဂင်အောင် ကြိုးစား
မည်။ သူမ ခင်မင်မှုကိုရဖို့အတွက် တော်တော်တော့ ခက်ခဲမည်။
လောက်ပဲခက်ခဲပါစေ သူမကိုမှ စိတ်ဝင်စားနေသည့်အတွက် ဘယ်လို
အခဲကိုဖြစ်ဖြစ် သူရင်ဆိုင်မည်။ သူမဟာ ခပ်ရှုပ်ရှုပ်ကောင်မလေး
တာပဲ သူက အကျေနပ်ကြီးကျေနပ်နေသည်။ သူမနှင့် ခင်မင်မှုရ
လျှင် သူမကျေနပ်လောက်သည့်မေတ္တာမျိုးတွေ သူပေးမည်။ သူမကို
သပြီး လိမ္မာယဉ်ကျေးသည့် ကောင်မလေးဖြစ်စေချင်သည်။

အာသာဝတီကြွယ် မင်းက ငါ့နှလုံးသားထဲကို ဘယ်အချိန်က နေရာ
လိုက်တာလဲ။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

သူမ သွားတတ်သည့်နေရာတွေကို သမုတ် ဦးစွာ စုံစမ်းရသည် တစ်ယောက်တည်းဖြစ်သည့်အပြင် ဟိုကောင်မသိအောင် လှုပ်ရှားရာ အတွက် နည်းနည်းတော့ ခက်ခဲသည်။ သူမကလည်း အဖော်မထား တခြားနေရာတွေကိုတော့ သူမ စိတ်ကူးဝင်ရာသွားပေမယ့် နေ့လည်စ ကော်ဖီကိုတော့ ''အိုမီကာ''ဆိုသည့် ကောင်မလေးတွေချည်းဖွင့်သော မြို့ထဲတက်ကဆိုင်မှာ သူမထိုင်သည်။ သူမက ကော်ဖီလည်း အရမ်းကြိုက် သည်။ နေ့လည် နှစ်နာရီဆို ထိုကော်ဖီဆိုင်ကို သူမရောက်လာသည်

ထို ကော်ဖီဆိုင် စဖွင့်ကတည်းက တစ်ရက်မှမပျက်သည့် အိုမီကာ ရဲ့ ကာစတန်မာအစစ်ဖြစ်သည်။ သူမ လာထိုင်တိုင်းလည်း ဘစ်ကို တော်ဖြစ်သည်။

နေ့လည် တစ်နာရီတည်းက ကော်ဖီဆိုင်ရှေ့ကို သမုတ်ရောက်နေ တာဖြစ်သည်။ သူမအလာကိုစောင့်ရင်း အနားတစ်ဝိုက်မှာ ရစ်သီရစ် လုပ်နေလိုက်သည်။

ဟော . . . သူမလာပါပြီ။ သူမ ကားလေးကို ကားပါကင်မှာထိုး ကားပေါ်ကဆင်းလာတော့ အာသာဝတီကြွယ်ဆိုသော ကောင်မလေး သူ ငေးကြည့်နေမိသည်။ ရှားညိုရောင်ရင့်ရင့်အင်္ကျီကို ဘောင်းဘီရှည် အကျပ်အဝါတောက်တောက်နှင့် တွဲဝတ်ထားသောသူမရဲ့ဒီဇိုင်းသည် တကယ် ကို အလန်းဇယားပဲ။ အမြဲတစေ စူးရှတောက်ပြောင်နေသော သူမ မျက်ဝန်းတွေက ဘယ်ကိုမှ မရွေ့လျား။ ကိုယ်သွားရမည့်နေရာကို အာရုံထားဏ်။

သူမ ဝင်သွားကာ နေရာယူပြီးမှ သမုတ် ဣန္ဒြေမပျက် ကော်ဖီ ဆိုင်ထဲ ဝင်လိုက်သွားသည်။ သမုတ်က အာသာဝတီကြွယ်ထိုင်နေရာသို့ တန်းမဟုတ်မတ်လျှောက်သွားပြီး သူမရှေ့တည့်တည့်မှာ မတ်တတ်ရပ် လိုက်သည်။

ထိုအချိန်မှာပဲ သူမသောက်နေကျ ကော်ဖီခွက်ရေနွေးအိုးနှင့် ဖန်ခွက် ...လေးတစ်ခွက်ထည့်ထားသော ငွေလင်ဗန်းလေးကို စားပွဲထိုးမလေး ...ပေးသည်။ စားပွဲထိုးကောင်မလေးက သူ့ကိုကြည့်တော့ သူပြုံးပြ ...တာကို ဘယ်လိုသဘောပေါက်သွားသည်မသိ။ ပြုံးစိစိနှင့် လှည့်ထွက် ...သည်။ သူမကတော့ ဘယ်သူ့ကိုမှ စိတ်ဝင်စားပုံမရပါ။ သူမ ဟန်း ...လေးနှင့် ဂိမ်းကစားဖို့ စပြင်နေပြီ။ သူရပ်နေတာကိုလည်း သူမနှင့် ...သလို အရေးကိုမလုပ်ပါ။

ဘယ်ဘက်ပေါင်ပေါ် ညာဘက်ခြေထောက်ချိတ်ထိုင်နေသော သူမ ...က အခုလိုဆိုတော့လည်း ဣန္ဒြေရှင် မိန်းမတစ်ယောက်လိုလို။

''ဒီမှာ ထိုင်လို့ရမလား''

...ကနဲ သူမရဲ့အကြည့်စူးစူးတွေ သူ့ထံရောက်လာသည်။ စူးရှ ...က်ပြောင်နေသော သူမရဲ့မျက်ဝန်းတွေထဲမှာ သူမကို လာနှောင့်ယှက် ...အတွက် အလိုမကျမှု၊ မကျေနပ်မှုတွေ အပြည့်။ ဒီမျက်ဝန်းလေးတွေ သူချစ်သွားမိတာလား။ သူမ အကြည့်ကို သူပြန်စိုက်ကြည့်နေမိ ... ဘာကြောင့်မှန်းမသိ။ ထိုအကြည့်နှစ်ခု လွဲသွားမှာ နှမြောနေ ...။

သူ့ဆီကအကြည့်ကို သူမလွှဲလိုက်ပြီး ခပ်ဆတ်ဆတ်ဖြင့်

''မရဘူး။ တခြားနေရာမှာ သွားထိုင်''

''ဘာဖြစ်လို့လဲဟင်၊ လာထိုင်မယ့်သူရှိလို့လား''

သူမ တော်တော်စိတ်တိုသွားပုံနှင့်

''နောက်ဟစ်ခွန်း ထပ်မပြောဘူးနော်''

''ခင်း ကိုယ့်ကို မမှတ်မိဘူးလား၊ အာသာဝတီကြွယ်''

သူမ သက်ပြင်းတစ်ချက်ကို ခပ်ဆောင့်ဆောင့်ကြီးချ ထပြန်ပြင်တော့

www.burmeseclassic.com

www.burmeseclassic.com



သူ့လက်လည်း မြန်သလားမမေးနှင့်။ စားပွဲပေါ်က သူမဟာမ်းဖုန်းလေး လှမ်းယူလိုက်သည်။ သူမကလည်း သူမဟာန်းဖုန်းကိုကောက်ယူ၊ သူ လည်း ဟော့ပေါ့ဆိုင်မှာတုန်းကလို သူမထသွားမှာစိုးပြီး သူမဖုန်းလေး အမိအရ လှမ်းအယူနှင့် တစ်ချိန်တည်း ကွက်တိပင်။

ဖုန်းကောက်ကိုင်သော သူမလက်ကို သူ့ရဲ့လက်က ဆုပ်ကိုင်မိလျ သား ဖြစ်သွားသည်။

သူ မလွှတ်ဘဲဆုပ်ကိုင်ထားသလို ရုတ်တရက်ကြီးမို့လားမသိ။ သူ လည်း မရုန်းဘဲ သူ့ကိုကြောင်ကြောင်ကြီး ကြည့်နေသည်။

တစ်စက္ကန့်၊ နှစ်စက္ကန့်၊ သုံးစက္ကန့် အနည်းဆုံး လေးစက္ကန့်ကျေ ငါးစက္ကန့်လောက်တော့ ကြာသွားသည်။

သူမ ဆောင့်ရုန်းတော့မှ သူလည်းအခုမှ မေ့မြောနေရာက သတိရ သလို သူမ လက်ကလေးကိုလွှတ်ပေးပြီး

''ဆောရီး''

သူမ လှစ်ခနဲ ထပြေးသွားတော့ သူမတားလိုက်တော့ပါ။

သူ့ကို ဒေါသလည်းဖြစ်မသွား၊ ရန်လည်းတွေ့မသွားသည့်အပြ နောက်ဆုံး မကျေမနပ်အကြည့်လေးနှင့်ဟောင် ကြည့်မသွားသည့်အ သူ့ရင်ထဲမှာဖြစ်သွားသည့် ကြည်နူးမှုတွေက ဘယ်တုန်းကမှ မဖြစ်ခ ဖူးသည့် ရင်ခုန်မှုတွေနှင့်။

သူမနောက်ကို သူကျေကျေနပ်နပ်ကြီး ပြုံးကြည့်ပြီး လက်ထဲမှာ သူမကျန်ခဲ့သည့် တစ်နည်းအားဖြင့် သူမထားခဲ့သည့် ဖုန်းလေး ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားလိုက်သည်။ သူမကားပေါ်တက်ပြီး က မောင်း ထွက်သွားသည့်အထိ သူက မတ်တတ်ကြီးရပ်ကာ ပြုံးနေသည်

သူ့အဖြစ်ကို စားပွဲထိုးမလေးတစ်ယောက် ဘယ်အချိန်တည်း ရပ်ကြည့်နေသည်မသိ။ သူ သတိထားမိသည့်အချိန်မှာ ကောင်မလေး သူ့ကို ပြုံးစိစိနှင့်ကြည့်နေသည်။

''အဟင်း''

သူ စားပွဲထိုးကောင်မလေးကို အရှက်ပြေ မျက်နှာချိုသွေးလိုက်



''သူမှာထားတဲ့ ကော်ဖီဖိုး အစ်ကိုရှင်းပေးမယ်နော်''

စားပွဲထိုးကောင်မလေးက သူ့ကိုနှစ်နှစ်ခြိုက်ခြိုက်ပြုံးပြပြီး

''ရပါတယ် အစ်ကို မလိုပါဘူး၊ ဒီအစ်မက ညီမတို့ဆိုင်ရဲ့ ကာစတမ် မာအစ်ပါ။ ညီမတို့ဆိုင် စဖွင့်ကတည်းက တစ်ရက်မပျက်အားပေးခဲ့ကာ နှစ်ချီနေပါပြီ။ သူ့ရဲ့အားပေးမှုကို အသိအမှတ်ပြုတဲ့အနေနဲ့ လျှော့ပေးတာ တို့ တစ်ခါတလေ မေတ္တာလက်ဆောင်ပေးတာတို့ကို သူခါးခါးသီးသီးလက် ခံဘူး။ အခုမှ တစ်ခါပဲ''

စားပွဲထိုးကောင်မလေးက ထိုနေ့ရာပင် စကားကိုရပ်လိုက်သည့်အပြင် သူ့ကိုလည်း ပြုံးစစမျက်နှာနှင့်ကြည့်လိုက်သေးသည်။ ထိုအချိန်မှာပဲ နောက်ထပ်စားပွဲထိုးကောင်မလေးတစ်ယောက် ထပ်ရောက်လာပြီး

''အစ်ကိုကြီးက ဟိုအစ်မရဲ့ ရည်းစားလား''

''ဟို . . .ဟို''

တဟိုဟိုနှင့် ဘာပြောရမှန်းမသိတော့။ ကောင်မလေးတွေ ဘယ်လို သဘောပေါက်သွားသည် မသိ။ နှစ်ယောက်လုံး စပ်ဖြဲဖြဲလေးတွေနှင့် သူ့ကိုကြည့်နေကြသည်။ သူမနှင့် ဘာလိုလို အထင်ခံရသည့်အတွက် လေထဲကိုလွင့်သွားသလို ရင်ထဲမှာ တငြိမ့်ငြိမ့်နှင့် ချော်လဲရောထိုင်လုပ် ပြီး မိန်းနေသည့်သူ့ကို ကောင်မလေးတွေ အထင်ကြီးသွားကြသည်။

''အစ်မက လူတစ်မျိုးနော် အစ်ကို၊ ဘယ်သူ့ကိုမှလည်း အပိုစကား မပြောဘူး။ ဒီလိုလူမျိုးမှာ ရည်းစားရှိမယ်လို့ လုံးဝမထင်ဘူး။ ဘယ်တုန်း က ရည်းစားဖြစ်ကြတာလဲ အစ်ကို။ အစ်မလာတိုင်းလည်း အစ်ကိုတစ်ခါ မှ ပါမလာပါဘူး။ အခုမှ နိုင်ငံခြားကရောက်လာတာလား အစ်ကို''

''နင်ကလည်း တော်တော်အမေးအမြန်းထူတာပဲ ကေသွယ်ရယ်၊ အခုမှ နိုင်ငံခြားက ပြန်လာလို့သာ အခုမှတွေ့တာပေါ့''

''ဟုတ်တယ်နော်၊ တို့အစ်မကို ယောက်ျားတွေကို ဂရုမစိုက်ဘူးလို့ ဆဲနေတာ။ ဒီလောက် ချောချောလှလှခန့်ခန့်ထည်ထည် ချစ်သူကြီးနဲ့နေ တော့ ဘယ်ယောက်ျားတွေကို အထင်ကြီးပါ့မလဲ''

ကောင်မလေးအပြောကြောင့် သူ့ကိုယ်သူ အထင်ကြီးသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ…ညီမတို့ကော်ဖီဖိုး ရှင်းစရာမလိုတဲ့အတွက် ကျေးဇူးပါပဲ။ အစ်ကို့ကို ခွင့်ပြုပါဦး"

"ကော်ဖီသောက်သွားဦးလေ အစ်ကို"

"နောက်များမှပေါ့နော်၊ အခုတော့ ခွင့်ပြုပါဦး"

"ဟုတ်တယ်အစ်ကို စိတ်ကောက်သွားတယ်ထင်တယ်၊ ဖုန်းလည်း ယူမသွားဘူး။ မြန်မြန်သွားချော့လိုက် အစ်ကိုကြီးရေ"

"ကားလည်း သတိထားမောင်းဦးနော်"

ကောင်မလေးနှစ်ယောက် လှမ်းအော်ပြီး နောက်နေသည်။ တော်တော် စပ်စုသည့် ကောင်မလေးတွေပဲ။ သူမနှင့်သူ့ကို ဘယ်အချိန်ကတည်းက လှမ်းအကဲခတ်နေသည်မသိ။ တော်သေးတာပေါ့။ အာသာဝတီကြွယ်ဆို သော ကောင်မလေးကလည်း ပေါ့ပေါ့ဆိုင်မှာတုန်းက နှောင့်ယှက်သည့် ကောင်လေးတွေလို ဒေါသတကြီး ရိုင်းရိုင်းစိုင်းစိုင်းရန်မတွေ့လို့။

သူ့ကိုလည်း ပထမဦးဆုံးအကြိမ်တုန်းကလို ရိုင်းရိုင်းစိုင်းစိုင်းမတုန့်ပြန် ဘူး။ သူလည်း သူမအပေါ် နက်နက်ရှိုင်းရှိုင်းဖြစ်ပေါ်သွားသော သံယော ဇဉ်ကြောင့်သာ ချဉ်းကပ်ခဲ့ရပေမယ့် လန့်တော့လန့်သား။ သူမ ဘာကြောင့် သူ့ကို ရိုင်းရိုင်းစိုင်းစိုင်း တုန့်ပြန်မသွားတာလဲ။

သမုတ်က ယောင်ရမ်းပြီး သူညာလက်ဖဝါးလေးကိုကြည့်ကာ ရင်ထဲ သိမ့်ကနဲဖြစ်သွားရသည်။ သူမလက်ကလေးကို ငါးစက္ကန့်လောက် ဆုပ်ကိုင် မိသော ဒီလက်ကလေးကို ဘာမှမလုပ်ဘဲ ဒီအတိုင်းပဲထားလိုက်ချင်ပါသည်။ သူ့ကိုယ်သူ အံ့သြသွားရတာကတော့ သူ သူမကိုအဲဒီလောက်အထိ ချစ် သွားမိလား။

ဟုတ်တယ်။ မင်းကို ငါနှလုံးသားထဲကကို နက်နက်ရှိုင်းရှိုင်း ချစ်သွား မိပြီ အာသာဝတီကြွယ်။

❀ ❀ ❀

## အခန်း (၁၂)

အိမ်ကို ဘယ်လိုဘယ်လို ပြန်ရောက်လာမှန်းတောင် အာသာမသိ တော့ပါ။ ကားရပ်ပြီးတာနှင့် ကားပေါ်က ပြေးဆင်းပြီး ကိုယ့်အခန်းရှိရာ ခန်းလာခဲ့သည်။ လမ်းတစ်လျှောက်လုံးလည်း ကားကို သတိထားပြီး မောင်းခဲ့ရသည်။

အိပ်ရာပေါ်ဝုန်းကနဲ ပစ်လှဲချပြီး ပရမ်းပတာခုန်နေသော ရင်အစုန် လက်ကလေးနှင့် ဖိထားရသည်။ အာသာ့ဘဝမှာ တစ်ခါဖူးမှ အခုလို ခံစားဖူးပါ။ သူ ဘယ်သူလဲ။ အာသာ သူ့ကိုမမြင်ဖူးပါ။ အာသာ့ဘဝ တစ်ခုလုံး အမေ့ကြောင့် ဘာကိုမှခံစား၍မရခဲ့။ အမေဆုံးသွားပြီးနောက် အာသာ့မကျေနပ်ချက်တွေက ပိုများလာသည်။ ဘာမှအဓိပ္ပါယ်မရှိဘဲ ဒီဘဝ အဆုံးသတ်သွားတော့မည်ဟု ထင်ထားဟာပါ။

အာသာ့ကို ချဉ်းကပ်နေသည့် ယောကျ်ားတွေ တော်တော်များများ ပေမယ့် အာသာစိတ်မဝင်စားသည့်အပြင် စိတ်အနှောင့်အယှက်ကောင်း သေးသည်။ ဗရုတ်သုတ်ခ ချဉ်းကပ်သည့် ယောကျ်ားတွေရှိသလို ကို အိန္ဒြေရရချဉ်းကပ်သူတွေလည်း အများကြီးပါ။ တစ်ယောက်ကိုမှ တ်မထား။ သူထိုင်ဖို့ခွင့်တောင်းသည်။

အာသာလက်မခံဘဲ ထပြန်ဖို့ ပြင်စဉ်မှာပဲ မထင်မှတ်တာကို သူက လိုက်သည်။

န်းလေးကို ဆတ်ခနဲဆွဲယူလိုက်တာသည် အာသာပြန်သွားမှာစိုး ည်။ နှစ်ယောက်သား ဖုန်းကိုပြိုင်တူကောက်ယူမိစဉ်မှာတော့ တွေ့ရင်းက အာသာကြက်သီးတွေ တဖြန်းဖြန်းထလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားစူးစေရဲ့ ဒီအသက်အရွယ်အထိ သူစိမ်းယောကျ်ားတစ်ယောက်နှင့် အသားချင်းတောင်မထိဖူးပါ။ အာသာ့လက်ကိုဆုပ်ကိုင်ထားသော သူ့လက်ထဲကနေ ချက်ချင်းဘာကြောင့် မရုန်းမိတာလဲ။ ကိုယ့်ကိုယ်ကိုယ် ဒေါသတွေဖြစ်လိုက်တာ။ ပိုပြီးဒေါသဖြစ်ရတာက ဘာလို့ရင်တွေခုန်နေတာလဲ။ အရင်က အာသာဝတ်ကြွယ်ဆို ဒီလိုတည်နေလိမ့်မလဲ။ ချက်ချင်း ခေါင်းပေါက်တက်ကွဲသွားမည်။

အခုတော့ လက်ကိုင်ဖုန်းတောင် မယူနိုင်ဘဲ သူ့ကိုရင်မဆိုင်ရဲ၍ အာသာရှောင်ပြေးလာခဲ့ရသည်။ အာသာ့ရင်ထဲမှာ ယောကျ်ားတစ်ယောက်နှင့်ပတ်သက်ပြီး ပထမဦးဆုံးဖြစ်ပေါ်လာသည့် ခံစားချက်ပင်။

ရှင် ဘယ်သူလဲ၊ ရှင့်ကိုမုန်းတယ်။

"ဒေါက်...ဒေါက်"

"အာသာ...သမီး"

တံခါးခေါက်သံနှင့်အတူ ဒေါ်မိခေါ်လိုက်သံကြောင့် အတွေးရေယာဉ်ထဲမှာ စီးမျောနေသော အာသာလန့်ကောင်သွားသည်။

"သမီးရေ အာသာ"

ဒေါ်မိ မကြားဘူးအထင်နှင့် ထပ်ခေါ်တော့မှ အာသာအိပ်ရာပေါ်က အသာဆင်းပြီး တံခါးဆီလျှောက်လာခဲ့သည်။

"အိပ်ပျော်နေလား သမီး"

ရုတ်တရက် အာသာတံခါးဖွင့်လိုက်တော့ ဒေါ်မိ အလန့်တကြားမေး၏။

"အခုမှ အိပ်မလို့ လုပ်နေတုန်းပါ"

ဒေါ်မိ ဘာစကားမှမပြောသေးဘဲ အာသာ့မျက်နှာကို ပြုံးကြည့်နေသည်။

"ဘာကိစ္စရှိလို့လဲ ဒေါ်မိ"

အာသာမနေနိုင်ဘဲ ဒေါ်မိကိုမေးတော့ ဒေါ်မိက အာသာ့လက်ကလေးနှစ်ဖက်ကို သူ့လက်နှစ်ဖက်နှင့် ဆုပ်ကိုင်လိုက်ပြီး

"သမီးအမေက သမီးကို ခဏလာပါဦးတဲ့"



"ဟင်"

အာသာ တအံ့တဩနှင့် ဒေါ်မိကိုမျက်လုံးကြီးပြူးကြည့်နေမိသည်။ ထူးဆန်းလှချည်လား။ ဒီနေ့တစ်နေ့ထဲမှာ ထူးထူးဆန်းဆန်းတွေချည်း ဖြစ်နေရသည်။

"တကယ်ပြောတာလား ဒေါ်မိ၊ အမေ အာသာ့ကိုခေါ်ခိုင်းတယ်ဆိုတာ တကယ်လား"

"တကယ်ပြောတာပေါ့ ကလေးရယ်၊ အာသာလေး ပျော်သွားတယ်မလား၊ အာသာလေးပျော်သွားမယ်ဆိုတာသိလို့ ဒေါ်မိဝမ်းသာအားရ လာခေါ်တာ"

ဒေါ်မိလက်ကို အာသာကိုင်လှုပ်ပြီး

"ဟုတ်ရဲ့လား ဒေါ်မိရယ်၊ ဒေါ်မိကို အမေက အာသာ့ကိုသွားခေါ်ခဲ့ဆိုပြီး ပါးစပ်ကပြောတာလား။ ဒါမှမဟုတ် ဒေါ်မိဘာသာပဲ အာသာ့ကို သွားခေါ်မယ်ဆိုပြီး ခေါ်တာလား။ အမေရော...အမေရော နေကောင်းရဲ့လား"

"နေကောင်းပါတယ်၊ ဒီနေ့ တော်တော်ကို ထူထူထောင်ထောင် ဖြစ်သွားပြီ။ ဝတ်ရည်ပါးစပ်က အာသာ့ကိုသွားခေါ်ပေးပါလို့ ဒေါ်မိကို ခိုင်းလို့ ဝမ်းသာအားရ ခေါ်ရတာပါ။ သမီး မယုံရင် လိုက်ခဲ့ပါ"

ဘာကိုမှ ထပ်မတွေးတော့ဘဲ ဒေါ်မိနှင့်အတူ အမေ့အခန်းထဲလိုက်လာခဲ့သည်။ အမေ ခေါ်ခိုင်းလို့တဲ့။ တစ်ခါမှ အခုလို အရေးတယူ ခေါ်ခိုင်းဖို့နေနေသာသာ အရေးအကြောင်းရှိလို့ သွားရင်တောင် အမေက မကြိုက်ပါ။ မျက်နှာကြီးသုန်မှုန်ပြီး အာသာ့မျက်နှာကိုလည်း မကြည့်ဘဲ မျက်နှာလွှဲထားတတ်သည်။ အခုတော့ အမေကိုယ်တိုင် ခေါ်ခိုင်းတယ်ဆိုပဲ။ အမေ့အခန်းထဲရောက်တော့ အမေ့ကိုကြည့်ပြီး အာသာရင်တွေခုန်နေသည်။

အမေက သူ့ကုတင်ပေါ်မှာ ခေါင်းအုံးတစ်လုံးကို ကျောမှီပြီး ထိုင်လျက်က အာသာ့ကို မမှိတ်မသုန်ကြည့်နေ၏။ အမေ့ကုတင်ဘေးက ခုံမှာထိုင်ဖို့ အမေလက်ညှိုးထိုးပြတော့ မယုံမရဲတာတွေပျောက်ပြီး ခုံလေးပေါ်ဝင်ထိုင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မမိ . . . သွားလို့ရပြီ"

ဒေါ်မိ အမေ့ကိုခေါင်းညိတ်ပြပြီး အမေ့အခန်းထဲက ထွက်သွားသည်။ ဒေါ်မိထွက်သွားသောအခါမှ အမေအာသာ့ကိုကြည့်လိုက်သည်။ အမေ့အကြည့်တွေက နူးညံ့ပျောင်းမှုမရှိပေမယ့် တင်းမာမှုတွေတော့ လျော့နေသည်။ အမေ့ဆိုတာကိုတောင် ခံချင်သည့် အာသာက အခုလိုအရေးတယူ ခေါ်သည့် အတွက်ပဲ အရမ်းကိုကျေနပ်နေသည်။

အမေနှင့်အာသာ တော်တော်ကြာကြာ မျက်လုံးချင်းဆုံကြည့်မိသည်။

အမေ အာသာ့ကို တစ်ခုခုပြောပါတော့။ ကြာလျှင် အာသာငိုမိတော့မည်။ ကြမ်းတမ်းခက်ထန်သော အာသာ့နှလုံးသားက အမေ့အကြည့်အောက်မှာ နေထိသွားသော ကြာပွင့်လေးပမာပင်။

"အာသာ"

အာသာ အမေ့ကို တစ်ချက်ပဲ မော့ကြည့်ပြီး ချက်ချင်းအကြည့်လွှဲပစ်လိုက်သည်။ အာသာ့မျက်ရည်တွေကို အမေမြင်မှာ စိုးသည်။

"ညည်း ငါ့ကို သိပ်မုန်းနေမှာပဲနော်"

အမေ့စကားသံတွေက နည်းနည်းမှ ပျော့ပျောင်းမှုမရှိ။ ဒါကိုလည်း အာသာ ကျေနပ်တာပါပဲ။

အမေ့ကို အာသာ ဘယ်တုန်းကမှ မမုန်းဘူးဟု ဘာကြောင့် အာသာ့နှုတ်က မပြောရတာလဲ။ နှုတ်ဆိတ်နေတော့ အာသာ သူ့ကိုမုန်းတယ် ဟုတ်မည်ဟု အမေထင်သွားမှာပါ။ အမေပြုံးလိုက်သည်။ အမေ့အပြုံး အာသာအမိပ္ပါယ်မဖော်တတ်ပါ။

"ထားပါတော့၊ ငါ ညည်းကို ခိုင်းစရာတစ်ခုရှိတယ်။ ညည်းလုပ်ပေး နိုင်မလား။ မလုပ်ပေးနိုင်ရင်လည်း ပွင့်ပွင့်လင်းလင်းပဲ ပြော၊ ရတယ်"

"လုပ်ပေးမယ်၊ အမေခိုင်းတာဆိုရင် ဘာပဲဖြစ်ဖြစ် လုပ်ပေးမယ်"

အမေ စကားနာထိုးတာ အာသာမခံစားနိုင်ပါ။ အာသာ ရဲရဲဝံ့ဝံ့ ကတိပေးတော့ အမေအာသာ့ကို မယုံမရဲကြည့်၏။

"ပြောပါ၊ ဘာလုပ်ရမလဲသာ ပြောပါ"

"ပြောမယ်၊ ငါ ခိုင်းတာကို ညည်းလုပ်မယ်ဆိုတာ သိတယ်။ ဒါပေမဲ့ ဘာလုပ်ရမလဲဆိုတာသိရင် ညည်းလုပ်ချင်မှာ မဟုတ်ဘူး"



"အမေ

အမေ အာသာ့ကို ကြည့်နေလျက်က ပြောဟုခိုင်းနေသည်။

"သမီးဖြစ်တဲ့ အာသာ့ကို ပထမဦးဆုံးအကြိမ် အရေးတယူလုပ်တဲ့ အတွက် အမေခိုင်းတာဆို ဘာမဆိုလုပ်မယ်။ မလုပ်နိုင်တာ မရှိဘူး"

"အိုကေလေ"

ပြောဖို့ကို အမေအရှိန်ယူနေပုံရသည်။ ပြောပါအမေရယ်။ အာသာ ဘာလုပ်ပေးရမလဲသာ မြန်မြန်ပြောပါ။ အမေခိုင်းတာကို အမြန်လုပ်ချင် ပြီ။

"ညည်း ယောက်ျားတစ်ယောက်ရဲ့ မေတ္တာကို ရအောင်ယူရမယ်"

အမေ ပြောလိုက်သောစကားကြောင့် အာသာတွန့်ခနဲဖြစ်သွားတော့ အမေက အာသာ့ကို အကဲခတ်နေသည်။

"အဲဒီယောက်ျားရဲ့မေတ္တာကို အလွယ်တကူမရရင် ရတဲ့နည်းနဲ့ကို ယူရမယ်၊ ဘယ်နှယ့်လဲ၊ ညည်းလုပ်နိုင်ပါ့မလား"

အာသာ ဘာပြောရမှန်းမသိအောင်ကို ဆွံ့အသွားသည်။

"ဘယ်နှယ့်လဲ ဘာမဆိုလုပ်ပါ့မယ်ဆို"

အမေခိုင်းမည့်ကိစ္စသည် ဒီလိုကိစ္စမျိုးဟု အာသာလုံးဝမထင်ပါ။ ဘာကိစ္စပဲဖြစ်ဖြစ် မဖြစ်ဖြစ်အောင်လုပ်နိုင်ပေမယ့် အနုပညာကြီးက တော့ အာသာလုံးဝမကျွမ်းကျင်သည့်အလုပ်ကြီးပါ။ ဘယ်လိုအကြောင်းရှိ အာသာ့ကို ဒီကိစ္စခိုင်းရတာလဲ။

"ညည်း မလုပ်နိုင်ဘူး မဟုတ်လား အာသာ။ မလုပ်နိုင်လည်း ဘယ်လိုကြိုပြောထားပြီးသားနော်"

အမေဒီလိုမျိုး စကားနာထိုးတာကို အာသာမခံစားနိုင်ပါ။ အမေခိုင်းတာကို ကျေကျေနပ်နပ်ကြီး လုပ်ပေးချင်ပေမယ့် ယောက်ျားတစ်ယောက် မေတ္တာကို ရအောင်ယူရမယ်ဆိုတာတော့ အာသာနှင့် ဘယ်လိုမှ မဆိုင်သည့်အလုပ်ပါ။

အာသာ့ကို စူးစိုက်ကြည့်နေသည့် အမေ့မျက်နှာကို အာသာမကြည့်ရဲ

www.burmeseclassic.com

www.burmeseclassic.com



ပါ။ စိတ်ထဲမှာ မွန်းကျပ်နေသည်။ ဒီလိုကိစ္စမျိုး အာသာမကျွမ်းတာ သိသျက်နှင့် အမေ တမင်နှိုင်းတာလား။

"လုပ်မယ် အမေ၊ အဲဒီယောက်ျားက ဘယ်သူလဲသာ ပြောပါ"

ခွတ်မိုက်စွာ ဒီစကားကိုပြောလိုက်တော့ အမေကျေကျေနပ်နပ်ကြီး ပြုံးလိုက်သည်။ အမေ့အပြုံးကို အာသာကြည့်ပြီး ရင်ထဲချမ်းမြေ့သွားရသည်။ အမေအမြဲတမ်း ပျော်နေမယ်ဆို အာသာ ဘယ်အရာမဆို ပေးဆပ်ရဲပါတယ်။

"ပြောလေ အမေ၊ အဲဒီယောက်ျားက ဘယ်သူလဲ။ ဘယ်ကလဲ အမေနဲ့ ဘယ်လိုပတ်သက်လဲ"

"နိုးနိုး ငါနဲ့ဘယ်လိုပတ်သက်လဲဆိုတာကို ညည်းမေးပိုင်ခွင့်မရှိဘူး"

"ဒီအလုပ်ဟာ အာသာကျွမ်းကျင်တဲ့အလုပ် မဟုတ်ဘူးဆိုတာ အမေ သိရင်လည်း သိမှာပါ။ အာသာ့အနေနဲ့ ဒီရည်ရွယ်ချက်ကလေးတောင် သိခွင့်မရှိဘူးလား"

"အာသာဘော်ကြွယ်"

အမေ့အသံက ခက်ထန်သည့်အသွင်သို့ ကူးပြောင်းသွားပြီး

"ညည်းကို အတင်းမနိုင်းဘူးနော်၊ မလုပ်ချင်လည်း ရတယ်လို့ စကား ခံထားပြီးသား။ တခြားအကြောင်းတွေ ငါမကြားချင်ဘူး"

အမေရယ် အတ္တတွေကြီးလိုက်တာ။ အမေ့သမီးလာဖြစ်ရတာ က အာသာကံဆိုးလို့ပါ။ အသားကုန်အော်ဟစ်ပြီး ကိုယ့်ရင်ဘတ်ကို ထုပစ် ချင်စိတ်တွေ တဖွားဖွားဖြစ်ပေါ်လာသည်။ စိတ်ကိုလျှော့ အာသာဝ ကြွယ်၊ စိတ်တွေကိုလျှော့လိုက်။ ကိုယ့်ကိုယ်ကိုယ် သတိပေးနေရသည်။

ဘယ်လိုလဲဆိုသည့် အကြည့်မျိုးနှင့် အမေကြည့်တော့ ထိုအကြည့် တွေအောက်မှာ အာသာ့စိတ်တွေ အရည်ပျော်သွားသည်။

"ပြော အမေ၊ သူက ဘယ်မှာလဲ။ အာသာ ဘာကစလုပ်ရမှာလဲ"

"ဘာက စလုပ်ရမလဲဆိုတာ ငါ့ကိုမမေးနဲ့လေ၊ ယောက်ျားတစ် ယောက်ရဲ့မေတ္တာကို ရအောင်ယူရပါမယ်ဆိုမှ အဲဒီယောက်ျားရဲ့မေတ္တာ ကို ရအောင် ဘယ်လိုလုပ်ရမလဲဆိုတာ ညည်းအိုင်ဒီယာကို ထုတ်သုံး



ညည်းက အရွယ်ရောက်နေတဲ့မိန်းမတစ်ယောက်ပဲ။ ဒီကိစ္စတွေ ...ခိုင်းစရာမရှိဘူး။ အရွယ်ရောက်လာတဲ့ ယောက်ျား၊ မိန်းမတိုင်းမှာ ...ဆိုတာရှိတယ်။ ချစ်တတ်တဲ့နှလုံးသားလည်းရှိတယ်။ ဟုတ်တယ် ...လား"

...ဟုတ်ဘူးလို့ အာသာအော်ပစ်လိုက်ချင်သည်။

အမေ့ကြောင့် အာသာ့နှလုံးသားဟာ ဒဏ်ရာဒဏ်ချက်တွေနှင့် ကြီး ...လာရတာပါ။ အမေ့ကို မကျေနပ် နာကြည်းမှုတွေ ကြီးစိုးနေကာ ...ကြောင့် အာသာ့ခေါင်းထဲမှာ တခြားကိစ္စတွေဘာတစ်ခုမှ မရှိဘူး။ ဘယ် ...ယောက်ျားကိုမှလည်း မချစ်ဘူး။ အာသာ့နှလုံးသားထဲမှာ အမုန်းတရား ...ရှိသည်။

"သူ့နာမည်က သမုတ်ထယ်။ ရွှေမိုးအသည် ကုမ္ပဏီပိုင်ရှင်ပဲ။ လွန်ခဲ့ ...နှစ်လောက်ကတော့ အဲဒီကုမ္ပဏီရဲ့ ပိုင်ရှင်က သူ့အဖေ။ အခု ...သူ့ကိုတရားဝင်လွှဲပြောင်းပေးပြီးပြီ။ သူတို့ကုမ္ပဏီက အမှက် ကမ္ဘာအေးဘုရားလမ်းမကြီးပဲ၊ အဲဒီလောက်ဆို ကိုယ့်ဘာသာ ...မ်းတော့။ ညည်းရဲ့အစွမ်းအစ ဘယ်လောက်ရှိလဲ။ ငါ့ကို ညည်း ...လောက်အထိ ရင်ထဲမှာ ထားလဲဆိုတာရယ်က အခုညည်းလုပ်ရမယ့် ...မှတည်တယ်။ သူနေတဲ့အိမ်ကတော့ ပြည်လမ်းခြောက်မိုင်ခွဲမှာ"

...မေ အားတတ်သရေပြောနေတာကို အာသာငေးကြည့်နေမိသည်။ ...ယောက်ဘဲ တခြားကိစ္စဆို သိပ်ကောင်းမှာပဲဟု အတွေးရောက် ...သာ အာသာ့ကို အမေအကြည့်စူးစူးနှင့်ကြည့်သည်။

အမေ့အကြည့်စူးစူးကို အာသာပြုံ်င်ကြည့်ပြီး

"ဘယ်တော့ စရမှာလဲ"

"နက်ဖြန်ပဲ စလိုက်တော့"

အမေက သူ့စကားကုန်သွားသည့်အတွက် ဆက်စကားပြောစရာမရှိ ...သလို မျက်နှာလွှဲသွားသည်။

"အမေ"

www.burmeseclassic.com

www.burmeseclassic.com



"ပြော"

"အဲဒီကိစ္စ အောင်မြင်သွားရင် အာသာနဲ့အမေရဲ့ အပေးအယူကရော ဒီလောက်တော့ မေးခွင့်ရှိပါတယ်နော်"

"ညည်းက အရမ်းလောဘကြီးတာကို ညည်းဘဝရဲ့ အဓိကအလိုချင်ဆုံးအရာက ငါ့မေတ္တာမို့လား"

"အိုကေလေ"

အာသာ လက်ဖျောက်တစ်ချက်တီးလိုက်သည်။

ကျေနပ်တယ်၊ အာသာအရမ်းကျေနပ်တယ်၊ အဲဒီယောက်ျားရဲ့မေတ္တာကို ရအောင်ယူမှာ အမေစိတ်ချ။

"လောဘကြီးကာယ်လို့တော့ မတင်ပါနဲ့အမေ၊ အဲဒီလူရဲ့အချစ်ကိုရပြီးရင် ပြီးပြီလား"

"မပြီးသေးဘူး၊ တစ်ခုပြီးမှတစ်ခုပြောမယ်။ လောလောဆယ်တော့ အာသာဝတီကြွယ်ကို မရရင် မနေနိုင်အောင် သမုတ်ထယ် အရူးအမူးဖြစ်ဖို့ အရင်လုပ်ရမယ်"

ပေါ်ပြီ၊ ဒီထက်ပိုမေးလျှင်လည်း အမေစိတ်ရှည်မှာ မဟုတ်တော့ပါ။

အာသာ ကိုယ့်အခန်းကိုယ်ပြန်လာခဲ့သည်။

## အခန်း (၁၃)

သူမဟာန်းဖုန်းလေးကို လက်နှင့်ကိုင်ကြည့်လိုက် ရင်ဘတ်ပေါ် တင်ထားလိုက်နှင့် သမုတ် နေမထိထိုင်မထိ ဖြစ်နေသည်။

မင်းနဲ့ငါက ဘယ်လိုရေစက်လဲ အာသာဝတီကြွယ်ရယ်။

အချိန်တိုတိုလေးအတွင်းမှာ သူမကို နင့်နင့်သီးသီး စွဲလမ်းသွားမိပြီ။ ချစ်ခင်စွဲလမ်းခြင်းရဲ့ နောက်ဆက်တွဲအကြောင်းအရာတွေကတော့ သူမကိုအမြဲမပြတ် မြင်တွေ့နေချင်မိသည်။ အဲဒါ အချစ်လား၊ သူက ညည်းနည်းမှ ယဉ်ကျေးမှုမရှိသော လုံးဝ မိန်းမမဆန်သော အာသာဝတီကြွယ်ဆိုသော ကောင်မလေးကို တစ်စတစ်စ စိတ်ဝင်စားခဲ့ရာမှ သူမရင်ထဲကို ဘယ်လိုရောက်လာခဲ့မှန်းမသိခဲ့ပါ။ တစ်ချိန်တည်းမှာပဲ ဆက်ကိုရင်ခုန်ခံစားခဲ့သောစိတ်များသည် အချစ်မဟုတ်ခဲ့ဘူးဆိုတာ ပိုပြီးသေချာသိသွားခဲ့ပြီဖြစ်သည်။ အချစ်ဆိုတာ အဲဒီလောက်ထူးဆန်းမှန်း သူတကယ်မသိခဲ့ပါ။

ဘယ်သူနှင့်မှလည်း အခုလိုအချစ်မျိုးတွေ မဖြစ်ပေါ်ခဲ့ပါ။

ဒါကလည်း မဖြစ်မနေ လက်ထပ်ရမည့် ဆက်ရှိနေလို့မဟုတ်ဘူးဆိုတာ အခုမှ ထင်ထင်ရှားရှား သိလာရသည်။ ခပ်ဆိုးဆိုး ကောင်မလေးတစ်ယောက်အဖြစ် သနားကရုဏာသက်မိတာကိုက သူ့ရဲ့အချစ်စစ်တစ်ခုဖြစ်လိမ့်မည်။

သူမ ဖုန်းလေးကို အပြန်ပြန်အလှန်လှန်ကြည့်နေမိသည်။ သူမဆီက ဖုန်းခေါ်မလားလို့ ရင်ခုန်စွာနှင့် ဖုန်းသံလေးကို နားစွင့်နေရတာလည်း ကြည်နူးမှုတစ်မျိုးပင်။

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုလေး"

သူ့အတွေးတွေ ရပ်တန့်သွားပြီး အပြင်ကခေါ်သံကို နားစွင့်လိုက်သည်။

"အစ်ကိုလေး"

"ဘာလဲ မိတင်"

"ဘဘ ခေါ်နေတယ်"

"အေးအေး လာခဲ့မယ်လို့ ပြောလိုက်"

သူ ဖုန်းလေးကိုကိုင်ပြီး အပြင်ယူသွားဖို့ပြင်ပြီးမှ မဖြစ်သေးဘူးဟု တွေးပြီး ခေါင်းအုံးပေါ်ပြန်တင်လိုက်သည်။ တစ်ဖန် အခန်းတံခါးပိတ်ပြီးမှ ဘာကိုစိတ်မချမှန်းမသိစွာ အခန်းထဲကို သူတစ်ခေါက်ပြန်ဝင်လာပြန်သည်။ ခေါင်းအုံးပေါ်က ဖုန်းလေးကို ပြန်ကောက်ယူပြီး ဘောင်းဘီအိတ်ထဲထည့်လိုက်သည်။ အခုမှပင် သူမက သူနှင့်အနီးကပ်ဆုံးမှာ ရှိနေပြီဟု ခံစားသွားရသည်။

သူ ဖေဖေတို့ရှိနေသော ညေ့ခန်းရောက်တော့ ဖေဖေနှင့်မေမေက စကားပြောနေရာမှ ရပ်သွားပြီး

"လာ...သား၊ အဓောကြီး အိပ်ရာဝင်သွားလို့ သားနေမှကောင်းရဲ့လား၊ သားအမေကို မေးနေတာ"

"သား နေကောင်းပါတယ် ဖေဖေ၊ တစ်နေကုန်ထိုင်နေရတော့ ခါးတွေညောင်းလို့ ခဏလှဲနေတာပါ"

"ဟုတ်တာပေါ့၊ သားကလည်း တော်ရုံကိစ္စဆို ဒေဝကို ခိုင်းလည်းရပါတယ်။ နေရာတကာ သားချည်းပဲလုပ်နေတော့ ပင်ပန်းတာပေါ့"

"ဟုတ်သားပဲသားရဲ့၊ ဒေဝလည်း လုပ်သက်မနည်းရှိနေပြီပဲ၊ ပြောပြလိုက်ရင် သူသဘောပေါက်လွယ်ပါတယ်"

မေမေကပါ ကရုဏာဒေါသနှင့် ဝင်ပြောသည်။ ဖေဖေနှင့်မေမေက ဒီလိုပဲ။ ကုမ္ပဏီကြီးတစ်ခုလုံး ဦးစီးနေတာတောင် သူ့ကို ကလေးလို့ ထင်တုန်း။ ဒါနဲ့များတောင် ဘာကြောင့် မိန်းမယူစေချင်တာလဲ မသိ။

"သားကို ဘာပြောစရာရှိလို့လဲ ဖေဖေ"



ဦးမင်းမောင်က သားဖြစ်သူကို အပြုံးလေးနှင့် ခဏစိုက်ကြည့်ပြီးမှ

"သမီးလေးဆက်နဲ့ သား ဘာတွေပြောဖြစ်ကြသေးလဲ"

သူ အံ့သြသွားသည်။ ဖေဖေခေါ်တော့ အလုပ်ကိစ္စပြောမည်ပဲ ထင်သားတာ။ ဆက်နှင့်အကြောင်းက မေမေပဲ ပြောနေကြပါ။ အခုမှ ဘာကြောင့် ဖေဖေက ပြောရတာလဲ။ သူ့အဖို့ ထူးဆန်းနေသလိုပဲ။

"ဘာမှ ဆန်းဆန်းပြားပြား မပြောဖြစ်ပါဘူး ဖေဖေ၊ ဆက်က စကားလည်းနည်းတာ ဖေဖေတို့သိပါတယ်။ ဖေဖေ ဘာပြောချင်လို့ အခုလို မေးရတာလဲ"

ဖေဖေ့ကို မေးတယ်ဆိုပေမယ့် သူ့အကြည့်တွေက မေမေ့ဆီမှာ။ မေမေ မနေနိုင်တော့။

"ဘာပြောချင်လို့လဲဆိုတော့ သားနဲ့ဆက် လက်ထပ်ဖို့က သုံးလကျော်ပဲ လိုတော့တယ်။ သား ဦးဆောင်ပြီး စီစဉ်စရာရှိတာ စီစဉ်စေချင်ပြီးသား။ မော်ကလည်း တအားဆန္ဒပြင်းပြနေတယ်"

"မေမေ"

မေမေရော ဖေဖေရော သူ့ကိုပြုံးတူကြည့်ကြသည်။

"ဆက်နဲ့သားကို ဘာကြောင့် အမြန်လက်ထပ်စေချင်တာလဲ၊ သားခေါင်းထဲမှာ မတင်မကျဖြစ်နေတယ်"

"ဘာမတင်မကျဖြစ်စရာလဲ သား၊ အစကတည်းက အားလုံးစီစဉ်ပြီးသားပဲ၊ သားတို့လူငယ်ချင်းလည်း ကျေနပ်သဘောတူတယ်လေ။ စီစဉ်ထားတာထက် နည်းနည်းစောတာပဲ ရှိတယ်"

သူ ဘယ်လိုဆင်ခြေပေးရမှန်းမသိတော့။ စိတ်ထဲ ရှုပ်ထွေးနေတာပဲ သိသည်။

"ကဲပါ ခင်ရယ်၊ သားကို ပွင့်ပွင့်လင်းလင်းပဲ ပြောလိုက်ပါတော့"

ဘာများလဲဆိုသော သိချင်စိတ် ပြင်းပြလာသည်။ ဖေဖေရော မေမေရာ မျက်နှာမကောင်းကြ။

"မော်ရဲ့ အသည်းကင်ဆာက ခြောက်လပဲ ခံတော့မယ်သား"

www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

သူ အရမ်းကို အံ့ဩတုန်လှုပ်သွားသည်။ အန်တီမော့်မှာ အသည်း ကင်ဆာဖြစ်နေပြီဆိုတော့ သူ ရက်တော်တော်ကြာကြာ စိတ်မကောင်း ဖြစ်ခဲ့ရသည်။ ကင်ဆာရောဂါသည် သေမည့်ရောဂါဆိုတာ လူတိုင်းသိ ၏။ ဒါပေမဲ့ အန်တီမော့်အသည်းကင်ဆာကတော့ ဆေးကောင်းဝါးကော တွေ သုံးသည့်အပြင် အနေအထိုင် အစားအသောက်ဆိုလည်း အန်တီ မော်က ဆင်ခြင်၏။

အန်တီမော့်ကို ကုသည့် သမားတော်ကြီးကလည်း နောက်လေး ခြောက်နှစ်က အသာလေးဆိုပြီး အခုတော့ ဘယ်လိုဖြစ်တာလဲ။ သူ့ သိပ်ချစ်သော အန်တီမော့်အတွက် စိတ်မကောင်းတာက တစ်ချက် နောက်တစ်ခုက ဆက်။

လောကကြီးရဲ့အလယ်မှာ တစ်ယောက်တည်းကျန်ခဲ့မည့်ဆက်။

အတွေးနှင့်ပင် သူမောဟိုက်သွားရသည်။ သူ ဘာလုပ်ရမှာလဲ ဒါကြောင့် သူနှင့်ဆက်ကို လူကြီးတွေ အမြန်ဆုံးလက်ထပ်စေချင်တာ အန်တီမော်ဆို ပိုဆိုးမှာပေါ့။ အန်တီမော်က သမီးဖြစ်သူဆက်ကို သိ ချစ်ဟာ။ သမီးတစ်ယောက်ဆို ဆိုသလောက် ဆက်ကလည်း သိပ်လိမ္မာ သည်။ ဒီအကြောင်းတွေ ဆက်သိမှာမဟုတ်ဘူး။ ဆက်က နူးညံ့သူ အပြင် ခံစားစရာရှိလျှင်လည်း သူများနှင့်မတူ။ မအေနှင့်သမီး နှစ်ယောက် တည်းမို့ အမေဖြစ်သူမှာ ဒီလိုအခြေအနေရှိတာသိလျှင် ဆက်တစ်ယောက် ဖြစ်သွားနိုင်သည်။

တွေးရင်းနှင့်ပင် ဆက်ကို သနားသွားသည်။ သူကိုယ်တိုင်လည်း ရူးချင်သလို ခံစားနေရသည်။ သူမနှင့် ဆက်။ ဆက်နှင့် သူမ။

ဘုရား. . .ဘုရား။

သူမကို ချစ်မိသွားသည့်အချက်တွေကလည်း အချိန်တိုတိုလေးအတွင်း မှာ အစိုင်အခဲတော်တော်ကြီးနေပြီ။ သူမကို မေ့ဖို့ဆိုတာ ဘယ်လို မဖြစ်နိုင်တော့။

"သား"



ဖေဖေ့ခေါ်သံ တိုးတိုးလေးပေမယ့် လန့်သည့်အထိ သူအတွေးတွေ လွင့်သွားခဲ့သည်။

"ဖေဖေတို့ လူကြီးတွေ ဘာကြောင့် အလောတကြီးဖြစ်စေချင်တာလဲ ဆိုတာ သားနားလည်ပြီမို့လား။ ဆက်က ဘယ်လောက် သနားစရာ ကောင်းလဲသားရယ်။ သားနဲ့ လက်ထပ်ပြီးမှ သူ့အမေဆုံးရင် ဘာပဲဖြစ်ဖြစ် သူဖြေသာသေးတာပေါ့။ ဒီလိုမှမဟုတ်ရင် သိပ်အထိးကျန်ဆန်ပြီး အခုခုဖြစ်သွားလိမ့်မယ်။ ဒီတော့ သားကပဲဦးဆောင်ပြီး စီစဉ်စရာရှိတာ စီစဉ်ဟော့သား"

သူ ခေါင်းညိတ်မိလား။ မညိတ်မိလား မသိတော့။

"သား သွားနားတော့"

ဖေဖေနှင့်မေမေ့ကို နှုတ်ဆက်ပြီး သူလေးတွဲစွာ အခန်းထဲပြန်လာခဲ့ သည်။

ဆောင်းဘီဒိတ်ထဲက ဖုန်းလေးကိုထုတ်ယူပြီး သူ့ရင်ဘတ်မှာ ကပ်ထား လိုက်သည်။

မကျွမ်းခင်က လွမ်းရတော့မယ် ထင်ပါတယ်။

မင်းနဲ့ငါ့ရဲ့ကံက ဒီလောက်အထိပဲလား အာသာ့ဝတီကြွယ်။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

ယောကျ်ားတစ်ယောက်ကို မျက်လုံးချင်းတောင် ဆုံမကြည့်ဖူးသည့် အာသာက ယောကျ်ားတစ်ယောက်ရဲ့အချစ်ကို ရအောင်ယူရမည် အမေက နိုင်းသည်။ အမေဘာကြောင့် ဒီလိုလုပ်နိုင်းလဲ မသိပေမယ့် အမေ့မေတ္တာ လိုချင်သည့် အာသာကတော့ လွယ်လွယ်လေး လက်ခံခဲ့ပြီ။ လက်တွေ့မှာတော့ အာသာ့အတွက် တော်တော်ခက်ခဲသည့် ကိစ္စကြီးဖြစ်သည်။

သမုတ်ထယ်ဆိုသော လူကိုတွေ့လျှင် ဘာသွားပြောရမလဲ။ ရင်း အောင် အရင်ကြိုးစားရမှာလား။ အာသာတစ်ညလုံး စဉ်းစားပေမယ့် ဘာအဖြေမှ ထွက်မလာဘဲ ခေါင်းတွေသာ ကိုက်လာသည်။ တိုင် စရာသူငယ်ချင်း အပေါင်းအသင်းဆိုတာလည်း အာသာမှာမရှိ။ ည တစ်ညလုံး စဉ်းစားရင်း ကောင်းကောင်းအိပ်မပျော်ခဲ့။

ဒီမနက်လည်း မနက်ရှစ်နာရီတည်းက သမုတ်ထယ်ဆိုသောလူ ကုမ္ပဏီနှင့် မလှမ်းမကမ်းကနေ စောင့်ကြည့်နေတာ နာရီဝက်လော ရှိသွားပြီ။ ဘာမှ မထူးခြားလာသေး အဲဒါမျိုးတွေ လုံးဝ စိတ်မရှည်သော အာသာ အမေကြောင့်မို့သာပါ။

''ဟင်း''

သက်ပြင်းချရသည့် အကြိမ်ပေါင်းလည်း မနည်းတော့။ လှည့်ပြန် ပြင်တိုင်း အမေ့မျက်နှာပြန်မြင်မိတော့

''မပြန်ဘူး ငါဖြစ်အောင်လုပ်မယ်''

ဟော ···ကုမ္ပဏီခြံဝင်းထဲသို့ ကားတစ်စီးဝင်သွားပြီ။ ကားမော

က ယောကျ်ားလား၊ မိန်းမလားတောင် ကွဲကွဲပြားပြား မသိလိုက်၊ ကြာတော့ ကောင်မလေးနှစ်ယောက်ယူနီဖောင်းနှင့် ဝင်သွားပြန်သည်။ မှာပတ်ထားသော နာရီကိုကြည့်တော့ ကိုးနာရီထိုးတော့မည်။ ရုံး က ကိုးနာရီကိုးနာရီခွဲဖြစ်ဖို့များသည်၊ ဖြစ်နိုင်သည်။ ကိုးနာရီမထိုး င့် ကိုးနာရီအကျော်မှာကို ကုမ္ပဏီခြံဝင်းထဲသို့ ဝန်ထမ်းတော်တော် များ ဝင်သွားကြသည်။

သမုတ်ထယ်က ဘယ်တစ်ယောက်လဲ အသက်အရွယ်ကရော ကုမ္ပဏီ ဆိုတော့ ငယ်ငယ်ရွယ်ရွယ်ထဲကတော့ မဖြစ်နိုင်ဘူးဟု အာသာထင် သည်။

နောက်တစ်ခုက သမုတ်ထယ်ဆိုသောလူကိုသိပြီဆိုပါတော့ ဒီအတိုင်း ကြည့်နေလို့မှ မဖြစ်တာ၊ အဲဒါဆို ဘာလုပ်ရမှာလဲ၊ သမုတ်ထယ်ကိုသွား သက်ပြန်လျှင်လည်း အာသာက စကားကို ပြေပြေပြစ်ပြစ် ပြောတတ် သည့် လူစားမဟုတ်ပါ။ မိန်းကလေးသိက္ခာလည်း ကျမည်၊ သူအထင်သေး လျှင် ပိုဆိုးမည်။

''ဒုက္ခပါပဲနော်''

အာသာနှုတ်ကထုတ်ငြီးလိုက်ရုံတင်မက လက်နှစ်ဖက်ကလည်း စိတ် သည့်လူတို့ လုပ်နေကျထုံးစံအတိုင်း ခေါင်းကို စုံကုတ်နေသည်။ ကျက်ပျက်နှင့် ကားပေါ်မှာ ထိုင်နေတာ တစ်နာရီကျော်သွားပြီ။ ဒီ ထိုင်နေလို့ကတော့ တစ်နေ့သာ ကုန်သွားမည်။ ဘာမှ ထူးခြား မှာ မဟုတ်ဘူးဆိုတာ အာသာသိသည်။

ဒီနေ့တော့ ပြန်တော့မည်ဟု ဆုံးဖြတ်ပြီးမှ အိမ်ပြန်ရောက်လို့ ဘာမှ ခြားဘူးဆိုလျှင် အမေ တစ်ခုခုပြောမှာ ကြောက်နေသည်။ တစ်ခုခု ဖို့ကလည်း အဲဒီကုမ္ပဏီထဲဝင်သွားပြီး သမုတ်ထယ်ဆိုတာ ဘယ် ဟုမေးမှသာ ဖြစ်တော့မည်။ စိတ်မြန်သည့် အာသာ အဲဒီလိုသာ လိုက်ချင်သည်။

ဒီ့သာစိတ်ဖြင့် အာသာကားကို ပြန်ကွေ့ချပြီး ကုမ္ပဏီရှေ့ ရောက် သည်းက ကားကို အရှိန်လျှော့လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"တီ . . . တီ . . . တီ"

နောက်ကကားဟွန်းသံကြောင့် အာသာစိတ်တိုသွားသည်။ ဘေး
နေရာလွတ်တွေ ရှိလျက်နှင့် လမ်းတောင်းနေသည်။

"တီ . . . တီ . . . တီ"

"တောက် . . . ဒီကားဘယ်လိုဖြစ်နေတာလဲ"

"ကျွမ်း"

အာသာပါးစပ်ကပြောသလို လူကလည်း ကားပေါ်ကဆင်းလိုက်သည်
လမ်းတောင်းသည့် ကားပိုင်ရှင်ကလည်း သူ့ကားလေးကိုရပ်ပြီး ဆ
လာနေသည်။

"ဟင်"

ဒေါနှင့်မောနှင့် ရန်တွေ့ဖို့ မောင်းတင်ပြီးဆင်းလာသောအာ
တစ်ဖက်က ကားပိုင်ရှင်ကို တွေ့သောအခါ အံ့သြမှင်တက်ပြီး ကြေ
တောင်တောင်ကြီး ရပ်နေမိသည်။ ပြုံးကြည့်နေသော ကားပိုင်ရှင်
အာသာ မမေ့နိုင်သည့်သူပင် ဖြစ်တော့သည်။ သူက ပြုံးနေလျက်က
အာသာ့အနားသို့ လျှောက်လာနေသည်။

"ဒီတစ်ခါတော့ ကိုယ့်ကို မှတ်မိပြီထင်ပါတယ်"

နေကာမျက်မှန်အညိုရင့်လေးကို ချွတ်ပြီး အာသာ့မျက်နှာကိုကြည့်
ရွှန်းရွှန်းစားစားပြောသည်။ သူ့အကြည့်တွေကို ပြိုင်ပြီး မကြည့်ရဲ
အကြည့်ကိုလွှဲလိုက်သည်။

"ကိုယ့်ကို ရန်တွေ့မလို့လား အာသာဝတီကြွယ်"

တကယ်ကို ရန်တွေ့ဖို့ ဆင်းလိုက်သော အာသာက သူ့အမေး
ဘာပြန်ပြောရမှန်းမသိ။ သက္ကလတ်အပါးစ ခဲရောင်အနောက်တိုင်းဝတ်
ကို စမတ်ကျကျ ဝတ်ဆင်ထားသော သူ့အသွင်က သပ်ရပ်ခံ့ညား
သည်။

ဘယ်တုန်းကမှ ဘယ်သူ့ကိုမှ မကြောက်ဖူးသော အာသာက သူ့ရှေ့
မှာတော့ ကျားရှေ့ရောက်နေသည့် ယုန်သူငယ်လေးလိုပဲ။

"ပြောလေ . . . အနှောင့်အယှက်ပေးတဲ့အတွက် ရန်တွေ့မ



ဒေါ်နဲ့မောနဲ့ ဆင်းလာတာမလား"

ဒီလောက်အထိတော့ နှုတ်ပိတ်မနေသင့်တာ၊ အာသာသဘော
ပေါက်သည်။ စိတ်ကိုတင်းလိုက်ကာ

"ဘေးမှာလမ်းတွေအကျယ်ကြီးရှိသားနဲ့ ဘာလို့ ဟွန်းတီးနေရတာလဲ"

ဒီတစ်ခါတော့ သူမရန်တွေ့သံက သမုတ်နားထဲမှာတော့ သီချင်းဆိုပြ
နေသလိုပဲ။ စတွေ့စဉ်က အာသာဝတီကြွယ်နှင့် အခုအာသာဝတီကြွယ်
ည်းနည်းမှ မတူတော့။ အရမ်းကိုကွာခြားနေသည်။

သူမဟုတ်ဘဲ တခြားသူတစ်ယောက်ယောက်ဆိုလျှင်တော့ သူမကက်
ကက်လန် ရန်တွေ့မည်။ ရှိုင်းရှိုင်းစိုင်းစိုင်း ပြောချင်ပြောမည်။ သူဆို
ဘာလည်းသိရော သူမ ဘာကြောင့် ရန်မတွေ့တော့ဘဲ တအံ့တသြ
ဖြစ်သွားရတာလဲ။

ချက်ချင်းဆိုသလို သူက အင်္ကျီအိတ်ထဲက သူမ၏ လက်ကိုင်ဖုန်း
လေးကို ထုတ်ယူလိုက်ပြီး

"ဖုန်းပြန်လာတောင်းတာလား"

"ဟုတ်တယ် ပေး"

သမုတ်လက်ထဲကဖုန်းကို သူမ ဖျတ်ခနဲ လှမ်းယူတော့ သူက
လက်ကို နောက်ပြန်ရုပ်လိုက်သည်။

"ကျွန်မဖုန်း ပြန်ပေး"

"ပေးပါ့မယ်။ ဒါပေမဲ့ ဒီအတိုင်းတော့ မရဘူး"

ဒီနေရာမှာ တခြားလူတစ်ယောက်ယောက်ဆိုလျှင်တော့ တစ်ခုခု
ဖြစ်လောက်မိမှာပါ။ သူ့ကိုတော့ အာသာဘာကြောင့် လိုက်လျောချင်နေတာလဲ
မသိပါ။ အခုလို သူနှင့်ရုတ်တရက် ပြန်တွေ့မည်ဟု မထင်ပါ။ မထင်မှတ်ဘဲ
တွေ့လိုက်ရတော့ အာသာ့ရင်ထဲမှာ ဘယ်လိုကြီးဖြစ်နေမှန်းကို မသိတော့။

"ကိုယ့်ကိုမိတ်ဆွေအဖြစ် အသိအမှတ်ပြုမှ"

"ရတယ်၊ ပြန်မယူတော့ဘူး"

"ဒါဆိုရင် ကိုယ့်ကို မိတ်ဆွေအဖြစ် အသိအမှတ် မပြုနိုင်ဘူးဆိုတဲ့
သဘောပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ရှင်ထင်ချင်သလို ထင်နိုင်တယ်"

ခါတိုင်းလိုဆိုလျှင်တော့ ကိုယ့်ကားပေါ်ကိုယ်ပြန်တက်ပြီး မောင်းထွက်[illegible] သွားမှာဖြစ်သည်။ အခုတော့ ဒီနေရာက မသွားချင်သေးသလို စောစော[illegible] က သူမေးလိုက်သော စကားကို သတိရသွားကာ

"ဖုန်းလာတောင်းလား မေးရအောင် ရှင်မနေတဲ့နေရာမှမသိတာ"

သူ ပြုံးလိုက်ပြီး

"ကိုယ်က ဒီကုမ္ပဏီကလေ"

အာသာအံ့ဩမှုနှင့်အတူ အရမ်းလည်းဝမ်းသာသွားကာ

"ရှင်က ရွှေမိုးထယ်ကုမ္ပဏီက ဝန်ထမ်းလား။ အဲဒါဆိုရင် အဲဒီကုမ္ပဏီ[illegible] ပိုင်ရှင်သမုတ်ထယ်ကို ရှင်သိမှာပေါ့နော်"

ဒီတစ်ခါ အံ့ဩသွားတာကတော့ သမုတ်ပဲဖြစ်သည်။ သူမက[illegible] ဘာကြောင့် သမုတ်ထယ်ဆိုတဲ့သူ့ကိုမေးရတာလဲ။ သူမလို မိန်းကလေး[illegible] မျိုးက အကြောင်းမရှိဘဲနှင့်တော့ ယောက်ျားတစ်ယောက်ကို မေးမှာ[illegible] မဟုတ်၊ သူမမေးသည့်ယောက်ျားကလည်း သူဖြစ်နေသောအခါ

"သိတာပေါ့၊ ကိုယ်က သူ့ရဲ့ဒရိုင်ဘာပဲ"

"ဩော် ...ရှင်က သူ့ဒရိုင်ဘာဟုတ်လား"

"ဟုတ်တယ်၊ မင်းက ဘာလို့ သူ့ကိုမေးရတာလဲ။ သူနဲ့ဘယ်လို[illegible] ပတ်သက်လို့လဲ"

သူဒီလိုမေးလိုက်မှ အာသာအလောတကြီး လုပ်မိတာကို နောင်တ[illegible] ရသွားသည်။ ဒါပေမဲ့ ဘာမှ မတတ်နိုင်တော့ပါ။

"မပတ်သက်ပါဘူး"

"မပတ်သက်ရင် ဘာလို့မေးရတာလဲ"

"ရှင့်အကြောင်း မဟုတ်ပါဘူး။ ကိုယ့်တာသာ ဘာကြောင့်ပဲမေးမေး[illegible]

ကိုယ့်အကြောင်းပေါ့ဟု သူပြောလိုက်ချင်သည်။ သမုတ်ထယ်[illegible] သူမသိသော သူဖြစ်နေတာကို သူမ မသိပြန်။ အကြောင်းတစ်ခုခုကတော့[illegible] သေသေချာချာကို ရှိမှာ။ သူမဘက်က ဘယ်လိုပဲရှိရှိ သူကိုယ်တိုင်ကလည်း[illegible] အာသာဝတီကြွယ်ဆိုသော ဒီကောင်မလေးနှင့် တိုက်တိုက်ဆိုင်ဆိုင် ဆုံ[illegible]



[illegible]ည့် အခွင့်အရေးကို လက်လွှတ်မခံနိုင်ပါ။

သူမ မျက်နှာလေးကို မြင်လိုက်တာနှင့် တခြားအကြောင်းတွေ အလိုလို[illegible] မေ့ပျောက်သွားသည်။

"အာသာဝတီကြွယ်"

ဖျတ်ခနဲ တစ်ချက်ကြည့်ပြီး အာသာ အကြည့်လွှဲလိုက်သည်။ [illegible]ကတော့ အာသာ့ကို ပြုံးပြီး စိုက်ကြည့်နေမှာ သိသည်။ သူ့အကြည့်[illegible]ကို အာသာ ရင်မဆိုင်ရဲ။ ဒါပေမဲ့ သူနှင့် စကားပြောရတာလည်း [illegible]နှပ်နေသည်။

"ကိုယ်နဲ့မင်းက ရေစက်ပါတယ်ဆိုတာ သေချာတယ်။ ဒါကြောင့် [illegible]ရင်ထဲကကိုယ့်အပေါ်ထားတဲ့ အာဃာတတွေပြေပါတော့"

သူခေါ်လိုက်ပုံနှင့် သူ့အပြောလေးကြောင့် အာသာ့ရင်တစ်ခုလုံး [illegible]ချောင်းဆန်ကုန်သည်။ ကတုန်ကယင်ကြီးဖြစ်နေသော အာသာသည် သူ့[illegible]မှာ ဘယ်လိုနေရမှန်းပင် မသိ။

"ဝတီလို့ပဲ ခေါ်ပါရစေနော်။ မိတ်ဆွေဖြစ်တဲ့အထိမ်းအမှတ်အဖြစ် [illegible]ယ်တစ်ခုခု ကျွေးပါရစေ"

ရင်ထဲမှာ အမှန်တကယ် ဖြစ်ပေါ်နေသော ဆန္ဒအတိုင်းဆိုလျှင် [illegible]မျက်နှာချင်းဆိုင်ထိုင်ပြီး သူ့အကြည့်တွေအောက်မှာ အာသာ ရင်ခုန် [illegible]သည်။ သူ့အပြောလေးတွေကို နားထောင်ချင်သည်။ ဒါပေမဲ့ ချက်ချင်း [illegible] လက်ခံလိုက်လျှင် သိပ်ဈေးပေါရာများ ကျသွားမလား စိုးရိမ်မိသည်။ ဘုရား ...ဘုရား အာသာဝတီကြွယ်မှ ဟုတ်ရဲ့လားဟု ကိုယ့်ကိုယ် [illegible]တောင် မယုံမကြည် ဖြစ်နေသည်။

"လက်ခံမယ် မဟုတ်လား ဝတီ"

သူ့မျက်နှာကို မကြည့်ဘဲ ခေါင်းခါပြတဲ့ သူမလေးကိုကြည့်ပြီး သမုတ် [illegible]သွားမိသည်။ မေ့လိုက်တော့မည်ဆိုကာမှ သံယောဇဉ်တွေ ထပ် [illegible]ပြန်ပြီ။

"ဒီဆို ကိုယ့်ကို မိတ်ဆွေအဖြစ် အသိအမှတ် မပြုဘူးပေါ့ဟုတ်လား၊ [illegible] ...ကိုယ်က ကုမ္ပဏီပိုင်ရှင်သမုတ်ထယ်မဟုတ်ဘဲ သမုတ်ထယ်ရဲ့

www.burmeseclassic.com

www.burmeseclassic.com



ဒရိုင်ဘာမို့လို့လား''

''မဟုတ်ပါဘူး''

ချက်ချင်းပင် အကြောက်အကန်လေး ငြင်းလိုက်သည့်အခါ သူ
အရမ်းကိုကျေနပ်သွားသည်။ သူမသည် ယောက်ျားတွေနှင့် ပတ်သက်ပြီး
တကယ်ကို အတွေ့အကြုံမရှိသူလေးဆိုတာ ပိုပြီး သေချာသွားသည်
သမုတ်ထယ်ဆိုသော သူ့ကို သူမ ဘာကြောင့် မေးမှန်းတော့ မသိ
တကယ်ကို သူမ သိသောသူက သမုတ်ထယ် မဟုတ်ခဲ့လျှင်လည်
သူမ သဘောထားက ပြောင်းမှာ မဟုတ်ပါ။

''ဒီနေ့တော့ မစားတော့ဘူး၊ နောက်များမှပေါ့''

သူ ဝမ်းသာအားရဖြစ်သွားပုံလေးကို မကြည့်ဘဲလည်း အာသာ
မနေနိုင်။

သူက ကျက်သရေရှိသည့် လူချောတစ်ယောက်ပဲ၊ အာသာ့ဘဝတစ်
လုံး ပြောင်းလဲသွားအောင်လုပ်နိုင်သော သူ့မျက်နှာကို အာသာ ေ
ကြည့်နေမိသည်။ သိက္ခာတွေ မာနတွေ ရှက်တာတွေ ဘယ်ရောက်ကုန်
လဲ မသိတော့

''ဝတီ့သဘောပါ အဲဒီလောက်နဲ့ပဲ ကိုယ်ကျေနပ်ပါတယ်''

သူနှင့်အာသာ တော်တော်ကြာကြာ အကြည့်မလွှဲဖြစ်ကြ။ နောက်
သူ သတိရသွားဟန်ဖြင့်

''ရော့ ဝတီ''

သူ ဖုန်းလေးလှမ်းပေးတော့ လှမ်းယူသည့် အာသာ့လက်တွေ တဆ
ဆတ်တုန်နေသည်။

''ကိုယ်ပြန်ပေးချင်လို့ ပေးတာ မဟုတ်ဘူးနော်။ ဝတီ့ကို ဖုန်းဆက်ချ
လို့ ဆက်လို့ရတယ်မဟုတ်လား ဝတီ''

''အင်း''

အာသာ ဒါပဲပြောပြီး ပြန်ဖို့ကားပေါ်တက်လိုက်သည်။ သူ့နား
နေချင်သေးပေမယ့် မနေရဲတော့ပါ။ ကားစက်နိုးနေသော သူ့ကားဆော
လာရပ်ပြီး အာသာ့ကို မျက်စိကျွတ်ကျမတတ် ကြည့်နေ၏။



''သွားတော့မယ်''

ခေါင်းလေးပဲညိတ်ပြီး သူလက်ပြတော့ အာသာပြုံးလိုက်သည်။ နောက်
ကြည့်မှန်ထဲက မြင်နေရသော သူ့ပုံရိပ်လေးကို အာသာဘယ်လိုမှ မေ့
ပျောက်၍ ရမှာမဟုတ်တော့ပါ။

ခြံထဲသို့ ကားလေးဝင်လိုက်မှ အံမေနိုင်းတာ သတိရသွားသည်။
အဲဒီလောက်ထိ အာသာ့ကို ဖမ်းစားထားနိုင်သူရယ်။

ကားရပ်ပြီး အိမ်ထဲဝင်လာတော့ ထုံးစံအတိုင်း အမေက ညေ့ခန်းထဲက
ဆိုဖာပေါ်မှာ စာအုပ်တစ်အုပ်ဖတ်နေသည်။ အာသာ့ကားသံကိုလည်း
အမေကြားမည်။ အာသာဝင်လာတာကိုလည်း သိလျက်နှင့် ဘာမှ
ညာမ်းမပြော။ အာသာ ဝမ်းသာအားရပင် အမေ့နားက ဖြတ်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

ဒီနေ့တစ်နေ့လုံး သမုတ်ပျော်နေသည့်အတွက် အလုပ်လည်း ကောင်း ကောင်းမလုပ်နိုင်၊ တစ်နေကုန် သူမအကြောင်းပဲစဉ်းစားရင်း အချိန်တွေ ကုန်မှန်းမသိကုန်သွားသည်။ အချစ်ဆိုတာ ဆန်းကြယ်လိုက်တာ အစစပြည့်စုံသည့် သူ့ဘဝမှာ ဘဝတစ်လျှောက်လုံး လက်တွဲဖော် လည်း အရံသင့်ပင်။ ထိုလက်တွဲဖော်ကောင်မလေးကလည်း ဘာတစ် မှ ငြင်းစရာမရှိသည့်အပြင် အဘက်ဘက်က သာလွန်နေသူလေး ဒီအတွက်ပဲ သူ့ဘဝကို သူအကျေနပ်ကြီး ကျေနပ်နေခဲ့သည်။

လူတကာငေးမော အားကျခဲ့သည့် သူ့ဘဝကို နောက်ထပ် ဘာ မလိုအပ်တော့ဘူးဟု ထင်ခဲ့တာသည့် အာသာဝတီကြွယ်နှင့်တွေ့သောအခါ အလွဲကြီး လွဲသွားပြီဆိုတာ သိလိုက်ရသည်။ ဆက်ကိုသာယာနေတာသည့် အချစ်ဟု သူထင်ခဲ့သည်။ ဒါပေမဲ့ အာသာဝတီကြွယ်နှင့်တွေ့ဆုံပတ် သက်မိကာမှ ထိုအချစ်သည် ထင်ယောင်ထင်မှားဆိုတာ သေသေချာချာ သိသွားရသည်။

အချစ်နှင့်ထိတွေ့သူတိုင်းဟာ ပြောင်းလဲတတ်ကြတာ တကယ်ကိုမှ သည်။ သူမနှင့်တွေ့တော့ ဆက်နှင့်မဖြစ်မနေ လက်ထပ်ရတော့မှာ ဖြစ်သည့်အတွက် သူ အရမ်းတုန်လှုပ်သွားသည်။ ဆက်ကို သူတကယ် မချစ်ဘူးဆိုတာ သေချာသွားသည့်အတွက်ရော အာသာဝတီကြွယ်ဆိုသော ကောင်မလေးကို လက်လွှတ်ဆုံးရှုံးမခံနိုင်တာရောအတွက် သူ တုန်လှုပ် သွားခြင်းပါ။

ဆက်နှင့်လက်ထပ်ဖို့ကိစ္စသည် ဘယ်လိုမှ ရှောင်လွှဲ၍ မရသည်



အတွက် သူမနှင့်ဝေးဖို့ပဲ သူကြိုးစားရတော့မည်။ အဲဒီလို ဆုံးဖြတ်ပြီး ဘာမှ ကံကြမ္မာက တိုက်တိုက်ဆိုင်ဆိုင် ဖန်တီးပေးလိုက်တာကို သူဘာမှ ဆာတ်နိုင်။ ဖွတ်မိုတ်ပြီးလည်း ရှောင်လွှဲမနေချင်။

သူမနှင့် ပတ်သက်ပြီး သူတစ်ခုပဲ စိတ်ထဲစနိုးစဲနောင့် ဖြစ်ရသည်။ အဲဒါကတော့ သမုတ်ထယ်ကိုသိလားလို့ မေးတာပဲ။ သမုတ်ထယ်က ကိုယ်တိုင် ဖြစ်နေပေမယ့် သူမ သိပုံမရပါ။ ဒါကြောင့် သူမ မေးခြင်း ဖြစ်မည်။ အဲဒါကို သူ့ရင်ထဲအစိုင်အခဲကြီးတစ်ခု ဖြစ်နေသည်။

သူမ ဘာကြောင့် ကမ္ဘာဇီပိုင်ရှင် သမုတ်ထယ်ကို မေးရတာလဲ။ သမုတ်ထယ်ဆိုတာ သူပဲဟု အမှန်အတိုင်း ပြောလိုက်လျှင် သူမ ဘာပြော ည်မသိ။ ဒီအကြောင်းကိုတော့ သူမကို မေးရမည်။ နောက်ပြီး သူမ မျက်လုံးတွေသည် အစဉ်စူးရှတောက်ပြောင်ပြီး ရဲဝံ့ထက်မြက်သည့် အပြင် ဖြူစင်ရိုးသားသည့် မျက်လုံးမျိုးလည်းဖြစ်သည်။ အမြဲတမ်း ...လိုနေသည့် ကောင်မလေးက သူ့အပေါ်ပြောင်းလဲသွားသော ဆက်ဆံ ...က မယုံနိုင်စရာပါ။

''အစ်ကို ...ကျွန်တော်ဝင်ခဲ့မယ်နော်''

သမုတ်အတွေးတွေ တစဉ်တလျားကြီးက ဒေဝအသံကြောင့် ...တောက်သွားသည်။

''လာလေ ... ဒေဝ''

''ဒီနေ့တစ်နေ့လုံး ငါ့အစ်ကိုကို ကြည့်ရတာ လန်းဆန်းတက်ကြွ ...သလိုပဲ''

ဒေဝက ထိုင်တောင်မထိုင်ရသေး၊ ဆရာဖြစ်သည့် သူ့ကိုစေ့စေ့ကြည့်ပြီး ...ချက်ချသည်။

''တယ်ဟုတ်ပါလား၊ မင်းက တော်တော်အကဲခတ်တော်တာပဲ''

''ကိုယ့်ဆရာမို့ပါ၊ ကျွန်တော်က အစ်ကို့အရိပ်အကဲကို အမြဲကြည့် ...တာကို''

ဘာပဲဖြစ်ဖြစ် သူ ကျေနပ်သွားသည်။ ဒေဝက ဖေဖေ့လက်ထောက် ...တော့ ရိုးရိုးငွေကိုင်လေးဖြစ်သည်။ အဲဒီကိုနှင့်ဘွဲ့ရထားပြီး အမေနှင့်

www.burmeseclassic.com

www.burmeseclassic.com



ညီမလေးကို ရှာကျွေးနေသူ ဖြစ်သည်။ ဒေဝက ရိုးသားသည့်အပြင် အလုပ်ကိုလည်း ကြိုးကြိုးစားစား မနိုမကပ် လုပ်သည်။

သမုတ်လည်း ကုမ္ပဏီပိုင်ရှင်သားမို့ တစ်နေ့မှာ တစ်ဦးတည်းသော သား သူပဲဦးဆောင်ရမှာသိသည်။ ကျောင်းပြီးထဲက ဖေဖေ့ကုမ္ပဏီကို သာမာန် ဝန်ထမ်းတစ်ယောက်အဖြစ် စဝင်ရတာဖြစ်သည်။ ကုမ္ပဏီ ပိုင်ရှင်သားက သာမာန်ဝန်ထမ်းအဖြစ် အလုပ်ဆင်းတော့ အားလုံးက တအံ့တသြ ဖြစ်ကြသည်။

ဘယ်သူတွေ ဘာပြောပြော သူကတော့ အပြုံးမပျက်၊ ကိုယ့်လုပ် စရာရှိတာကိုပဲ ပုံမှန်လုပ်သွားသည်။ သူက ဒီကုမ္ပဏီပိုင်ရှင်ရဲ့ တစ်ဦး တည်းသောသားမို့ မဖြစ်မနေ ဦးစီးရမည်ဆိုတာ သူ့ခေါင်းထဲ ရိုက်သွင်း ထားပြီးသား။ ဒီတော့ ဝါသနာပါပါ မပါပါ ဒီလုပ်ငန်းကြီး အကြောင်းကို သိထားရမည်။ ဒီလို သိထားဖို့အတွက်လည်း အစကောင်းမှ အနှောင်း သေချာဆိုသလို အောက်ခြေကစပြီး အပေါ်ဆုံးအထိ အဆင့်ဆင့်သိထား ဖို့လိုသည်။ ဒါမှသည်း လက်အောက်ငယ်သားတွေကို အုပ်ချုပ်နိုင်ရမည်။ ပိုင်ရှင်ပေမယ့် ကိုယ်မသိလျှင် ကိုယ်ပဲခံရမည်။ ကိုယ်ကအားလုံးသိထား မှသာ အကျိုးအမြတ်ရှိမည်။

ဒါကြောင့်လည်း သူ့လုပ်သက်တစ်နှစ်ကျော်ရုံရှိသေးသည်။ သူက ဒီကုမ္ပဏီတစ်ခုလုံး၏ အောက်ဆုံးမှအပေါ်ထိကို ကျွမ်းကျင်စွာ ကိုင်နိုင်သူ ဖြစ်သွားသည်။ နှစ်နှစ်အတွင်းမှာ ကုမ္ပဏီကြီးတစ်ခုလုံးကို ဖေဖေ စိတ်ချ လက်ချ လွှဲပေးခဲ့သည်။

သူအောက်ခြေက စဝင်လုပ်ကတည်းက ဒေဝရဲ့ရိုးသားကြိုးစားပုံကို မျက်မြင်ကိုယ်တွေ့သိခဲ့ရသည်။ သူ ကုမ္ပဏီပိုင်ရှင်ဖြစ်လျှင် ဒေဝကို သူ့ရဲ့စက္ကထေရီ (အတွင်းရေးမှူး)ခန့်ဖို့ ရည်ရွယ်ထားသည်။ ရည်ရွယ် ထားသည့်အတိုင်းလည်း သူကုမ္ပဏီပိုင်ရှင်ဖြစ်တော့ ဒေဝကခုန်ကျော်ပြီး သူ့ရဲ့ကိုယ်ရေးအတွင်းရေးမှူး ဖြစ်သွားသည်။

ဒီအတွက်ဒေဝက သူ့ကိုကျေးဇူးတွေဆပ်မကုန်။ သူမျက်နှာမကောင်း လျှင်လည်း ဒေဝမနေတတ်၊ သူအခုလို ရွှင်လန်းတက်ကြွနေလျှင်လည်း



သူလည်း လိုက်ပျော်ပေးသည်။ ဒေဝကတော့ သူ့အတွက် ဝန်ထမ်းကောင်း တစ်ယောက်ထက် ညီလေးတစ်ယောက်ဆိုပိုမှန်သည်။

သမုတ်တို့မိသားစုအကြောင်းလည်း သိသည်။ သမုတ်အကြောင်းဆို သိပြီး သိအောင်လည်း ကြိုးစားထားသည်။

အာသာဝတီကြွယ်နှင့်ပတ်သက်ပြီး ဒေဝကို တိုင်ပင်လို့ရပေမယ့် စော သေးတယ်ဟု သူထင်သည်။ ဒေဝကတော့ သူ ဘာလုပ်လုပ် သူ့ဘက်ကပဲ ရပ်တည်မှာသိသည်။

''ကျေးဇူးတင်ပါတယ်ကွာ''

''အစ်ကို့ကျေးဇူးနဲ့ယှဉ်ရင် ဘာမှ မပြောပလောက်ပါဘူး အစ်ကိုရယ်၊ ကျွန်တော်ကလေ အစ်ကို့အတွက် စွန့်စွန့်စားစား ကယ်တင်ရှင်ကြီး ဖြစ်ချင်တာ''

''ကဲပါ…အဲဒီလောက်ဆန္ဒပြင်းပြနေရင် မင်းဆန္ဒပြည့်ဝစေရပါမယ်''

''တကယ်လား၊အစ်ကို ဘာလုပ်ပေးရမလဲပြော''

သူပြုံးလိုက်ကာ

''စောသေးလို့ပါ၊ စိတ်ချ မင်းအကူအညီလိုမှာပါ''

''အချိန်မရွေးပဲနော်အစ်ကို''

''အေးပါကွာ၊ အေးပါ''

''ဒါနဲ့ အစ်ကိုနဲ့မမက ဒီနှစ်ထဲမှာဆို''

''အင်း…အဲဒီအတိုင်းဖြစ်နေပြီဆိုပါတော့''

သမုတ်မျက်နှာတစ်မျိုးဖြစ်သွားတာကို ဒေဝရိပ်မိသွားပုံရသည်။

''အစ်ကို''

သူ့မျက်နှာကိုစေ့စေ့ကြည့်ပြီး ဒေဝခေါ်တော့

''ပြောလေ ဒေဝ''

''အစ်ကို့မျက်နှာတစ်မျိုးဖြစ်သွားတယ်လို့ ကျွန်တော်ထင်တယ်။ ခုနစောက ကျွန်တော့်အကူအညီလိုမှာပါလို့လည်း အစ်ကိုပြောတယ်။ ဒါ ဘာလဲဟင်၊ ဖြစ်နိုင်ရင်အခုပြောပြလို့ မဖြစ်ဘူးလား။ အစ်ကို့မိသားစုနဲ့ ပတ်သက်တဲ့အကြောင်းလား။ ဒါမှမဟုတ် မမဆက်နဲ့ အကြောင်းလား။

www.burmeseclassic.com

www.burmeseclassic.com



အစ်ကို တစ်ခုခုအခက်အခဲ ဖြစ်နေတာမျိုး၊ ဒါမှမဟုတ် ဆုံးဖြတ်ရခက်တဲ့ ကိစ္စမျိုးဆို ကျွန်တော့်ကိုညီအရင်းတစ်ယောက်လို သဘောထားပြီး ပြောပါ။ အစ်ကို့အတွက်ဆို ကျွန်တော်အသက်စွန့်ပြီးတောင် ကူညီမှာပါ''

ဒေဝ အပြောလေးကြောင့် သူ မျက်ရည်ဝဲသည့်အထိ ခံစားသွားရသည်။ ဒါကြောင့်လည်း သူဆုံးဖြတ်ချက်ချလိုက်ပါသည်။

သူက ဆိုလည်ကုလားထိုင်ပေါ် ကျောမှီပြီး သက်ပြင်းပါ ချလိုက်သည်။ ဒေဝက သူ့မျက်နှာကို ကြည့်ပြီး သူပြောမှာကို နားစွင့်နေသည်။

''ဟုတ်တယ်ဒေဝ။ ငါ့မှာ အခက်အခဲမှ တော်တော်ကြီးမားတဲ့ အခက်အခဲကြီးနဲ့ ကြုံနေရတယ်။ တိုင်ပင်ရမယ့် မင်းတစ်ယောက်လုံးရှိနေတာ ငါ ဘာလို့ သတိမရတာလဲ မသိဘူး''

သူ့အပြောကြောင့် ဒေဝ ကျေကျေနပ်နပ်ကြီး ပြုံးလိုက်သည်။ ဒေဝ မျက်နှာပေါ်တွင် သူ့ကိုပြောပါ၊ တိုင်ပင်ပါဟု ပြောနေသည်။

''ဆက်ကို ဘယ်လိုမြင်လဲ၊ မင်းအမြင်ကို ပွင့်ပွင့်လင်းလင်းနဲ့ မချွင်း မချန်ပြောစမ်း''

သူ ဒီလိုမေးမယ်ဟု မထင်သောကြောင့် ဒေဝက ရုတ်တရက် ဘာပြောရမှန်းမသိ။ ခဏကြာမှ

''ကျွန်တော့်အမြင်ကိုပြောရရင်တော့''

စကားကိုတစ်ပိုင်းတစ်စနှင့်ရပ်ပြီး ဒေဝကသူ့မျက်နှာကိုကြည့်လိုက်သေးသည်။

''ပြောပါ၊ မင်းအမြင်ကို ရဲရဲတင်းတင်းသာပြော''

''မမဆက်ဟာ ဘာတစ်ခုမှ အပြစ်ပြောစရာမရှိတဲ့ မိန်းမတစ်ယောက်လို့ မြင်တယ်အစ်ကို''

ဒေဝ ရဲရဲဝံ့ဝံ့ပြောပြီး သူ ဘာပြောမလဲကြည့်သည်။

''ဟုတ်တယ် ဒေဝ၊ ဆက်ဟာ မင်းပြောသလို ဘာတစ်ခုမှ အပြစ်ပြောစရာမရှိတဲ့ မိန်းမပါ။ ဘယ်ယောကျ်ားမျိုးကမှ ဆက်ကို ငြင်းနိုင်မယ်မထင်ပါဘူး။ ဒါပေမဲ့ ငါ ဆက်ကိုမချစ်ဘူး။ အဲဒါကိုရော မင်း လက်ခံလား၊ နောက်ပြီး ဆက်လို မိန်းမမျိုးကို မချစ်ဘူးဆိုတဲ့ ငါ့ကိုရော



မင်း အပြစ်တင်မလား''

''အစ်ကို့ကို အပြစ်လည်း မတင်ဘူး၊ မမဆက်ကို မချစ်ဘူးဆိုတာလည်း လက်ခံတယ်''

ဒေဝက စဉ်းစားတွေဝေ မနေဘဲ ချက်ချင်းဖြေတော့ သူ ကျေနပ်သွားသည်။ မတင်မကျ ဖြစ်နေတာတွေလည်း ချက်ချင်းပင် ပျောက်ကုန်သည်။

''အစ်ကို့မှာ ချစ်သူရှိနေလား''

ဘယ်လိုဖြေရမှန်း မသိသည့်အတွက် သူ ချက်ချင်းမဖြေနိုင်။ ဒေဝကလည်း သူ့နှုတ်က ဖြေလာမှာကိုပဲ စောင့်နေသည်။

''ငါ ဘယ်လို ပြောရမှန်းမသိတော့ဘူးဒေဝ။ သူနဲ့ငါက တွေ့တာကြာသေးပါဘူး။ သူနဲ့ငါချစ်သူလည်း မဖြစ်ကြသေးပါဘူး''

သူမနှင့်စတွေ့ချိန်ကနေပြီး ဒီနေ့အထိအကြောင်း ဒေဝကို ပြောပြလိုက်သည်။

''အဲဒါပဲ ဒေဝ၊ အချိန်အားဖြင့် အရမ်းကို တိုလွန်းသေးတယ်။ ဒါပေမဲ့ ငါသူ့ကို ချစ်မိသွားတဲ့ သံယောဇဉ်ကတော့ သိပ်ကို ခိုင်မြဲနေပြီ၊ တစ်ဘက်ကလည်း ဘယ်လိုမှ နောက်ဆုတ်လို့ မရတဲ့အခြေအနေ။ ငါ ဘာလုပ်ရမလဲဒေဝ။ မေမျိုးနဲ့ကျော်ကျော်ကတော့ သူ့ကိုမေ့လိုက်တဲ့။ ဆက်နဲ့ကလည်း မဖြစ်မနေ လက်ထပ်ရမှာဆိုတော့ ငါသူ့ကို တဖြည်းဖြည်းတော့ မေ့သွားမှာပါ။ ဒါပေမဲ့ ကံကြမ္မာက ဘာဖြစ်လို့ ထပ်ဆုံပေးတာလဲ။ ငါကရော ဘယ်လိုအင်အားမျိုးနဲ့ ရှောင်ရမလဲ။ ပြောစမ်းပါဦးကွာ''

ခံစားချက်ကြောင့် သူ့အသံတွေက တုန်ယင်အက်ကွဲနေသည်။ ဒေဝ သူ့ကိုကြည့်ပြီး စိတ်မကောင်းဖြစ်နေသည်။

''အစ်ကို''

''ပြောပါ ညီလေး''

''အစ်ကိုဘာဖြစ်ချင်လဲ၊ ဘာလုပ်ချင်လဲသာ တစ်ခွန်းတည်း ပြောလိုက်၊ အစ်ကိုစိတ်ဆင်းရဲတာကို ကျွန်တော် မမြင်ချင်ဘူး''

www.burmeseclassic.com

www.burmeseclassic.com



"တကယ်တော့ ငါ မိုက်တာပါဒေဝ၊ မဖြစ်နိုင်တာကို ဖွတ်တိုးဝင်ခဲ့တဲ့အတွက် ဒီထက်ပိုပြီး ခံစားရဦးမှာပါ"

"အဲဒီလို မပြောပါနဲ့ အစ်ကိုရယ်၊ နှလုံးသားက တောင်းခံလာရင် ဘယ်လိုလူမျိုးမှ မလွန်ဆန်နိုင်ပါဘူး"

"အဲဒါဆိုရင် ဆက်နဲ့သူ့အမေအန်တီမော် ဘယ်လို ခံစားရမလဲ။ မပြောကောင်းမဆိုကောင်း တစ်ခုခုသာ ဖြစ်သွားရင် တစ်သက်လုံး နောင်တကြီးကို ရင်မှာပိုက်သွားရမှာ။ နောက်ပြီး ဖေဖေနဲ့မေမေ ငါ့ကို တစ်သက်လုံး မုန်းသွားမှာ၊ နာကြည်းသွားမှာ"

"တစ်ခုလိုချင်ရင် တစ်ခုတော့ ပေးဆပ်ရမှာပဲ အစ်ကို၊ ဒါဆို အာသာဝတီကြွယ်ကို မျှော်လင့်ချက်တွေ ပေးလိုက်တဲ့အတွက် ဟိုက တစ်ခုခု တုန့်ပြန်လာရင်ရော"

သူ စိတ်ချမ်းသာရေးကိုသာ ဦးစားပေးသည့်ဒေဝကတော့ လောလောဆယ် သူခံစားနေရတာကိုပဲ ဦးစားပေးမှာ ကြိုသိပြီးသား။

"ငါစိတ်ထဲစနိုးစနောင့်ဖြစ်နေတာ တစ်ခုက ငါ့ကို သမုတ်ထယ်မှန်း သူမသိဘူး။ ကုမ္ပဏီပိုင်ရှင် သမုတ်ထယ်ကို သူဘာလို့ မေးတာလဲ ဆိုတာပဲ"

"သူနဲ့အစ်ကိုက ကော်ဖီဆိုင်မှာ ဖုန်းလေးယူထားမိတာကစပြီး သတိထားမိသွားကြတာမလား"

"သူကတော့ အဲဒီအချိန်ကမှ သတိထားမိပုံပဲ။ အရင်တွေ့ခဲ့တာတွေကို သူမှတ်မိပုံမရဘူး"

"ဟုတ်မှာပါ၊ သူ သတိထားမိလည်း ထားမိစရာကို အစ်ကိုက ဖန်တီးလိုက်တာကို"

"တမင်ဖန်တီးတာ မဟုတ်ပါဘူးကွာ၊ သူ ထပြန်သွားမှာစိုးပြီး ငါကလည်း လုပ်မိလုပ်ရာလုပ်လိုက်တာပါ"

ပြောရင်းကပင် သူမ လက်ကလေးကို စက္ကန့်ပိုင်းလောက် ဆုပ်ကိုင်မိသည့်အဲဒီနေ့ကအကြောင်း တွေးလိုက်တော့ ရင်ထဲမှာတလှိုက်လှိုက်နှင့်

"ကျွန်တော်ပြောချင်တာက သူက အတွေ့အကြုံမရှိတဲ့သူဆိုတော့



သူလည်း အစ်ကို့လိုပဲ ခံစားသွားရမယ်။ သူ စုံစမ်းပြီး အစ်ကိုက ရွှေမိုးထည်ကုမ္ပဏီပိုင်ရှင်ဆိုတာ သိမယ်၊ ဒါကြောင့် သူ အစ်ကို့ကို လာချောင်းမယ် အစ်ကိုနဲ့တွေ့တော့ သူ့သိက္ခာကိုဆယ်မယ်။ သမုတ်ထယ်ကို မသိတဲ့ပုံပမ်းပြီး အစ်ကို့ကို လာချောင်းတယ်မထင်အောင် ဟန်ဆောင်လိုက်တာဖြစ်မယ်"

"မင်းထင်သလို မဟုတ်နိုင်ဘူးလို့ ငါ ရဲရဲပြောရဲတယ်ဒေဝ။ သူက အဲဒီလို မာယာများတတ်တဲ့ မိန်းကလေး မဟုတ်ဘူး။ သူ့ကိုမြင်ရင် မင်းသိမှာပါ"

"ဒါဆို အစ်ကိုက ဘယ်လိုထင်လဲ"

"အခုနေတော့ ငါလည်း ဘယ်လိုမှ မထင်တတ်သေးဘူး။ လောလောဆယ် မင်းသူ့ကို ချက်ကင် လုပ်ပေးနိုင်မလား"

"လုပ်ပေးနိုင်တာယ်အစ်ကို ကျွန်တော်ကြိုးကြိုးစားစားကို လုပ်ပေးမယ်"

ဒေဝကို သူလှိုက်လှိုက်လှဲလှဲ ပြုံးပြတော့ ဒေဝကလည်း ကျေနပ်ပြုံးနှင့် ပြုံးပြနေသည်။

တကယ်ဆိုလျှင် သူ ရပ်တန်းက ရပ်လိုက်သင့်တာပါ။ ဒါပေမဲ့ ဘာကြောင့် မရပ်ခဲ့သလဲ။ အဲဒါမင်းကို အရူးအမူးချစ်မိသွားလို့ပဲ အာသာဝတီကြွယ်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

အာသာထမင်းစားနေစဉ်မှာပဲ ဘေးမှာချထားသောဖုန်းလေးဆီက တီးလုံးသံလေး ထွက်လာသည်။ စိတ်ထဲမှာ ထိတ်ခနဲ ဖြစ်သွားသည် ဒစ်(စ်)ပလေးပေါ်မှာ ပေါ်နေသည့်နံပါတ်ကိုကြည့်ပြီး ရင်ထဲမှာ ထိတ်ခနဲ ဖြစ်သွားသည်။ အန်တီနိုင်မဟုတ်သည့်အတွက် သူဆိုတာ သေချာသည် အာသာကိုယ်တိုင်ကလည်း သူ့ဆီကဖုန်းကို မျှော်နေတာပါ။ သူ အာသာ့ ဆီဖုန်းဆက်မယ်ဆိုတာလည်း စိတ်ထဲက သိနေပြီးသား။

ဒေါ်မိကြည့်နေတော့ အာသာလက်ကာပြလိုက်ပြီး

''ထမင်းပွဲသိမ်းလိုက်တော့ ဒေါ်မိ''

ဖုန်းလေးကောက်ကိုင်ပြီး အာသာထမင်းစားခန်းထဲက ထွက်လာခဲ့သည်။

''ပဲလို''

''ဝတီ''

အာသာ့နားထဲသို့ စမ်းရေစီးသံလေးတိုးဝင်လာသည်။

''ကိုယ်မှန်းသိသွားတော့ စကားမပြောချင်တော့ဘူးလား''

''ရှင်နဲ့ကျွန်မမှ မသိတာ၊ ဘာပြောစရာမှ မရှိဘူး''

''အဲဒီလိုကြီး ပြောင်မလိမ်နဲ့လေ''

အာသာပြုံးလိုက်သည်။

''ဝတီ''

အာသာမထူး။

''ဝတီ့ကိုချစ်တယ်''



သူကဒါပဲပြောပြီး အကြာကြီးတိတ်ဆိတ်သွားတော့ အာသာဘာ ပြောရမှန်းမသိတော့၊ ဖုန်းပဲ ချလိုက်ရတော့မလိုလို၊ ဒုက္ခပါပဲ။ သူနှင့် ... အာသာတစ်သက်လုံး ခိုင်မြဲလာသော သိက္ခာတွေ၊ မာနတွေ ... ပဲကုန်တော့မည်။

ဖြစ်ချင်ရာဖြစ်၊ အာသာဖုန်းပိတ်လိုက်တော့ သူထပ်ခေါ်ပြန်သည်။ ...င်မကိုင်ဘဲထားတော့ မကိုင်မချင်းကို သူခေါ်နေသည်။

''ဘာဖြစ်နေတာလဲ''

''ဘာဖြစ်လို့ ဖုန်းမကိုင်တာလဲ။ ဝင်္ဂလိုက်မှာ မကြောက်ဘူးလား''

''မကြောက်ပါဘူး''

''ဝတီ''

''ဘာလဲ''

တစ်ဘက်က သူမ ထူးလိုက်ပုံလေးကို သူ သဘောတကျရယ်တော့

''ဘာရယ်တာလဲ''

''ဝတီထူးပုံလေးက ချစ်စရာကောင်းလို့ ရယ်တာပါ''

''ဘာလို့ ဖုန်းဆက်တာလဲပြော''

''သတိရလို့ပေါ့''

''ရှင်နဲ့ကျွန်မက ဘာဆိုင်လို့ သတိရရတာလဲ''

''ဆိုင်လို့ သတိရတာပေါ့။ စောစောက ပြောပြီးပြီလေ၊ ဝတီ့ကို ...တယ်လို့၊ ကိုယ်ဝတီ့ကို သိပ်ချစ်တယ်။ အရမ်းလည်း သတိရတယ်။ ...ကြောင့် ဖုန်းဆက်လိုက်တာ၊ ဝတီဘာလုပ်နေလဲဟင်''

''ထမင်းစားနေတာ''

အာသာ့အသံတွေ တုန်မနေအောင် မနည်းသတိထားနေရသည်။

''ဆောရီးဝတီရယ်၊ အဲဒါဆိုနောက်မှ ထပ်ဆက်လိုက်တော့မယ်နော်''

သူဖုန်းပိတ်သွားတော့ အာသာ မနေတတ်မထိုင်တတ်ဖြစ်ကျန်ခဲ့သည်။ ...င်ဘယ်လိုလူလဲ၊ ကျွန်မကို ချစ်တယ်လည်း ဆိုသေးတယ်၊ ကျွန်မ ...ထဲမှာ ဘာတွေဖြစ်နေလဲဆိုတာ ရှင်သိဖို့ကောင်းတယ်။

www.burmeseclassic.com

www.burmeseclassic.com



သူများဖုန်းထပ်ခေါ်မလား မတွံမရဲစောင့်ရင်း အာသာ အိပ်ပျော်သွားသည်။

အိပ်မက်ထဲမှာ သူနှင့်အာသာက ချစ်သူတွေဖြစ်နေကြပြီး စကားတွေ အကြာကြီး ပြောကြသည်။ တစ်ယောက်နှင့်တစ်ယောက် ယုယကြင်နာ နေလိုက်ကြတာကိုလည်း မြင်သူတိုင်းက အားကျကြည့်နှင့်ကြည့်ကြသည်။

အာသာလန့်နိုးတော့ ရင်တွေ တအားခုန်နေသည်။ ရင်ခုန်စရာ အိပ်မက်လေးထဲက လန့်နိုးလာသည့်အတွက်လည်း နှမြောသလို ခံစား နေရသည်။

အာသာ့ကို စိုးမိုးနိုင်တဲ့သူရယ်။ ရှင်က ကျွန်မသိချင်တဲ့ သမုတ်ထယ် ရဲ့ ဒရိုင်ဘာဆိုတာတကယ်ပဲလား။

သမုတ်ထယ်ရဲ့ အချစ်ကိုရအောင် ကြိုးစားရမည့် အာသာ သမုတ်ထယ်ရဲ့ ဒရိုင်ဘာကိုမှ ရင်ခုန်နေတယ်ဆိုတာ အမေသိလျှင် ဘာပြောမလဲ။ သမုတ်ထယ်နှင့်က အမေနှင့်အပေးအယူကိစ္စ။ အမေ နိုင်းတာ အောင်မြင်သွားလျှင် အမေ့မေတ္တာကိုရမည်။ ဒါဆိုပြီးပြီ။

သမုတ်ထယ်ရဲ့ဒရိုင်ဘာသူနှင့်ကတော့ အာသာ့နှလုံးသား အစ အမှန်ကိစ္စဖြစ်သည်။ ကုမ္ပဏီပိုင်ရှင်သမုတ်ထယ်ကိုမေးတော့ ဘာကြောင့် မေးလဲဆိုတာ သိချင်နေမှာပဲ''

သမုတ်ထယ်ဒရိုင်ဘာ၊ သူနှင့်ကတော့ကို မေတ္တာတွေ ယိမ်းယိုင်ရ နေသော အာသာက အမေခိုင်းသော သမုတ်ထယ်မေတ္တာကို ရယူဖို့ဆိုတာ ဖြစ်နိုင်ပါတော့မလား။ သူ အာသာ့ကို အထင်သေးမှာ ကြောက်သည်။

သူနှင့်ဇာတ်လမ်းဆက်ဖို့ဆိုလျှင် အမေခိုင်းသည့်ကိစ္စ ဆက်မလုပ် တော့ဘူးဟု ငြင်းလိုက်မှဖြစ်မည်။ အဲဒါဆို အာသာ့ကို အမေပို၍ မုန်း သွားမည်။ အမေဥပေက္ခာပြု စိမ်းကားနေတာတောင် ဒီလောက်ခံစား ရသေးလျှင် အမေ့အမုန်းကိုပါ ထပ်ရမည်ဆိုပါက အာသာ ဘယ်လို ရပ်တည်နိုင်မှာ မဟုတ်တော့ပါ။

ဒါဆို သူ့ကို လက်လွှတ်ဆုံးရှုံးလိုက်ရတော့မှာလား။ ဟုတ်ပါသည်



အာသာ သူ့ကိုပဲ စွန့်လွှတ်လိုက်တော့မည်။

ကိုယ့်ကိုယ်ကိုယ်တောင် မယုံကြည်နိုင်လောက်အောင်ပင် သူ့ကိုစွန့် လွှတ်ဖို့ဆုံးဖြတ်ပြီးချိန်မှာ အာသာ့မျက်ရည်တွေ တာတမံကျိုးသလို။

ကျွန်မကို မေ့လိုက်ပါတော့ရှင်ရယ်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၇)

ဒီရက်ထဲမှာ သူနှင့်ဆက်ရဲ့မင်္ဂလာကိစ္စအတွက် အလုပ်တွေစရှုပ်နေသည်။

''သားရေ''

''ဗျာ မေမေ''

ရေချိုးပြီးစ ကိုယ်ပေါ်ကရေစက်ကလေးတွေ ပွတ်သုတ်နေစဉ်မှာပင် မေမေဝင်လာပြီးခါတော့ ရုတ်တရက်မို့သူ လန့်သွားသည်။

''ဟယ် အခုမှ ရေချိုးမလို့လား''

မေမေ မကြည်မသာ အသံကြီးနှင့်မေးတော့ သူမျက်နှာချိုသွေးပြီး

''ချိုးပြီးပါပြီ မေမေရဲ့၊ ချိုးပြီးလို့ ဒီမှာ ရေသုတ်နေတာလေ''

''သားရယ် ရေချိုးဖို့ဝင်သွားတာပဲ ကြာလှပြီ။ အခုမှ ရေပဲချိုးပြီးသေးတယ်''

မေမေက အပြစ်တင်သံလေးနှင့် ပြောပြီး သက်ပြင်းချသည်။

''သမီးလေးဆက် စောင့်နေတာကြာလှပြီ''

ဆက်နှင့် ပတ်သက်လျှင် မေမေက အဲဒီလို အကဲပိုတာ။ သူကလည်း သူပဲ။ ဆက်အတွက် သတို့သမီးဝတ်စုံသွားအပ်ဖို့ မေမေညတည်းက ပြော ထားပြီးသား။ မနက်အိပ်ရာထပြီးတည်းက မေမေတတွတ်တွတ် ပြောနေ တာတွေ သူ့နားထဲ မဝင်တစ်ချက်ဝင်တစ်ချက်။

အခုလည်း ရေချိုး အဝတ်အစားလဲဖို့ဝင်လာတာ တစ်နာရီနီးပါး ရှိပြီ။ ရေမချိုးခင်လည်း ခဏထိုင်နေသေးသည်။ ရေချိုးနေရင်းနှင့်လည်း အတွေးတွေ ကယောက်ကယက်နှင့်၊ ထိုအတွေးတွေကလည်း အာသာဝတီ

ယ်ဆိုသော သူမနှင့် ပတ်သက်သည့် အတွေးတွေပါ။

သူမကို အရမ်းသတိရနေသည်။ မေ့ဖို့ကြိုးစားလေ ပိုသတိရလေ ဖြစ်သည်။ သူ သက်ပြင်းချလိုက်တော့ မေမေခပ်စူးစူးကြီးကြည့်ပြီး

''ကြည့် . . . ပြောရင်းနဲ့တောင် ဘာတွေငိုင်တွေးနေပြန်တာလဲ သားရယ်''

မေမေက သူ့လက်မောင်းကို ကိုင်လှုပ်ပြီး မေးနေသည်။

''သားကို မေမေ အားမရဘူး။ အားတက်သရောလည်း မရှိသလိုပဲ''

သူ့ကို အားမလိုအားမရဖြစ်ပြီး မေမေ့ဒေါသံတောင် ပေါက်နေ၏။ တော့မှ သူ့ရဲ့အသိကို ပြန်လည်စုစည်းလိုက်ကာ

''မဟုတ်ပါဘူး မေမေရယ်၊ ဟို . . . အလုပ်''

''ဒီအလုပ်ကိုအကြောင်းမပြနဲ့သား''

သူ့စကားတောင် မဆုံးခင် မေမေ ဖြတ်ပြောသည့်အပြင် သူ့မျက်နှာကို ည်း အကြည့်စူးစူးနှင့်ကြည့်နေသည်။ မေမေ့မျက်လုံးတွေကို ယှဉ်ပြိုင် ကြည့်ရဲစွာ သူ ချက်ချင်းပင် မျက်လွှာချလိုက်သည်။

''ဒီမှာသား . . . သားအလုပ်ကို အကြောင်းမပြပါနဲ့။ ဒေဝက ညာလက်ရုံးတစ်ဆူလို အားကိုးရတဲ့ကလေးပါ။ ဒါကိုသားလည်း တယ်။ ဒီလောက်အရေးကြီးနေတဲ့အချိန်မှာ ဒီလောက်ကလေးမှ စိတ် တူးလား။ သားတစ်ခုခု ဖြစ်နေတယ်ဆိုတာ မေမေ သိတယ်၊ အချိန်ဟာ သိပ်ကိုအရေးကြီးတဲ့ အချိန်ဖြစ်နေတဲ့အတွက် သားဖြစ် တဲ့အကြောင်းကိုမေးဖို့ အချိန်မပေးနိုင်ဘူး။ မြန်မြန်လုပ်ပြီးသာ ခဲ့ပါတော့သား''

မေမေ ဒါပဲပြောပြီး သူ့အခန်းထဲက ထွက်သွားတော့ မောပြီး တာကတော့ သူပါပဲ။ အိပ်ရာပေါ် ခြေပစ်လက်ပစ် ထိုင်ချလိုက်ရင်း

''ကိုယ့်အဖြစ်ကို မကယ်နိုင်တော့ဘူး ဝတီရယ်''

ဘယ်လိုမှ မလှုပ်နိုင်တော့အောင် ချောင်ပိတ်မိနေသော ကိုယ့်ကိုယ် လည်း မချင့်မရဲ ဖြစ်နေသည်။ ကိုယ့်ဘဝကိုယ် မကျေမနပ် ဖြစ်မိတာ ဒါ ပထမဦးဆုံးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ချင်သလို ဖြစ်ခွင့်မရသည့်ဘဝမှာ မြှုံထားသည့်အဘက်ကို ဆွဲလှ
ပစ်လိုက်ပြီး ဗီရိုထဲက အလွယ်တကူ တွေ့သည့်အင်္ကျီနှင့်ဘောင်းဘီတစ်စုံ
ထုတ်ယူလိုက်သည်။ အင်္ကျီဘောင်းဘီအမြန်ဝတ်ပြီး ခေါင်းဖြီးလိုက်သည်
ထို့နောက်မှာတော့ ညှိုးနွမ်းသော စိတ်နှလုံးကိုအသာဖုံးပြီး သူ အပြင်
ထွက်လာခဲ့သည်။

အသင့်စောင့်နေသော မေမေနှင့်ဆက်က သူထွက်လာတာလည်း
တွေ့ရော သွားဖို့ထလိုက်ကြသည်။ သူ ရှေ့ကနေထွက်သွားတော့ မေမေနှင့်
ဆက် နောက်ကပါလာသည်။

BURMESE CLASSIC .com

"သမီးရှေ့မှာသွားထိုင်လေ"

မေမေထိုသို့ပြောတော့ ဆက် ဘာပြောလိုက်လဲသူမကြား။ မေမေ
ကိုယ်တိုင် ဆက်လက်မောင်းလေးကို တွဲခေါ်ပြီး ကားရှေ့ခန်း အရောက်
လာပို့ပေးသည်။ ဆက်ကားရှေ့ခန်းမှာ ထိုင်ပြီးတော့ မေမေ နောက်ခန်းမှာ
သွားထိုင်သည်။ သူ ဘာတစ်ခွန်းမှမပြော။ သူ့အလုပ်ဖြစ်သော ကားမောင်း
ခြင်းကိုသာ အာရုံစိုက်ထားလိုက်သည်။

ဆက်က ဣန္ဒြေရှင်မိန်းကလေးပီပီ သူနှင့်နှစ်ယောက်တည်း သွား
သည့်အခါများမှသာ သူ့ဘေး ကားခေါင်းခန်းမှာ စီးသည်။ မေမေပါမယ်
ဖေဖေပါပါ၊ ပါသည့်အခါများမှာဆို မေမေတို့နှင့်အတူ ကားနောက်ခန်း
မှာပဲစီးသည်။ ဆက်အမေအန်တီမော်ပါပါသည့် အခါမျိုးဆိုလျှင်တော့
လေးယောက်ဖြစ်နေသည့်အတွက် မဖြစ်မနေမို့ ရှေ့မှာလာစီးရသည့်အခါ
မျိုးရှိသည်။

အခုလို မေမေတစ်ယောက်တည်းနှင့်ဆို ဆက် ဘယ်တော့မှ ရှေ့ခန်း
က လာမစီး။ မေမေကလည်း ချွေးမလောင်းကို ရှေ့မှာသွားစီးဖို့ မပြော။
သူ့နားမှာ ဆက်ရှိနေသည့်အတွက် သဘောတောင်ကျနေသေးသည်။
အခုမှ ဘာဖြစ်လို့ ဆက်ကို အရှေ့အတင်းတွန်းပို့နေလဲမသိ။

"ဘယ်ကိုပို့ရမှာလဲ ဆက်"

ဆက်က မေမေ့ကို လှည့်ကြည့်တော့ သူ စိတ်တိုသွားရသည်။
ဒီကိစ္စက ကိုယ့်ကိစ္စဖြစ်နေတာကို ဘာကြောင့် မေမေ့ကို လှည့်ကြည့်



နေသည်မသိ။ ဆက် စကားနည်းအေးလွန်းတာသည် တစ်ခါတစ်ခါကျ
တော့လည်း စိတ်ပျက်စရာပါ။

"ဆက်ကိုစွသွားမှာမလား၊ အဲဒါ ဆက်ပဲ ပြောလိုက်တော့ ဘာဖြစ်
လို့မို့လဲ"

သူထိုသို့ ခပ်ဆတ်ဆတ်လေးပြောလိုက်တော့ ဆက်က မျက်လုံး
အဝိုင်းသားလေးနှင့်ကြည့်၏။ ထိုသို့ သူတစ်ခါမှ မပြောဖူးသဖြင့် ဆက်
ကြည့်သောအကြည့်တွေက တအံ့တသြနှင့်။

"သမီးလေး မသိဘူးသား၊ မေမေ့ကို မိတ်ဆွေတစ်ယောက်က ညွှန်ပြ
ထားလို့ မေမေပဲသိလို့"

ဒေါသကို ထိန်းထားသောအသံကြီးနှင့် မေမေဝင်ပြောတော့ သူ
ဘာတစ်ခွန်းမှ မပြောတော့။ စိတ်ထဲမှာတော့ ဘာကို ဒေါသဖြစ်နေမှန်း
မသိပါ။ ဆက်မျက်နှာပျက်နေတာကို မကြည့်ဘဲ သိနေသည်။

"ဗိုလ်အောင်ကျော်လမ်းကို မောင်း"

ကားမောင်းနေသော သူ့စိတ်တွေ ပွလွင့်နေသည်။ ဆက်ဘက်သို့
မသိမသာ စောင်းငဲ့ကြည့်တော့ ကျောက်ရုပ်ကလေးတစ်ရုပ်လို တုပ်တုပ်
မှ မလှုပ်ဘဲ ငြိမ်ငြိမ်ကလေးထိုင်နေ၏။ ငိုတော့မည့်မျက်နှာလေးနှင့်
ရှေ့သို့သာ စူးစိုက်ကြည့်နေသော ဆက်ကိုကြည့်ပြီး သနားသွားသည်။

ဆက်ကို အမြဲတမ်းစိတ်တိုင်းကျခဲ့သည့် သူ့ရဲ့စိတ်တွေ ဘာကြောင့်
ပြောင်းလဲသွားတာလဲ။ မေမေကလည်း သူ့ကို စိတ်ထဲကကြိတ်ပြီး ဒေါသ
ဖြစ်နေမှာ သေချာသည်။

ဗိုလ်အောင်ကျော်လမ်းထဲရှိ မေမေညွှန်ပြသည့် တိုက်ခန်းရှေ့ ကားရပ်
တော့ မေမေနှင့်ဆက် ကားပေါ်က ဆင်းသွားသည်။ မေမေက ဆက်လက်
ကလေးကိုတွဲပြီး သူ့ကို လုံးဝလှည့်မကြည့်ပေမယ့် ဆက်ကတော့
လှည့်ကြည့်သွားသေးသည်။

တို့ကိုခွင့်လွှတ်ပါ ဆက်ရယ်။

စိတ်ထဲကပဲ တိုးတိုးလေး တောင်းပန်လိုက်သည်။ ခါတိုင်းဆိုလျှင်
မေမေက သားဖြစ်သည့်သူ့ကို လိုက်ခဲ့ဖို့ မဖြစ်မနေခေါ်ဦးမှာ။ အိမ်ပြန်

www.burmeseclassic.com

www.burmeseclassic.com



ရောက်လျှင် မေမေမေးတော့မည့် မေးခွန်းတွေအတွက် သူ ဘယ်လို
ဖြေရမည်မသိ။

တစ်ယောက်တည်းနေမှ ဝတ်ကို သတိရနေသည်။ မျက်စိမှိတ်ထား
ပြန်တော့လည်း သူမပုံရိပ်တွေက အစီအရီ။ ချက်ချင်းပင် သူမကို
တွေ့ချင်စိတ်တွေက တားဆီးမရ။ သူ ဒေဝဆီသို့ ဖုန်းလှမ်းဆက်လိုက်သည်။

"အစ်ကိုပြော"

"မင်းဘယ်မှာလဲ ဒေဝ"

"ကမ္ပဏီမှာပဲ"

"ဘာထူးသေးလဲ"

"အလုပ်နဲ့ ပတ်သက်လို့ကတော့ ဘာမှ မထူးပါဘူး။ အာသာဝတ်
ကြွယ်နဲ့ ပတ်သက်လို့ကတော့ ထူးတယ်"

သူ့နှလုံးသားတွေ ဆတ်ခနဲဖြစ်သွားပြီး

"ဘာ ဘာထူးလဲဒေဝ"

"သူ့ကို မနက် ကျွန်တော်လာတည်းက ကမ္ပဏီရှေ့မှာ တွေ့တယ်
အခုထိကို သူ့ကားလေးနဲ့ ဒီရှေ့မှာ ပတ်နေတုန်းပဲ"

သူ့ရင်တွေ တဒိန်းဒိန်းခုန်နေသည်။

"မင်းကို သူကရော သတိထားမိလား"

"ထားမိမှာ မဟုတ်ဘူး အစ်ကို ဟို..."

"ဘာလဲဒေဝ ပြောလေ"

ဒေဝစကားဆက်ဖို့ ခက်နေပုံနှင့်တော့ သူ စိတ်မရှည်တော့။

"ဟို အစ်ကိုနဲ့ မမဆက်ကိစ္စက နောက်ဆုတ်လို့ မရတော့ဘူး
မဟုတ်လား"

"ဘာလဲ အဲဒါကြောင့် ငါနိုင်းတာ မလုပ်တော့ဘူးဆိုတဲ့သဘောလား"

စိတ်ထဲတင်းခနဲဖြစ်သွားသည့်အတွက် သူ့အသံမာသွားတော့ ဒေ
ပျာပျာသလဲနှင့်

"မဟုတ်ပါဘူးအစ်ကို၊ ကျွန်တော် အစ်ကို့ဆီက အမိန့်ကို စောင့်နေ
တာပါ။ မနက်ဖြန်ကို တစ်ခုခုအကြောင်းထူးစေရမယ်လို့ ကျွန်တော်



ဘာတိပေးပါတယ်"

"အေး ...ဒါဆိုဒါပဲသိလား"

သူက မေမေနှင့်ဆက်လာနေလို့ စကားဖြတ်လိုက်တာကို ဒေဝက
ကို စိတ်ဆိုးသွားတယ်ထင်ပြီး "အစ်ကို အစ်ကို"နှင့် ခေါ်နေတာကို
ဘာမှ ပြန်မပြောဘဲ ဖုန်းပိတ်လိုက်သည်။ သူဖုန်းပိတ်ပြီးဒက်ရှ်ဘုတ်
ပစ်တင်လိုက်တာကို မျက်စိလျင်သော မေမေက တွေ့သွားပုံရ
သည်။

မေမေကြည့်သည့်အကြည့်ကို သိသည့်အတွက် သူ ခေါင်းငုံ့လိုက်
သည်။ မေမေပဲ တစ်ခုခု ပြောလိုက်၍လား။ ဆက်ကပဲ ဘာပြော၍လည်း
ဆက်က သူ့ဘေးခေါင်းခန်းမှာ မထိုင်ဘဲ မေမေနှင့်အတူ နောက်
မှာပဲ ထိုင်သည်။ သူလည်း ထိုကိစ္စကို မသိဟန်ဘဲ ဆောင်နေလိုက်
သည်။

"ဘယ်ကိုမောင်းရမလဲ မေမေ"

"သမီးကို ပြန်ပို့မယ်"

မေမေဒါပဲပြောပြီး ဆက်နှင့်သတို့သမီးဝတ်စုံအကြောင်း ပြောနေ၏။
ဆက်တို့အိမ်ရောက်တော့ အန်တီမော်မရှိ၊ အပြင်ထွက်သွားသည်ဆို
မေမေက

"သမီး အဲဒါဆို အိမ်ပြန်လိုက်ခဲ့လေ"

"ရတယ် မေမေခင်၊ မေမေကြာမှာမဟုတ်ပါဘူး"

"သမီးတစ်ယောက်တည်း ပျင်းနေမှာပေါ့"

"ရပါတယ် မေမေခင်ရဲ့၊ သမီးလုပ်စရာရှိသေးလို့ပါ"

"ဒါဆိုလည်း မော်ပြန်လာတဲ့အထိ စောင့်ပေးမယ်"

ားပေါ်ကဆင်းဖို့ ပြင်နေသော မေမေ့ကို ဆက်က အဆင်းမခံဘဲ

"ရပါတယ် မေမေခင်ရဲ့၊ သမီးနေတတ်ပါတယ်"

ောက်ဆုံးတော့ မေမေအလျှော့ပေးလိုက်ရသည်။

"ဒါဆို မေမေတို့သွားတော့မယ်နော်သမီး"

"ဟုတ်ကဲ့"

www.burmeseclassic.com

www.burmeseclassic.com



"သွားမယ် သက်"

"ဟုတ်ကဲ့ ကိုမှတ်"

လက်ကလေးပြပြီး ကျန်ခဲ့သည်။ အပြုံးတွေ ဖန်ဆင်းထားသော သက် မျက်နှာကလေးတော့ ညှိုးနေသည်။ မေမေဒေါသတွေဖြစ်ပြီး သူ့ကို ဆူတော့မည်ဟု ထင်ထားပေမယ့် မေမေက တစ်ခွန်းမှ မပြောဘဲ နှုတ်ဆိတ်နေသည်။ ရှေ့ခန်းသို့လည်း ပြောင်းလာမထိုင်ဘဲ တင်းမာနေသော မျက်နှာနှင့် မေမေတစ်ခုခုကို တွေးနေပုံရသည်။ အဲဒီတစ်ခုခုသည် သူ့အကြောင်းကလွဲပြီး တခြားဘာမှ မဖြစ်နိုင်တာ သူကလည်း သိနေသည်။

ဘယ်အချိန်မှာ ပေါက်ကွဲမလဲ တထိတ်ထိတ်နှင့်သူစောင့်နေသော်လည်း အိမ်ရောက်ပြီး ကားပေါ်က ဆင်းသွားသည်အထိ သူ့ကို စကားတစ်လုံးမှ မပြောတော့ပါ။

သူ့အတွက်ကြောင့် မိဘနှစ်ပါးလုံး ဘယ်တုန်းကမှ စိတ်မဆင်းရဲခဲ့ရပါ။ အခုတော့ . . .။

## အခန်း (၁၈)

ရွှေမိုးထည်ကုမ္ပဏီနှင့် တော်တော်လှမ်းလှမ်း အရောက်မှာတော့ ာသာကားကို ရပ်လိုက်သည်။ မနေ့ကလည်း တစ်နေကုန် စောင့်ကြည့် ယ့် ကုမ္ပဏီပိုင်ရှင်သမုတ်ဆိုတာ ဖြူသလား၊ မည်းသလား၊ ဘယ်လို ဲ မသိခဲ့ရ။ မသိဆို အာသာက ကားပေါ်က ထိုင်ကြည့်ရုံကလွဲပြီး ခြားဘာမှ မလုပ်ရှားတာကို ဒီကြားထဲ ဟိုတစ်ယောက်နှင့်တွေ့မှာလည်း ား။ ဒီနေ့လည်း ကုမ္ပဏီရှေ့ကနေ ခေါက်တုံ့ခေါက်ပြန်ပတ်ပြီးမှ းရပ်လိုက်တာဖြစ်သည်။ ဟိုတစ်ယောက်နှင့် တွေ့မှာလည်းစိုးသည်။ င်စိတ်တွေကလည်း သူ့ကို အရမ်းတွေ့ချင်သည်။

သူ့အပြောလေးတွေကို ရင်ခုန်သည်။ သူ့မျက်နှာလေးကို ခိုးကြည့်ရ ည် အရသာလေးကိုလည်း ကျေနပ်သည်။ သူ့အပြုံးလေးတွေ အကြည့်လေးတွေ။ အို . . . အာသာ ရှင့်ကို လွမ်းတယ်။

ရှင်ဘယ်သူလဲ။

သူကတော့ ကုမ္ပဏီပိုင်ရှင် သမုတ်ထယ်ရဲ့ ဒရိုင်ဘာဟု ပြောသည်။ သာဟိုနေ့က သမုတ်ထယ်ကို မေးလိုက်တော့ သူတစ်မျိုး ထင်သွား သမုတ်ထယ်ဆိုသောလူကိုလည်း အာသာမေးတာကို ပြန်ပြောမလား ါ။

မနေ့ကတစ်နေ့လုံး သူ့ကို လုံးဝမတွေ့၊ သမုတ်ထယ်ရဲ့ ကားဒရိုင်ဘာ ာ့ သူ့ကိုမတွေ့ခြင်းသည် သူနှင့်သမုတ်ထယ် ခရီးများသွားကြ သိ။

အတွေးများစွာနှင့် ကုမ္ပဏီထဲ ဝင်ထွက်နေသော ကားတွေကို အာသာ

www.burmeseclassic.com

www.burmeseclassic.com



မျက်ခြေမပြတ် ကြည့်နေမိသည်။

"အဟမ်း"

"အံ့မယ်လေး"

ရုတ်တရက်မို့ ချောင်းဟန့်လိုက်သံကို အာသာလန့်သွားသည်။

အာသာနှင့်ရွယ်တူလောက်ရှိမည့် လူတစ်ယောက် အာသာ့ကို အကဲခတ်သည့် မျက်ဝန်းတွေနှင့် ကြည့်နေ၏။ ဒါဆိုလျှင် သူ ချောင်းဟတ်လိုက်တာသည် ရိုးရိုးတော့ မဖြစ်နိုင်။ ရုပ်အင်္ကျီအဖြူဆွတ်ဆွတ်ကို စတိုင်ပင်နီ ရှားရောင်နှင့် တွဲဝတ်ထားသောလူကို ခပ်စွေစွေကြည့်ပြီး အာသာမျက်နှာလွှဲလိုက်သည်။

"မင်း ဘယ်သူလဲ"

အာသာ ဒေါသဖြစ်သွားသည်။ သူကဘာမို့ လူကို စစ်လားဆေးလား လာလုပ်နေတာလဲ။ မထိမဲ့မြင်ပုံနှင့် ထိုလူ့အား အာသာခြေဆုံးခေါင်းဆုံး ကြည့်ပြီး

"ရှင်က လူဝန်မှုကလား"

"မဟုတ်ပါဘူး။ မနေ့က တစ်နေ့လုံးရော အခုရော ကုမ္ပဏီကို လာအကဲခတ်နေတာဟွေလို့ စုံထောက်တွေဘာတွေများလားလို့"

အာသာခပ်မဲ့မဲ့လေး အသံထွက်ရယ်လိုက်ပြီး

"ရှင်တို့ကုမ္ပဏီက ဘာတွေ မဟုတ်တာလုပ်နေလို့ တွေ့တဲ့လူတိုင်းကို စုံထောက်ထင်နေရတာလဲ"

"ကျွန်တော်တို့ကုမ္ပဏီ ဘာတစ်ခုမှ မဟုတ်တာ မလုပ်တာ ခင်ဗျား သိမှာပါ"

"မသိဘူး စိတ်လည်းမဝင်စားဘူး"

"စိတ်မဝင်စားရင် ဘာလို့ တိတ်တိတ်လေး လာချောင်းနေလဲ"

"ဘာရှင့်"

အာသာ အနာပေါ် တုတ်ကျသွားသည်။ ဒေါသလည်းထွက်၊ ရှက်လည်းရှက်ပြီး ထိုလူ့ပါးဆီသို့ လက်ရွယ်လိုက်စဉ် ကိုယ့်လက်သူ့ပါး မရောက်ခင်မှာပဲ အာသာ့လက်ကို ဖမ်းဆုပ်ကိုင်လိုက်သည်။ အာသာ



…တွေ ပိုပြီး အရှိန်ပြင်းစွာ ထိုလူ့လက်ထဲက ဆောင့်ရုန်းကာ

"လွှတ်"

"ခင်ဗျားက ဒေါသချည်းပဲကို။ ဒေါသကို ရှေ့ထားရင် မှားတတ်…"

အာသာအံကြိတ်ပြီး ဒေါသမျက်ဝန်းနှင့်ကြည့်လိုက်သည်။

"ပြောရင်းနဲ့တောင် ခင်ဗျားဒေါသဖြစ်နေပြန်ပြီ။ ကျွန်တော်က ခင်ဗျား ကူညီချင်လို့ မေးတာပါ။ မနေ့က တစ်နေ့လုံးလည်း ကျွန်တော်တို့ …ကို အကဲခတ်နေတာ ကျွန်တော်တွေ့တယ်။ ဒီမနက်လည်း ထပ်တွေ့ … ဒါအကြောင်းမဲ့တော့ မဖြစ်နိုင်ဘူးလို့တွေးပြီး အကူအညီလိုရင်လည်း …အောင် လာတဲ့သူကို ခင်ဗျားက စကားကောင်း မပြောဘူး"

…ရှည်လျားစွာ ရှင်းပြနေသော ထိုလူ့စကားကြောင့် အာသာစိတ်တိုနေ…တွေ ဘယ်ပျောက်သွားမှန်းတောင် မသိတော့။ ဒီလူက ရွှေမိုးထည် …ဝန်ထမ်းဆိုတော့ စိတ်ထဲလည်း ပျော်သွားသည်။ အာသာသိချင် …တွေ မေးလို့ရပြီ။ ဒါပေမဲ့ ဒီလူ့ရှေ့မှာတော့ မျက်နှာထားကိုတင်းထားပြီး

"ရှင်က ရွှေမိုးထည်ကုမ္ပဏီက ဝန်ထမ်းလား"

"ဟုတ်ပါတယ်ခင်ဗျာ"

"ဘာလဲ ညစောင့်လား"

"ဟာဗျာ…ဒီရုပ်ရည်ကို ခင်ဗျားမို့ ညစောင့်လို့ပြောတယ်။ ကျုပ် သူဌေးစက္ကထေရီဗျ"

သူ့ကို ညစောင့်ပြောတော့ ပေါက်ကွဲပြီး သူဌေးရဲ့ အတွင်းရေးမှူး …သည်။ ဟိုတစ်ယောက်က သူဌေးရဲ့ဒရိုင်ဘာ ဒီတစ်ယောက်ကတော့ …ရဲ့ အတွင်းရေးမှူး

"သူဌေးရဲ့အတွင်းရေးမှူးဆိုတော့ သမုတ်ထယ်ရဲ့ အတွင်းရေးမှူးပေါ့"

"ဟုတ်တယ် ခင်ဗျားက သူဌေးကိုသိလို့လား"

အာသာ စဉ်းစားသလိုလုပ်ပြီးမှ

"ဆိုပါတော့၊ ဒါနဲ့ရှင်က သမုတ်ထယ်ရဲ့ အတွင်းရေးမှူးဆိုတော့ …ထယ်ရဲ့ ဒရိုင်ဘာက ဘယ်သူလဲ"

www.burmeseclassic.com

www.burmeseclassic.com



''ဘာလုပ်မလို့လဲ''

''ဘာလုပ်လုပ်၊ ပြောမှာလား မပြောဘူးလား''

သမုတ်ထယ်အတွင်းရေးမှူးက ခပ်စူစူကြီးကြည့်ပြီး

''ခင်ဗျားက သိလည်းသိချင်သေးတယ်၊ အထက်စီးကနေ''

ဟုတ်နေသည့်အတွက် အာသာဘယ်လို အထွန့်တက်ရမှန်းပင် မသိ။ ဒီလူ့ပုံကို ကြည့်ရတာ အာသာသာနည်းနည်း ပျော့လိုက်လျှင် ဘာမေးမေး ပြောမည့်ပုံပင်။ ဖြစ်ချင်တာဖြစ်၊ ဒီအခွင့်အရေးကို လက်လွှတ်မခံနိုင်ပါ။ နောက်မှ ဘယ်လိုရှင်းရ ရှင်းရ။

''ဒီမှာ...ရှင် ကျွန်မကို ကူညီမယ်လို့ ပြောတယ်နော်''

ထိုလူက ဘာတစ်ခွန်းမှ မပြောဘဲ အာသာ့ကို ခပ်မဲ့မဲ့လေး ကြည့်၍ ဒါဆို ကူညီမှာသေချာသည်။ အာသာမျက်နှာချိုသွေးလိုက်သည်။ ကိုယ့်ကိုယ်ကိုယ်လည်း အာသာဝတီကြွယ်မှ ဟုတ်ရဲ့လားဟုတွေးရင်း

''ရှင်အချိန်ရရင် တစ်ခုခုစားရင်း စကားပြောရအောင်''

အာသာက ကားလေးကို လက်ညှိုးထိုးပြတော့ ထိုလူ ဘာစကားမှ ပြန်မပြောဘဲ ကားပေါ်တက်ဖို့ပြင်နေသည်။ အာသာ ဝမ်းသာလိုက်တာ ပြောမနေနှင့်တော့။

သမုတ်ထယ်စက္ကူထေရီနှင့်အာသာတို့ အနီးဆုံး စားသောက်ဆိုင် တစ်ဆိုင်သို့ ရောက်လာကြသည်။ စားပွဲဝိုင်းတစ်ခုမှာ မျက်နှာချင်းဆိုင် နေရာယူပြီးသည့်နောက်

''ရှင်ဘာစားမလဲ''

''လက်ဖက်ရည်ပဲ သောက်တော့မယ်''

လက်ဖက်ရည်တစ်ခွက် မှာပြီးသည့်နောက် ပြောစရာ စကားမရှိသလို ခဏတော့ တိတ်ဆိတ်သွားသည်။ အာသာကပင် စတင်ပြီး

''အရင်ဆုံး ရှင့်နာမည်သိချင်တယ်။ နာမည်သိမှ ခေါ်လို့အဆင်ပြေ မှာပေါ့၊ ကျွန်မနာမည်က အာသာဝတီကြွယ်''

''ကျွန်တော့်နာမည် ဒေဝပါ။ ကျွန်တော်ဘာကူညီရမှာလဲ ပြော''

တကယ်တကယ်မှာတော့ အာသာ ဘာပြောရမှန်းမသိ။ သမုတ်ထယ်



စက္ကူထေရီကို အမှန်အတိုင်းပြောလို့ ဖြစ်ပါ့မလား။ အခုမှ အခက်တွေ့ သည်။

''အာသာဝတီကြွယ် ကျွန်တော့်ကို သူငယ်ချင်းတစ်ယောက်လို သဘော ထားပြီး ပွင့်ပွင့်လင်းလင်း ဆွေးနွေးလို့ရပါတယ်။ အာသာဝတီကြွယ့်မှာ အခက်အခဲ တစ်ခုခုရှိနေပုံပဲ''

''ဒေဝက သူငယ်ချင်းလို သဘောထားဆိုပေမယ့် အမှန်က ဒေဝနဲ့ ကျွန်မက အခုမှ သိကြတာလေ။ အခုမှသိတဲ့သူတစ်ယောက်ကို...''

အာသာထိုမျှနှင့်စကားကို ရပ်ထားတော့ ဒေဝက သဘောပေါက်သလို ပြုံးပြီး

''ဒါကတော့ အာသာဝတီကြွယ်သဘောပေါ့''

''အခုမှသိတဲ့လူတစ်ယောက်ကို ကူညီချင်တဲ့ဒေဝရဲ့ရည်ရွယ်ချက်က''

''ဘာမှ မရှိပါဘူး။ အာသာဝတီကြွယ် မယုံတာတော့ ကိုလည်း မတတ်နိုင်ဘူး။ ယုံပါလို့လည်း အတင်းမပြောဘူး။ အာသာဝတီကြွယ်လို ရည်တည်တုံ့တုံ့ မိန်းကလေးတစ်ယောက်က အကြောင်းတစ်ခုခု မရှိဘဲ ဒီလောက်ကြီး ရှေ့မိုးထည်ကုမ္ပဏီကို လာအကဲခတ် မနေပါဘူး။ ဒါကို ရိုးရိုးသားသားနဲ့ ကူညီတာပါဆို ယုံချင်မှယုံမယ်လေ''

''ကျွန်မကို အရမ်းရိုင်းတဲ့ကောင်မလေးတစ်ယောက်လို့ ဒေဝ မထင်ဘူး''

''ဘာ့ကြောင့်ထင်စရာမရှိဘူး အာသာဝတီကြွယ်''

အာသာရယ်လိုက်ပြီး

''မထင်မရှိနဲ့ ကျွန်မက အရမ်းလည်းစိတ်တို၊ အရမ်းလည်းရိုင်းတဲ့ ကောင်မလေးတစ်ယောက်ပဲ။ ဒါပေမဲ့ အခုတော့ မဟုတ်တော့ဘူး။ ကျွန်မ ပြောင်းသွားပြီ''

''ဟာ...ဘာတွေပြောင်းသွားတာလဲ''

''အရင်က အာသာဝတီကြွယ် မဟုတ်တော့ဘဲ ပြောင်းလဲသွားတော့တာ ဒီအာသာ ပြောင်းလဲပစ်လိုက်တာလို့ ဒေဝထင်လား''

www.burmeseclassic.com



ဒေဝက မပြောတတ်ဘူးဆိုသည့် အကြည့်မျိုးနှင့်ကြည့်၏။

"ဒေဝကိုစောစောက ကျွန်မ မေးတယ်လေ၊ သမ္မတ်ထယ်ရဲ့ဒရိုင်ဘာ ကို သိလားလို့"

"သိတယ်လေ အဲဒါနဲ့ဆိုင်လို့လား"

"ကျွန်မတို့ ပြန်ကြရအောင် ဒေဝကို ပြန်လိုက်ပို့ပေးမယ်"

"နေ. . .နေပါဦး အာသာဝတီကြွယ် ဘာမှလည်း မပြောရသေး ဘူးလေ"

"ပြောဖို့ စောသေးတယ်လို့ ကျွန်မကို သတိပေးနေတယ်"

အမျိုးမျိုးပဲဆိုသည့် အကြည့်နှင့်ဒေဝကြည့်သည်။ ပြီးနောက်မှာဒေ ဒေဝကို ကမ္ဘာရေ့ ပို့ပေးခဲ့ပြီး အာသာအိမ်ပြန်လာခဲ့သည်။

❀ ❀ ❀

## အခန်း (၁၉)

ဝတီနှင့်သိခဲ့ကြပုံကို ဒေဝဖုန်းဆက်ပြီး အစီရင်ခံတော့ သမ္မတ် ပျော်လိုက်တာ ပြောမနေပါနဲ့တော့။ ဝတီပြောင်းလဲသွားတာ သူ့ကြောင့် ဆိုလျှင် ဝတီ့ရင်ထဲမှာလည်း သူကနေရာယူနေတာ သေချာပါပြီ။ အတွေး နှင့်အတူ သူမကို တွေ့ချင်စိတ်တွေက တားမရတော့ပါ။

ညနေ တော်တော်စောင်းနေပြီ ဖြစ်သည့်အတွက် သူ အပြင်ထွက်ဖို့ မဖြစ်နိုင်တော့။ ဆက်နှင့်ပတ်သက်ပြီး မေမေစိတ်ဆိုးနေတာ ပူပူနွေးနွေး ရှိသေးသည်။ အပြင်သွားဖို့ တစ်ခုခုအကြောင်းပြလည်း မေမေက ယုံမှာ မဟုတ်။ သူနှင့်မေမေရဲ့ ပဋိပက္ခက ပိုကြီးသွားနိုင်သည်။

ဒီအချိန်မှာ ဘူဦးနောက်က အကြံထွက်လာကာကတော့ ဆက်ကို ဖုန်းဆက်ပြီး သူလာခဲ့မည်ဟု ပြောလိုက်သည်။ အခုအချိန်ဆိုလျှင် မေမေ ညှိခန်းထဲမှာပဲ ရှိမည်။ သူ အဝတ်အစားလဲပြီး ထွက်လာတော့ ညှိခန်း ထဲမှာ မေမေတစ်ယောက်တည်း တီဗွီကြည့်နေသည်။

"မေမေ"

တီဗွီကြည့်ရင်းက မေမေလှည့်ကြည့်၏။

"သား ဆက်ဆီသွားလိုက်ဦးမယ်မေမေ"

မေမေ တော်တော်ကို တအံ့တသြ ဖြစ်သွားပုံရသည်။ လွန်ခဲ့သော နာရီပိုင်းလေးကပဲ ဆက်ကို အိမ်ပြန်ပို့ပေးလိုက်သည်။ ဆက်နှင့်အတူရှိ နေစဉ်အတွင်းမှာလည်း သူက ဆက်ကို အရေးတယူ မရှိတာကို မေမေ ခုထိ မကျေမနပ် ဖြစ်နေတာတောင် မပျောက်သေးပါ။ မေမေ အံ့သြ မည်ဆိုလည်း အံ့သြစရာပါ။ အဓိကကတော့ သူ့ကိုမယုံသင်္ကာ မဖြစ်ဖို့ပဲ။

www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုကြည့်နေသော မျက်မှန်အောက်က မေမေ့ရဲ့မျက်လုံးရှူးရှူး တွေကို ပြုံးပြီးမကြည့်ရဲပါ။

''ဘာသွားလုပ်မှာလဲ''

''ဘာရယ် မဟုတ်ပါဘူး မေမေ၊ ဆက်နဲ့စကားပြောချင်လို့ပါ''

မေမေ မယုံသလို အမေးကို သူကမေမေနှင့် မျက်လုံးချင်းမကြည့် ဖြေသည်။

''မသွားနဲ့တော့၊ မနက်ဖြန်မှသွား။ ဒါမှမဟုတ် ဖုန်းဆက်ပြီးပြော''

မေမေက ချိုသာပျော့ပျောင်းမှု မရှိသော အသံနှင့် ခပ်ပြတ်ပြတ် ပြောတော့ သူစောဒက မတက်တော့ပါ။ သူ့အခန်းထဲပြန်လာခဲ့ပြီး ဖုန်း တော့ ခေါ်လိုက်သည်။ သူခေါ်သည့်ဖုန်းက ဆက်ကိုတော့မဟုတ်။

ဖုန်းခေါ်နေပြီ။ ငါးခါလောက်ခေါ်မှ သူမဖုန်းကိုင်ပြီး

''ပြော''

''ဝတီ ဘယ်သွားနေလို့လဲ''

''ဘယ်မှမသွားဘူး''

''ဒါဖြင့်ဘာလို့ ဖုန်းချက်ချင်း မကိုင်တာလဲ''

''ရှင်နဲ့မှ ပြောစရာအကြောင်းမရှိတာ''

''ဝတီရယ်''

သူမကတော့ ဘယ်လိုသဘောနှင့်ပြောမှန်း မသိပေမယ့် သူ တကယ် ခံစားသွားရသည်။

''ဘာပြောမလို့လဲ...ပြော''

''ဝတီ့ကို ချစ်တဲ့အကြောင်းကလွဲလို့ ပြောစရာမရှိပါဘူး''

သူမ သက်ပြင်းချသံကို ဖုန်းထဲကအတိုင်းသား ကြားရသည်။

''စိတ်အနှောင့်အယှက်ဖြစ်နေလား ဝတီ''

''အမှန်အတိုင်းပြောရရင် ရှင်နဲ့စကားပြောရတာ ကျွန်မပျော်ပါတယ် ကျွန်မက ဟန်ဆောင်တာတို့ လိမ်ညာတာတို့ကို အရမ်းမုန်းတယ် ကျွန်မလည်း ဘယ်တော့မှ ဟန်မဆောင်ဘူး။ ကျွန်မ ဘယ်ယောကျ်ား နဲ့မှ စကားမပြောဖူးဘူး။ ရှင်က ကျွန်မ ယဉ်ယဉ်ကျေးကျေး လက်ခံ



စကားပြောတာကို ခံရတဲ့ ပထမဦးဆုံးယောကျ်ားပဲ။ အခုအချိန်မှာ ကျွန်မ ရှင့်ကို ဘာမှပြောလို့ မရသေးဘူး။ ကျွန်မပြောလို့ရတဲ့ အချိန်ထိ ရှင် စောင့်ပေးပါလား''

''ဝတီ အဲဒါ အဲဒါ ဘာပြောတာလဲဟင်''

''ဒီ့ထက်သဘောပေါက်အောင် ကျွန်မ ရှင်းမပြတတ်ဘူး။ ဆောရီး''

''ဒါဆို ကိုယ်ဝမ်းသာရမှာပေါ့နော်''

သူမ ဘာမှမပြောတော့ဘဲ ဖုန်းလေး အသာအယာပိတ်သွားတော့ သူ့ရင်ထဲမှာ ဘယ်လို ခံစားသွားရမှန်းမသိတော့ပါ။

အပြင်ဘက်မှာလည်း နေရောင်မလှူသွားသော ဆည်းဆာညနေခင်းသို့ ရောက်နေသည့်အတွက် မိုးကောင်းကင်ကြီးက လိမ္မော်ဖျော့ဖျော့လေးဖြင့် လှမ်းမောစရာ ကောင်းနေသည်။

ဒီလိုညနေခင်းလေးမှာ ချစ်သူနှင့်အတူတူ လမ်းလျှောက်ခွင့်သာရလျှင် ဘယ်လောက်ကြည်နူးစရာ ကောင်းလိုက်မည်မသိ။

ဘာကြောင့်မှန်းမသိ သူ့ရင်ထဲမှာ နွမ်းလျသလို ခံစားနေရသည်။ မင်းကို သိပ်ချစ်တယ် အာသာဝတီကြွယ်၊ ဖြစ်ချင်တာဖြစ်တော့။ မင်းကို ချစ်တယ်ဆိုတာ တစ်လောကလုံးသိအောင် ကြွေးကြော်လိုက်တော့မည်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၀)

''သမီးရေ''

''ဒေါက်. . .ဒေါက်''

တံခါးခေါက်သံနှင့်ခေါ်သံကြောင့် အာသာဖျတ်ခနဲ လန့်နိုးပြီး အသ[illegible] နားစွင့်လိုက်သည်။

''ဒေါက် ဒေါက်''

''အိပ်လှချည်လား မယ်အာသာ''

''ဟာ အန်တီနိုင်''

ခြုထားသောစောင်ကို ဆွဲလှန်ပစ်လိုက်ပြီး အိပ်ယာပေါ်က ဝရုန်း[illegible] ကားနှင့် အာသာပြေးဆင်းလာသည်။ တံခါးကို ဝုန်းခနဲဖွင့်ပြီး တံခါး[illegible] ရပ်နေသော အန်တီ့နိုင်ကို အတင်းဖက်လိုက်ကာ

''လွမ်းလိုက်တာ အန်တီနိုင်ရယ်၊ အရမ်းလွမ်းတာပဲ''

''ဟဲ့. . .ဟဲ့ အံမယ်လေး မျက်နှာမသစ်၊ သွားမတိုက်ပဲ အ[illegible] ဖက်နေတယ်၊ ဖယ်ပါ၊ ဒီမှာ အထုပ်တွေ ပျက်ကုန်ပြီ''

အန်တီနိုင် အတင်းရုန်းထွက်နေပေမယ့် အာသာလွှတ်မပေးဘဲ ပို[illegible] ဖက်သည့်အပြင် အန်တီနိုင့်ပါးနှစ်ဖက်ကိုလည်း ဘယ်ပြန်ညာပြန် [illegible] လိုက်သေးသည်။

''ကြည့်စမ်း. . .ကြည့်စမ်း အာပုပ်ရည်တွေ ပေကုန်ပြီ။ အ[illegible] ပတ်မလေး''

တကယ်စိတ်မဆိုးဘဲ ခြေဆောင့်ပြီး စိတ်ဆိုးပြနေသော အန်[illegible] ပုံစံလေးကို အသည်းယားပြီး အတင်းဖျစ်ညှစ်ထားလိုက်သည်။



''လုပ်ပြန်ပြီ''

''ချစ်လို့ပါ အန်တီနိုင်ရယ်''

''ဒီမှာ အသက်ရှုတွေ ကျပ်နေပြီ၊ လွှတ်ပါတော့''

''ဩော်. . .ကိုယ့်တူမလေးဖက်တာကျ အသက်ရှုကျပ်တယ်ပေါ့ ဟုတ်လား''

အာသာနှုတ်ခမ်းလေးစူပြီး ခြေဆောင့်ပြောတော့ အပျိုကြီးဒေါ်နိုင်နိုင်ကျော် စွေ့စွေ့ခုန်သွားပြီး

''အံမယ်မယ် ကိုယ့်တူမလေးကိုတော့ အသက်ရှုကျပ်တယ်ဆိုရအောင် ကျပ်က ဘယ်သူ့ဖက်တာကို မှိန်းခံနေဖူးလို့လဲ''

''ဒါတော့ မသိဘူး''

''ကြည့်စမ်း ကိုယ့်အဒေါ်အပျိုကြီးကိုပြောရမယ့်စကားလား''

ဗိုက်ခေါက်ကို လိမ်တော့မှာသိသော အာသာကအခန်းထဲ ပြန်ဝင်ပြေးတော့ အန်တီနိုင်နောက်ကလိုက်သည်။ အခန်းတစ်ခုလုံး အာသာလှည့်ပတ်ပြေးတော့ ဒေါ်နိုင်နိုင်ကျော်မောပြီး တူမဖြစ်သူ ကုတင်ပေါ်ဝုန်းခနဲ ထိုင်ချလိုက်သည်။

ဒီတော့မှ အာသာဝတီကြွယ် အဒေါ်ဖြစ်သူနား ပစ်ထိုင်ချပြီး အဒေါ်ရင်ခွင်ထဲ ခေါင်းတိုးကာ ဖက်ထားလိုက်သည်။

ဒေါ်နိုင်နိုင်ကျော် တူမဖြစ်သူ ခေါင်းလေးအား ပွတ်ပေးရင်း

''သမီးလေး သိပ်ပျော်နေတယ်မလား''

အန်တီ့နိုင် ရင်ခွင်ထဲကနေ အာသာမော့ကြည့်ပြီး

''ပျော်တာမှ ဘယ်လိုပြောရမှန်းတောင် မသိတော့ဘူး။ အန်တီနိုင်ရော''

''အန်တီနိုင်လည်း သမီးလိုပဲပေါ့။ ရောက်စကဆို ဘယ်လိုမှ မနေတတ် မထိုင်တတ်အောင် ဟောဒီ မယ်အာသာလေးကိုလွမ်းတာ''

အာသာ့မျက်နှာကို တစိမ့်စိမ့်ကြည့်ပြီး နှဖူးလေးကို လက်ညှိုးလေးနှင့် ထောက်လိုက်တော့ ရင်ထဲမှာ ကြည်နူးသွားကာ ပြောမပြတတ်အောင်ပင်။

www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး၊ ဒီနေ့မနက်အစောကြီးမှ မြစ်ကြီးနားက ထွက်လာမယ်ဆိုပြီး အခုဘယ်လိုဖြစ်လို့ အစောကြီး ရန်ကုန်ရောက်လာရတာလဲ။ ဘာလဲ လေယာဉ်နဲ့လာတာ မဟုတ်လား အန်တီခိုင်"

အာသာ အခုမှ သတိရသွားသလိုမေးတော့ အန်တီခိုင်က ချစ်စဖွယ် ခေါင်းခါလိုက်သည်။

"စောစောရောက်တော့ အန်တီခိုင်တို့တူဝရီး စောစောတွေ့ရတာ ပိုမကောင်းဘူးလား"

"ကောင်းတာပေါ့"

"မနေ့ညနေက ရန်ကုန်ထွက်မယ့် မိတ်ဆွေတစ်ယောက်ကားနဲ့ လိုက်လာလို့ ဒီမနက် စောစောရောက်တာပေါ့။ ကဲပါ စကားတွေ နောက်မှ ပြောမယ်၊ လောလောဆယ် မျက်နှာသစ်မယ်၊ ကိုယ်လက်သန့်စင် အဝတ်အစားလဲပြီး ဘရိတ်ဖတ်စ် အတူစားမယ်၊ စောင့်နေမယ်နော်၊ မြန်မြန်လေး လုပ်ပြီး ထွက်လာခဲ့"

"အိုကေ"

အာသာ ပြောင်ချော်ချော်ပြောပြီး တစ်ချက်နမ်းလိုက်တာကို အန်တီခိုင် ကျေကျေနပ်နပ် ခံယူသွားသေးသည်။

လုပ်စရာရှိတာကို ဝုန်းဒိုင်းကျဲလုပ်ပြီး အာသာဘရိတ်ဖတ်စ်စားဖို့ ထမင်းစားခန်းထဲ ဝင်လာတော့ အန်တီခိုင့်ကိုမတွေ့။

"အန်တီခိုင်ရော ဒေါ်မိ"

ဒေါ်မိ ဟင်းအိုးမွှေနေရာက လှည့်ကြည့်ပြီး

"အခန်းထဲမှာ ဝတ်ရည်နဲ့ စကားပြောနေတယ်။ သမီးဆာပြီလား"

"ရတယ်"

ဒါပဲပြောပြီး အန်တီခိုင်ရှိသည့် အမေ့အခန်းဘက် လျှောက်လာခဲ့သည်။

"နင်ဘာတွေ လျှောက်လုပ်နေတာလဲ ဝတ်ရည်"

ဒေါသစွက်သော အန်တီခိုင့်အသံကျယ်ကျယ်ကြောင့် ရှေ့ဆက်တိုးမည့် အာသာ့ခြေလှမ်းတွေ အမေ့အခန်းဝမှာတင် ရပ်သွားပြီ။ နားစွင့်လိုက်သည်။



"အဟက် ဟက် ဟက်"

"အလကား အဓိပ္ပာယ်မရှိတဲ့အလုပ်ကို လျှောက်လုပ်နေတယ်၊ နင်ဟာ တကယ်တော့ ယဉ်ယဉ်လေးနဲ့ရူးနေတဲ့မိန်းမပဲ"

အန်တီခိုင် ဘယ်လိုပင် ပြောပြော အမေ့ရဲ့ခြောက်ကပ်ကပ်ရယ်သံပဲ ထွက်လာသည်။

"နင်အရူးထတာအကြောင်း မဟုတ်ဘူး။ ဒီကိစ္စနဲ့ ပတ်သက်ပြီး ဘာမှ နားမလည်တဲ့ကလေးကို နင်မို့ ဒီလိုလုပ်ခိုင်းရက်တယ်"

"နှီး ... နှီး နင့်တူမကို ငါ အတင်းမခိုင်းပါဘူး။ မလုပ်ချင်ရတယ်လို့ ပြောပါတယ်။ ဒါကိုမှ သူကိုယ်တိုင်က ဖျတ်ဖျတ်လူး လုပ်ချင်ပါတယ်တဲ့"

"ကလေးက နင့်မေတ္တာကို ငတ်နေတာကို၊ ဒီတော့ နင့်ခိုင်းတာကို …အော ငြိုငြင်မှာစိုးလို့ ဘယ်ငြင်းမလဲ"

ချောင်းနားထောင်နေသည့် အာသာက အန်တီခိုင်နှင့်အမေဖြစ်နေ…သော ပြဿနာကို သဘောပေါက်သွားသည်။ ဒါကြောင့်လည်း ပိုပြီး …ဝင်စားသွားကာ နားကို အသားကုန် စွင့်ထားလိုက်သည်။

"ဒီမှာ ခိုင်ခိုင် ငါ့ရင်ထဲက ခံစားချက်ကို နင်အသိဆုံးပါ။ ဒါကြောင့် …လုပ်နေတာတွေက အဓိပ္ပာယ်ရှိတယ်"

ဒေါ်ခိုင်ခိုင်ကျော် အစ်မဖြစ်သူကိုကြည့်ပြီး သက်ပြင်းချသည်။

"ငါ့ကို မတားပါနဲ့ဟာ၊ နင်ကမှ နားမလည်ရင် ငါ့ကိုဘယ်သူက နားလည်ပေးမှာလဲ"

ဒေါ်ခိုင်ခိုင်ကျော် ခေါင်းကို အသားကုန်ခါလိုက်ပြီး

"နင့်စိတ်တွေက အရမ်းကို အစွန်းရောက်နေပြီ ဝတ်ရည်။ နင် …ဖြစ်လို့ အစွဲအလမ်းတွေကြီးနေတာလဲ၊ ကိုမိုးခေါင်လည်း ဒီလောက …မှာရှိတော့တာ မဟုတ်ဘူး။ အသက်တွေလည်း ကြီးလာပြီ။ နင့် …နှုန်းတရားတွေက မပြယ်နိုင်သေးတဲ့အပြင် အငြိုးတွေကလည်း ကြီး…က်တာ။ ဒါကြောင့် နင်ကအမြဲပူလောင်ပြီး ကိုယ့်သွေးသား အရင်းကို …တောင် မေတ္တာတွေ မပေးနိုင်ဖြစ်နေတာ"

"မဆိုင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



အမေ ဒေါသတကြီး အော်လိုက်သံကြီးက အပြင်မှာရှိနေသော အာသာတောင် လန့်သွားသည်။ ဒါပေမဲ့ တုပ်တုပ်မှ မလှုပ်ရဲပါ။ အာသာ အသက်တောင် ရှူမိရဲ့လားမသိ အမေနှင့်အန်တီနိုင်ပြောနေသော အာသာ မကြားဖူးသည့် အမေ့အကြောင်းတွေကို နားထောင်ပြီး ရင်တွေ တဒိတ် ဒိတ်ခုန်လာသည်။

ကိုမိုးခေါင်တဲ့။ သူက ဘယ်သူလဲ။

''ငါ ဒင်းကို မချစ်တာ ငါ့မေတ္တာတွေ မပေးနိုင်တာ စိုးကြွယ်ရဲ့ သွေးမို့ပဲ''

''ဟဲ့…နင့်သွေးရော မပါဘူးလား၊ ကိုစိုးကြွယ်နဲ့တခြားမိန်းမရတဲ့ ကလေးမှ မဟုတ်တာ။ နင်ကနင့်ကိုယ်နင်ပဲ ပိုချစ်တဲ့ အတ္တကြီးတဲ့ မိန်းမကြမ်းမ''

''နင် ပြောချင်တာပြော နိုင်နိုင်။ ငါကတော့ ဒီကိစ္စအောင်မြင်မှ ငါ့ဆန္ဒတွေ ပြည့်မယ်''

''အဟား…ဟား…ဟား''

ဒေါ်မြဝတ်ရည် အားရပါးရ ရယ်နေတာကို ဒေါ်နိုင်နိုင်ကျော်ကြည့်ပြီး ခေါင်းခါနေသည်။

''ဝတ်ရည်''

ဒေါ်မြဝတ်ရည် အရယ်ရပ်ပြီး ညီမနိုင်နိုင်ကျော်ကိုကြည့်သည်။

''နင် အခုလို လုပ်လိုက်တဲ့အတွက် ကိုမိုးခေါင်သမီးလေး အရှက် တကွဲ အကျိုးနည်းဖြစ်သွားရင် နင်ပျော်မလား''

''ဟဲ့…နိုင်နိုင် ကိုမိုးခေါင် သမီးကလည်း နန္ဒာမော်ရဲ့သမီးလေ၊ ဒင်းက သူ့သမီးကို သိပ်ချစ်တာတဲ့''

''မိဘတိုင်း သားသမီးကို ချစ်ကြတာချည်းပဲ။ နင်သာ အချစ်စိတ် တွေမွှန်ပြီး ကိုယ့်သမီးအရင်းကို မချစ်နိုင်ဖြစ်နေတာ''

ဒေါ်မြဝတ်ရည် မသိဟန်ဆောင်ပြီး ဆက်ပြောသည်။

''သမီးကို သိပ်ချစ်တဲ့ကောင်မ။ သူ့သမီးခံစားရရင် သူလည်း ခံစား ရမှာပဲ။ ငါက ဒီကောင်မကို ငါ ခံစားရသလို အလူးအလိမ့် ခံစားရစေ



ချင်တာ။ အချစ်ကို အလုခံရတဲ့ မိန်းမတစ်ယောက်ရဲ့ ခံစားချက်ကို င်းဒါမှသိမယ်။ ငါ မသေခင် နန္ဒာမော်ဆိုတဲ့မိန်းမ နလန်မထူနိုင်တာကို မိန့်ကြီး ကြည့်သွားချင်တယ်။ ဒါမှလည်း ငါအသေဖြောင့်မှာ''

''နင့်ကိုကြည့်ပြီး ငါ ကြောက်လာပြီ ဝတ်ရည်။ နန္ဒာမော်ထက် နလန်မထူနိုင် ဖြစ်မှာက သူ့သမီးလေးပဲ။ နင်တို့ချင်းကိစ္စမှာ ကလေးတွေနဲ့ ဘာဆိုင်လို့လဲ ကိုယ့်သမီးလေးကိုလည်း သူများရည်းစားကို ဝင်လုတဲ့ မိန်းမကြမ်း ဖြစ်နိုင်းတယ်၊ တကယ်လို့ ကောင်လေးကသာ ဟိုဘက်ကို သစ္စာရှိခဲ့ရင် နင့်သမီးအရှက်ကွဲမှာ နင်ထည့်မတွက်ဘူးလား''

''အဲဒါကြောင့် ကောင်လေးမေတ္တာကို ရအောင်ယူ။ ကောင်လေးက အာသာဝတီကြွယ်ကိုမှ မရရင် မနေနိုင်တော့ပါဘူးဆိုတဲ့အဖြစ်မျိုးရအောင် လုပ်ဖို့ နိုင်းထားတာပေါ့။ ဟား ဟား ဟား''

ဒေါ်နိုင်နိုင်ကျော် အစ်မဖြစ်သူဒေါ်မြဝတ်ရည်ကို မကျေမနပ်ကြည့်လိုက် သည်။

''အေး ကောင်လေးက နင့်သမီးကို တမ်းတမ်းစွဲသွားပါပြီ။ လက်ထပ် ပေးဖို့ရော ရည်ရွယ်ချက်ရှိလား''

''ရှိတာပေါ့! ကောင်လေးနဲ့အာသာဝတီကြွယ် လက်ထပ်တော့မှ နန္ဒာ မော်ခံစားနေရတာကို ငါကပြုံးပြုံးကြီးကြည့်မှာ။ ငါ့ကြောင့် ငါ့သမီးလေး ဒီလို ခံစားရတာဆိုပြီး နောင်တတွေနဲ့ တမြေ့မြေ့ခံစားရမှာ''

''ဟား ဟား ဟား''

ဒီတစ်ခါ အူလှိုက်သည်းလှိုက် ရယ်လိုက်သူကတော့ ဒေါ်နိုင်နိုင်ကျော် ဖြစ်သည်။ ဒေါ်မြဝတ်ရည်မှ မျက်နှာကြီးမှုန်ကုပ်ပြီး ဒေါ်နိုင်နိုင်ကျော် ကိုကြည့်ကာ

''ဘာ့ရယ်တာလဲ''

''ရယ်တာပေါ့၊ နင်.ပြောတာရယ်စရာကြီးကို ကောင်လေးအဖေက နင့်သမီးမှန်းသိရင် လက်ခံမယ်ထင်လား''

ဒေါ်နိုင်နိုင်ကျော့် စကားကြောင့် ဒေါ်မြဝတ်ရည်တင်းသွားပြီး

''ဒီမှာ နိုင်နိုင် ဒီဇာတ်လမ်းမှာ နန္ဒာမော်က မိန်းမကြမ်း တနည်း

www.burmeseclassic.com

www.burmeseclassic.com



အားဖြင့် ဗီလိန်ဆိုတာ ကိုမိုးခေါင်သူငယ်ချင်းတွေသိပါတယ်''

''ဒါဆို သူတို့သားနဲ့ နန္ဒာမော့်သမီးကို ဘာဖြစ်လို့ သဘောတူလဲ''

''ကိုမိုးခေါင်က အချစ်ဆုံးသူငယ်ချင်းလေ''

''တော်ပြီ ဝတ်ရည်။ နင်နဲ့စကားနိုင် မလုချင်တော့ဘူး။ ငါကတော့ ငါ့သမီးလေးကို သူများရည်းစားဝင်လုတဲ့ ဗီလိန်လည်း အဖြစ်မခံနိုင်ဘူး။ ဖြူစင်နေတဲ့ သူ့နှလုံးသားလေးကိုလည်း အရောင်ပြောင်းပြီး ညစ်နွမ်းမသွားစေချင်ဘူး။ ဒီတော့ ငါတားရမှာပဲ''

''နင် တားလို့ရရင် တားပေါ့''

ဒေါ်မြဝတ်ရည်က ခပ်အေးအေးပင်။ ဒေါ်နိုင်နိုင်ကျော့်ဒေါသကို ထိန်းပြီး ဒေါ်မြဝတ်ရည်အခန်းထဲက ထွက်လာခဲ့သည်။

''ဟင်...သမီးလေး အာသာ''

အာသာ့ကို အမေ့အခန်းဝမှာတွေ့တော့ အန့်တီနိုင် အံ့ဩသွားသည်။ အန့်တီနိုင့်မျက်နှာကို အာသာငေးကြည့်နေတော့ အန့်တီနိုင် သက်ပြင်းချလိုက်သည်။ ပြီးမှ အာသာ့ပခုံးကိုဖက်ကာ အမေ့အခန်းရှေ့က ခေါ်လာခဲ့သည်။

❀ ❀ ❀

# အခန်း (၂၁)

''ခင်ရေ ညှော်သည်''

ဦးမင်းမောင်က ညှော်ခန်းမှာထိုင်နေသော ဇနီးဖြစ်သူကို အပြုံးနှင့် ပြောလိုက်သည်။

''ဟယ် ...မော်နဲ့သမီးလေး''

ခင်ပွန်းသည်ပြောတော့ တခြားညှော်သည်ပဲထင်သော ဒေါ်ခင်မေက နန္ဒာမော်နှင့်ငွေမိုးဆက်ကိုလည်း တွေ့ရော ဝမ်းသာအားရ ဖြစ်သွားထိုင်ရာက ထလာသည်။

''ဘယ်လိုဖြစ်တာလဲ စောစောစီးစီး မလာစဖူး လာလို့''

''ခင်ကလည်း ဘုရားသွားတာနေမှာပေါ့''

ဦးမင်းမောင်အပြုံးနှင့်ဝင်ပြောတော့ ငွေမိုးဆက် မိခင်ဖြစ်သူကို ကြည့်သည်။ ဒေါ်နန္ဒာမော် မချိပြုံးလေးပြုံးပြီး

''ဒီကိုပဲ တမင်လာတာကိုမောင်''

''ကဲပါ...ထိုင်ပြီး ပြောပါ။ လာမော် သမီးလေးလည်းလာ''

ဒေါ်ခင်ခင်မေက ဒေါ်နန္ဒာမော်ကိုတစ်ဖက် ငွေမလောင်းဆက်ကိုတစ်ဖက် တွဲပြီး ညှော်ခန်းဆိုဖာပေါ်မှာ ထိုင်ခိုင်းလိုက်သည်။ နန္ဒာမော် မျက်နှာမကောင်း၊ သမီးငွေမိုးဆက် မိခင်ဖြစ်သူ ဒေါ်နန္ဒာမော် မျက်နှာကိုပဲ အရိပ်တကြည့်ကြည့် ရှိနေသည်။

ဦးမင်းမောင်နှင့်ဒေါ်ခင်ခင်မေ မျက်လုံးချင်းဆုံသွားသည်။ ဦးမင်းမောင် ဇနီးဖြစ်သူကို ဒေါ်နန္ဒာမော်တို့သားအမိ မမြင်အောင် ခေါင်းခါပြသည်။ ဒေါ်ခင်ခင်မေက သဘောပေါက်သလို ခေါင်းလေးဆတ်ပြပြီး ဒေါ်နန္ဒာမော်

www.burmeseclassic.com

www.burmeseclassic.com



တို့ဆီ အကြည့်ရောက်သည်။

"မော်"

ဒေါ်ခင်ခင်မေ ငြင်ငြင်သာသာလေးခေါ်တော့ ဒေါ်နန္ဒာမော့်အကြည့်တွေက ဖြည်းလေးစွာ။

"သားအမိနှစ်ယောက်လုံး မျက်နှာမကောင်းကြပါလား။ ဘာတွေမှ စိတ်အနှောင့်အယှက်ဖြစ်စရာ ရှိလို့လဲ။ မော်တို့အပူကလည်း ခင်တို့အပူ မလား"

ဒေါ်ခင်ခင်မေ ထိုသို့ ပြောလိုက်မှ ဒေါ်နန္ဒာမော် မျက်နှာပြုံးတော့ မိုးလို ညှို့မှိုင်းသွားသည်။ မိခင်ဖြစ်သူကိုကြည့်ပြီး ငွေမိုးဆက်မျက် ပလေး ငိုမဲ့မဲ့ ဖြစ်နေသည်။ ဒေါ်နန္ဒာမော် သမီးကို တစ်ချက် ကြည့်ပြီး

"ကိုမောင်နဲ့ ခင်"

"ပြောလေ မော်"

"တို့တွေက မိသားစုတွေပဲ၊ ပြောစရာရှိတာကို ပွင့်ပွင့်လင်းလင်း ပြောပါ နန္ဒာမော်"

"ဟုတ်ကဲ့ပါ ကိုမောင်၊ မော့်ဘဝမှာ ကိုမောင်တို့မိသားစုနဲ့ ကိုမော တို့ လင်မယားကိုပဲ ကိုယ့်မိသားစုလို အားလည်းကိုးတယ်။ ချစ်လည်း ချစ်တယ်။ ကိုမောင်ကတော့ မော့်ကိုအစွဲအလမ်းကြီးတယ်လို့ပဲ ပြော ဦးမှာပဲ"

ဦးမင်းမောင် သက်ပြင်းချတော့ ဒေါ်နန္ဒာမော်က ကျလာသည့် မျက်ရည်တွေကိုသုတ်လိုက်ရင်း

"မော် ဘာပြောတော့မယ်ဆိုတာ ကိုမောင်သိပါတယ်"

ဦးမင်းမောင် ဘာတစ်ခွန်းမှ မပြော။ ဒေါ်ခင်ခင်မေနှင့်ငွေမိုးဆ ကလည်း ဦးမင်းမောင်နှင့်ဒေါ်နန္ဒာမော်ကို တစ်လှည့်စီ ကြည့်နေ သည်။ ဧည့်ခန်းတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေသည်။

"အိပ်မက်ဆိုးတွေ မက်ပြန်ပြီလား နန္ဒာမော်"

ဒေါ်နန္ဒာမော်က အပြစ်ရှိသည့် လူတစ်ယောက်လို မျက်လွှာ ချထားသည်။



"ညည်းက အရမ်းအစွဲအလမ်းကြီးတာကိုး၊ နှစ်ပေါင်းလည်းမနည်း တော့ဘူး၊ ညည်းအစွဲအလမ်းက ကိုယ့်ကိုယ်ကိုယ် ပြန်ဒုက္ခပေးသလို နေပြီဆိုတာ သတိထားမိရဲ့လား၊ ရောဂါတိုးနေတာလည်း ဒီအစွဲအလမ်း ကြောင့်ပဲ"

ဒေါ်နန္ဒာမော် ခွန်းတုန့်ပြန်ခြင်းမရှိ။ မျက်ရည်တွေသာ တသွင်သွင် နေသည်။

"မငိုပါနဲ့တော့ မော်ရယ် သမီးလေးလည်း မအေကိုကြည့်ပြီး ဆင်းရဲနေရပြီ။ မော် ဘာဖြစ်ချင်လဲ။ ပွင့်ပွင့်လင်းလင်းသာပြော"

ဒေါ်ခင်ခင်မေ ထိုသို့ပြောတော့ ဒေါ်နန္ဒာမော် အရောင်လဲ့နေသော ဝန်းနှင့်ကြည့်၏။ မျက်ရည်တွေကိုလည်း သုတ်လိုက်ကာ

"လိုရင်းပဲ ပြောတော့မယ် ခင်ရယ်၊ ကိုမောင်ရောပေါ့"

ဒေါ်နန္ဒာမော်ပြောဖို့ကို အားယူပြီးမှ

"သားနဲ့သမီးကို အမြန်ဆုံးလက်ထပ်ပေးချင်တယ်"

"အေးလေ အခုလည်း ညည်းဆန္ဒအတိုင်း ဝါမဝင်ခင်သားနဲ့သမီးကို ထပ်ပေးဖို့ စီစဉ်နေကြတာပဲ မဟုတ်လား"

ဒေါ်နန္ဒာမော် ခေါင်းကို သွက်သွက်လည်အောင် ခါယမ်းလိုက်သည်။

"ဝါဝင်ဖို့ကလည်း သုံးလလောက်ပဲ လိုတော့တယ်လေမော်ရဲ့"

"အဲဒီအထိကို မစောင့်ချင်တော့ဘူးခင်"

ဒေါ်ခင်ခင်မေ တအံ့တသြနှင့်ပါးစပ်အဟောင်းသားဖြစ်သွားသလို မောင်ကလည်း ဒေါ်နန္ဒာမော်ကို မမြင်ဖူးသူတစ်ယောက်လို ကြည့်၏။

"ကိုမောင်နဲ့ခင် ဘာပြောပြော မော်ခံမယ်။ ဖြစ်နိုင်ရင် ဒီရက်ထဲမှာကို နဲ့သမီးကို တရားရုံးတစ်ခုခုမှာ လက်မှတ်ထိုးခိုင်းပြီး ခင်တို့ ခြံကြီးထဲ ဧည့်ခံပွဲလုပ်ရင် မကောင်းဘူးလား"

"ဘာဖြစ်လို့ ဒီလောက် အလောတကြီး ဖြစ်နေရတာလဲမော်။ ပွဲတစ်ခုရဲ့ကိစ္စတွေက သုံးလတောင် မနည်းပြီးအောင် စီစဉ်ရမှာ။ ရောခင်တို့မှာရော ဒီသားနဲ့ဒီသမီးလေးပဲ ရှိတာလေ။ မော်ပဲ ပြောပြီး ကောင်းဆုံးချည်းပဲ လုပ်ပေးရမှာဆို"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်ခင်၊ အခု မော်ပြောတာကလည်း သားနဲ့သမီးအတွက် ဘယ်လို အနှောင့်အယှက်မျိုးမှ မရှိရအောင် နိုင်လုံအောင် လုပ်ချင်တာ တစ်ခုပါပဲ။ ဝါကျွတ်တာနဲ့အရင်စီစဉ်ထားတဲ့အတိုင်း ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနား ထပ်လုပ်ကြတာပေါ့။ မော့်ဆန္ဒကို ဖြည့်ပေးပါကိုမောင်နဲ့ ခင်ရယ်"

ဘာသံမှထွက်မလာဘဲ အသံတိတ်သွားကြသည်။ တိတ်ဆိတ်ခြင်းကို စတင်သူကတော့

"မဟုတ်သေးပါဘူး အန်တီမော်။ နောက်နှစ်နှစ်လောက်မှကနေ ဝါမဝင်ခင် အခုတစ်ခါ ဒီရက်ပိုင်းအတွင်း လက်ထပ်ရမယ် ဖြစ်ပြန်ပြီ ကျွန်တော် တော့ ဘယ်လိုမှ နားမလည်နိုင်တော့ဘူး"

အားလုံးရဲ့အကြည့်တွေက အခုမှ ဝင်လာပြီး ပြောလိုက်သော သမုတ် ထယ်ထံသို့။

"သား"

ဒေါ်ခင်ခင်မေ သားဖြစ်သူကို လှမ်းခေါ်လိုက်သလို ဒေါ်နန္ဒာမော် ကလည်း

"သား အန်တီမော် တောင်းပန်ပါတယ်ကွယ်။ အန်တီ့မော်ဆန္ဒကို သား လိုက်လျောပေးမယ်မလား"

"ဆောရီးပါ အန်တီမော်၊ ကျွန်တော် လက်မခံပါရစေနဲ့"

သူ အခုလို ငြင်းလိမ့်မည်ဟု အားလုံးထင်ပုံမရ။ အန်တီမော့်မျက်နှာ ညိုမည်းသွားသလို ဆက်မျက်နှာလေးကလည်း ဖြူရှက်လောက်ရှိတော့ သည်။ မေမေကတော့ အားနာသည့်အကြည့်တွေနှင့် အန်တီမော်ကို သားအမိကို ကြည့်နေ၏။

"ဘယ်လိုပြောလိုက်တာလဲ သား။ တစ်ချိန်မှာ လက်ထပ်ရမယ့်သား သမီးဟာ အခု လက်ထပ်တော့ရော ဘာဖြစ်သွားမှာမို့ လက်မခံနိုင်ရတာလဲ သား အခုလို ငြင်းလိုက်တာဟာ အန်တီမော့် နှလုံးသားကို နင်းခြေလိုက် လိုက်သလိုပဲ"

အန်တီမော် ငိုကြီးချက်မနှင့် ထဖြစ်တော့ ဆက်ငုံ့မှုံ့မဲ့လေးနှင့် မေမေ့



အနား ပိုတိုးကပ်ပြီး မိခင်မျက်နှာကိုပဲ ကြည့်နေ၏။

ဖေဖေနှင့်မေမေလည်း ဘာပြောရမှန်းမသိဖြစ်နေသည်။

"သားရော ဆက်ရော အရွယ်ရောက်လာကတည်းက မိဘတွေ စိတ်တိုင်းကျ မိဘတွေစကား နားထောင်ခဲ့တယ်။ အဲဒီလောက် နားထောင် ခဲ့တာတောင် ဟိုလိုလုပ်ပါဦး၊ ဒီလို လုပ်ပါဦးနဲ့ စိတ်တိုင်းမကျနိုင်ဘူးကို ဖြစ်နေတယ်။ ကျွန်တော် အရုပ်မဟုတ်ဘူး အန်တီမော်။ လူကြီးတွေ စီစဉ်တဲ့အတိုင်း ကျွန်တော်ဆက်ကို လက်ထပ်မှာပါ။ ဒါပေမဲ့ အရင်ထဲက စီစဉ်ထားတဲ့အတိုင်း နောက်နှစ်နှစ်လောက်မှ လက်ထပ်မယ်။ အဲဒါ ကျွန်တော့်ရဲ့ မပြင်နိုင်တဲ့စကားပဲ"

ပြောပြီးတာနှင့် သူအပြင်ထွက်လာခဲ့သည်။ အိမ်မှာ ဘာဖြစ်ကျန်ခဲ့ သည်ကို သူ မသိချင်တော့ပါ။ သူ့ရင်ထဲမှာတော့ တော်တော်ကြီးကို ငြိမ်းသွားသည်။

အန်တီမော့်ကို တစ်ခါမှ အခုလို ပြန်မပြောဖူးပါ။ အန်တီမော် လုပ်လုပ် ဘာပြောပြော သူစိတ်တိုင်းကျခဲ့တာချည်းပဲ ဖြစ်သည်။ အန်တီမော် ဒေါသပဲဖြစ်နေမလား စိတ်မကောင်းဖြစ်ပြီး ဝမ်းနည်းနေ မလား။ သေချာတာကတော့ ဆက် ဝမ်းပန်းတနည်း ငိုနေမှာ၊ ဒီအပတ်ပဲ ပြန်လျှင် မေမေဆူမည်မှာမလွဲ၊ မေမေဆူလျှင်လည်း ဆူပါစေတော့၊ အချိန်မှာ သူဖြစ်ချင်တာကတော့။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

အာသာက အန်တီခိုင်ပြောပြမည့် အမေ့အတိတ်အကြောင်း နားထောင်ဖို့ အသင့်ဖြစ်နေသည်။ လူတိုင်းမှာ အတိတ်ရှိကြပေမေ့ နာကျည်းချက်တွေများနေသော. အမေ့လောက်တော့ ပြင်းထန်မည် မထင်ပါ။ အမေကတော့ တော်တော်ကြီးကို ပြင်းပြင်းထန်ထန် ခံစား ချက် ရှိကိုရှိမည်။ ထိုခံစားချက်ကလည်း နှလုံးသားရေးရာနှင့် ပတ်သ သည့် ခံစားချက်ကလွဲ၍ တခြားမဖြစ်နိုင်။

ဘာကြောင့်လဲဆိုလျှင် မချစ်ဘဲ ယူရသည့်အဖေ့ကို တစ်ချိန် နာကြည်းလို့ မဆုံးနိုင်။ ဘယ်လောက်အထိ နာကြည်းသလဲဆိုလျှ အဖေ့သမီးမို့ သူ့သွေးဖြစ်သည့်အာသာ့ကို ကြည့်မရအောင် မုန်းနေ ပါကြည့်။ ဒါကြောင့် အမေ့မှာ ကျိန်းသေငယ်ချစ်ဦးရှိမည်။ ထိုငယ် ဦးနှင့် အမေက ဘယ်လို လွဲခဲ့ကြတာလဲဆိုတာ အာသာရင်ခုန်စွာနှင့်

အန်တီခိုင့်ကိုကြည့်တော့ အခုထိငြိမ်နေဆဲ။

"အန်တီခိုင်"

အန်တီခိုင်က အာသာ့ကို ဖြည်းလေးစွာကြည့်သည်။

အာသာ့အကြည့်တွေကို အန်တီခိုင်နားလည်သည်၊ အာသာ့ခေါင်း ကို ပွတ်ပေးနေသည်။

"ဝတ်ရည်ကအပျိုတုန်းက သိပ်အေးချမ်းပြီး ဖြူစင်တဲ့သူပဲသ အခုဝတ်ရည်နဲ့ အရင်တုန်းကဝတ်ရည်ဟာ ဘာမှမဆိုင်ဘူး။ အန်တီ ဟာ ဝတ်ရည်ငယ်ငယ်လေးထဲက လက်ပွန်းတတီးနေလာတော့ ဝတ်ရ အကြောင်း ကောင်းကောင်းသိတယ်၊ ဝတ်ရည်နဲ့နန္ဒာမော်ဆိုတဲ့ မိန်းက



က တစ်လမ်းတည်းမှာနေတဲ့ အသက်တူအတန်းတူ သူငယ်ချင်းတွေ၊ အသက်တူအတန်းတူမို့သာ သူငယ်ချင်းလို့ပြောတာ။ သူတို့နှစ်ယောက်က ရန်သူတွေ။ နှစ်ယောက်လုံးရဲ့မိဘတွေက ဘိုးဘွားစဉ်ဆက် စီးပွားပြိုင်ဘက်တွေဆိုတော့ တစ်ဦးတည်းသော သမီးတွေဖြစ်တဲ့ ဝတ်ရည်နဲ့ နန္ဒာမော်အလှည့်ကျတော့လည်း အလိုလိုရန်သူတွေလို ဖြစ်သွားတယ်"

ဒေါ်ခိုင်ခိုင်ကျော်ပြောပြသော ဒေါ်မြဝတ်ရည်၏ အတိတ်အကြောင်း။

မြဝတ်ရည်နှင့် နန္ဒာမော်က တစ်ဦးတည်းသောသူဌေးသမီးတွေဖြစ်သလို ရုပ်ရည်မှာလည်း နှစ်ယောက်လုံးချောကြသည်။ မတူညီသည့်အချက်က မြဝတ်ရည်က အေးဆေးပြီး နန္ဒာမော်က သွက်လက်သည်။

ညနေစောင်းပြီဆိုတာနှင့် မြဝတ်ရည်တို့လမ်းမှာ လူပျိုကာလသားတွေ ကားနှင့်ကြည့်မလား။ စက်ဘီး၊ ဆိုင်ကယ် လမ်းလျှောက်ပြီးကြည့်မလား၊ အမျိုးစုံကိုတွေ့ရသည်။

"ဟဲ့ ဝတ်ရည်၊ နင့်နောက်ကိုလိုက်နေတဲ့ ဝေယံလေ အခုနန္ဒာမော်နဲ့ ချစ်သူဖြစ်သွားကြပြီ သိလား"

"ဟုတ်လား"

မြဝတ်ရည်က အေးစက်စက်နှင့် ပြောသည်။

"နန္ဒာမော်ကလေ နင့်ကို လိုက်နေတဲ့လူမှန်သမျှ ဆွဲသွားတာချည်းပဲ ဆယ်တန်းနှစ်က ဆရာဝန်ကြီးသား ဝင်းကိုတုန်းကလည်း ဒီအတိုင်းပဲ တစ်ခါ ပထမနှစ်တုန်းက ရာဇာမောင်ဆိုတဲ့ကောင်ကိုလည်း သူအတင်းဆွဲခုတ်သွားတယ်။ ရာဇာမောင်ဆို နင့်ကို တမ်းတမ်းစွဲနေတာ အားလုံးသိနေသားနဲ့ သူ့ဘက်ပါအောင် ဘယ်လိုလုပ်လိုက်လဲမသိဘူး။ အခုဝေယံ၊ ကုန်ခဲ့တဲ့ တစ်ပါတ်လောက်ကအထိ နင့်ဆီက အဖြေကို လူနာအမဲစောင့်ဖုတ်တောင်းသလို တောင်းတုန်း။ အခု သူနဲ့ချစ်သူဖြစ်သွားကြပြန်ပြီ ရာဇာမောင်နဲ့လည်း မပြတ်သေးဘူး။ အံ့သြတယ်ဟယ်"

ခိုင်ခိုင်တအံ့တသြပြောတော့ ဝတ်ရည်က ချစ်စဖွယ် ပြုံးလိုက်ပြီး

"သူက ငါ့ကိုမှမလိုတာ၊ ဒီတော့ ငါ့ကိုမေတ္တာထားတဲ့သူတွေကို သူ

www.burmeseclassic.com

www.burmeseclassic.com



မရှုစိမ့်ဘူးပေါ့။ ဒါကြောင့်လည်း ငါနဲ့ချစ်သူဖြစ်မှာစိုးပြီး သူက အခ ချစ်သူတော်လိုက်တာပေါ့''

''တော်ရအောင် နင့်ကို လာချစ်တဲ့သူတွေကို နင်ကချစ်တာမှ မဟုတ်တာ''

''သူက အဲလိုတွေးချင်မှ တွေးမှာပေါ့''

''မုန်းစရာကောင်းလိုက်တာ''

နိုင်နိုင် မဲ့ရွဲ့ပြီးပြောတော့ ဝတ်ရည်ပြုံးလိုက်သည်။

''နင့်ကိုငါ တကယ်အံ့တယ် ဝတ်ရည်''

မြဝတ်ရည် မျက်နှာကို သေသေချာချာကြည့်ပြီး နိုင်နိုင်ကျော်ပြော တော့ မြဝတ်ရည် မျက်လုံးအပြုံးသားလေးနှင့်

''ဘာဖြစ်လို့လဲ''

''နင့်ကို ဒီလောက်မလိုတမာဖြစ်နေတဲ့ နန္ဒာမော်ကို နင်မကောင်း တစ်ခွန်းမှမပြောဘူးနော်။ သူဆို နင့်မကောင်းကြောင်း သွားပုပ်လေလွင့်ပြော တာ နင်လည်းသိနေတာပဲ။ ငါ သွားပြောချင်တာ နင့်ကြောင့်မို့''

နိုင်နိုင်ကျော်က မျက်စောင်းထိုးပြီး ခြေဆောင့်ပြောတော့ မြဝတ်ရည် က ရယ်သည်။

''သူဘယ်လို ငါဘယ်လိုဆိုတာ လူတိုင်းသိကြပါတယ်ဟာ၊ သူ့ကို ရှိတယ်လို့ သဘောမထားဘဲ နေလိုက်''

''နင့်ကိုမြင်တိုင်း သူ့မျက်နှာကြီးက ခွေးသေပုပ်မြင်တဲ့အတိုင်း ဖြစ်ဖြစ် သွားတာ။ ရှိတယ်လို့ သဘောမထားလို့ ရမလားဟဲ့''

''နင့်ကို အကုသိုလ်တွေ များမှာစိုးလို့ပါ နိုင်နိုင်ရယ်''

''များပါစေ၊ ဟော ပြောလို့တောင် မဆုံးသေးဘူး၊ အသက်ရှည် ဦးမယ်''

နိုင်နိုင်ကျော် ခပ်အုပ်အုပ်လေးပြောလိုက်တော့ မြဝတ်ရည်အကြည့် တွေက မျက်နှာချင်းဆိုင်မှာ လျှောက်လာနေသော ဝေယံနှင့် နန္ဒာမော် ဆီ ရောက်သွားသည်။ မြဝတ်ရည်နှင့် နိုင်နိုင်ကျော်ကိုတွေ့မှ နန္ဒာမော်က ဝေယံ့နား ပိုတိုးကပ်သွားပြီး ဝေယံ့လက်မောင်းကိုလည်း ချိတ်လိုက်သေး



သည်။ ဝေယံကတော့ မြဝတ်ရည်ကို မကြည့်ရဲသလို ခေါင်းကြီးငုံ့ထားသည်။

မြဝတ်ရည်နှင့် နိုင်နိုင်ကျော် တစ်ယောက်မျက်နှာတစ်ယောက်ကြည့် ပြီး ပြုံးစိစိ။ ဒေါ်နိုင်နိုင်ကျော် တူမဖြစ်သူကို အတိတ်ကအကြောင်းတွေ ပြန်ပြောပြနေရင်း သူမလည်းသတိရသွား၍ဖြစ်မည်။ ဒေါ်နိုင်နိုင်ကျော် မျက်နှာက ပြုံးစိစိ။

''အန်တီနိုင် ဆက်ပြောလေ။ ဘာဖြစ်လို့ ပြုံးစိစိလုပ်နေတာလဲ''

''ပြောပါ့မယ် သမီးရယ်''

''အန်တီနိုင်''

''ပြောလေ သမီး''

''အန်တီနိုင် ပြောပုံအရဆိုရင် အဲဒီအချိန်တုန်းက အမေ့စိတ်တွေ က နူးညံ့သေးတာပေါ့နော်''

''သမီးအမေ ဝတ်ရည်ရဲ့စိတ်က ကိုမိုးခေါင်နဲ့ နန္ဒာမော်ယူသွားပြီးမှ ကထန့်ကြမ်းတမ်းသွားတာ။ ယုံကိုမယုံနိုင်စရာပဲ။ ဝတ်ရည်က အေးလည်း အေးတယ်၊ စိတ်ထားလည်း ကောင်းတယ်။ နန္ဒာမော်နဲ့တော့ ဆန့်ကျင် ဘက်ပေါ့။ နန္ဒာမော်က စိတ်ထားလည်း ပုပ်တယ်။ အရမ်းလည်းသွက် ပြီး အိုဟာဖြစ်လွန်းတယ်။ ဝတ်ရည်ကိုဆိုလည်း အမြဲပြိုင်ပြီး မနာလို ဖြစ်နေတာ အားလုံးက သိတယ်''

''ကိုမိုးခေါင်ဆိုတာ အမေ့ရည်းစားလား အန်တီနိုင်။ အခု သူမရှိ တော့ဘူး ဟုတ်လား''

အန်တီနိုင်က အာသာ့မျက်နှာကိုသေသေချာချာကြည့်ပြီး ခေါင်းညိတ်ပြ သည်။

''ဦးမိုးခေါင်နဲ့အမေက ဘယ်လောက်ထိ သံယောဇဉ်ရှိခဲ့ကြလို့လဲ။ ဦးမိုးခေါင်ကိုလည်း ဒေါ်နန္ဒာမော်က ဖြတ်ခုတ်တာပဲလား၊ ဦးမိုးခေါင်နဲ့ အမေကရော ဘာလို့ကွဲသွားတာလဲ''

အာသာသိချင်ဇောနှင့် အငမ်းမရမေးတော့ အန်တီနိုင်က အာသာ့ ခေါင်းလေးကိုညင်သာစွာကိုင်လိုက်သည်။

''ပြောပါ့မယ် သမီးရယ်''

www.burmeseclassic.com

www.burmeseclassic.com



အန်တီခိုင် သက်ပြင်းတစ်ချက် ဖြည်းလေးစွာချပြီး

''သမီးသဘောပေါက်လွယ်အောင် တိုတိုနဲ့လိုရင်းကိုပြောရရင်တော့ အန်တီခိုင်တို့ နောက်ဆုံးနှစ်ရောက်တော့ ကိုမိုးခေါင်တို့မိသားစုက လမ်း... ကိုပြောင်းလာတယ်။ ကိုမိုးခေါင်က ရုပ်လည်းချောတယ်။ ပိုက်ဆံလည်းချ... သာတယ်၊ တစ်ဦးတည်းသောသားကလည်းဖြစ်၊ ဒီကြားထဲအင်္ဂလိပ်နိုင်ငံ... ရတော့မှာဆိုတော့ ကိုမိုးခေါင်အချစ်ကိုလိုချင်တဲ့မိန်းမတွေ ဝိုင်းဝိုင်းလည်... တယ်။ တချို့သမီးရှင်တွေဆို အရင်စပြီးစပ်ကြတယ်၊ ဒါပေမဲ့ ကိုမိုးခေါင်... ဘယ်မိန်းမကိုမှ စိတ်မဝင်စားဘူး။ သူက သဘောကောင်းပြီး ပျော်ပျော်... နေတယ်။ အဆင့်အတန်းလည်း မခွဲခြားတတ်ဘူး။ ကိုမိုးခေါင်မှာ အချ... ဆုံး သူငယ်ချင်းနှစ်ယောက်ရှိတယ်။ ကိုမျိုးအောင်နဲ့ ကိုမင်းမောင်တဲ့... သမုတ်ထယ်ဆိုတာ ကိုမင်းမောင်သားပဲ''

အန်တီခိုင်က ထိုစကားပြောအပြီးမှာတော့ အသာ့မျက်နှာကို စေ့စေ့... ကြည့်ပြီး

''သမီးကရော သမီးအမေ ခိုင်းတဲ့ကိစ္စကို ကြည်ကြည်ဖြူဖြူ သဘော... တူတာပဲလား''

''အဲဒီအတွက် အပေးအယူကလည်း အာသာသိပ်လိုချင်တဲ့ အ... မေတ္တာလေ''

အာသာဝမ်းနည်းသံလေးနှင့်ပြောတော့ အန်တီခိုင် စိတ်မကောင်းဖြ... သွားပုံရသည်။

''ဒါပေမဲ့ ဒီကိစ္စကြီးက သမီးကျူးကျော်တဲ့ကိစ္စမှမဟုတ်တာ။ နော... ပြီး ကောင်လေးနဲ့ကောင်မလေး လက်ထပ်ကြတော့မှာကိုလည်း နှစ်ဘ... အသိုင်းအဝိုင်းအားလုံး သိနေကြပြီ။ ပိုပြီးဆိုးတာက သမုတ်ထယ်... လက်ထပ်မယ့် ကောင်မလေးက နန္ဒာမော်ရဲ့ သမီးပေမယ့် နန္ဒမော်... လုံးဝရုပ်ချင်းမတူဘဲ အေးအေးချမ်းချမ်းကောင်မလေးပဲ။ သမုတ်ထယ်... သာ သမီးဘက်ပါလို့ရင် ဒီကောင်မလေးရင်ထဲက အနာတရဟာ သ... အမေဝတ်ရည်ထက်တောင် ဆိုးမယ်လို့ အန်တီခိုင် ထင်တယ်''

''သမီး သတ်မုတ်ထယ်ကို လက်မထပ်ပါဘူး အန်တီခိုင်''



ထိုစကားကို အာသာတည်တည်ငြိမ်ငြိမ်နှင့်ပြောတော့ အန်တီခိုင် ...ကျနပ်သွားပြီး

''ကောင်မလေးကို ကိုယ်ချင်းစာသွားတာမလား။ အင်းလေ...သမီး ...ကလည်း ပင်ကိုယ်စိတ်နူးညံ့သူလေးပဲ''

တကယ်တော့ အန်တီခိုင်ထင်သလိုမျိုး မဟုတ်ပါ။ သမုတ်ထယ်ကို ...က်မထပ်ဘူးဆိုတာက အာသာချစ်တဲ့သူက တစ်ယောက်ဖြစ်နေလို့ပါ။ ...က်နေသောမျက်နှာလေးကို အာသာပြင်ရင်း

''ဆက်ပြောလေ အန်တီခိုင်''

''ဆက်ပြောရမယ်ဆိုရင် ကိုမိုးခေါင်နဲ့ ဝတ်ရည် ချစ်သူဖြစ်ကြတယ်။ ...တ်ရည်က တစ်ခါမှ ရည်းစားမထားဖူးတော့ ကိုမိုးခေါင်ကို သိပ်ချစ် ...တယ်။ ကိုမိုးခေါင်နဲ့ ဝတ်ရည်လက်ထပ်ခါနီးမှာပဲ ကိုမိုးခေါင်နဲ့ နန္ဒာမော် ...ပျောက်သွားတယ်။ ပတ်ဝန်းကျင်အသိုင်းအဝိုင်းအားလုံး နှစ်ဘက်အသိုင်း ...အဝိုင်းအားလုံးရော သိထားတဲ့အတွက် ကိုမိုးခေါင်နဲ့ နန္ဒာမော်အတူ ...ထွက်ပြေးသွားကြတာကို ဝတ်ရည်ကလုံးဝလက်မခံဘူး။ မထွက်ပြေးခင် ...နာရီပိုင်းကတင် ကိုမိုးခေါင် ဝတ်ရည်နဲ့အတူရှိနေသေးတာကို။ ဒါပေမဲ့ ...ကိုမိုးခေါင်နဲ့ နန္ဒာမော်က တကယ်ကို အတူတူထွက်ပြေးကြတာကို ...ဝတ်ရည်သိတော့ အရှုံးအမူးအလူးအလိမ့်ကို သူခံစားရတယ်။ အားလုံး ...ကလည်း နန္ဒာမော့်ရဲ့စနက်ဆိုတာသိတယ်လေ။ ကိုမိုးခေါင်ကတော့ ...ဘယ်သူတွေ ဘာပြောပြော ခေါင်းငုံ့ခံတယ်။ မိဘတွေကလည်း ကိုမိုးခေါင် ...ကို အမွေဖြတ်ပစ်လိုက်တယ်။ ဒီကိစ္စမှာဝတ်ရည်က ကိုမိုးခေါင်ကို လုံးဝစိတ် ...နာဘဲ နန္ဒာမော်ကိုပဲအသေမုန်းပြီး သူခံစားရမယ်လို့ကြုံးဝါးထားတယ်။ ...အရင်ကအေးဆေး နူးညံ့တဲ့ဝတ်ရည်ဟာ နှစ်ယောက်အလား ထင်ရအောင် ...ကတ်ထန်ကြမ်းတမ်းသွားတာ သမီးမြင်တဲ့အတိုင်းပဲ။ ဒီမှာတင် ဝတ်ရည်ကို ...အရမ်းလိုချင်နေတဲ့ ကိုစိုးကြွယ်က မိဘတွေချဉ်းကပ်ပြီး အရယူခဲ့တော့ ...ဝတ်ရည်စိတ်တွေဟာ အဆုံးစွန်ကိုရောက်သွားတော့တာပဲ''

အန်တီခိုင်မောသွားသလို ခဏရပ်ပြီး အာသာ့ကိုအကဲခတ်နေသည်။ ...အာသာ့ဘက်ကဘာတုန့်ပြန်မှုမှ မရတော့မှ အန်တီခိုင်ဆက်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဝတ်ရည်အဲဒီလောက်အထိအငြိုးကြီးမယ်လို့ အန်တီနိုင်မထင်ဘူး မထင်ရအောင်လည်း သူတစ်ယောက်တည်း နန္ဒာမော်တို့အကြောင်းကြိတ်စုံစမ်းပြီး နှစ်ရှည်လများစွာစီမံကိန်းရေးဆွဲထားတာလေ။ အခုလည်းအားလုံးလွန်ပြီးမှ အန်တီနိုင့်ကိုဖွင့်ပြောတယ် သမီး"

အန်တီနိုင့်မျက်နှာကို အာသာစိုက်ကြည့်လိုက်သည်။

"ဒီကိစ္စကို သမီးရှေ့မဆက်ပါနဲ့နော်။ သမီးဟာ သူ့ရင်ကဖြစ်တဲ့သွေးအရင်းပါ။ တစ်ဦးတည်းသောသမီးလေးကို ဝတ်ရည်ချစ်တာ အန်တီနိုင်သိတယ်၊ ဒီကိစ္စမလုပ်လည်း သမီးအမေမေတ္တာကိုရမှာပါ။ သမီးရပ်လိုက်ပေါ့နော်"

အာသာဘာပြောရမှန်းမသိတော့ပါ။ တစ်ဖက်ကအမေ တစ်ဖက်ကလည်း အမေရင်းပမာချစ်ရပါသော အာသာ့အန္တီကိုခံခဲ့သည့် အန်တီနိုင်။

အာသာ့စိတ်ကလည်း အမေကြောင့်သာ ကြမ်းတမ်းနေရတာ တကယ်တော့ အာသာ့အသည်းကနုနုလေးပါ။ အမေ့ချစ်သူကိုလုယူပြီး အမေ့အသည်းကိုခွဲခဲ့သည့် ဒေါ်နန္ဒာမော်ကိုလည်း အာသာမုန်းလို့မရပါ။ ဒေါ်နန္ဒာမော့်သမီးဆိုလျှင်တော့ ပိုဝေးသွားပြီ။ အာသာကကိုယ့်ကြောင့် တစ်ဖက်သားစိတ်ဆင်းရဲမှာကို လုံးဝမလိုလားပါ။ အာသာဘာလုပ်ရမှာလဲ အမေခိုင်းတာမလုပ်တော့ဘူးဆိုလျှင် အမေ အရမ်းစိတ်ဆိုးမှာသိသည်။ အမေ့ကို ရင်ဆိုင်ရမှာကြောက်သည်။

နောက်တစ်ခုက အာသာမေ့မရသောသူက သမုတ်ထယ်ရဲဒရိုင်ဘာဖြစ်နေတော့ အာသာသူ့ကို သမုတ်ထယ်နှင့်အကြောင်း အမှန်အတိုင်းဖွင့်ပြောလိုက်တော့မည်။

"သမီး"

အန်တီနိုင်ခေါ်လိုက်တော့ အတွေးတွေလွန်နေသော အာသာအလန့်တကြားလေးဖြစ်သွားသည်။

"ဘာတွေတွေးနေတာလဲ"

"အန်တီနိုင်"



"ပြော သမီးလေး"

"လောလောဆယ်မှာတော့ အမေငြိုငြင်မှာ သမီးမခံစားနိုင်ဘူး သမီးအတွက် လုံခြုံစိတ်ချရမယ့်တစ်နေရာရာကို အန်တီနိုင် စီစဉ်ပေးပါ"

"အိုကေ သမီး၊ အန်တီနိုင် စီစဉ်ပေးမယ်။ အဲဒါကောင်းတဲ့ အစီအစဉ်ပဲ သမီး။ သူခိုင်းတာကို လုပ်မပေးနိုင်လို့ သမီးအိမ်ကထွက်သွားတဲ့အထိဖြစ်သွားရတာကို သူခံစားရအောင် အန်တီနိုင်စကားနာထိုးမယ်၊ လောလောဆယ်တော့ အန်တီနိုင်နဲ့ သမီးခွဲနေရမှာပဲ"

အန်တီနိုင့်ရင်ခွင်ထဲ မျက်နှာအပ်ပြီး ကျလာသောမျက်ရည်တွေကို အာသာထိန်းချုပ်လိုက်ရသည်။ အန်တီနိုင်လည်း အာသာ့ကျောလေးကို ပွတ်သပ်ရင်း မျက်ရည်ကျနေပြီလားမသိ။

www.burmeseclassic.com

## အခန်း (၂၃)

ဒီတစ်ခါတော့ သူဖုန်းခေါ်တာကို သူမချက်ချင်းကိုင်သည်။ ချက်ချင်း ဖုန်းဖွင့်သော်လည်း သူမဒီအတိုင်းပဲ ငြိမ်နေသည်။ သူ သဘောပေါက် စွာ ပြုံးလိုက်ကာ

"ဝတီ"

သူမဆီက ဘာသံမှ ထွက်မလာ။

"ဝတီ...အဲဒီလိုတော့ မနှိပ်စက်ပါနဲ့ကွာ"

"ဘာနှိပ်စက်လို့လဲ"

"ဝတီ့ကို အရေးတကြီးပြောစရာရှိတယ်။ ဝတီထွက်လာလို့ ရမလား"

အာသာထိတ်ခနဲဖြစ်သွားသည်။ သူ့အသံကိုလည်း အခုမှ သတိထား မိသွားသည်။ ခါတိုင်းလို ရွှင်ရွှင်ပြပြအသံမျိုးမဟုတ်။ စိုးရိမ်သွားသည် အခုချိန်မှာ သူနှင့်လည်း တကယ်ကိုတွေ့ချင်နေသည်။ တော်သေးသည် အန်တီနိုင် အခန်းထဲကထွက်သွားမှ သူဖုန်းဆက်ခြင်းဖြစ်သည်။

"ဘယ်ကို လာခဲ့ရမလဲ"

"ဝတီနဲ့ နီးတဲ့ ဆီဒိုးနားကိုပဲ လာလိုက်လေ။ အဆင်ပြေတယ်မလား"

အခုမှပင် သူ့အသံက မြူးကြွသွက်လက်သံပေါက်နေသည်။ ချ ချင်းပင် သူ့ရဲ့အပျော်တွေ အာသာ့ထံ ကူးစက်လာသည်။

"အိုကေလေ အခုပဲ ထွက်လာခဲ့မယ်"

"ကိုယ်စောင့်နေမယ်နော် ဝတီ"

"အင်း"

သူ ဖုန်းပိတ်လိုက်ကာ ဆီဒိုးနားသို့ ကားလေးမောင်းထွက်လာ



သည်။ ကားအဲယားကွန်းကို အမြင့်ဖွင့်ထားတတ်သည့်သူက ဒီတစ်ခါတော့ ဖွင့်တော့ဘဲ မှန်တွေအကုန်ချပြီး မိုးရန့်ပါသော လေကိုပဲ ရှူရှိုက်ရင်း ကားကိုမောင်းလာခဲ့သည်။

သူ့ဘဝမှာ တစ်ခါမှ ဒီလိုကြည်နူးမှုမျိုးမဖြစ်ဖူးပါ။ လူက လေထဲမှာ လွင့်မျောနေသလို ငြိမ့်ငြိမ့်ညောင်းညောင်းလေး ခံစားနေရသည်။ သူမ ည်း သူ့လိုပဲ ခံစားနေရမလားမသိ။ သူမကလည်း သူ့လိုပဲ တစ်ခါမှ ချစ်ဖူးတာ။

သူကတော့ ဖြောင့်မတ်သောနှလုံးသားရှိတဲ့ အာသာဝတီကြွယ်ကို ချစ်နေမိပြီဆိုတာ သေချာသွားပြီ။

သူဆီဒိုးနားကိုရောက်တော့ သူမကို စားပွဲတစ်လုံးမှာထိုင်နေတာတွေ့ သည်။ သူ့ကိုလှမ်းကြည့်သော သူမမျက်နှာလေးက ကြည်လင်နေသည်။ ရှသော မျက်လုံးတွေမှာလည်း အေးချမ်းသည့် အရိပ်တွေပဲတွေ့နေ သည်။

"ရောက်နေတာကြာပြီလား ဝတီ"

သူမနှင့်မျက်နှာချင်းဆိုင်မှာဝင်ထိုင်ရင်း သူနှုတ်ဆက်တော့ ခေါင်းလေးပဲ ပြသည်။ အေးမြမြရာသီဥတုကြောင့် ဆွယ်တာလက်ရှည်ခရမ်းရောင် လေးကို စတိုင်ဘောင်းဘီအရှည်အမည်းလေးနှင့် ခွေးခွေးထွေးထွေး ဆင်ထားသည်။

အပြုံးလေးနှင့် သူဝင်ထိုင်ရင်းနောက်တစ်ကြိမ်ထပ်နှုတ်ဆက်လိုက် သည်။

"ရောက်နေတာကြာပြီလား ဝတီ"

"မကြာသေးပါဘူး"

"ဝတီက အရမ်းလှတာပဲ"

သူမမျက်နှာကို စိုက်ကြည့်ပြီးသူပြောတော့ နှုတ်ခမ်းလေးကွေးရုံပဲ သည်။ ခေါင်းငုံ့သွားတာတွေ ရှက်ကိုးရှက်ကန်းဖြစ်တာတွေ တစ်ခုမှ တကတိက္ကခြေမပျက်ပင် သူ့ကို ပြန်စိုက်ကြည့်နေ၏။

"အရေးတကြီးပြောစရာရှိတာဘာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဝတီ့ကို ကိုယ့်အကြောင်းပြောပြချင်တယ်။ ဝတီနားထောင်မေ
လား"

"ရှင့်အကြောင်းပြောချင်လို့ပဲ ကျွန်မကို ချိန်းတာမလားပြောပါ
ကျွန်မစိတ်ဝင်စားပါတယ်။ ရှင့်အကြောင်းပြောပြီးရင်ရော ကျွန်မအကြောင်
မေးမှာလား"

"ဝတီမပြောချင်ဘူးဆို အတင်းမမေးပါဘူး"

ဒီတစ်ခါတော့ သူမကသွားလှလှလေးတွေပေါ်သည့်အထိပြုံးသည်

မင်းဘယ်လိုပဲနေနေ ကိုယ်ကတော့သိပ်ချစ်တယ်ဝတီရယ်

စိတ်ထဲကပြောရင်း သူမမျက်နှာလေးကိုပဲ တစိုက်မတ်မတ်ငေးကြည့်နေ
မိသည်။

"ဝတီ"

တော်တော်ကြာကြာငေးကြည့်ပြီးမှ သူခေါ်တော့သူမအကြည့်လေးနှင့်ယှ

"သမုတ်ထယ်နဲ့ဝတီ ဘယ်လိုပတ်သက်လဲဆိုတာ ကိုယ့်ကိုပြောပြနိုင်
မလား"

သမုတ်ထယ်ကိုဖွင့်ပတ်သက်ပြီး သူ့စိတ်ထဲစနိုးစနောင့်ဖြစ်နေမှာ
အာသာသိသည်။ အာသာကိုယ်တိုင်ကလည်း သူ့ကိုရင်ဖွင့်ချင်နေတာပါ
အာသာ့နှလုံးသားတွေ ယိမ်းယိုင်သွားအောင် ဖန်းစားနိုင်သူက လောက
ကြီးမှာ သူတစ်ယောက်တည်းရှိသည့်အတွက် အာသာ့စိတ်ကိုလည်း သူ
သာနားအလည်ဆုံးဖြစ်မှာပါ။

မျှော်လင့်တကြီးစောင့်နေသောသူ့ကို အာသာခေါင်းညိတ်ပြတော့ သူ
ပျော်သွားပုံလေးကို ဘယ်တော့မှမမေ့မှာမဟုတ်ဘူး။

"သမုတ်ထယ်နဲ့ ဘယ်လိုပတ်သက်လဲဆိုတဲ့အကြောင်းကိုပြောရရင်
ကျွန်မအမေအကြောင်းကို စပြီးပြောရမှာပဲ"

"ပြောပါဝတီ။ ဝတီနဲ့ပတ်သက်တာမှန်သမျှ ကိုယ်စိတ်ဝင်စားပါတယ်"

အန်တီခိုင်ပြောပြသော ဦးမိုးခေါင်၊ ဒေါ်နန္ဒာမော်နှင့် အမေဒေါ်
ဝတ်ရည်တို့၏ သုံးပွင့်ဆိုင် အချစ်ဇာတ်လမ်းလေးအကြောင်းကို အာသာ
ပြောပြလိုက်သည်။



သူမပြောပြသော ဇာတ်လမ်းတစ်ပုဒ်ကိုနားထောင်ပြီး သူအံ့သြသွား
သည်။ ဘာကြောင့်လဲဆိုတော့ ဦးမိုးခေါင် ဒေါ်နန္ဒာမော်ဆိုတာ ဆက်
တွေဖြစ်နေသောကြောင့်ပင်။ ဒါပေမဲ့ သူမသိဟန်ဆောင်ပြီး

"သမုတ်ထယ်က သူတို့နဲ့ဘယ်လိုပတ်သက်လို့လဲ ဝတီ"

"သမုတ်ထယ်အဖေနဲ့ ဦးမိုးခေါင်က ငယ်သူချင်းတွေ။ ဦးမိုးခေါင်
နန္ဒာမော်ရဲ့သမီးနဲ့ သမုတ်ထယ်က စေ့စပ်ထားကြတာ"

သူမ စကား ထပ်မဆက်ခင် သူကဖြတ်ပြီး

"ကိုယ်သဘောပေါက်ပါပြီ ဝတီ၊ ဒေါ်နန္ဒာမော်ကို အငြိုးမပြေနိုင်
တဲ့ ဝတီ့အမေက ဒေါ်နန္ဒာမော့်သမီးနဲ့ စေ့စပ်ထားတဲ့ သမုတ်ထယ်ကို
နဲ့ရင်းနှီးသွားအောင် လုပ်ခိုင်းတာမဟုတ်လား"

"ရင်းနှီးရုံတင်မဟုတ်ဘူး၊ အချစ်ကိုပါ ရအောင်ယူခိုင်းတာ"

ရင်ထဲမှာ ဘယ်လိုကြီးခံစားသွားရမှန်းကို မသိပါ။ မျက်နှာထားနှင့်
က ထန်နေပေမယ့် သူမမျက်ဝန်းထဲမှာတော့ မျက်ရည်တွေရစ်ဝိုင်း
တာ သူတွေ့သည်။

"ကျွန်မ အချစ်ဆိုတာကို နားမလည်ခဲ့ပါဘူး။ ယောကျ်ားတစ်ယောက်
ချစ်ဖို့လည်း ဘယ်တုန်းကမှ တွေးမကြည့်ခဲ့ဘူး။ တွေးမကြည့်ခဲ့တာ
င် အချစ်က ကျွန်မဆီကို ဆိုက်ဆိုက်မြိုက်မြိုက်ကြီးကို ရောက်လာ

သူမထိုသို့ ပြောအပြီးမှာတော့ သူ့နှလုံးသားတွေ တဆတ်ဆတ်တုန်ခါ
သည်။ အဲဒီယောကျ်ားက သူဖြစ်နေတာ အသေအချာကြီးသိနေပေ
သူမေးချင်နေသည်။ ဒါပေမဲ့ သူမ ဘာဆက်ပြောမည်ဆိုတာကို
နားထောင်ချင်သေးသည်။ အဲဒီအတွက်ကြောင့် သူမရှေ့ဆက်
သည့်စကားကို ရင်တထိတ်ထိတ်နှင့်စောင့်ရင်း သူမမျက်နှာလေးကိုပဲ
ရ ငေးကြည့်နေမိသည်။

"ကျွန်မဘဝကို မကျေနပ်ခြင်းတွေနဲ့ပဲ အဆုံးသတ်မယ်လို့ တွေး
တာပါ။ အဲဒီအတွေးတွေက ရှင်နဲ့ဆုံတွေ့ပြီး ရင်းနှီးသွားတော့ ပျောက်
သွားတယ်။ အဲဒါ ကျွန်မရှင့်ကိုချစ်လို့ပေါ့နော်၊ အချစ်ဆိုတာ တော်တော်

www.burmeseclassic.com

www.burmeseclassic.com



တော့ ဆန်းကြယ်သားနော်။ နာမည်တောင် မသိတဲ့လူတစ်ယောက်ကို စွဲလမ်းနေတယ်ဆိုတာ ဖြစ်ကောဖြစ်နိုင်ရဲ့လား''

သူမ အပြောလေးက သူ့ရင်ကိုအရမ်းခံစားသွားစေသည်။

''ဝတီရယ်''

မခံစားနိုင်တော့သည့်အဆုံးမှာတော့ သူမလက်ကလေးကို ဆုပ်ကိုင်ပြီး သူမမျက်နှာကိုလည်း မမြင်ဖူးသူတစ်ယောက်လို ငေးကြည့်နေမိသည်။

သမုတ်ထယ်က သူဆိုတာ ဖွင့်ပြောလိုက်လျှင် သူမ ဘယ်လိုဖြစ်သွားမလဲ။ စိတ်ဆိုးပြီး ဒေါသတွေဖြစ်သွားမှာလား။ သူမ ဒေါသသိပ်ကြီးတာ သူက ကိုယ်တိုင်မျက်မြင်တွေ့ထားတော့ စိုးရိမ်နေမိသည်။ အမှတ်သည်းခြေလည်းကြီးတဲ့သူမက သူ့ကိုလည်းမကြည့်ချင်အောင် မုန်းသွားခဲ့လျှင် . . .

သူ မတွေးရဲပါ။ သူ့နှုတ်က ပြောလိုက်တာကတော့

''သိပ်ချစ်တာပဲ ဝတီရယ်။ ဝတီလည်း ကိုယ့်ကိုချစ်တယ်၊ အချစ်ဆိုတာ နှလုံးသားထဲက သူ့အလိုလိုဖြစ်ပေါ်လာတဲ့အရာပါ။ နာမည်သိတာ မသိတာနဲ့လည်း မဆိုင်ဘူး။ ဆင်းရဲချမ်းသာတာနဲ့လည်း မဆိုင်ဘူး။ ကိုယ့်ဘဝမှာ ရင်ခုန်စိတ်လှုပ်ရှားစွာနဲ့ ပထမဦးဆုံးချစ်ခဲ့တဲ့ချစ်သူက ဝတီပါ။ ဝတီနဲ့ကျမှ အချစ်ဆိုတာကို နားလည်ခဲ့တာ ဝတီယုံပါနော်''

သူမက ခေါင်းညိတ်ပြ၏။

''ဆက်ပြောလေ ဝတီ၊ အန်တီနိုင်းလို့ ဝတီက သမုတ်ထယ်နဲ့ ရင်းနှီးအောင်လုပ်ပြီး သမုတ်ထယ်အချစ်ကိုရအောင်ယူမှာပေါ့ ဟုတ်လား''

အာသာလက်ကလေးကို ဆုပ်ကိုင်ထားလျက်က မလွှတ်ဘဲ သူမျှော်လင့်တကြီးမေးတော့ သူ့ကိုသနားသွားတာ ရင်နှင့်တောင် မဆံ့တော့ဘူး။ သူ့ကို စိတ်မဆင်းရဲစေချင်တာလည်း အချစ်ကြောင့်ပဲဖြစ်မည်ထင်သည်။

''ဟင့်အင်း . . . သမုတ်ထယ်ရဲ့ ဒရိုင်ဘာကိုမှချစ်မိသွားတဲ့ ကျွန်မက သမုတ်ထယ်နဲ့ကိစ္စကို ရပ်တန်းက ရပ်လိုက်တော့မယ်။ မှုယာမာရာများ



အလုပ်တွေကိုလည်း ကျွန်မမှ မတတ်တာ။ အမေ့ညီမ ကျွန်မကလည်း ဒီကိစ္စကို လုံးဝလက်မခံဘူး။ အဒေါ်ဟ ကျွန်မ်အကြောင်းကို။ အမေနိုင်းတာကို ဆန့်ကျင်တဲ့အတွက် အမေ့မေတ္တာကိုတော့ ဟုတ်တော့ဘူး''

မ်းနည်းသံလေးနှင့်ပြောနေသော ချစ်သူလေးကို ထွေးပွေ့နှစ်သိမ့်တွေထိန်းပြီး

ဘယ်အမေမှ သားသမီးကို မချစ်ဘူးဆိုတာ မရှိပါဘူး ဝတီရယ်၊ ဝတို့ကို ကျိန်းသေချစ်မှာပါ''

ဟုတ်တယ်လေ။ သူက သမုတ်ထယ်ဖြစ်နေသည့်အတွက်ရယ်၊ ဝတီည်း ကျိန်းသေလက်ထပ်မှာဖြစ်သည့်အတွက်ကြောင့် ဝတီ့အမေရဲ့တွေ အမုန်းတရားတွေက ပြယ်တော့မှာပါ။ ဒါပေမဲ့ ဖေဖေနှင့်ကတော့ သူ့ကြောင့် အန်တီမော်နှင့်ဆက်ကို တစ်သက်လုံးမပြရဲသည့် အခြေအနေမျိုးဖြစ်သွားမှာပါ။ သူမကို ဘယ်လိုကြင်းမျိုးနှင့်မှ မခွဲနိုင်တော့သည့်အတွက် သားမိုက်ဖြစ်ချင်လည်းဖြစ်တော့။ သူ့အပေါ် အရမ်းကောင်းသည့် ဆက်နှင့် အန်တီမော့်အတွက် စိတ်မကောင်းရုံကလွဲပြီး ဘာမှမတတ်နိုင်တော့ပါ။ အချစ်ကရာကို ကျော်လွှားနိုင်တာ သူလက်တွေ့ပင် ယုံကြည်သွားသည်။

သူ စဉ်းစားနေတာက သူက သမုတ်ထယ်ဆိုတာ သူပါပဲဟု ဖွင့်လိုက်လျှင် သူမအရမ်းစိတ်ဆိုးပြီး ပေါက်ကွဲသွားမှာကို ဖြစ်သည်။

''ဝတီ''

ကလုံးအကြည့်လေးနှင့်သာ သူမကြည့်၏။ သူ့ပါးစပ်က တကယ်သွားတာကတော့

''ဝတီ့ကို သိပ်ချစ်တယ်''

''ကျွန်မလည်း ရှင့်ကိုချစ်တယ်၊ ဘာကြောင့်ပဲဖြစ်ဖြစ် ရှင်နဲ့အတူတူတယ်''

''ဝတီရယ်''

င့်လင်းလွန်းသော သူမစကားကြောင့် ရင်ထဲနင့်နေအောင် ခံစား

www.burmeseclassic.com

www.burmeseclassic.com



သွားရသည်။ အခုချိန်မှာ သူမစိတ်ဆိုးသွားမှာ သိပ်ကြောက်သည်။

မပြောသေးဘူးဟု အတွေးနှင့် သူမ မျက်နှာကိုပဲ တစိမ့်စိမ့်ကြည့်နေမိသည်။

"ကျွန်မ နောက်နေ့ဆိုအိမ်မှာ မရှိတော့ဘူး"

"ဘယ်လို အိမ်မှာမရှိတော့ဘူး ဟုတ်လား၊ ဝတီ ဘယ်သွားမှာမို့လဲ"

သူ အလန့်တကြားလေးမေးတော့

"သူ နိုင်းတာမလုပ်တဲ့အတွက် အမေကြို့ငြင်မှာကို ကျွန်မ မခံစာ
နိုင်ဘူး။ ဒါကြောင့် ကျွန်မ အဒေါ်စီစဉ်ပေးတဲ့တစ်နေရာရာမှာ သွားနေမယ်"

"ဘယ် ဘယ်ကိုသွားထားမှာလဲ ဝတီ"

"အဲဒါတော့ မသိသေးဘူး"

"ဝတီ့အဒေါ်က သူနဲ့အတူ နယ်ကိုခေါ်သွားမှာလား"

စိုးရိမ်တကြီး သူ့အမေးကို အာသာအံ့သြသွားသည်။ အန်တီနိုင်
နယ်မှာဆိုတာ သူဘယ်လိုသိလဲ၊ အာသာတစ်ခါမှ အန်တီနိုင်နှင့်ပတ်သ
ပြီး ပြောမပြဖူးပါ။ အခုမှပင် ပြောတာဖြစ်သည့်အပြင် အဒေါ်က နယ်
အလုပ်လုပ်တာဟု မပြောဘဲ သူသိနေသလိုပဲ။

"ကျွန်မအဒေါ်က နယ်မှာဆိုတာ ဘယ်လိုလုပ်သိလဲ"

စိုးရိမ်ဇောနှင့် စကားများသွားတာ သိလိုက်သည်။

"ကိုယ်က ဝတီနဲ့ပတ်သက်တာမှန်သမျှ အားလုံးကို သိအောင်ကြိုး
ထားတယ်"

သူ့စကားကို ယုံ မယုံတော့မသိ။ သူမ အကြည့်တစ်မျိုးနှင့်ကြည့်
ထို့နောက်မှာတော့ သူက နှပ်ပြီးသားကော်ဖီအိုးထဲမှ ပန်းကန်
ထဲ ကော်ဖီတွေထည့်၊ နို့တွေ သကြားတွေထည့်ပြီး သူမ ရှေ့တစ်ခွ
ပေးလိုက်သည်။

"သောက်ကြည့်ပါဦး ဝတီ"

သူမ သောက်ဖို့ပြင်တော့မှ သတိရသွားကာ

"နေဦး ဝတီ"



သူမလက်ထဲက ကော်ဖီခွက်လေးလှမ်းယူပြီး သူ့ပါးစပ်နားထားကာ
ဘူးဖူးနှင့်မှုတ်ရင်း သူမဆီ အကြည့်ရောက်တော့ ဂရုစိုက်မှုအတွက်
ကျေနပ်နေသော မျက်နှာလေးကို ဘယ်တော့မှ မေ့မှာမဟုတ်ပေ။

သူ့ရဲ့မေတ္တာဓါတ်တွေကြောင့် ထင်သည်။ ခဏအတွင်းမှာ ကော်ဖီ
က သောက်၍ရသောအနေအထားဖြစ်သွားသည်။ ဒီတော့ သူမကို ကော်ဖီ
ခွက်လေးပြန်ပေးလိုက်၏။ သူမကတော့ သူ့ကော်ဖီခွက်ကို ထိုသို့လုပ်ပေး
မှာ ရှက်နေပုံပင်။ ဝင်းလဲ့နေသောအပြုံးနှင့် ကော်ဖီတစ်ကြိုက်သောက်ပြီး

"ရှင် ဖျော်ပေးတဲ့ကော်ဖီက ကျွန်မအကြိုက်ပဲ။ ကျွန်မက အဆင်
ဆင့်ဖျော်ပေးတဲ့ဆိုင်တွေမှာပဲ သောက်တာ"

"ကိုယ့်လက်ရာကို ကြိုက်တယ်ဆိုရင် ကိုယ်ပဲအမြဲဖျော်ပေးမှာပေါ့။
ကာက ဝတီ့ဖောက်သည်ဆိုင်ဆို"

"ဟုတ်တယ်"

ထိုသို့ပြောအပြီးမှာတော့ သူမက သူနှင့်မျက်လုံးချင်းဆုံ မကြည့်
။ သူနှင့် ဇာတ်လမ်းစဖြစ်တာကို သတိရသွား၍ဖြစ်မည်။

"အဲဒီဆိုင်လေးက ကိုယ်တို့နှစ်ယောက်ရဲ့ ဖူးစာဆုံရာနေရာလေးနော်"

"အင်း"

သူ့ကိုမကြည့်ဘဲ အင်းပြီး ခပ်ဝေးဝေးသို့ငေးနေသည်။ အပြင်ဘက်
ငေးကြည့်နေသော သူမရဲ့ဘေးတိုက်မျက်နှာလေးက အပြစ်အနာအဆာ
တစ်ခုမှ ရှာမတွေ့ဘဲ ဝင်းဝင်းမွတ်မွတ်လေးရှိနေသည်။ သူမမျက်နှာ
ကို တစိမ့်စိမ့်ငေးကြည့်ရင်း သူမကို ဘယ်လိုအကြောင်းနှင့်မှ မစွန့်
နိုင်ဘူးဆိုတာ သေချာသွားသည်။

"ကိုယ်မေးတာကို မဖြေသေးဘူးနော်"

"ဘာလဲ ဟင်"

"ဝတီ့ကို အဒေါ်က ဘယ်ပို့မှာလဲဆိုတာလေ"

"နယ်ကိုတော့ ခေါ်မသွားပါဘူး၊ ကျွန်မလည်း မလိုက်ပါဘူး"

"ဘာကယ်နော် ဝတီ"

"အင်း"

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် ဖုန်းဆက်မယ်နော်"

"ရှင့်အကြောင်း ပြောပြမယ်ဆို"

"နောက်မှ ပြောတော့မယ်နော်၊ ကိုယ် အရမ်းစိတ်ကွေလှုပ်ရှား နေလို့"

သူမ ခေါင်းလေးညိတ်ပြသည်။ နာခံတတ်သူလေးမို့လည်း ပို၍ ချစ်မိသည်။

"သွားမယ်လေ"

သူမ အလိုကျပင် ထိုင်ခုံမှထပြီး ဘေလ်ရှင်းကာ နှစ်ယောက်သား ကားဆီသို့ လျှောက်လာခဲ့သည်။ သူမနှင့် နှစ်ယောက်တွဲပြီး လျှောက်လာ တော့ လူပျိုရိုင်းလေးတစ်ယောက်လို သူရင်တွေခုန်နေသည်။

ကားကိုယ်စီနှင့် ဆီဒိုးနားထဲက ပြန်ထွက်လာပြီးနောက် လမ်းခွဲ မည့်နေရာအရောက်မှာ

"ဆင်းမလာနဲ့တော့ သွားမယ်"

တကယ်ပင် ကားပေါ်က ဆင်းတော့မည့်ဟန် ပြင်နေသောသူ့ကို သူမ လှမ်းပြောမှ ကိုယ်ရှိန်သတ်ကာ လက်ကလေးပဲ ပြလိုက်သည်။ သူမကတော့ ပြန်လက်မပြ။ သူမကားလေး ပျောက်သွားသည့်အထိ သူ ငေးကြည့်ကျန်ခဲ့သည်။

✿ ✿ ✿

## အခန်း (၂၄)

သူ့ရင်တွေဟာနေတာသည် သူမနှင့်ခွဲခွာရလို့ဖြစ်မည်ဆိုတာ သေချာ သည်။ အိမ်ကိုလည်း မပြန်ချင်သေးပါ။ အိမ်ပြန်ရောက်လို့ မေမေ့ရဲ့ မသက်ာအမေးတွေကို သူ မဖြေတတ်။ အခုချိန်လောက်ဆိုလျှင် ဆက် တို့သားအမိ ပြန်သွားလောက်ပြီ။ သူ့အပြောနှင့် လုပ်ရပ်အတွက် ဖေဖေ မေမေရော ဆက်တို့သားအမိပါ တအံ့တသြဖြစ်ကျန်ခဲ့မှာ သိသည်။ ဒါပေမဲ့ ဘာမှမတတ်နိုင်ပါ။

ဘယ်သွားလျှင် ကောင်းမလဲ စဉ်းစားရင်း ဝေမျိုးတို့အိမ်ဘက် ဦးတည် လိုက်သည်။ ထိုအချိန်မှာပဲ ဝေမျိုးဆီက ဖုန်းဝင်လာသည်။

"အေး . . . ပြော"

"မင်း ဘယ်မှာလဲ"

"ငါ အခုပဲ မင်းဆီလာမလို့"

"ငါ အိမ်မှာ မရှိဘူး။ အခုပဲ မင်းအိမ်က ထွက်လာတာ။ မင်းဘယ်မှာ လဲပြော၊ ငါလာခဲ့မယ်"

ဝေမျိုး အခုပဲ သူ့အိမ်က ထွက်လာတာဆိုတော့ စိတ်ထဲတစ်မျိုး ဖြစ်သွားသည်။ ဖေဖေနှင့်မေမေ ဘာတွေပြောလိုက်ပြီလဲ မသိပါ။

"သမုတ်"

လွင့်ပျံနေသော သူ့စိတ်တွေကို ပြန်စုစည်းပြီး

"ပြောလေ ဝေမျိုး"

"ဒီမှာ ဟေ့ကောင်၊ မင်းနဲ့ငါ ထိုင်နေကျဆိုင်ကိုလာခဲ့။ ငါစောင့် နေမယ်"

www.burmeseclassic.com

www.burmeseclassic.com



စိတ်မရှည်သံနှင့် ပြောပြီး ဝေမျိုးဖုန်းပိတ်သွားသည်။

ဝေမျိုးနှင့် သူထိုင်နေကျစားသောက်ဆိုင်သို့ သူ့ကားလေးဦးတည်လိုက်သည်။ ဝေမျိုးနှင့်တွေ့လျှင် မယုံသင်္ကာအကြည့်နှင့်အမေးတွေကို ဘယ်လိုဖြေရမလဲ။ ဆိုင်ရှေ့မှာ ကားလေးရပ်လျှင်ပဲ ကားပါကင်မှာ ဝေမျိုးကားလေးကို တွေ့ရသည်။ ကားပါကင်ထိုးပြီး ဆိုင်ထဲဝင်လာတော့ အရင်ရောက်နှင့်နေသောဝေမျိုးက သူရောက်နေကြောင်း လက်ပြ၏။

''မင်း ဘာစားမလဲ''

နေ့လည် ဆယ့်တစ်နာရီထိုးနေပြီဖြစ်သည့်အတွက် ဝေမျိုးရှေ့မှာ ထမင်းဖြူ ဟင်းပန်းကန်တွေနှင့် ရေသန့်တစ်ဘူး ချထားသည်။ ထိုစားစရာတွေအားလုံး လုံးဝမတို့မထိရသေး။

''ငါ မဆာသေးဘူး''

သူ ဒါပဲပြောပြီး ဝေမျိုးနှင့် မျက်နှာချင်းဆိုင်မကြည့်။ ဝေမျိုးကတော့ သူ့ကို အကဲခတ်နေမှာပါ။

''မင်း ဘာတွေလျှောက်လုပ်နေတာလဲ သမုတ်''

ခဏကြာမှ ဝေမျိုးခပ်တင်းတင်းအသံနှင့်မေး၏။

ဘာပြောရမှန်းမသိသည့်အတွက် သူ့ဆီက အသံထွက်မလာတော့။

''ဟော့ကောင် ပြောလေ''

''ငါ ဘာတွေလုပ်နေလဲဆိုတာ မင်းသိလို့မေးနေတာ မဟုတ်လား''

''ဟုတ်တယ် မင်းကိုရွဲ့ပြီး မေးနေတာ၊ မင်းကွာ...''

ဝေမျိုး ဒေါသသံနှင့်အော်ပြီးနောက် စကားထပ်မပြောဘဲ သူငယ်ချင်းဖြစ်သောသူ့ကိုကြည့်ပြီး မချင့်မရဲဖြစ်နေပုံရသည်။ သူလည်း ဘာကိုမှ လျှို့ဝှက်မနေချင်တော့ပါ။ အမှန်တရားဆိုတာ ဖုံးကွယ်ထားလို့မှ မရတာ ဒီတော့ ဖြစ်ချင်တာသာဖြစ်တော့။ ပွင့်ပွင့်လင်းလင်းပဲ ပြောလိုက်တော့မည်။

''မင်း တော်တော်ရက်စက်တဲ့ကောင်ပဲ''

ဝေမျိုး စွပ်စွဲချက်ကို သူလက်မခံနိုင်ပါ။

''ငါက ဘာတွေရက်စက်နေလို့လဲ''



''မင်း လုပ်နေပုံက ဆက်အပေါ်ရက်စက်ရာမရောက်ဘူးလား''

''မင်းက ဘယ်လောက်သိလို့လဲ ဝေမျိုး''

''သိတယ် ငါ့ကိုအန်တီ အကုန်ပြောပြပြီးပြီ၊ နောက်ပြီး မင်းနဲ့ဟိုကောင်မလေးကိစ္စကိုလည်း ငါတို့သိပြီးပြီ''

အံ့သြဟန်မပြသောသူ့ကို ဝေမျိုးကြည့်ပြီး တန့်နှံ့ဖြစ်နေမှာပါ။

''ဆက်က မင်းနဲ့မဖြစ်မနေ လက်ထပ်ရမယ်ဆိုတာ သိနေသားနဲ့ တခြားမိန်းမတစ်ယောက်ကို မချစ်သင့်ဘူး''

''ဒါ ငါ့နှလုံးသားက တောင်းခံလာတဲ့အရာပါ။ ဘယ်သူမှ တားလို့မရပါဘူး''

''မင်း တစ်ခုခုတော့ ငြိနေပါပြီ၊ အာသာဝတီကြွယ်ဆိုတာ လူတကာမုန်းတဲ့ အော်ကြောလန်။ ဆက်ထက် ဘာတွေများ ပိုသာလို့လဲ''

''ဒီမှာ ဝေမျိုး မိန်းမတစ်ယောက်ကို မင်းချစ်ဖူးလား၊ မင်း မချစ်ဖူးဘဲနဲ့ ဟိုမိန်းကတော့ပိုသာလို့ ချစ်ပါ၊ ဒီမိန်းမကိုတော့ ဘာအဆင့်အတန်းမှ မရှိလို့ မချစ်ပါနဲ့လို့ တားလို့ရလား၊ ငါဟာ တစ်သက်လုံး ငါ့နှလုံးသားကို ရှေ့တန်းတင်ခဲ့တဲ့သူ မဟုတ်ဘူး''

''ဒီမှာ ဟော့ကောင်၊ မင်းရဲ့နှလုံးသားရေးရာ ဒိုင်တွေနားထောင်ဖို့ လာတာမဟုတ်ဘူး''

''ဒါဖြင့်ရင် ဘာလုပ်ဖို့ မင်းလာတာလဲ''

ဝေမျိုးလေသံအတိုင်းပင် သူကလည်း နည်းနည်းမှမလျှော့။

''မင်းလုပ်ရပ်တွေ မှားနေတာကို သူငယ်ချင်းကောင်းတစ်ယောက်အနေနဲ့ တားဖို့လာတာ''

''မရတော့ဘူး ဝေမျိုး၊ ငါ မင်းကိုတင်မဟုတ်ဘူး။ ငါ့ကို ဘယ်သူမှလည်း တားလို့မရတော့ဘူး''

''ဟ...ဒါဆို ဆက် အရှက်တကွဲဖြစ်မယ့်ကိစ္စကိုရော မင်း နည်းနည်းမှ ထည့်မတွက်ဘူးပေါ့''

ချက်ချင်းပင် သွေးတွေစောင့်တက်လာသလို ခံစားသွားရသည်။

''ပြောလေ ဆက်မှာ ဘာအပြစ်ရှိလို့ မင်းဒီလိုလုပ်ရတာလဲ''

www.burmeseclassic.com

www.burmeseclassic.com



"မသိဘူးကွာ၊ ငါ ဘာမှမသိတော့ဘူး"

"မသိလို့ မရဘူး သမုတ်၊ မဖြစ်နိုင်တာကို ဆက်မကြိုးစားပါနဲ့"

ဒေါသကြောင့် ဝေမျိုးအသံကျယ်သွားတော့ တခြားဝိုင်းကလူတွေ စိတ်ဝင်တစားလှည့်ကြည့်ကြသည်။

ဘာလုပ်ရမှန်းမသိအောင် စိတ်ညစ်နေတာပဲ သူသိသည်။ ဆက်မှာ အပြစ်မရှိပေမယ့် သူမှမချစ်တာ၊ ဝတီ့ကို မတွေ့ခင်က ဒါမှမဟုတ် သူ့ရင်ထဲက တကယ်ချစ်တဲ့သူရှိလာစဉ်ကတော့ ဆက်ကိုမချစ်ပေမယ့် သူခေါင်းညိတ်ခဲ့တာပဲ။ တကယ်ချစ်တဲ့သူတွေ့လာသည့်အခါမှာ ချစ်သူကို ပဲ လက်ထပ်ချင်တာ သူမှားသလား။ ဒါကို အားလုံးနားလည်အောင် ဘယ်လိုရှင်းပြရမှာလဲ။ ရှင်းပြလဲ လက်ခံမှာမဟုတ်ဘူးဆိုတာ သူသိသည်။

"မင်းအခု ဘယ်သွားမှာလဲ၊ အိမ်ပြန်မယ်မို့လား၊ ငါလိုက်ပို့မယ်"

"ရတယ်၊ ငါ့ဟာငါပြန်မယ်၊ မင်းစားစရာရှိတာစားပါ"

ဝေမျိုး ဘာစကားမှမပြောတော့ဘဲ ထမင်းစားနေသည်။ ဝေမျိုးထမင်းစားနေသောဇွန်းခက်ရင်းသံကလွဲပြီး တိတ်ဆိတ်နေသည်။ ထိုသို့ တိတ်ဆိတ်နေခြင်းကို သူမခံစားနိုင်ပါ။ ဒီလောက်ခင်သည့် အချစ်ဆုံးသူငယ်ချင်းက သူ့ကိုနားမလည်သည့်အတွက်လည်း တော်တော်ကို ခံစားနေရသည်။

"ဝေမျိုး"

ဝေမျိုး ထမင်းစားရင်းက သူ့ကိုကြည့်၏။

"မင်းကမှ ငါ့ကိုနားမလည်ရင် ဘယ်သူက နားလည်တော့မှာလဲ"

ဇွန်းခက်ရင်းကိုချပြီး ဝေမျိုး သူ့ကိုစူးစိုက်ကြည့်၏။

"ငါမင်းကို ဘယ်လိုစကားမျိုးနဲ့ နှစ်သိမ့်ရမှာလဲ သမုတ်ရယ်။ ငါ့မှာလည်း ချစ်တတ်တဲ့နှလုံးသားရှိပါတယ်။ ငါ မင်းကို ကိုယ်ချင်းစာလို့ရပါတယ်။ ဆက်ကိုမချစ်ပေမယ့် သံယောဇဉ်ရှိပြီးသားပဲ၊ နောက်တော့ မင်းချစ်သွားမှာပါ။ အာသာဝတီကြွယ်နဲ့က အခုမှတွေ့ဘာမကြာသေးဘူး တဖြည်းဖြည်းတော့ မေ့သွားမှာပါ။ နောက်ပြီး အာသာဝတီကြွယ်ရဲ့ စရိုက်။ ဒါကို မင်းလည်းသိနေတာပဲ။ အရေးကြီးဆုံးအချက်က



မင်းအဖေနဲ့အမေ။ တစ်သက်လုံး မင်းမိဘတွေ မင်းကြောင့် စိတ်ချမ်းသာခဲ့ရတာချည်းပါပဲ။ အခု မင်းမိုက်လို့ စိတ်ဆင်းရဲရမယ့် တစ်ခါကလည်း သူတို့ဘယ်လိုမှ နှလန်ထူနိုင်မှာမဟုတ်ဘူး။ နောက်ပြီး ဆက်နဲ့သူ့အမေက အရမ်းအေးချမ်းပြီး အရှက်ကြီးတဲ့မိန်းကလေးပါ။ သူရှက်ပြီး တစ်ခုခုဖြစ်မသွားဘူးလို့မပြောနိုင်ဘူး။ ဆက်အမေ ရောဂါသည်အန်တီမော်အတွက်ရော မင်းထည့်မတွက်ဘူးလား"

"မတွက်ဘူး"

ဒေါသသံနှင့်ခပ်တင်းတင်းသူပြောတော့ ဝေမျိုးတအံ့တသြကြည့်ပြီး

"ဘာဖြစ်လို့လဲ သမုတ်။ အန်တီမော့်ကို မင်း ဘာကြောင့် ခါးခါးသီးသီးဖြစ်သွားရတာလဲ"

"ဟုတ်တယ်၊ အန်တီမော့်ကို အရင်က အမေရင်းတစ်ယောက်လို ချစ်ခဲ့တယ်၊ ဒါကြောင့်လည်း ငါနဲ့ဆက်ကို သူ့စိတ်ကြိုက်ဖြစ်အောင် အတင်းဖန်တီးတယ်။ ဆက်က အေးဆေးတဲ့အပြင် သူ့သမီးမို့ထားပါ၊ ငါက အရုပ်မဟုတ်ဘူးကွ။ ရောဂါအကြောင်းပြလိုက်၊ မဟုတ်ဘဲ ဖန်တီးထားတဲ့ အိပ်မက်ဆိုးတွေအကြောင်းပြလိုက်နဲ့ ငါ့ဘဝတစ်ခုလုံးကို အမျိုးမျိုး ချုပ်ကိုင်နေတယ်။ ဒါတွေကို မေမေပြောပြလိုက်လို့ မင်းလည်းသိပြီးပြီမဟုတ်လား။ နောက်ပြီး ဘယ်သူမှ မသိသေးတဲ့အကြောင်း တစ်ခုရှိသေးတယ်။ အဲဒီအကြောင်းကိုတော့ နောက်မှ ငါပြောပြမယ်၊ ငါ ဝတီ့ကိုပဲ လက်ထပ်ဖို့ ဆုံးဖြတ်ပြီးပြီ"

"ဝတီဟုတ်လား၊ အာသာဝတီကြွယ်ကို ပြောတာလား"

"ဟုတ်တယ်"

ဝေမျိုး တအံ့တသြနှင့် သူ့ကိုကြည့်သည်။ ဆုံးဖြတ်ချက်ကို မပြင်ဘူးဆိုသည့် အကြည့်မျိုးနှင့် သူလည်းဝေမျိုးကိုပြန်ကြည့်သည်။

"သမုတ် မင်း ဆက်ကို အဲဒီလောက်ထိတော့ မရက်စက်သင့်ပါဘူး ကွာ"

"ငါ ဆက်ကို သနားပါတယ်"

ပြောရင်းကပင် သူ့အသံတိမ်ဝင်သွားပြီး သနားစရာ ဆက်မျက်နှာ

www.burmeseclassic.com

www.burmeseclassic.com



လေးကို မြင်ယောင်သွားမိသည်။

"ဒါပေမဲ့ ငါမတတ်နိုင်တော့ဘူး။ ဆက် ငါ့ကိုနားလည်ပေးမှာပါ"

"အေးပေါ့လေ၊ မင်းက ဒီလောက်အထိတောင်ဖြစ်နေပြီဆိုတော့လည်း ငါဘာပြောပြော ရမှာမဟုတ်တော့ဘူး။ ဆက်လို မင်းမခံစားရပါစေနဲ့လို့ ငါဆုတောင်းတယ်၊ မင်းသွားတော့ သမုတ်"

သူ့ကိုမကြည့်တော့ဘဲ ဝေမျိုးထမင်းကို ငုံ့စားနေသည်။ သိပ်ချစ်သည့် သူငယ်ချင်းက သူ့ကိုစိတ်နာသွားပြီ။ ချက်ချင်းပင် သူ ထလာခဲ့သည်။ သူ့ရင်ထဲမှာတော့ နာကျင်စွာခံစားနေရသည်။

❀ ❀ ❀

## အခန်း (၂၅)

အာသာကားပေါ်ကဆင်းပြီး အိမ်ထဲဝင်လာတော့ ထုံးစံအတိုင်း အမေက ညီခန်းဆိုဖာပေါ်မှာ။

"အာသာ"

အိမ်ထဲဝင်တော့မည့်အာသာ့ကို အမေလှမ်းခေါ်တော့ ဆတ်ကနဲ တုန်သွားသည်။ ခဏရပ်နေပြီးမှ လှျောက်လာကာ အမေ့ရှေ့မှာရပ်လိုက်သည်။ အာသာ့မျက်နှာကိုကြည့်ပြီး အမေပြုံးတော့ ထိုအပြုံးကို နားမလည်။

"ညည်းကို ငါ မချီးကျူးဘဲ မနေနိုင်တော့ဘူး"

ဘာတွေပြောနေပါလိမ့်။ အမေ အာသာ့ကို ရွဲ့ပြောနေတာလား မသိ။

"ဒီလောက် အချိန်တိုတိုလေးအတွင်းမှာ တော်တော်ခရီးပေါက်သွားတာ မယုံနိုင်စရာပဲ"

အမေ့ကို အာသာကြောင်ပြီး ကြည့်နေမိသည်။

"ဟား…ဟား…ဟား ဒင်း ဘာတတ်နိုင်သေးလဲ၊ အခုတော့ မီးခဲဖင်ခုထိုင်သလို ပူလောင်နေပြီပေါ့။ ငါ လိုချင်တာ ဒါပဲ။ ဒါအစပဲ ရှိသေးတယ် မိန္ဒြာမော်၊ ကျေးဇူးတင်တယ် အာသာ၊ ညည်းကို အရမ်း ကျေးဇူးတင်ပါတယ်"

အရူးတစ်ယောက်လို အော်ရယ်နေသော အမေ့ကိုကြည့်ပြီး အာသာ ဘာမှနားမလည်ပါ။ အမေ ဘာတွေပြောနေတာပါလိမ့်။

"ကဲ…ကဲ၊ ညည်းသွားနားလိုက်တော့ အာသာ"

www.burmeseclassic.com

www.burmeseclassic.com



အာသာ ဘာမှနားမလည်စွာနှင့် အမေ့နားကခွာဖို့ပြင်နေစဉ်မှာပဲ

"ဩော်...အာသာ၊ ညည်းရဲ့အဒေါ်ကိုလည်း ဖုန်းဆက်ပြီး ချော့လိုက်ပါဦး"

"အန်တီနိုင့်ကို ပြောတာလား အမေ"

"အေးလေ၊ ညည်းအဒေါ် ဘယ်နှစ်ယောက်ရှိလို့လဲ"

"အန်တီနိုင့်ကို ဘာဖြစ်လို့ ချော့ရမှာလဲ၊ အန်တီနိုင်ကရော ဘယ်သွားလို့ ဖုန်းဆက်ရမှာလဲ"

အာသာ နားမလည်စွာအမေးကို အမေစိတ်မရှည်သည့်အကြည့်ဖြင့် ကြည့်ကာ

"မိအာသာ ညည်းဘာတွေ ကြောင်စီစီဖြစ်နေတာလဲ၊ ညည်းနဲ့ငါ့ အပေးအယူကိစ္စကို ညည်းအဒေါ်က သဘောတူတာမဟုတ်ဘူး။ သူ ညည်းကို ဆက်မလုပ်ဖို့တားတဲ့ကြားက ညည်းနဲ့သမုတ်ထယ် မြန်မြန်ဆန်ဆန်ချစ်သူဖြစ်သွားတော့ သူအရမ်းဒေါသဖြစ်ပြီး ငါ့ကိုရန်လုပ်တယ်"

"နေ နေပါဦး၊ အမေ"

အမေ့စကားကြောင့် အတင်းဖြတ်ပြီး အာသာခေါ်တော့ အမေက ခပ်ရှုရှုကြီး ကြည့်သည်။

"အမေ စောစောကပြောတာလေ၊ အာသာနဲ့ သမုတ်ထယ်ချစ်သူ ဖြစ်သွားတယ်ဟုတ်လား"

"အေးလေ၊ ချစ်သူဖြစ်သွားလို့ပဲ ညည်းတို့နှစ်ယောက် ဆီဒိုးနားက ကော်ဖီဆိုင်မှာ နှစ်ယောက်သား မိုးမမြင်လေမမြင် အကြည်ဆိုက်နေတာ မဟုတ်လား။ သမုတ်ထယ်က ညည်းကို ကော်တော်ကို ခွဲသွားပြီတဲ့။ အဲဒါ ငါ့အတွက် မင်္ဂလာအရှိဆုံးသတင်းပဲ။ ဘာလဲ ညည်းက ငါနိုင်းလို့လုပ်တာ၊ သမုတ်ထယ်ကို တကယ်မချစ်ပါဘူး ပြောမလို့ မဟုတ်လား။ မချစ်လည်း ညည်း သမုတ်ထယ်ကိုပဲ လက်ထပ်ရမှာ။ နောက်ထပ် ဘာဆင်ခြေမှ ငါမလိုချင်ဘူး"

အမေက ဒေါနှင့်မောနှင့်ပြောပြီး မျက်နှာကို တစ်ဖက်သို့လှည့်သွားသည်။ အာသာအားလုံးကို သဘောပေါက်သွားပါပြီ။ ဒါဆိုလျှင် သူက



တ်ထယ် ဒရိုင်ဘာမဟုတ်ဘဲ သမုတ်ထယ်ဖြစ်နေတာပေါ့။ ဘာသ
ာနှင့် သူ့ကိုယ်သူ သမုတ်ထယ် ဒါရိုင်ဘာဟု ပြောရတာလဲ။

အတွေးတွေ တစ်ခုပြီးတစ်ခု အာသာ့ခေါင်းထဲရောက်လာရသည်။
မေ့နားက အသာလေးထွက်လာခဲ့ပြီး ကိုယ့်အခန်းရှိရာ လျှောက်လာ
ယ့် စိတ်နှင့်ကိုယ် မကပ်တော့။

သူဟာ သမုတ်ထယ်ဖြစ်နေသည့်အတွက် အာသာ့ရင်ထဲတစ်မျိုးကြီး
းနေရသည်။ ဘာဖြစ်လို့ သမုတ်ထယ်ဖြစ်ရတာလဲ။ သူပြောသလို
ုတ်ထယ်ရဲ့ဒရိုင်ဘာဖြစ်လျှင် သိပ်ကောင်းမှာ။ အခုတော့ သမုတ်ထယ်
နေသည့်အတွက် သူ့မှာစေ့စပ်ထားသူလည်းရှိသည်။ အဲဒီကောင်မလေး
အမေ့အဆက်ပေါင်း ဦးမိုးခေါင်နှင့် အမေ တူးတူးခါးခါးမုန်းနေသော
နွှမော်တို့၏ သမီး။

ဘာလုပ်လျှင် ကောင်းမလဲဟု ခေါင်းအေးအေးနှင့်စဉ်းစားလိုက်သည်။
င့်ကျမှ အာသာချစ်တတ်သွားသလို စိတ်တွေလည်း ပြောင်းလဲသွား
ည်။ အရင်က အာသာဝတီကြွယ်က ဒေါသကြီးသွေးဆူလွယ်သည်။
ချစ်တတ်သွားသော အာသာဝတီကြွယ်ကတော့ အရာရာကို စဉ်းစား
တောတတ်သွားပြီ။

ဦးစွာ အန်တီနိုင့်ဆီ ဖုန်းခေါ်လိုက်တော့ ချက်ချင်းဖုန်းကိုင်သည်။

"သမီးလေး ပြော"

"အန်တီနိုင် ဘယ်မှာလဲ"

"သူငယ်ချင်းတစ်ယောက်ရဲ့အိမ်မှာ ဘာဖြစ်လို့လဲ သမီး"

"မဖြစ်ပါဘူး၊ ဘယ်တော့ပြန်လာမှာလဲ"

"ညနေစောင်းလောက်တော့ ရောက်မှာပေါ့။ သမီး ဘာပြောမလို့လဲ"

"ထွေထွေထူးထူးတော့ မရှိပါဘူး။ ဘယ်သွားမှန်းမသိလို့ ဆက်ကြည့်တာပါ။ ဒါပဲနော် အန်တီနိုင်"

"အေး...အေး၊ ဘာဝယ်ခဲ့ရဦးမလဲ သမီး"

"ဘာမှ မဝယ်နဲ့ အန်တီနိုင်"

"ဒါပဲနော် သမီးလေး"

www.burmeseclassic.com

www.burmeseclassic.com



အန်တီနိုင် ဖုန်းပိတ်သွားသည့်အထိ အာသာဖုန်းမပိတ်မိသေး။ ဘာမှ မဖြစ်သည့်အတိုင်း အန်တီနိုင်က အေးအေးဆေးဆေးပင်။အမေပြောတော့ သမုတ်ထယ်နှင့် အာသာ ချစ်သူဖြစ်သွားသည့်အတွက် အန်တီနိုင် စိတ်ဆိုး နေတယ်ဆိုပြီး အခုတော့ အန်တီနိုင့်အသံက နည်းနည်းမှ စိတ်ဆိုးဟန် မပေါက်ပါ။ အန်တီနိုင်နှင့် ကိစ္စကတော့ ပြန်လာမှ ဆက်ပြောမည်။

ဖုန်းလေးကို အိပ်ရာပေါ်ပစ်တင်ကာ အာသာချစ်သောသူ့အကြောင်း တွေးနေမိသည်။ သူ ဘာအကြောင်းကြောင့် အာသာ့ကို ညာရတာလဲ မသိ။ ဘာကြောင့် ညာရသလဲဆိုသည့် အကြောင်းရင်းကို သိချင်တာက လွဲလျှင် သူ့အပေါ် အပြစ်ကြီးတစ်ခုဟု မမြင်မိပါ။

ဘာကြောင့်ပါဆိုသည့် သူ့ဆီကဖြေရှင်းချက်ကို ချက်ချင်းပင်သိချင် နေသည်။ သူ့မျက်နှာကိုကြည့်ပြီး မေးချင်တာကြောင့် ဒီနေ့အဖို့တော့ လက်လျှော့လိုက်ရတော့မှာပဲ။ အာသာ့အတွေးတွေကတော့ သူ သို့မဟုတ် သမုတ်ထယ်၊ ဦးမိုးခေါင် သို့မဟုတ် အမွေငယ်ရည်စား ဦးမိုးခေါင်၏ သို့မဟုတ် အမောနှံသူတော် ဒေါ်နန္ဒာမော်၊ နောက်ဆုံးတစ်ယောက်ကတော့ ဦးမိုးခေါင် ဒေါ်နန္ဒာမော်တို့၏ သမီး။ တနည်းနည်းအားဖြင့် သူနှင့်ဆွေ စပ်ထားသော မိန်းကလေး။ ထိုသို့အတွေးရောက်လာတော့ ရင်ထဲမှာ တမြေ့မြေ့ခံစားသွားရတာ နှလုံးသားထဲထိတိုင်ပင်။

ငါ့ကို ခွင့်မလွှတ်နဲ့ မိန်းကလေး။

✿ ✿ ✿

## အခန်း (၂၆)

မေမေ ငိုနေတာကိုကြည့်ပြီး သူ့အသည်းနှလုံးတွေ တဆစ်ဆစ်နာ ...ိုလာသည်။ ဖေဖေကတော့ သူနှင့်မေမေ့ကို တလှည့်စီကြည့်နေရုံက ...ီး ဘာတစ်ခွန်းမှ ဝင်မပြောသေးပါ။ ဘဝတစ်လျှောက်လုံး သူ့ကြောင့် ...မျက်ရည်မကျဖူးပါ။ သူ့ကြောင့် မိဘနှစ်ပါးစိတ်တိုင်းကျ ပျော်ရွှင် ...တာချည်းဖြစ်သည်။ မလိမ္မာသည့်သားသမီးတွေကြောင့် မျက်ရည်ကျရ ...ာ မိဘတွေကိုကြည့်ပြီး သူ့တက်တခေါက်ခေါက်ဖြစ်ခဲ့ဖူးသည်။ အခုတော့ ...ယ်တိုင်က မိဘမျက်ရည်ကျရသည့် သားမိုက်ဖြစ်နေပြီ။

...က်ဆိတ်နေသော ဧည့်ခန်းတစ်ခုလုံးတွင် မေမေ့ရှိုက်သံကို သူ ...းနိုင်တော့ပါ။

"မေမေ မငိုပါနဲ့တော့ မေမေရယ်၊ သားကြောင့် မေမေ ခံစားနေရတာ သားမကြည့်ရက်ဘူး"

မေမေထိုင်နေသော ဆိုဖာခုံရှေ့မှာ ဒူးထောက်ထိုင်ချပြီး သူတောင်း ...မယ့် မေမေအငိုရပ်မသွား။ မေမေ့ပေါင်ပေါ် မျက်နှာအပ်ချပြီး ...တော့ မေမေက ကျောလေးကိုသပ်ပေးပြီး

"မေမေခံစားနေရတာ သားမကြည့်ရက်သလို သားခံစားရမှာကိုရော ... ကြည့်ရက်ပါ့မလား"

မေမေ ငိုရှိုက်သံနှင့် ပြောသည်။

"သား . . . ထ"

သူ့ပခုံးကို ညင်သာစွာကိုင်မပြီး ထခိုင်းတော့ မျက်ရည်ကြားက ...မျက်နှာကို မော့ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သားက သိပ်လိမ္မာပြီး မိဘအပေါ် သိတတ်တဲ့ကလေးပါ။ တစ်ဦးတည်းသာရှိတဲ့ သားအပေါ် မေမေတို့ကလည်း တရားမျှတချင်တယ် မေမေ ငိုနေတာလည်း သမီးလေးဆက်ကို လက်မထပ်မှာစိုးလို့ ငိုတာမဟုတ်ပါဘူး။ သားအဖေနဲ့လည်းတိုင်ပင်ပြီးပါပြီ။ တစ်ဖက်က မိန်းကလေးပေါ်ထားတဲ့ သားရဲ့မေတ္တာဟာ ဘယ်လောက်ကြီးမားတယ် ဆိုတာခန့်မှန်းလို့ရတယ်သား။ တော်ရုံအချစ် တော်ရုံမေတ္တာနဲ့တော့ သားလုပ်ရက်မှာ မဟုတ်ပါဘူး။ တစ်သက်လုံး ဆွေမျိုးရင်းချာထက်မက နေလာတဲ့မော်နဲ့ သမီးလေးဆက်အတွက် ခံစားရတာကိုတော့ မေမေငိုပါရစေသားရယ်"

မေမေငိုရင်းပြောတော့ သူလည်း ဆက်အတွက်ခံစားသွားရသည်။

"ကဲ…အမေရော သားရော တိတ်ကြတော့"

တစ်ချိန်လုံးငြိမ်နေသော ဖေဖေဝင်ပြောတော့ သူမျက်ရည်ကြားက ဖေဖေ့ကိုကြည့်လိုက်ပြီး

"ဖေဖေ…သား…သား"

သူ ရှေ့ဆက်ပြီး ပြောမရဘဲ ဆွံ့အနေသည်။

"မပြောနဲ့တော့ သား၊ လူဆိုတာ ကံစီမံရာအတိုင်း လိုက်ကနေရတာပါ။ သားရဲ့ ကံကိုက သမီးငွေမိုးဆက်လေးနဲ့ ဖူးစာပါမလာဘူး။ ဒီအပြင် သားမေတ္တာစစ်နဲ့ချစ်တဲ့သူနဲ့ ထပ်ဆုံပေးလိုက်တာ အကြောင်းမရှိဘဲနဲ့တော့ မဖြစ်နိုင်ဘူး"

"ဖေဖေ သား ဖေဖေနဲ့မေမေရဲ့မေတ္တာကို အရင်ထဲက နားလည်ခဲ့ပါတယ်၊ သားက ဖေဖေ မေမေတို့ကို မျက်နှာပျက်အောင်လုပ်တဲ့ သားမိုက်ပါ။ သားကို ဘာကြောင့် ခွင့်လွှတ်ပေးရတာလဲ။ တစ်သက်လုံးခင်လာတဲ့ အန်တီမော်နဲ့ ဆက်ကိုလည်း သားမိုက်ကြောင့် မျက်နှာပျက်ရပြီ။ သားကို ဘာလို့နားလည်ပေးရတာလဲ"

ဖေဖေနဲ့မေမေရဲ့ ကြီးမားလွန်းသော မေတ္တာတွေအတွက် သူမချိုးမရဲဖြစ်ပြီး ပေါက်ကွဲတော့ ဖေဖေအပြုံးလေးနှင့်ကြည့်ပြီး

"သားရယ် ကမ္ဘာမီးလောင် သားကောင်ချနှင်းဆိုသလိုပေါ့၊ ဖေဖေနဲ့



အတွက် သားထက်အရေးကြီးတာ ဘာမှမရှိဘူး"

"ဖေဖေ…မေမေ၊ သား သားဘယ်လိုပြောရမှန်းတောင် မသိတော့ဘူး"

"သားလေး မပြောတတ်ရင်လည်း ဘာမှပြောမနေနဲ့တော့၊ လိမ္မာတဲ့သားအတွက် မေမေတို့ တတ်နိုင်တဲ့အရာပဲ"

"မေမေ တကယ်ပဲ အဲဒီလိုဆုံးဖြတ်ပြီးပြီပေါ့"

မေမေအပြုံးနှင့် ခေါင်းညိတ်ပြီး ဖေဖေ့ကိုကြည့်လိုက်သည်။ ဖေဖေကလည်း ပြုံးပြုံးကြီးပင် ခေါင်းညိတ်ပြတော့ သူ့ပျော်ရွှင်မှုတွေက ပြောမပြတတ်အောင်ပင်၊ အိပ်မက်များလားဟုပင် ထင်ရလောက်အောင် ဖေဖေမေမေရဲ့ လိုက်လျောမှုအတွက် သူအံ့သြရသည်။ တော်တော်ကြီးပင် ကြိုက်အခံလုပ်ရမည်ဟု ထင်ထားသော ကိစ္စကြီးသည် အခုတော့လည်း လွယ်ကူလိုက်တာမှ ချောမွေ့နေသည်။

ဝတီ့မျက်နှာလေးကိုပြေးမြင်တော့ နှလုံးသားတွေ တဆတ်ဆတ်ခုန်လာသည်။ သူမကို အမှန်တရားတွေအားလုံး ဖွင့်ပြောပြလိုက်တော့မည်။ ညာထားသည့်အတွက် သူမ ဘာပြောမည်မသိ။ နောက်ပြီး သူမပြောသော ဆက်မိဘနှစ်ပါးနှင့် ဝတီ့အမေ၏ သုံးပွင့်ဆိုင်ဇာတ်လမ်းအကြောင်း ဖေဖေနဲ့မေမေကို ပြောရမည်။ ဆက် မိဘတွေဆီမှ သူသတိရသွားသည်။

"ဖေဖေ၊ မေမေ…အန်တီမော် သားကိုဒေါသဖြစ်နေမှာပဲနော်၊ သား တစ်ခုစိုးရိမ်တာက အန်တီမော့်ကျန်းမာရေးကိုပဲ"

"မော်က မာနသိပ်ကြီးတဲ့ မိန်းမသားရဲ့၊ သားကို သိပ်ချစ်တယ်၊ ဆက်နဲ့ သားလွဲသွားမှာကိုလည်း သူအင်မတန်ကြောက်တယ်၊ သားကိုယ်တိုင်ကလည်း မေမေတို့စကားကိုတင်မကဘူး၊ သူ့စကားကိုလည်း တသွေမတိမ်း နားထောင်ခဲ့တယ်လေ။ အခု သား ဘယ်နည်းနဲ့မှ လက်မခံတော့တာသူသိသည်။ သမီးဆက်က သူ့ရဲ့အရုပ်ကလေးတစ်ရုပ်ပဲ။ အမေဆို ဒါရတဲ့ကလေးဆိုတော့ အခုသားရင်ထဲမှာ ဆက်ရှိမနေတော့တာ သိတယ်။ ဆက်ဟာ အဘက်ဘက်က တော်တဲ့မိန်းမဖြစ်တဲ့အတွက် ယောကျ်ားကောင်းတစ်ယောက်ကတော့ မလွဲမသွေရှိလာမှာပဲ၊ ဘယ်သူ

www.burmeseclassic.com

www.burmeseclassic.com



ပဲဖြစ်ဖြစ် နှလုံးသားရေးရာနဲ့ပတ်သက်လာရင် တားလို့မရတာ မော်လည်း ကောင်းကောင်းသိတယ်။ မေမေပြောချင်တဲ့အဓိပ္ပါယ်ကို သား သဘောပေါက်မလားမသိဘူး။ မော်ဟာ မာနကြောင့်ပဲ သူ့ရောဂါကို ဖုံးဖိနိုင်တယ်"

မေမေ့စကားဆုံးတော့ သူ့သက်ပြင်းချလိုက်သည်။ ခြောက်လလောက်ပဲ ခံတော့မည့်ရောဂါသည်တစ်ယောက်ဟာ မာနကြောင့်အသက်ရှင်နေမည်။ ဒါဟာ ဖြစ်နိုင်ပါ့မလား။ သွေးမျိုးထက်တောင် ချစ်ကြသည့် အန်တီမော့်ကို အချိန်တိုလေးအတွင်းမှာ စိမ်းကားပစ်သလိုဖြစ်နေပြီ။ တခြားကိစ္စလည်းမဟုတ်၊ မေမေ့ထက်ကို သူနှင့်ဆက် လက်မထပ်ဖြစ်မှာ အန်တီမော်က အင်မတန်ကြောက်သူတစ်ယောက်ပင်။

"သား ဘာမှတွေဝေမနေနဲ့တော့၊ ယောကျ်ားမှန်ရင် ဆုံးဖြတ်ချက်ပြတ်သားရတယ်။ လုပ်စရာရှိတာ ဆက်လုပ်၊ ပြီးရင် သားကောင်မလေးနဲ့တိုင်ပင်ပြီး မိဘတို့ဝတ္တရားရှိတဲ့အတိုင်း ဖေဖေနဲ့မေမေက စီစဉ်ပေးမယ်"

သူ့ရင်ထဲမှာ အတိုင်းအဆမရှိ ပျော်သွားသည်။ ချစ်သူကိုလည်း အပျော်တွေပေးချင်သည့်အတွက်

"ဖေဖေနဲ့ မေမေ ဝမ်းသာလွန်းလို့ သားဘာပြောရမှန်းတောင် မသိတော့ဘူး။ သူလည်း ဝမ်းသာသွားအောင် သားဖုန်းဆက်လိုက်မယ်နော်"

ဖေဖေနှင့်မေမေက အပြုံးကိုယ်စီဖြင့် ခေါင်းညိတ်ပြသည်။ ကြီးမားလွန်းလှသည့် မိဘနှစ်ပါး၏ မေတ္တာကို သူတကယ်ပင် အံ့သြရသည်။ အခန်းထဲရောက်တော့ အိပ်ရာပေါ်ခြေပစ်လက်ပစ်လှဲချပြီး ဝတီ့ဆီ ဖုန်းခေါ်လိုက်သည်။ ဝတီချက်ချင်းဖုန်းကိုင်တော့ သူ့ရင်တွေခုန်နေသည်။

"ဘာပြောမလို့လဲ သမုတ်ထယ်"

"ဝတီ ကိုယ့်ကို ဘယ်လိုခေါ်လိုက်တယ်"

အံ့သြလွန်း၍ စကားတွေတောင် အထစ်ထစ်အငေါ့ငေါ့ဖြစ်သွားသည်။

"သမုတ်ထယ်ရဲ့ ဒရိုင်ဘာလို့ ဘာကြောင့်ညာရတာလဲ"

သူမေးတာကို မဖြေဘဲ သူမ သိချင်တာကိုပဲ မေး၏။ သူကလည်း ဘယ်လိုအကြောင်းကြောင့်မှ မညာချင်တော့ပါ။



"ကိုယ် ဝတီ့ကို ညာခဲ့ပါတယ်။ ကိုယ်ညာခဲ့တာကလည်း ဘယ်လိုစိတ်မျိုးနဲ့မှ မဟုတ်ပါဘူး။ ဝတီ့ကို အဲဒီကိစ္စပြောပြဖို့ ဆုံးဖြတ်ပြီးပြီ။ အခု ဖေဖေနဲ့မေမေကလည်း ကိုယ်နဲ့ဝတီ့ကို ကြည်ကြည်ဖြူဖြူသဘောတူလိုက်ပြီ။ ဒီကိစ္စလည်း ဝမ်းသာအောင် ကိုယ်ညာထားတဲ့ကိစ္စပါ တစ်ပါတည်း ဖွင့်ပြောဖို့ ဝတီ့ကို ဖုန်းဆက်လိုက်တာ ဝတီယုံပါနော်"

"ရှင့်အဖေနဲ့ အမေ သဘောတူတယ်ဆိုတာ ဖြစ်နိုင်ပါ့မလား"

"ဝတီမယုံရင် ဝတီ့ကို ကိုယ့်မိဘတွေနဲ့တွေ့ပေးမယ်"

တော်တော်ကြာကြာ သူမဘက်က အသံတိတ်နေတော့ သူစိုးရိမ်သွားသည်။ သူမ စိတ်ဆိုးသွားပြီလား မသိ။ သူမ စိတ်ဆိုးမှာကိုတော့ သူအင်မတန်ကြောက်သည်။

"ကိုယ့်ကို စိတ်ဆိုးနေလား ဝတီ"

"ကျွန်မ ရှင့်ကို စိတ်မဆိုးပါဘူး၊ ရှင်နဲ့တော့ တွေ့ချင်သေးတယ်"

"ကိုယ်လည်း ဝတီနဲ့တွေ့ချင်ပါတယ်။ အခုထွက်ခဲ့လို့ ရမလား ဝတီ"

"ရှင် ကျွန်မအိမ်ကို လာခဲ့"

"ဘယ်လို ဝတီ"

သူ တအံ့တသြဖြစ်သွားသည်။

"ဟုတ်တယ်၊ ကျွန်မ အိမ်ကိုပဲ လာခဲ့လိုက်ပါ။ ကျွန်မ ခြံဝကထွက်စောင့်နေမယ်"

ဒါပဲပြောပြီး သူမဖုန်းချသွား၏။ သူမ အကြောင်း ကောင်းကောင်းသိထားသည့်အတွက် သူ မအံ့သြတော့ပါ။ သူမဆီသွားဖို့ ပြင်ဆင်ပြီး ဖေဖေနဲ့မေမေ့ထံ ခွင့်တောင်းတော့ အေးအေးဆေးဆေးပင်။ ကားမောင်းရင်း သူ သီချင်းလေးညည်းကာ ချစ်ရတဲ့သူမဆီသို့။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

အာသာ့စကားဆုံးသွားတော့ အန်တီနိုင် တစ်ခုခုကို တွေးတော‌နေ
သလို ငြိမ်ချက်သားကောင်းနေသည်။

"အန်တီနိုင်"

အန်တီနိုင့် ပခုံးကို ဖျစ်ညှစ်ပြီး အာသာခေါ်တော့ အန်တီနိုင်အကြည့်
လေးနှင့်ပင်။

"တစ်ခုခုပြောပါဦး"

အာသာ့ကိုကြည့်ပြီး အန်တီနိုင် ဟက်ကနဲရယ်တော့ ကိုယ့်ကိုယ်ကို
မလုံမလဲဖြစ်နေမိသည်။

"ဘာရယ်တာလဲ အန်တီနိုင်ရဲ့"

မျက်နှာမကြည့်ဘဲ အန်တီနိုင့်ရင်ခွင်ထဲ ခေါင်းတိုးဝင်ပြီးမေးတော့
အာသာ့ခေါင်းလေးကို ပွတ်သပ်ပေးပြီး

"အံ့ဩလို့ပါ၊ သမီးရည်းစားထားတတ်သွားတာကို အရမ်းအံ့ဩလို့"

"သမီးကို စိတ်ဆိုးနေတယ်မဟုတ်လား"

"မဆိုးပါဘူး၊ အန်တီနိုင့်သမီးလေး အခုလိုမိန်းမဆန်ဆန်နဲ့ နူးနူးညံ့
ညံ့လေးဖြစ်သွားတာကို အရမ်းကျေနပ်နေတာ၊ အဲဒီလိုဖြစ်သွားရတဲ့
အကြောင်းရင်းကလည်း ချစ်သူရသွားလို့မဟုတ်လား"

"တော်သေးတာပေါ့၊ အန်တီနိုင် စိတ်ဆိုးနေတယ်လို့ အမေပြော
တော့ အရမ်းစိတ်ပူသွားတာ"

"စိတ်ဆိုးတာ သူ့ကိုပါ၊ သူ့နှလုံးသားဒဏ်ရာသက်သာဖို့အတွက်



သမီး ဖြစ်တဲ့သူကို ခိုင်းရက်တဲ့ သမီးအမေကို ဒေါသဖြစ်တာ။ နည်းနည်း
ဖြေသာတာက သမုတ်ထယ်ကိုယ်တိုင်ကလည်း သမီးကိုသိပ်ချစ်သွား တယ်။
နောက်တစ်ခုက သမီးနဲ့ သမုတ်ထယ်ရဲ့ဇာတ်လမ်းက ဝတ်ရည်မနိုင်းခင်
ကတည်းက စခဲ့ကြတာမဟုတ်လား။ တစ်ခုပဲ...သမုတ်ထယ် မိဘတွေ
ကြည်ကြည်ဖြူဖြူ သဘောတူတယ်ဆိုတာ မယုံနိုင်ဖြစ်နေတယ်။
သမုတ်ထယ် အဖေကိုမင်းမောင်နဲ့ကိုမိုးခေါင်တို့က တော်တော်ခင်ကြတဲ့
သူငယ်ချင်းတွေ၊ ကိုမိုးခေါင်သမီးလေးကိုလည်း ကိုမင်းမောင်တို့ လင်မယား
က အရမ်းချစ်ကြတာ။ ကိုမိုးခေါင် မဆုံးခင် ဟိုးပဝေသဏီထဲက ဒီကလေး
နှစ်ယောက်ကို သဘောတူခဲ့ကြပြီး အခုချက်ချင်းကြီး ဟိုဘက်ကို ဥပေက္ခာပြု
လိုက်တာ မယုံနိုင်ဘူးဖြစ်နေတယ်"

အန်တီနိုင်တွေးတွေးဆဆနှင့်တွက်ချက်ပြတာ ဟုတ်နေတော့ အာသာ
စိတ်ညစ်သွားသည်။ သူကတော့ ညာမှာမဟုတ်ပါဘူး။ သူ့မိဘတွေကပဲ
အယုံသွင်းအချိုသပ်နေတာလား မသိ။

"နန္ဒာမော်က တော်ရုံမိန်းမ မဟုတ်တာ ကိုမင်းမောင် ကောင်းကောင်း
သိတယ်။ ဒီကိစ္စကို ငုံ့ခံနေမှာမဟုတ်ဘူး။ သမီးဟာ ဝတ်ရည်သမီးဆိုတာ
သိရင် ပိုဆိုးမယ်။ သမီးနဲ့ သမုတ်ထယ်ကိစ္စကိုလည်း ရိုးရိုးသားသား
တွေ့ဆုံကြ၊ ချစ်ကြတာဆိုရင် ကိုမင်းမောင်တို့လက်ခံရင် လက်ခံလိမ့်
မယ်။ သမီးတို့နှစ်ယောက်က တကယ်လည်း ရိုးရိုးသားသားချစ်ခဲ့ကြပေ
မယ့် ကိုမင်းမောင်တို့ ယုံမှာမဟုတ်ဘူး၊ တကယ်လည်း ဝတ်ရည် ဒါရိုက်တာ
လုပ်ခဲ့တာဆိုတော့...ဟင်း"

အန်တီနိုင် ဆက်မပြောတော့ဘဲ သက်ပြင်းတစ်ချက်ကို ဆွဲချလိုက်
သည်။ ဘာပြောရမှန်းမသိသော အာသာ့ကို အန်တီနိုင်ကြည့်ပြီး

"ကဲပါ မျက်နှာလေးကို ပျက်နေတာပဲ။ ရည်းစားရှိပြီဆိုတာနဲ့ စိတ်
ညစ်ရပြီမဟုတ်လား။ ထတော့ ကောင်လေးလာခါနီးပြီမဟုတ်လား။ သွား
စောင့်တော့ အန်တီနိုင်လည်း အကဲခတ်ရတာပေါ့"

စိတ်မပါစွာ အာသာထရပ်လိုက်ပြီး

"အမေ ဘာပြောသေးလဲ အန်တီနိုင်"

www.burmeseclassic.com

www.burmeseclassic.com



''ဝမ်းသာနေတာပေါ့။ သူ့ရဲ့ နှစ်ရှည်လများ စိမ့်ကိန်းကြီးအောင်မြင်တော့မှာ မဟုတ်လား။ ဝတ်ရည်ကိုသာ အပြစ်ပြောနေတာ နန္ဒာမော်ကလည်း နန္ဒာမော်ပဲ။ တော်တော် ယုတ်မာတဲ့ မိန်းမ။ သမီးနဲ့ သမုတ်ထယ် တကယ်လက်ထပ်ဖြစ်သွားရင် နန္ဒာမော် ရှုံးတောင်ရှုံးသွားနိုင်တယ်။ သူ့သမီးလေးကတော့ မြေဖြူပင်လေးပါ။ သနားစရာလေး။ မအေကိုလည်း တော်တော်ကြောက်ရတယ့်တဲ့''

''အန်တီခိုင်က ဘယ်လိုလုပ်သိလဲ''

''ညည်းလေးရဲ့ အမေ ဒါရိုက်တာမကြီးပြောတာလေ''

လူ မမြင်ဖူးပေမယ့် ဒေါ်နန္ဒာမော့်သမီးအတွက် စိတ်မကောင်းဖြစ်သွားသည်။ ဒေါ်နန္ဒာမော့်သမီးကရော သမုတ်ထယ်ကို တကယ်ချစ်လား။ ထိုသို့အတွေးရောက်တော့ အာသာ့ရင်တစ်ခုလုံး ပူလောင်သွားရသည်။ ဒါမျိုးတွေတစ်ခါမှ မဖြစ်ဖူးသည့် အာသာက အခုမှတစ်ခုပြီး တစ်ခုဖြစ်နေရတာသည် အန်တီခိုင်ပြောသလို ရည်းစားရသွားလို့ဖြစ်မည်။

''ဟာ...ဘာတွေစဉ်းစားနေပြန်တာလဲ။ သွားတော့၊ ကောင်လေးရောက်နေလောက်ပြီ''

''အန်တီခိုင်ပါ တစ်ခါတည်းလိုက်ခဲ့''

''သွားပါ။ သမီးတို့နှစ်ယောက် ပြောစရာရှိတာ အရင်ဆုံးပြောကြဦး။ နာရီဝက်လောက်ကြာမှ လာခဲ့မယ်''

အာသာလှည့်ထွက်ဖို့ပြင်ပြီးမှ

''သမီး''

အန်တီခိုင်လှမ်းခေါ်တော့ အာသာလှည့်ကြည့်လိုက်သည်။

''ခြံထဲမှာပဲ ပြောနော်''

''ဟုတ်ကဲ့ အမေ့ကို အန်တီခိုင်ပဲပြောပြလိုက်တော့''

အန်တီခိုင် ခေါင်းညိတ်ပြမှ အာသာထွက်လာခဲ့သည်။

တစ်အိမ်လုံး တိတ်ဆိတ်နေ၏။ ညှိခန်းထဲမှာ အမေ့ကိုမတွေ့။ မစန်း သန့်ရှင်းရေးလုပ်နေရင်းက အာသာအသင့်ထွက်နိုင်ရန် အပြေးအလွှား တံခါးသွားဖွင့်၏။ အိမ်ထဲက အာသာထွက်လာတော့ ခြံစောင့်



ကုလားလေးခပ်သုတ်သုတ်ဝင်လာတာနှင့်တိုးသည်။ ကုလားလေး အာသာ့ကိုမြင်တော့ ကိုယ်ရှိန်သတ်သွားပြီး

''ညှိသည် အစ်ကိုကြီးတစ်ယောက်က မမလေးကို တွေ့ချင်လို့တဲ့''

''ဝင်လာခိုင်းလိုက်၊ ကားရပ်ရမယ့်နေရာ ပြပေးပြီး ဂိုဒေါင်ခေါ်လာခဲ့။ ခြံထဲမှာ စောင့်နေမယ်''

''ဟုတ်ကဲ့''

မြန်လိုက်သည့်ကုလားလေး။ ချက်ချင်းပင် ခြံဝရောက်သွားပြီ။ သူ့ကားလေးမောင်းဝင်လာပြီး သူကားပေါ်ကဆင်းတော့ အာသာရှိရာ ကုလားလေး လက်ညှိုးထိုးပြနေ၏။ အပြုံးလေးနှင့် သူလျှောက်လာတာကို ကြည့်ကောင်းကောင်းနှင့် အာသာကြည့်နေမိသည်။

ဘာမပြော ညာမပြောနှင့် အာသာ့အနားမှာသူဝင်ထိုင်တော့ တစ်ကိုယ်လုံးအကြောအချဉ်တွေ တရှိန်းရှိန်းထသွားသည်။ သူ ဘာစကားမှမပြောသေးဘဲ အာသာ့မျက်နှာကိုပဲ မျက်တောင်မခတ် စိုက်ကြည့်နေ၏။

''ဝတီ''

''ဟင်''

အသံတွေတုန်နေတာ သူ့ကိုယ်သူ သိသည်။ ဆက်တစ်ယောက်ကခဲ့လျှင် ဘယ်မိန်းကလေးနှင့်မှ အခုလိုနီးနီးမနေဖူးပါ။ အနီးကပ်ဆုံးအနေအထားမှ သူမကိုယ်သင်းနံ့လေးကို ရှူရှိုက်ရင်း ရင်တွေခုန်နေတာသိသည်။ ဖြစ်နိုင်လျှင်တော့ သူမကို မြန်မြန်ဆန်ဆန်ပိုင်ဆိုင်ချင်ပြီ။

''ပြောလေ''

သူမ၏ ဝင်းဝင်းမွတ်မွတ်မျက်နှာလေးကိုကြည့်ပြီး မချင့်မရဲဖြစ်လာတော့ သူမလက်ကလေးကို ဆုပ်ကိုင်လိုက်သည်။ သူမလက်ကလေးတွေအေးစက်နေခြင်းအားဖြင့် သူမလည်း ရင်ခုန်နေမှာပါ။

''ပြောပါမယ် ဝတီရယ်။ ဝတီ့မျက်နှာလေးကို ကြည့်လို့မဝသေးလို့

သူမ မျက်လွှာချသွားတာသည်။ ရှက်လို့ဖြစ်မည်။ ဒီလိုတော့လည်းတတ်သားပဲ။

www.burmeseclassic.com

www.burmeseclassic.com



"ကိုပ ဘာကစပြီး ပြောရမလဲ"

"ကိုယ့်ကိုယ်ကိုယ် ဒါရိုင်ဘာလို့ ဘာလို့ပြောလဲ"

"အဲဒီတုန်းကတော့ တကယ်ကို ဘာရည်ရွယ်ချက်မှ မရှိပါဘူး ဝတီရယ်"

"အဒီတုန်းက မရှိဘူးဆိုတော့ အခုတော့ ရှိတယ်ပေါ့"

"ကိုယ်က အဲဒီအချိန်ကတည်းက ဝတီ့ကို စိတ်ဝင်စားနေတာ ဝတီ သိပါတယ်၊ ကမ္ဘာ့ကီရှေ့မှာ ကားပတ်မောင်းပြီး သမုတ်ထယ်ဆိုတဲ့ ကောင် လေးကို လာချောင်းနေတုန်း ကိုယ်နဲ့တိုးတော့ ကိုယ်က ရွှေပိုးထယ် ကမ္ဘာ့ကီကလည်းပြောရော သမုတ်ထယ်ကိုသိသောလို့ ဝတီမေးတယ်လေ"

ပြောလက်စ စကားကိုရပ်ပြီး သူ့အပြုံးလေးနှင့် သူမကိုကြည့်နေသ

"ဟုတ်တယ် မဟုတ်လား၊ မှတ်မိလား။ ဝတီ မှတ်မိ မမှတ်မိတော့ မသိဘူး။ ကိုယ်ကတော့ ဝတီနဲ့ပတ်သက်တာမှန်သမျှ အားလုံးကို မှတ်မိ တယ်"

"ဆက်ပြောပါ"

စိတ်မရှည်သည့်စကားလေးပေမယ့် သူမ စိတ်တိုနေခြင်းမဟုတ်တာ သိသည်။

"ဝတီ့လို မိန်းကလေးမျိုးက ယောကျ်ားတစ်ယောက်ကို အကြောင်း မရှိဘဲ မမေးဘူးဆိုတာ ကိုယ်သိတယ်။ သမုတ်ထယ်က ကိုယ်ပါလို့ပြော လိုက်ရင် ဝတီဘာကြောင့် သမုတ်ထယ်ကို သိချင်တာလဲဆိုတဲ့အချက် ကိုယ်ဘယ်သိရတော့မလဲ။ အဲဒါကြောင့် ကိုယ်ညာလိုက်ရတာပါ။ ကိုယ့်ကို စိတ်မဆိုးပါနဲ့နော်။ ဝတီ စိတ်ဆိုးမှာကို အရမ်းကြောက်တယ်"

"ဒီကိစ္စ ထားလိုက်ပါတော့"

"ဝတီ စိတ်မဆိုးဘူး မဟုတ်လားဟင်"

သူမ ခေါင်းလေးပဲ ညိတ်ပြသည်။

"ရှင်နဲ့ မိဘတွေ သဘောတူထားတဲ့ ဦးမိုးခေါင် ဒေါ်နန္ဒာမော် သမီးကို ရှင်ချစ်လား"

"မချစ်ဘူး"



ဒါကိုတော့ ရဲရဲတင်းတင်းပြတ်ပြတ်သားသားပင် သူပြောလိုက်သည်။

"ကောင်မလေးကရော"

"ဆက်က အရမ်းအေးတယ် ဝတီရဲ့၊ သူ့အမေ ဒါဆိုဒါရတာ၊ အန်တီမော်က ကိုယ့်ကို အရမ်းချစ်တယ်။ သူ့သမီးဆက်နဲ့လည်း အရမ်း သဘောတူတာ။ ဆက်ရင်ထဲက ဖြစ်နေတာကိုတော့ ကိုယ်မသိဘူး။ ကိုယ်နဲ့ဆက်က တကယ်ကို ဖြူဖြူစင်စင်ဆက်ဆံခဲ့ကြတာ ဝတီယုံပါ။ ကိုယ်ရောဆက်ရော ချစ်သူမရှိတဲ့အတွက် မိဘတွေအလိုကျ ခေါင်းညိတ် ထားပြီး အချိန်တန်ရင် လက်ထပ်ကြမယ်ဆိုတဲ့ အသိရှိထားကြတယ်။ ကိုယ်လည်း ဝတီနဲ့မတွေ့ခင်က ဆက်ကို ချစ်လား၊ မချစ်လားကို မသိဘူး။ ဆက်လည်း အဲဒီအတိုင်းပဲဖြစ်မယ်။ တစ်ချိန်မှာ လက်ထပ်ရမယ့်သူရှိနေ တယ်ဆိုတဲ့ အတားအဆီးကြီးကတော့ရှိနေတာပေါ့။ ဝတီ့ကိုတော့ အဲဒီအတားအဆီးကြီးရှိနေကဲ့ကြားကကို ချစ်မိသွားတာ။ ဝတီ့ကို တကယ် ချစ်မိမှ ဆက်ကကိုယ့်ရင်ထဲမှာ ရှိမနေတာ သေသေချာချာသိသွားတယ်"

သူ အရှည်ကြီးရှင်းပြတော့ အာသာ့ရင်ထဲမှာ ကျေနပ်သလို မကျေ နပ်သလိုလို။

"ရှင်ကမတော့ ချစ်တဲ့သူတွေ့သွားတာကို။ ဟိုတစ်ယောက်က ချစ်သူ မတွေ့သေးတဲ့အတွက် သူ့ရင်ထဲမှာ ရှင်ရှိရင် ရှိနေမှာပေါ့"

"အဲဒါကို ကိုယ်စိတ်မဝင်စားဘူးဆိုရင် ဝတီယုံမလား"

အာသာ ဘာမှမပြောဘဲ ငြိမ်ငြိမ်လေးပဲနေလိုက်သည်။ ဒါဟာ သူ့ကို သဝန်တိုနေတာလားဟု ကိုယ့်ကိုယ်ကို အာသာ ပြန်မေးနေမိသည်။

ရှင့်ကို ချစ်မိမှ ဘဝမှာ တစ်ခါမှ မဖြစ်ဖူးတာတွေ ဖြစ်နေရပြီ။

"ဝတီ"

အာသာ အတွေးလွှန်နေရာမှ သူ့ကိုကြည့်လိုက်သည်။

"ကိုယ့်ကို ယုံပါနော်"

"ရှင့်မိဘတွေကရော ကျွန်မနဲ့ရုတ်တရက်ကြီး သဘောတူဟာမဆိုတာ ဖြစ်နိုင်ပါ့မလား"

သူမ မေးသလို သူကိုယ်တိုင်ကလည်း ဒီအကြောင်းကိုပဲ တွေးနေတာ

www.burmeseclassic.com

www.burmeseclassic.com



ပါ။ ဒီလောက် ချစ်ခင်နေသော အန်တီမော်နဲ့ ဆက်ရဲ့မျက်နှာကိုထော
ပြီး သူနဲ့ဝတီကိစ္စကို ဟန်ဆောင်လောက်တော့ ကားသင့်သည်။ မတေ
သည့်အပြင် ချက်ချင်းကို သဘောတူလိုက်တာသည် ဝတီမပြောနှ
သူတောင် မသက်ာချင်။ နောက် အရေးကြီးဆုံးတစ်ခု အန်တီမော့်ရောဂ
သိပ်မခံတော့သည့်အတွက် သူနှင့်ဆက် မင်္ဂလာပွဲကို ဝါမဝင်ခင်တော
အသည်းအသန်စီစဉ်ကြသေးသည်။ မေမေကလည်း ဆက်ကိုချစ်လိုက်တာ
မှ သူများနှင့်မတူ။ အဘက်ဘက်က ပြည့်စုံရုံတင်မက ကျော်လွန်နေသော
ဆက်ကို ချွေးမ မတော်ရမှာ အင်မတန်ကြောက်သူ။ အန်တီမော်ကလည်
သူ့ကို သမီးဖြစ်သူဆက်နှင့် ဖျတ်ဖျတ်လူးပေးစားချင်သူတစ်ယောက်
သမီး ဖြစ်သူဆက်ကို သူ့လက်ထဲမှာထည့်ပြီး အသေဖြောင့်ချင်သူ
နောက်ဆုံး အန်တီမော် မကြာခဏမက်နေသော အိပ်မက်ဆိုးတွေကို
အကြောင်းပြုပြီး ရက်ပိုင်းအတွင်း လက်ထပ်ရမည်ဆို၍ သူပေါက်ကွဲခဲ့ရသေး
သည်။ ထိုအကြောင်းအရာတွေအားလုံး တကယ်ဖြစ်ခဲ့ခြင်းကြောင့်
ဆက်တို့သား အမိနှင့် မေမေ့တို့ ဘာတွေဖြစ်သွားလဲ။

သူနှင့်ဝတီကိုလည်း ဖေဖေနှင့်မေမေက ဘာကြောင့် ချက်ချင်းကြီး
သဘောတူရသလဲ။ ဒါတွေကို သူ သေသေချာချာမသိသေးပါ။ သူမနှင့်
သဘောတူသည်ဆိုတာနှင့် ဝမ်းသာအားရပြေးလာခဲ့သည်။ သူမ မယုံချင်
လည်း မယုံချင်စရာပါ။

စဉ်းစားနေသော သူ့ကို သူမအကဲခတ်နေသည်။

''ဝတီ''

''ဟင်''

''ကိုယ်လည်း ဒီကိစ္စကို မတင်မကျကြီးဖြစ်နေတယ်။ ဝတီ့လိုမိန်း
ကလေးမျိုးကို သဘောမတူစရာမရှိပေမယ့် အန်တီမော်နဲ့ မေမေတို့
ဘယ်လိုဖြစ်သွားတယ်ဆိုတာ ကိုယ်သေသေချာချာမသိသေးဘူး။ ဝမ်းသာ
လွန်းလို့ ဝတီ့ဆီကို အပြေးလာခဲ့တာ''

''တစ်ဘက်က ကောင်မလေးက သနားစရာပဲနော်''

''ဟုတ်တယ် ဝတီ၊ ဆက်နဲ့ကိုယ့်ရဲ့ကိစ္စကို နှစ်ဘက်အသိုင်းအဝိုင်း



အားလုံး သိထားတော့ ဆက် အရှက်ရတာတော့ အမှန်ပဲ၊ အသံတုန်တုန်
လေးနှင့် တစ်ဖက်မိန်းကလေးအတွက် စိတ်မကောင်း ဖြစ်နေတာကို
အာသာ သဝန်မတိုမိပါ။ နှစ်ရှည်လများ ဆွေမျိုးတွေလို နေလာခဲ့သည့်
အတွက် မချစ်ပေမယ့် သံယောဇဉ်တော့ရှိမှာပါ။ အာသာ ကိုယ်တိုင်က
လည်း ကောင်မလေးကို သနားနေသည်။

''ရှင့်ကို ချစ်မိတဲ့အတွက် ကျွန်မကိုယ်ကျွန်မ အပြစ်ကြီးတစ်ခုကို
ကျူးလွန်မိသလို ခံစားရတယ်''

သူမ ထိုသို့ပြောတော့ သူပျာပျာသလဲ ဖြစ်သွားရသည်။

''ဟာ . . . ဝတီကလည်း မဟုတ်တာ။ ဝတီ့မှာ အပြစ်မရှိပါဘူး။
ကိုယ် ချစ်တာက ဝတီပဲ''

''ကျွန်မက ဒေါ်မြဝတ်ရည် သမီးဆိုတာရယ်၊ ဒေါ်မြဝတ်ရည်နိုင်းလို့
သူ့သမီးက ဒီလိုလုပ်ရပါတယ်ဆိုတာရော ရှင့်မိဘတွေကို ပြောပြပြီးပြီလား''

သူခေါင်းခါပြီး

''ဝတီက ဒေါ်မြဝတ်ရည်သမီးဆိုတာကိုတော့ ပြောပြမယ်။ ကျန်တဲ့
ကိစ္စတွေကို မပြောတော့တာ ကိုယ်တို့အတွက် အကျိုးရှိမယ်ထင်တယ်၊
တကယ်လည်း ကိုယ်နဲ့ဝတီ တွေ့ခဲ့ချစ်ခဲ့တာ ဝတီ့အမေနိုင်းတာနဲ့ မဆိုင်တာ။
ဝတီ့အမေကိုလည်း ဒီကိစ္စ မသိဟန်ဆောင်နေပေးဖို့ ဝတီ ပြောပေးနော်''

''ရှင့်မိဘတွေက ယုံပေမယ့် ဒေါ်နန္ဒာမော်က ယုံပါ့မလား။ အမေနဲ့
ဒေါ်နန္ဒာမော်က ချိတ် ချိတ်ခြင်းဆိုတော့''

''မယုံလည်း သူဘာမှဝင်ပြောလို့မရတော့ပါဘူး။ ကိုယ်တစ်ယောက်
ထဲက ဝတီ့ကိုပဲ လက်ထပ်မယ့်ဟာ သူ ဘာပြောခွင့်ရှိမှာလဲ''

''ရှင် သမုတ်ထယ်ဖြစ်နေတာကိုက ကျွန်မစိတ်ထဲမှာ ရှင်းရှင်းလင်း
လင်းမရှိတော့ဘူး''

သူမပြောလိုက်သောစကားလေးကြောင့် သူ့ရင်ထဲထိတ်ထိတ်လန့်လန့်
ဖြစ်သွားသည်။

''ဘာဖြစ်လို့ မရှင်းရတာလဲ ဝတီရယ်၊ ကိုယ်ချစ်တာ ဝတီ့ကိုပါ။
ဆက်နဲ့ပတ်သက်ပြီး ဝတီ့စိတ်ထဲမှာ စနိုးစနောင့်မဖြစ်ပါနဲ့။ ဆက်က

www.burmeseclassic.com

www.burmeseclassic.com



အရမ်းအေးချမ်းတဲ့မိန်းကလေးပါ။ သူ ကြည်ကြည်ဖြူဖြူခွင့်ပြုမှာ ကိုယ်ပြောရဲတယ်''

''အဲဒီလို ကြည်ကြည်ဖြူဖြူခွင့်ပြုတာကိုက ကျွန်မခံစားရတာ။ သူ့အမေကို ကျွန်မအမေ မုန်းပေမယ့် သူ့ကိုကျွန်မ မမုန်းဘူး။ ရှင်ဟာတကယ်ပဲ သမုတ်ထယ်ဒရိုင်ဘာဆို သိပ်ကောင်းမှာပဲ''

''ဝတီရယ်၊ ကိုယ် ဘာပြောရမှန်းကို မသိတော့ပါဘူး''

အာသာမျက်နှာပျက်နေတော့ သူ မနေတတ်မထိုင်တတ်ဖြစ်နေသည်။

''ရှင် ပြန်တော့''

သူမနှင်တော့ ပြန်ဖို့ပြင်လိုက်သည်။ သူမ စိတ်ဆိုးပြီးပေါက်ကွဲမှာကို သူအရမ်းလန့်သည်။ သူနှင့်အတူ သူမပါလိုက်ထတော့

''ကိုယ့်ကို မမုန်းလိုက်ပါနဲ့နော် ဝတီ''

စိတ်ဆိုးချင်လည်းဆိုးတော့။ သူမလက်ကလေးနှစ်ဖက်ကို ဆုပ်ကိုင်ပြီး သူပြောတော့ သက်ပြင်းချ၏။

''ကိုယ့်ကိုချစ်မိတဲ့အတွက် ဘာအပူအပင်မှမရှိတဲ့ဝတီ့မှာ သောကတွေများရပြီ။ ဝတီ့ကို သိပ်ချစ်တဲ့ ကိုယ့်ကိုခွင့်လွှတ်ပါနော်''

ပြောပြီးတာနှင့် သူမ ဘယ်ဘက်လက်ကလေးဆွဲယူပြီး နမ်းလိုက်သည်။ ရုတ်တရက်မို့ ရှက်သွားသော သူမမျက်နှာလေးကိုကြည့်ပြီး ရင်တွေခုန်နေသည်။ သူ့မျက်နှာကို မကြည့်တဲ့ဆုပ်ကိုင်ထားသော လက်ကလေးတွေကို ရုန်းထွက်နေသည်။

''ကိုယ် သွားမယ်နော်၊ ညကို ဖုန်းဆက်လိုက်မယ်''

ခေါင်းညိတ်ပြီးမှ အန်တီခိုင် ဒီဘက်လာနေတာကိုတွေ့တော့

''ခဏနေဦး၊ အန်တီခိုင်နဲ့ မိတ်ဆက်ပေးမလို့''

သူမပြောတော့ နောက်ကို ဖျတ်ကနဲ သူလှည့်ကြည့်လိုက်သည်။

မေမေတို့လောက်ရှိမည့် အန်တီခိုင်ဆိုသော သူမအဒေါ်က ဣန္ဒြေရရလေး လျှောက်လာနေသည်။

''သမုတ်ထယ် မဟုတ်လား''

အသံချိုချို အပြုံးချိုချိုလေးနှင့် အန်တီခိုင်က တော်တော်ကိုချောသည်။



...များတောင် ဘာကြောင့်အပျိုကြီးဖြစ်နေတာလဲ။ ကျော့ကျော့ဦးလေး ...ကြီးနှစ်ရှည်လများ ပိုးပန်းနေတာကို သတိရသွားတော့ သူ အပြုံး ...နှင့် ခေါင်းဆတ်ပြပြီး

''ဟုတ်ပါတယ် အန်တီခိုင်''

''မင်းကလည်း လူချောလေးပဲ၊ ကိုမင်းမောင်နဲ့တော့ မတူဘူး''

''ဟုတ်ကဲ့ အန်တီခိုင်၊ ကျွန်တော်က မအေတူပါ။ အန်တီခိုင်က ...ဖေ့ကို သိတယ်ထင်တယ်''

''ကိုမင်းမောင်နဲ့ ခင်ပါတယ်''

''ဟုတ်ကဲ့ ဖေဖေ့ကို ပြောပြလိုက်ပါ့မယ်''

အပြုံးလေးနှင့် အန်တီခိုင် သူ့ကိုစိုက်ကြည့်နေပြီးမှ

''သမီးအာသာက မြဝတ်ရည့်သမီးဆိုတာ သားမိဘတွေ သိလား''

''မသိသေးပါဘူး ခင်ဗျာ။ ဒီနေ့ပဲ ကျွန်တော်ပြောပြလိုက်ပါ့မယ်''

''ဟုတ်ပြီ ဟုတ်ပြီ၊ သွားတော့မယ် မဟုတ်လား''

''ဟုတ်ကဲ့ ခွင့်ပြုပါဦး အန်တီခိုင်၊ ဝတီ...သွားမယ်နော်''

သူမ ခေါင်းလေးပဲ ညိတ်ပြသည်။ ကားပေါ်က သူလက်ပြတော့ ...တီခိုင် လက်ပြန်ပြပေမယ့် သူမကတော့ ခပ်တည်တည်ကြီးနှင့်စိုက် ...ည့်နေ၏။ သူမစိတ်ထဲ နီးလိုနုလုဖြစ်နေမယ်ဆိုတာ သူနားလည်ပါသည်။ ...မင်း ဘယ်လိုမိန်းကလေးပဲဖြစ်ဖြစ် ကိုယ်ကတော့ သိပ်ချစ်တယ်ဝတီ။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

သူ့ကားလေး ခြံရှေ့ရောက်တာနှင့် ခြံစောင့်ကောင်လေး တံခါး ဖွင့်ပေးသည်။ စိတ်ထဲမှာ ထိတ်ကနဲဖြစ်သွားသည်။ အန်တီမော်နဲ့ ဆက် ရောက်နေပြီလား မသိ။ ထင်သည့်အတိုင်းပင် သူ့ကားလေးခြံထဲဝင်လာတော့ ဆက်တို့အိမ်က ကားရပ်ထားသည်။ အန်တီမော်နှင့် မျက်နှာချင်း မဆိုင်ချင်သလို ဆက်ကိုလည်း မျက်နှာပူနေမိသည်။ ရှောင်နေ၍လည်း မထူးသည့်အတွက် ကားပေါ်ကဆင်းလာပြီး အိမ်ထဲမဝင်သေးဘဲ အခြေအနေကို ရပ်ကြည့်နေမိသည်။

“အဲဒီလောက်ထိတော့ မော်တို့အပေါ် မရက်စက်သင့်ဘူး ကိုမောင်။ သမီးလေးဟာ အခုဆိုရှက်လွန်းလို့ သူ့အသက်အန္တရာယ်ကိုတောင် ရန်ရှာနိုင်တယ်။ မော့်ကို”

“တော်တော့ နန္ဒာမော်။ နင့်ပါးစပ်ကထွက်တဲ့ စကားမှန်သမျှ ငါ ဘာတစ်ခုမှ မယုံတော့ဘူး”

“နေပါဦး ကိုမောင်ရယ်။ မော် ပြောတာကို ဆုံးအောင်နားထောင်ပါဦး”

ဒေါ်ခင်ခင်မေကြားက ခင်ပွန်းဖြစ်သူကို နှစ်သိမ့်ပေမယ့် ဦးမင်းမောင် လက်မခံ။

“နားထောင်ရအောင် သူ့စကားတွေက ဘယ်နှခါမှန်ဖူးလို့လဲ”

ဦးမင်းမောင် လက်သီးလက်မောင်းတန်းပြီး ဒေါသတကြီးပြောမယ့် ဒေါ်ခင်ခင်မေ မလျှော့။ ခင်ပွန်းသည်ကို မျက်နှာချိုသွေးပြီး

“မော့်ကို အပြစ်မယူပါနဲ့ ကိုမောင်ရယ်၊ မော်လုပ်ခဲ့တဲ့ လုပ်ရပ်တွေ



နေပေမယ့် သမီးလေးဆက်အတွက် မိဘမေတ္တာတွေလေ”

“ငါကိုယ်တိုင်လည်း သားရှိတဲ့အတွက် မိဘတစ်ယောက်ရဲ့သားသမီးအပေါ်ထားတဲ့မေတ္တာကို ငါနားလည်တယ်။ ဒါပေမဲ့ ကိုယ်ချည်းပဲကောင်းတော့ မလုပ်နဲ့ မကြံနဲ့လေ၊ ညည်းလုပ်ခဲ့တဲ့ လုပ်ရပ်တွေကို ငါတို့မကြိုက်ပေမယ့် ငါ့သူငယ်ချင်း မိုးခေါင်မျက်နှာကြောင့် ငါတို့ပြည်ဖုံးကားချလိုက်တယ်။ မွေးလာတဲ့ သမီးလေးကလည်း လိမ္မာတော့ သမီးရင်းလေးတစ်ယောက်လို ချစ်ခဲ့တယ်။ ဒါကို ညည်းအသိဆုံးပဲ နန္ဒာမော်။ ဒါကိုမှ ညည်းက လောဘတွေကြီးပြီး ကလေးတွေကိစ္စကို ကိုယ်ဖြစ်ချင်တဲ့ပုံစံကွက်ထဲ အတင်းဝင်ခိုင်း၊ ငါတို့လူကြီးတွေကိုလည်း ရောဂါမရှိဘဲ ရောဂါရှိတဲ့လုပ်ဇာတ်တွေခင်း၊ ချက်ချင်းပဲ သေတော့မလိုပြောလို့ပြော၊ မဟုတ်ကဟုတ်က အိပ်မက်ဆိုးတွေ အကြောင်းပြ”

“တော်ပါတော့ ကိုမောင်၊ တော်ပါတော့”

ဒေါ်နန္ဒာမော် နားနှစ်ဖက်ကိုပိတ်ပြီး သွေးရူးသွေးတမ်း ထအော်နေပေမယ့် ဦးမင်းမောင် ဂရုမစိုက်။

“မတော်နိုင်ဘူးနန္ဒာမော်၊ ဒီကိစ္စပြောချင်နေတာ။ သမီးလေးဆက်က အပြစ်ရှိနေလို့မပြောတာ၊ အခုကလေးတွေမရှိတုန်း ငါ့ပြောချင်တာတော့ ပြောရမှာပဲ”

အခြေအနေကို စောင့်ကြည့်နေသောသူက အဖေနှင့်အန်တီမော်ပြောနေတာတွေကို နားထောင်ပြီး အံ့ဩလွန်းလို့ စိတ်ဝင်တစားနားထောင်နေမိတာ အသက်တောင်ပြင်းပြင်း မရှူရဲပါ။ ဒါဆို အသည်းကင်ဆာရောဂါဖြစ်တယ်ဆိုတာ မဟုတ်ဘဲ အန်တီမော် လိမ်နေတာပေါ့။

ဖေဖေ တော်တော်ဒေါသထွက်နေသည်။ မေမေက ဖေဖေ့ကို ဖျောင်းဖျနေတော့ စိတ်မသက်မသာနှင့် ဖေဖေနှင့်အန်တီမော့်ကို တစ်လှည့်စီကြည့်နေ၏။ အန်တီမော် မျက်ရည်ကြားက မျက်နှာထားကို တင်းမာထားသည်။ ဆက်ကတော့ ပါမလာပါ။ အမြဲတမ်း မအေနှင့်အတူပါလာနေကျ ဆက်ပါမလာတော့ သူ့စိတ်ထဲတော်တော်မကောင်းဖြစ်သွားသည်။ ဆက် တော်တော်ကို စိတ်ထိခိုက်နေ၍ဖြစ်မည်။ ပြောရမည်ဆိုလျှင် ဆက်

www.burmeseclassic.com

www.burmeseclassic.com



မှာ အပြစ်မရှိပါ။ သူနှင့်ဆက်က သူချစ်ကိုယ်ချစ် ချစ်သူတွေမဟုတ်ကြ ပေမယ့် တစ်နေ့မှာ မဖြစ်မနေ လက်ထပ်ကြရမယ့်သူအဖြစ် သံယောဇဉ် ရှိထားကြသူတွေ။ အခုကိစ္စမှာ သူကဆက်ကို အသားလွတ်ကြီး စိမ်းကား ပစ်လိုက်သူအဖြစ် အပြစ်ရှိသလို ခံစားရသည်။ ဖေဖေနှင့် အန်တီမော် တို့ဖြစ်ကြသည့် လူကြီးတွေကိစ္စက တစ်ပိုင်း။

"ဘာလဲ ကိုမောင်၊ ကိုမောင်တို့ ကိုယ်တိုင်ကပါ မြဝတ်ရည်မှိုင်းကို မိပြီး သူ့သမီးနဲ့သဘောတူ..."

"တော်စမ်း နန္ဒမော်"

ဖေဖေဒေါသတကြီး အော်လိုက်သံကြောင့် သူ့အတွေးစတွေ လွင့်စင် ကုန်၏။

"နင့်စကားတွေက ငါတို့သိက္ခာကို တော်တော်စော်ကားတာပဲ သားချင်း နေတဲ့ကောင်မလေးက မြဝတ်ရည်သမီးဆိုတာ နင်ပြောမှသိတာ၊ နင်က သူများကို မဟုတ်တာလုပ်ထားတဲ့အတွက် နင့်ကိုလည်း ပြန်လုပ်မှာလို့ နင်ထင်နေတယ်"

"ကိုမောင့်စကားတွေက မော်ဟာ တစ်ပြားမှ ရစရာမရှိတဲ့ မိန်းမ ဖြစ်နေပြီ"

"ဒါ နင့်ကိုယ်နင် အသိဆုံးပဲ"

"ဟာ..."

"ဘုန်း...ဘုန်း"

"မော်...မော် မလုပ်နဲ့လေ၊ အဲဒီလို မလုပ်ပါနဲ့၊ ကိုမောင်လည်း တောပါတော့ ခင်တောင်းပန်ပါတယ်"

အန်တီမော် အသားကုန်အော်ဟစ်ပြီး သူ့ရင်ဘတ်သူ တဘုန်းဘုန်းထု နေတော့ မေမေအတင်းဆွဲနေသလို ဖေဖေ့ကိုလည်း တတွတ်တွတ်တောင်း ပန်နေသည်။ ဖေဖေ အန်တီမော့်ကို ခပ်စိမ်းစိမ်းတစ်ချက်ကြည့်ပြီး ချာ ခနဲ အိမ်ထဲဝင်သွားသည်။

ဖြစ်ချင်တာတွေ မဖြစ်ရတော့သည့် အန်တီမော်ကတော့ မေမေ့ကို ဖက်ပြီး ရှိုက်ကြီးတငင် ငိုနေသည်။ ဒီလိုအခြေအနေမျိုးမှာ သူရောက်နေ



တာကို အန်တီမော်သိလျှင် ရှက်ပြီး ပိုစိတ်ထိခိုက်သွားမည်။ ဒါကြောင့် သူ ပြန်လှည့်ထွက်လာသည်။ ကားပေါ်တက်ပြီး စက်သံမကြားရအောင် အသာလေးမောင်းထွက်လာတော့ ခြံစောင့်ကောင်လေး အလန့်တကြား ထလာပြီး

"ဘယ်သွားမလို့လဲ အစ်ကို"

"ဒီနားခဏပဲ၊ ငါ ရောက်လာတယ်ဆိုတာ ဘယ်သူ့ကိုမှ မပြောနဲ့"

"ဟုတ်ကဲ့"

ကောင်လေး အလိုက်သိစွာ ခြံတံခါးအပြေးအလွှား သွားဖွင့်သည်။ အပြင်မှာ နာရီဝက်လောက်အချိန်ဖြုန်းပြီးမှ သူ အိမ်ပြန်လာခဲ့သည်။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၉)

နောက်တစ်ခါ သူအိမ်ပြန်ရောက်လာတော့ အန်တီမော် မရှိတော့ပါ။ သူ အပြင်ပြန်ထွက်ပြီး ခဏနေ အန်တီမော် ပြန်သွားတာဟု ခြံစောင့်ကောင်လေးပြောသည်။ သူ ကားပေါ်ကဆင်းပြီး အိမ်ထဲဝင်လာတော့ ဖေဖေနှင့်မေမေ ညှိခန်းမှာထိုင်နေကြသည်။ နှစ်ယောက်လုံး မျက်နှာမကောင်း။

"ဟော...သားပြန်လာပြီ"

မေမေ ဝမ်းသာအားရ လှမ်းနှုတ်ဆက်ပြီး ဖေဖေကတော့ အကြည့်လေးနှင့်ပင်။

မေမေ့ဘေးမှာ သူဝင်ထိုင်ပြီး

"သား စောစောကတည်းက ရောက်တာပါ၊ အန်တီမော်ရှိနေလို့ ခဏရှောင်ထွက်သွားတာ"

ဖေဖေ ဖျတ်ကနဲ သူ့ကိုမော့ကြည့်သလို မေမေကလည်း

"ဟုတ်လား သား"

"သား အကုန်ကြားပြီးပြီပေါ့"

ဖေဖေ့အမေးကို သူလေးတွဲစွာ ခေါင်းညိတ်ပြလိုက်သည်။

"ကောင်းပါတယ်၊ သားလည်း သိသင့်သလောက် သိသွားတာပေါ့ ကြားထဲက သမီးဆက်ကတော့ သနားစရာလေးပါ"

ဖေဖေပြောမှ ဆက်အတွက် သူပိုပြီးခံစားသွားရသည်။

"မတတ်နိုင်ဘူး၊ ကံစီမံတဲ့အတိုင်း သူ့ဟာသူဖြစ်လာတာ။ သမီးဆက်ကို သားနဲ့လွဲမှာ သူသိပ်ကြောက်တာ။ အခုတော့ သူကြောက်တဲ့



အတိုင်းဖြစ်ပြီ"

"ဖေဖေ...မေမေ"

ဖေဖေနှင့်မေမေ ပြိုင်တူပင် သူ့ကိုလှည့်ကြည့်ကြသည်။

"အန်တီမော့်မှာ တကယ်ပဲ ဘာရောဂါမှ မရှိဘူးဟုတ်လား"

"ဟုတ်တယ် သား၊ သားနဲ့ သူ့သမီး မြန်မြန်လက်ထပ်ဖြစ်အောင် ဆရာဝန်တစ်ယောက်ကို ငွေပေးပြီး လိမ်ခဲ့တာ"

ဖေဖေ့ကို မေမေ ဖျတ်ကနဲလှည့်ကြည့်တော့ ဖေဖေဂရုမစိုက်သည့်အပြင်

"ဘာလဲ ခင်၊ သားကို မပြောနဲ့လို့တားမလို့လား၊ ဒီအခြေအနေရောက်မှတော့ ဘာဖုံးစရာလိုလဲ၊ သားလည်း ပြောပြီးပြီပဲ၊ သူ စောစောကတည်းက ရောက်နေတာတဲ့၊ သားလည်း သိသင့်သလောက် သိပြီးလောက်ပြီ"

"ဟုတ်ပါတယ် မေမေ၊ သားလည်း သားကောင်မလေးရဲ့ အမေ ဒေါ်မြဝတ်ရည်နဲ့ ဆက်မိဘနှစ်ပါးရဲ့ သုံးပွင့်ဆိုင်ဇာတ်လမ်းအကြောင်းကို ဒီနေ့မှ သားကောင်မလေးပြောလို့ သိတာပါ။ ဒေါ်မြဝတ်ရည်ရဲ့ညီမ ဒေါ်နိုင်နိုင်ကျော်နဲ့ဖေဖေက သိတယ်ဆို"

ဖေဖေ ဝမ်းသာအားရအသံနှင့်

"သိတာပေါ့၊ နိုင်နိုင်ကျော်က မြဝတ်ရည်ရဲ့ ညီမဝမ်းကွဲပါ။ မိဘတွေ မရှိတော့လို့ မြဝတ်ရည်မိဘတွေကပဲ မွေးစားထားတာ။ သားကရော မြဝတ်ရည်နဲ့တွေ့ပြီးပြီလား။ မြဝတ်ရည်ကရော သားကိုဖေဖေ့သားမှန်း သိလား"

"သိပါတယ် ဖေဖေ၊ ဒါပေမဲ့ ဒေါ်မြဝတ်ရည်နဲ့သားကတော့ လူချင်း တွေ့ဖူးသေးပါဘူး။ အန်တီနိုင် ဒေါ်နိုင်နိုင်ကျော်နဲ့ပဲ တွေ့ခဲ့တယ်"

"မြဝတ်ရည်တို့ရဲ့ သုံးပွင့်ဆိုင်ဇာတ်လမ်းအကြောင်းကို သားကောင်မလေးက ပြောပြတာလား။ ဒေါ်နိုင်နိုင်ကျော်က ပြောပြတာလား"

ဖေဖေက မမေးဘဲ မေမေက မေးခြင်းဖြစ်သည်။

"ဒေါ်နိုင်နိုင်ကျော်က သူ့တူမကိုပြောပြတာပါ။ ဝတီကမှတဆင့် သားကို ပြောပြတာ"

www.burmeseclassic.com

www.burmeseclassic.com



"ဝတီဆိုတာ သားကောင်မလေးနာမည်လား"

"ဟုတ်ကဲ့ မေမေ၊ အာသာဝတီကြွယ်တဲ့"

"ချစ်စရာနာမည်လေးပဲ၊ သားနဲ့သမီးလေးဆက်အကြောင်း သိမှာပေါ့"

"သားပြောထားပါတယ် မေမေ"

မေမေ ခေါင်းတညိတ်ညိတ်နှင့်။ ဖေဖေကတော့ တစ်ခုခုကို စဉ်းစား တွေးတောနေပုံပင်။

"ငါ့သားကလည်း မြဝတ်ရည်သမီးနဲ့မှ တွေ့တတ်ကယ်ကွာ"

သူ ပြုံးပဲနေလိုက်သည်။

"ဖေဖေ"

"ပြောလေ သား"

"ဒေါ်မြဝတ်ရည်နဲ့ ဖေဖေက တော်တော်ခင်လားဟင်"

"ခင်တာပေါ့ သားရဲ့၊ နန္ဒာမော်နဲ့က မိုးခေါင်နဲ့အိမ်ထောင်ကျမှ ခင်တာ၊ မြဝတ်ရည်နဲ့က အရင်ခင်တာ"

"အန်တီ မြဝတ်ရည်က အရမ်းအေးတာပဲဆို ဖေဖေ"

"ဟုတ်တယ်လေ သားရဲ့၊ ဝတ်ရည်က အေးလည်းအေးတယ်၊ စိတ်သဘောထားလည်း ဖြူစင်နူးညံ့တယ်။ အင်း...မိုးခေါင် နန္ဒာမော်နဲ့ယူပြီးကတည်းက မြဝတ်ရည်နဲ့မတွေ့တော့တာ၊ အခုတွေ့မယ့်တွေ့တော့လည်း ဆွေမျိုးအရင်းအချာကြီးအဖြစ် ပြန်တွေ့မှာပါလား"

ဖေဖေကတော့ ဒေါ်မြဝတ်ရည်ဟာ အရင်အတိုင်း အေးဆေးနူးညံ့သူတစ်ယောက်ဟု ထင်နေတုန်းပင်။ အရင်စိတ်မျိုးမဟုတ်တော့သည့် ဒေါ်မြဝတ်ရည်အကြောင်းပြောပြလိုက်လျှင် ဖေဖေအံ့သြသွားမှာ ကျိန်းသေသည်။

"ဖေဖေ့ကို ဒေါ်မြဝတ်ရည်အကြောင်း ပြောပြရင် ဖေဖေအံ့သြသွားမှာပဲ"

ဖေဖေ သူ့ကိုကြည့်ပြီး

"ဘာဖြစ်လို့လဲ သား"

သူ ပြုံးလိုက်သည်။ ဖေဖေနှင့်မေမေ သူပြောမှာကို နားစွင့်နေကြ



သည်။

သူက ဝတီပြောပြသော သမီးဖြစ်သူကို ဆက် လက်ထဲက သူ့အချစ်ရအောင်ယူနိုင်သည့်အကြောင်းကလွဲ၍ ဒေါ်မြဝတ်ရည်အကြောင်း ပြောပြလိုက်သည်။ သူ့စကားဆုံးသွားတော့ ဖေဖေတအံ့တဩသံကြီးနှင့်

"ဟုတ်ရဲ့လား သားရယ်၊ ဝတ်ရည်ဟာ တော်တော်ကို အေးဆေးပြီး သဘောကောင်းတဲ့ မိန်းကလေးပါ"

"ဟုတ်ပါတယ် ဖေဖေ၊ အန်တီနိုင်ကလည်း သူ့တူမကို ဒေါ်မြဝတ်ရည်တာ အရင်နဲ့ နှစ်ယောက်အလားထင်ရလောက်အောင် ပြောင်းလဲသွားကြောင်း တအံ့တဩပြောပြတယ်တဲ့၊ ဝတီက သူ့အမေမေတ္တာကို အရမ်းတော်နေသူလေးပါ"

"ကိုယ်မချစ်တဲ့သူနဲ့ရလို့ ကိုယ့်သွေးကို မုန်းတယ်ဆိုတာတော့ မဟုတ်သေးပါဘူး"

တစ်ချိန်လုံးငြိမ်နေသော မေမေက ဒေါသစွက်သောအသံလေးနှင့် ဝင်ပြောသည်။

"မြဝတ်ရည်က မိုးခေါင်ကို သိပ်ချစ်တာ။ မိုးခေါင်နဲ့ နန္ဒာမော်ယူသွားတော့ သူတော်တော်ခံစားသွားရတယ်။ ဖေဖေတို့လည်း မျက်နှာမှုထို့ မြဝတ်ရည်ကိုမတွေ့ရဲဘူး။ သူ လက်ထပ်သွားတယ်ဆိုတဲ့သတင်းကို ကြားပြီးကတည်းက သူတို့မိသားစုပြောင်းသွားတာ လုံးဝကိုပြန်မတွေ့တော့ဘူး"

"အန်ကယ်မိုးက အန်ကယ်မြဝတ်ရည်နဲ့ချစ်သူဖြစ်နေပြီ။ ဘာကြောင့် အန်တီမော်နဲ့ ယူသွားတာလဲ ဖေဖေ"

ထိုသို့ သူမေးတော့ ဖေဖေသက်ပြင်းချလိုက်သည်။

"တကယ်တော့ မိုးခေါင်တကယ်ချစ်တာက မြဝတ်ရည်မှ မဟုတ်တာ"

"ဗျာ...ဖေဖေ၊ အန်ကယ်မိုး တကယ်ချစ်တာ ဒေါ်မြဝတ်ရည် မဟုတ်ဘူး ဟုတ်လားဖေဖေ"

ဖေဖေ ခေါင်းတညိတ်ညိတ်နှင့်

"ဟုတ်တယ် သား။ အဲဒီအကြောင်းကို မြဝတ်ရည်လည်း မသိဘူး။

www.burmeseclassic.com

www.burmeseclassic.com



မိုးခေါင်က သေသာသေသွားတယ်၊ ပြောပြမသွားတဲ့အတွက် နန္ဒာမော်လည်းမသိဘူး။ အဲဒီလိုမသိတဲ့အတွက်ကြောင့် သူ့ယောက်ျားမြဝတ်ရည်နောက် ဘယ်အချိန်ပြန်ပါသွားမလဲလို့ နန္ဒာမော် အမြဲပူပန်နေရတယ်။ ယောက်ျားသေတော့လည်း သမီးအတွက် ပူရပြန်ရော။ မြဝတ်ရည်ဟာ ဆက်နဲ့ရွယ်တူသမီးတစ်ယောက်ရှိတယ်လို့ သူစုံစမ်းတဲ့သတင်းက မှန်သားပဲ။ နန္ဒာမော်က မြဝတ်ရည်ဆီက မိုးခေါင်ကိုလုယူခဲ့တဲ့အတွက် သူ့သမီးဆက်ဆီက သားကိုလည်း မြဝတ်ရည်သမီးက ပြန်လုမယ်လို့ သူ့စိတ်ထဲမှာ စွဲနေတယ်။ မြဝတ်ရည်က သူ့ကိုလက်စားချေလိမ့်မယ်။ သူ့သမီးဆက် လက်ထဲကနေ သားကိုလုဖို့ မြဝတ်ရည်က သမီးဖြစ်သူကို ခိုင်းမယ်ဆိုတဲ့ အိပ်မက်တွေက နန္ဒာမော်ကို အမြဲခြောက်လှန့်နေတယ်။ တကယ်မက်တဲ့အိပ်မက်လား။ နန္ဒာမော်စိတ်ထဲကထင်ပြီး ပြောတဲ့လုပ်ကြံအိပ်မက်လားတော့ ဖေဖေတို့လည်း မသိဘူး။ တိုက်ဆိုင်တာက မြဝတ်ရည်သမီးနဲ့သား ဆုံကြတာပဲ။ နောက်ပြီး သားက မြဝက်ရည်သမီးကို စွဲစွဲလမ်းလမ်းဖြစ်သွားတော့ နန္ဒာမော် အရူးမိုးဝိုင်းဖြစ်သွားပြီပေါ့။ အံ့ဩစရာကောင်းလောက်အောင် တိုက်ဆိုင်မှုတွေဖြစ်သွားတော့ နန္ဒာမော်က သူ့အိပ်မက်တွေက လိမ်ညာတာ မဟုတ်ကြောင်း စကားနာထိုးတယ်၊ ဒါပေမဲ့ သားကိုယ်တိုင်က မြဝတ်ရည်သမီးဆီ မဲသာနေတော့ သူဘာမတတ်နိုင်ဘူးဖြစ်နေတယ်။ ဒီကြားထဲ ဆက်က သားကိုလက်မထပ်တော့ဘူးလို့ ငြင်းလိုက်တယ်။ ဆက်က သားကိုသံယောဇဉ်ရှိတာ နန္ဒာမော်သိတာပေါ့။ ဒါပေမဲ့ ဆက်က နန္ဒာမော်နဲ့ စိတ်ဓါတ်ချင်းမတူဘူး။ သားကိုအေးအေးချမ်းချမ်းပဲ လွှတ်မြောက်ခွင့်ပေးလိုက်တယ်။ အဲဒီအတွက် နန္ဒာမော် ပိုပြီးခံစားနေရမှာပေါ့။ ဆက်ကတော့ ကြားက မားစာခံလေးပေါ့

ဖေဖေစကားအရှည်ကြီးပြောအပြီးမှာတော့ မေမေမျက်ရည်သုတ်ပြီး

''သမီးလေးဆက်က သနားစရာကောင်းပါတယ် သားရယ်၊ သူ့အမေလုပ်ခဲ့တဲ့ လုပ်ရပ်အတွက် သူက ပြန်ပေးဆပ်သလိုဖြစ်နေတယ်''

''အဲဒီလိုလည်း မဟုတ်ပါဘူး ခင်ရယ်၊ သားကမှ သူ့ကိုမချစ်တာ''

''ဘာပဲဖြစ်ဖြစ်၊ သမီးဆက်က သားကို သိပ်သံယောဇဉ်ရှိတာ''



ဘာပြောရမှန်းမသိအောင်ကို သူတအံ့တဩဖြစ်နေရသည်။ အန်တီမော် တကယ်မက်တဲ့အိပ်မက်ပဲဖြစ်ဖြစ်၊ မဟုတ်ဘဲ လုပ်ကြံပြောသည့်အိပ်မက်ဖြစ်ဖြစ်၊ တကယ်ကို အပြင်မှာလည်း ဟုတ်နေခဲ့သည်။ အန်တီမော်ပြောသလို ဒေါ်မြဝတ်ရည်က သမီးဖြစ်သူကို လက်စားချေဖို့ခိုင်းတာလည်း ဟုတ်နေပြန်သည်။ ဒါကိုသာ အန်တီမော်သိလျှင် သူပြောသလို တကယ်ဟုတ်နေတာ မဟုတ်လားဆိုပြီး စကားနာထိုးဦးမှာ။ ဒီလောက်တိုက်ဆိုင်သည့်အဖြစ်ကို ဝတီလည်းအံ့ဩမှာပဲ။

နောက်တစ်ခု ဝတီ အန်တီနိုင် ဒေါ်မြဝတ်ရည်တို့ မသိသေးသောအကြောင်းက ဦးမိုးခေါင် ခေါ် အန်ကယ်မိုးတကယ်ချစ်တာ ဒေါ်နန္ဒာမော်ဆိုတဲ့ အန်တီမော်ဆိုတာကိုပဲ။ ဒါကို ဒေါ်မြဝတ်ရည်သာသိလျှင် ဘယ်လိုခံစားသွားရမလဲ သူသိချင်သည်။

သူ မရှင်းတာတစ်ခုက

''အန်ကယ်မိုးချစ်တာက အန်တီမော်ဆိုပြီး ဘာကြောင့် အန်ကယ်မိုးနဲ့ ဒေါ်မြဝတ်ရည်ချစ်သူဖြစ်ရတာလဲ''

ဖေဖေက သက်ပြင်းတစ်ချက် ခပ်လေးလေးချပြီး

''အဲဒီအကြောင်းကိုပြောရရင်တော့ ရှည်တယ်သားရယ်၊ သားစိတ်ဝင်စားရင် ဖေဖေ ပြောပြပါ့မယ်''

''သား စိတ်ဝင်စားပါတယ်ဖေဖေ''

တက်တက်ကြွကြွပင် သူပြောတော့ ဖေဖေနှင့်မေမေ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ပြုံးကြသည်။ သူကပါ ရှက်ကိုးရှက်ကန်းနှင့် ရယ်လိုက်သည်။

''အေးပေါ့လေ၊ သားချစ်သူနဲ့ပတ်သက်တဲ့ ကိစ္စဆိုတော့ သားသိချင်မှာပေါ့''

''တကယ်ဆို အဲဒီအကြောင်းတွေကို ဒေါ်မြဝတ်ရည်သာ စောစောကသိရင် သူ့သမီးကိုလည်း ဒီလိုစိမ်းစိမ်းကားကားလုပ်မှာ မဟုတ်ဘူး။ ဒေါ်မြဝတ်ရည်က ဦးမိုးခေါင် သူ့ကိုချစ်လျက်နဲ့ အန်တီမော်ကြားက ဖြတ်လုလို့ ယူလိုက်ရတာထင်ပြီး အခုထိဖီးလ်ဖြစ်နေရတာ။ ဒါကြောင့်လည်း

www.burmeseclassic.com

www.burmeseclassic.com



ဝတ္တိအမေကို မေတ္တာမထားနိုင်ဖြစ်ပြီး သမီးအရင်းကိုတောင် မုန်းနေတယ်။ ဒီလိုအမေမျိုးကတော့ ရှားပါတယ်''

ဒေါ်မြဝတ်ရည်ကို မုန်းနေသည့်အခံနှင့် သူပြောတော့ မေမေကလည်း ခေါင်းညိတ်ထောက်ခံသည်။

''ကဲပါ ကိုမောင့်သားက ယောက္ခမလောင်းအကြောင်း သိချင်နေပြီ''

မေမေတွန်းပေးနေသော ဆက်မိဘနှစ်ပါးနှင့် ဝတ္တိအမေတို့၏ သုံးပွင့်ဆိုင် အချစ်ဇာတ်လမ်းအကြောင်းလေး ဖေဖေဖေပြောပြသည်။

ထိုဇာတ်လမ်းကို နားထောင်ပြီးသည့်နောက်မှာတော့ ဒေါ်မြဝတ်ရည်ကို သနားသွားမိသည်။ မရှိတော့သည့် အန်ကယ်မိုးကိုလည်း အပြစ်တင်မိသည်။ အန်ကယ်မိုး မပြတ်သားသည့်အတွက် မိန်းမတစ်ယောက်ရဲ့ရင်ထဲမှာ တစ်သက်လုံးဒဏ်ရာရသွားခဲ့သည်။

''သားကိုတော့ ဖေဖေချီးကျူးပါတယ်''

''ဗျာ...ဖေဖေ''

သူအပွေးလွန်နေမိသည့်အတွက် ဖေဖေဘာပြောလိုက်မှန်း မသိ။

''ဪ...သားက ကိုယ်တကယ်ချစ်တဲ့သူကိုလည်း ပြတ်ပြတ်သားသား ရွေးချယ်ရဲတယ်။ မိုးခေါင်ကတော့ ရည်းစားတွေများတဲ့ နန္ဒာမော်ကို ချစ်တယ်လို့ ရဲရဲဝံ့ဝံ့ မပြောရဲဘူး။ နောက်ဆုံး မပြောရဲရင်လည်း မပြောရဲသလိုပဲနေပေါ့။ အားလုံးက သဘောတူတဲ့ မြဝတ်ရည်ကို မချစ်ဘဲတွဲခဲ့တယ်၊ တစ်ဖက်မိန်းကလေးခမျာ ဘယ်လောက်နစ်နာသလဲ။ နောက်ပြီး မြဝတ်ရည်က အရှက်အကြောက်သိက္ခာလည်း အရမ်းကြီးတော့ အရမ်းခံစားရတာ။ သားပြောပုံဆို မြဝတ်ရည်က မိုးခေါင်သူ့ကိုတကယ်ချစ်တာလို့ အခုထိထင်နေတုန်းပဲ''

''မြဝတ်ရည်ကို ခင်တစ်ခုတော့ ချီးကျူးတယ် ကိုမောင်''

သူနှင့်ဖေဖေ ပြိုင်တူပင် မေမေ့ထံ အကြည့်ရောက်သည်။

''ပြောပါဦး ခင်ရဲ့''

''ကိုမိုးခေါင်ကို သူအရမ်းချစ်တယ်။ ကိုမိုးခေါင်ကလည်း သူ့ကိုသိပ်ချစ်တယ်လို့ သူသိထားတဲ့အတွက် နန္ဒာမော် အတင်းဖြတ်ခုတ်လို့ပါသွား



ဘာလဲလို့ မြဝတ်ရည်သိထားတယ် မဟုတ်လား''

''အဲဒီအတိုင်းပဲ ဟုတ်တယ်လေ ခင်''

''နန္ဒာမော်တို့ သတင်းကိုလည်း သူအမြဲစုံစမ်းနေတယ်။ ဒါပေမဲ့ ကို မိုးခေါင်ကို သူ့ဘက်ပြန်ပါအောင် မဆွယ်ခဲ့ဘူးနော်''

''ဒါတော့ ခင်ရယ်၊ မြဝတ်ရည်ဟာ မြန်မာမိန်းကလေးတစ်ယောက်လေ။ နဂိုကတည်းက အရှက်အကြောက်ကြီးပါတယ်ဆို။ မိုးခေါင်နဲ့ နန္ဒာမော်က လူသိရှင်ကြားယူထားကြတယ်။ သူ့မှာလည်း ချစ်ကာမချစ်တာ သာထား၊ အိမ်ထောင်ရှိနေတော့ လူ့ကျင့်ဝတ်ကို စောင့်ထိန်းတာပေါ့''

လူ့ကျင့်ဝတ်ကို စောင့်ထိန်းတဲ့အတွက်တော့ ချီးကျူးပေမယ့် သမီးရင်းဖြစ်သော ဝတီကို ဥပေက္ခာပြုထားတာတော့ သူနည်းနည်းမှ ကျေနပ်ပါ။ အခု ဖေဖေပြောပြသော အကြောင်းသာ ဒေါ်မြဝတ်ရည် သိလျှင် ဘယ်လို ခံစားရမလဲ သိချင်သည်။ အန်တီနိုင်နှင့် ဝတ္တိကိုတော့ အကြောင်းတွေ ပြောပြရမည်။

''ကဲ...သားလည်း ခဏနားပြီး ရေချိုးတော့၊ ပြီးရင် ထမင်းစား မေမေကိုစောင့်နေမယ်''

''ဟုတ်ကဲ့ မေမေ''

''ဒါနဲ့ သားသူငယ်ချင်း ဝေမျိုးနဲ့တွေ့သလား''

''တွေ့တယ် မေမေ၊ သူ သားကိုအရမ်းစိတ်ဆိုးသွားတယ်''

''ဘာလဲ သား ဆက်ကိုဥပေက္ခာပြုပြီး အာသာဝတီကြွယ်ကို လက်ထပ်မယ်ဆိုလို့လား''

''ဟုတ်တယ် မေမေ''

မေမေ ပြုံးလိုက်သည်။ ဖေဖေကတော့ ပြောစရာတွေကုန်သွားသလို အိမ်ထဲဝင်သွားပြီ။

''အကြောင်းစုံကို သားရှင်းပြလိုက်ရင် သားကိုနားလည်သွားမှာပါ။ ဝေမျိုးက သားအတွက် တကယ်ကို သူငယ်ချင်းကောင်းလေးပါ။ သူ ရောက်လာတဲ့အချိန်တုန်းက မော့်ရဲ့လုပ်ကြံဇာတ်လမ်းတွေကို မေမေတို့

www.burmeseclassic.com

www.burmeseclassic.com



ဆက်ဘက် နာပြီး မေမေရင်ဖွင့်လိုက်တာကို''

''ဟုတ်လား မေမေ၊ ဒါကြောင့် သားကို သူတော်တော်တင်းသွားတာ ရှိတယ် မေမေ၊ မနက်ဖြန်မှ ဒီကောင့်အိမ်သွားလိုက်ပါ့မယ်''

''ကောင်းတယ် သား''

မေမေ့ကို နှုတ်ဆက်ပြီး သူ့အခန်းရှိရာလျှောက်လာခဲ့သည်။

✿ ✿ ✿

## အခန်း (၃၀)

''ဟော သမုတ်လာပြီ သမီးရေ၊ သမုတ် လာပြီဟေ့''

သူ့ကားလေးဝင်လာတည်းက အန်တီခိုင် အိမ်ပေါက်ဝက ဆီးကြိုနေသည်။ ကားပေါ်က သူဆင်းလာတော့ တူမဖြစ်သည့် ဝတ်ို့ကို လှမ်းအော်ခေါ်နေသည်။

ပြောပြစရာရှိသည်ဟု ဝတ်ို့ကို သူဖုန်းဆက်တော့ အိမ်ကိုလာခဲ့ခြင်းသည်။ သူမအမေနှင့် ပတ်သက်ပြီး ပြောစရာရှိတယ်ပြောတော့ ဒေါ်မြဝတ်ရည်မရှိသည့်အတွက် အိမ်ကိုလာဖို့ပဲခေါ်သည်။

''လာ. . .သား''

သူ ကားပေါ်ကဆင်းလာတာနှင့် အန်တီခိုင် အပြုံးလေးနှင့် အိမ်ထဲခေါ်လာသည်။

''ထိုင်ဦးနော်''

ဧည့်ခန်းထဲက ဆိုဖာကိုညွှန်ပြပြီး အန်တီခိုင်ထိုင်ခိုင်းတော့ သူခေါင်းညိတ်ပြပြီး ဆိုဖာတစ်လုံးပေါ် ဝင်ထိုင်လိုက်သည်။ အန်တီခိုင် အိမ်ထဲက ထွက်လာမည့်တူမကို မျှော်ကြည့်နေသည်။

ခဏကြာတော့ ကောင်မလေးတစ်ယောက်အိမ်ထဲက ထွက်လာသည်။

''ညိုညို နင့်မမလေးကို ဧည့်သည်ရောက်နေလို့ အန်တီခိုင် ခေါ်ခိုင်းတယ်လို့ သွားပြောဦး၊ ပြီးရင် အအေးနဲ့ မုန့်ယူလာခဲ့''

''ဟုတ်ကဲ့ အန်တီခိုင်''

ညိုညိုဆိုသော ကောင်မလေးက အန်တီခိုင့်ကို ရိုရိုကျိုးကျိုးပြော

www.burmeseclassic.com

www.burmeseclassic.com



ပြီး သူ့ကိုတစ်ချက်လှမ်းရှိုး၏။

''စောစောကတင် မင်းကို သမီးမျှော်နေသေးတယ်''

သူနှင့် မျက်နှာချင်းဆိုင် ဆိုဖာမှာ ဝင်ထိုင်ပြီး အန်တီခိုင်ပြောတော့ ကျေနပ်သွားသည်။

သူမထွက်လာတော့ သူမျက်တောင်မခတ် ငေးကြည့်နေသည်။

''လာ…သမီး၊ သမှတ်ရောက်နေတာ တစ်အောင့်လောက်ရှိသွားပြီ''

သူမ ဘာမှပြန်မပြောဘဲ၊ အန်တီခိုင့်ဘေးမှာ ဝင်ထိုင်လိုက်သည်။

''ဘာ ပြောစရာရှိလို့လဲ''

အိမ်နေရင်း အဝတ်အစားနှင့်ပင် ဘာမှပြင်ဆင်မထားသော သူမ ပုံစံလေးကို ငေးကြည့်နေစဉ် သူမ မေးခြင်းဖြစ်သည်။

''ပြောပါမယ် ဝတီ''

''အမောဖြေပါစေဦး သမီးရဲ့''

အန်တီခိုင်ပြောနေတုန်းမှာပဲ၊ အအေး မှန့်ထည့်ထားသော ပန်းကန် လေးအား ညိုညို စားပွဲခုံပေါ်မှ ချပေးသည်။

''အအေး သောက်ပါဦးသမှတ်၊ မုန့်လည်းစား''

အအေးခွက်လေး အန်တီခိုင်လှမ်းပေးတော့ သူကမန်းကတန်း ယူ လိုက်ပြီး

''ကျေးဇူးပဲ အန်တီခိုင်''

အန်တီခိုင့်ကို ပြောနေပေမယ့် သူ့မျက်လုံးတွေကတော့ သူမဆီမှာ

ပြောမည်ဆိုလျှင် သူမနှင့်သူက တရားဝင်ချစ်သူတွေဖြစ်နေကြပြီ ခပ်ထန်ထန်မျက်နှာကြီးနှင့် သူမကိုကြည့်ပြီး စိတ်ထဲမှာတစ်မျိုးတော့ ဖြစ်သွားရသည်။ နောက်မှာ သူမက ဒီလိုပါပဲလေဆိုပြီး ကိုယ့်ကိုယ်ကို ဖြေသိမ့်လိုက်ရသည်။

လက်ထပ်ပြီးလျှင်ရော ဒီလိုပုံစံပဲနေမှာလား မသိနိုင်ပါ။ သူမကို စွဲစွဲလမ်းလမ်းချစ်မိနေတော့လည်း

အအေးတစ်ခွက်ကုန်အောင်သောက်၊ အန်တီခိုင်ကျေနပ်အောင် မုန့် တစ်ခုယူပေးပြီး လက်သုတ်လိုက်သည်။ သူပြောစရာရှိသည့် ဒေါ်မြဝတ်ရည်



အကြောင်းကို အန်တီခိုင်နှင့် သူမ အရမ်းသိချင်နေကြပြီဆိုတာ သိသည်။ ဘယ်ကစပြီး ပြောရမလဲ စဉ်းစားနေတာပါ။ အားလုံးသိထားကြသလို အန်ကယ်မိုး (ဦးမိုးခေါင်)က ဒေါ်မြဝတ်ရည်ကို တကယ်ချစ်တယ်ဆိုတာ ဟုတ်မှမဟုတ်တာ၊ ဒေါ်မြဝတ်ရည်၏သမီးနှင့် ညီမကို တကယ်တမ်းပြော ပြရမယ်ဆိုတော့ သူ ပြောမထွက်ဖြစ်နေသည်။ ဒါကို သူမ သိပုံမရ။ မှန်ကုပ်ကုပ်မျက်နှာကြီးနှင့် သူ့ကိုကြည့်နေ၏။

ပြောမှာဖြင့် ပြောတာမဟုတ်ဘူးဆိုသည့် အကြည့်ဆိုတာ သူသိသည်။

ဒါကို အန်တီခိုင်လည်း သိပုံရသည်။ သူ့ကိုရော တူမဖြစ်သူကိုပါ အန်တီခိုင် အကဲခတ်ပြီး အပြုံးလေးနှင့်

''သမှတ် ပြောစရာရှိတာပြောလေ သား၊ ဝတ်ရည်နဲ့ပတ်သက်တာမှန် သမျှ အန်တီခိုင်ရော၊ သမီးလေးရော ဆိုးဆိုးကောင်းကောင်း သိသင့်တယ် လေ။ ပြောစရာရှိတာ ပွင့်ပွင့်လင်းလင်းသာပြောပါ။ နောက်ပြီး သားမိဘ တွေကရော သမီးနဲ့ပတ်သက်ပြီး ဘာပြောသေးလဲ''

အန်တီခိုင် ထိုသို့မေးတော့ သူမ စိတ်ဝင်တစား သူ့ကိုကြည့်၏။

''မပြောပါဘူး၊ ဖေဖေကတောင်ပြောသေးတယ်။ အန်တီမော်နဲ့က အန်ကယ်မိုးနဲ့ယှဉ်မှခင်တာတဲ့။ အန်တီမြဝတ်ရည်နဲ့ကမှ အရင်ခင်တာတဲ့။ ကျွန်တော့်ကိုတောင် မြဝတ်ရည်သမီးနဲ့မှ တွေ့တတ်တယ်ဆိုပြီး ဖေဖေက အံ့ဩနေတာ။ ဖေဖေ အခုထိ သိထားတာ အန်တီမြဝတ်ရည်ဟာ မေမေတို့နဲ့ခင်တဲ့ အေးဆေးနူးညံ့တဲ့မိန်းကလေးတစ်ယောက်လို့ ထင်နေ တုန်း''

ဒီစကားကို မရဲတရဲသူပြောပြီးတော့ သူမကို အကဲခတ်လိုက်သည်။ သူမ မျက်နှာအမူအရာပြောင်းလဲမသွား။ အန်တီခိုင် ခေါင်းတညိတ်ညိတ် နှင့်လုပ်ပြီး

''ဟုတ်မှာပေါ့၊ ထင်နိုင်စရာမှ မရှိတာ။ မင်းတို့နှစ်ယောက် တွေ့ခဲ့ ကြတာဟာ သွေးရိုးသားရိုးပါလို့ မိဘတွေက ယုံကြရဲ့လား''

''ယုံပါတယ် အန်တီခိုင်၊ ဒါကြောင့် တိုက်တိုက်ဆိုင်ဆိုင် ဆုံတယ်ဆို ပြီး ဖေဖေက အံ့ဩနေတာ။ နောက်တစ်ခု အံ့ဩစရာရှိသေးတယ်''

www.burmeseclassic.com

www.burmeseclassic.com



အန်တီနိုင်ရော သူမရော ဘာများလဲဆိုသောအကြည့်နှင့် သူ့ဆီပြိုင်တူအကြည့်ရောက်သည်။

"အန်တီ ဒေါ်မြဝတ်ရည်နဲ့ အန်တီမော်က တည့်သာမတည့်ကြတာ စိတ်ချင်းက ဆက်စပ်နေသလိုပဲ"

စကားကို ခဏရပ်ပြီး သူမနှင့်အန်တီနိုင်ဆီ အကြည့်ရောက်တော့ နှစ်ယောက်သား စိတ်ဝင်တစား နားထောင်နေသည်။

"အန်တီမော်က အိပ်မက်ဆိုးတွေ မကြာခဏမက်တယ်။ အဲဒီအိပ်မက်ဆိုးတွေက အန်တီဒေါ်မြဝတ်ရည်က အန်တီမော့်ကို လက်စားချေတဲ့ အိပ်မက်ပဲ။ အဲဒီအိပ်မက်အကြောင်းကို အန်တီမော် ခဏခဏ ပြောပြဖူးတယ်။ ဒါပေမဲ့ အန်တီမော်စိတ်စွဲလို့ဆိုပြီး ဖေဖေကမယုံဘူး အခုတော့ သူ့အိပ်မက်တွေက မှန်သလိုဖြစ်နေတယ်"

အန်တီနိုင်ရော သူမရော ဘာထင်မြင်ချက်မှမပေးဘဲ ငြိမ်နေကြသည်။

ခဏကြာမှ အန်တီနိုင်က

"ကိုမိုးခေါင်နဲ့ပတ်သက်ပြီး သားမိဘတွေနဲ့ နန္ဒာမော်လည်း ဆွေမျိုးတွေလိုဖြစ်နေကြပြီး သူ့သမီးကိုလည်း ကိုမိုးခေါင်ရှိစဉ်ကတည်းက သားနဲ့သဘောတူထားကြတယ်မဟုတ်လား"

"ဟုတ်ပါတယ် အန်တီနိုင်"

"အခု မြဝတ်ရည်သမီးဖြစ်တဲ့ သမီးလေးနဲ့လည်း သဘောတူတယ်ဆိုတော့ ဟိုတစ်ယောက်နဲ့ကိစ္စက"

စကားတစ်ပိုင်းတစ်စနှင့်ပင် အန်တီနိုင် ရပ်ထားသည်။

"ကျွန်တော်ကမှ ဆက်ကိုလက်မခံတော့တာ"

သူ မရဲတရဲပြောတော့ အန်တီနိုင်သက်ပြင်းချသည်။ သူမဆီကတော့ အခုချိန်ထိ ဘာစကားမှ ထွက်မလာသေး။

"တစ်ဖက် မိန်းကလေးကတော့ သနားစရာပါ"

အန်တီနိုင်ပြောလိုက်သောစကားကြောင့် သူ စိုးရိမ်တကြီးဖြင့် သူမထံ အကြည့်ရောက်သည်။ သူမမျက်နှာလည်း ပျက်နေသည်။ ဒါပေမဲ့ အန်တီ



နိုင် ဆက်ပြောလိုက်သော စကားကြောင့် နေရထိုင်ရ သက်သာသွားသည်။

အန်တီနိုင်ပြောလိုက်တာကတော့

"ဘာတတ်နိုင်မှာလဲလေ၊ မင်းကလည်း တကယ်ချစ်တဲ့သူတွေ့သွားတာလို့ သမီးကလည်း ဘယ်ယောကျ်ားမှ သူ့အာရုံထဲမှာရှိတာမဟုတ်ဘူး။ မင်းကိုကျမှ အန်တီနိုင်တောင် အရမ်းအံ့ဩနေတာ"

ကျေနပ်ခြင်းများစွာနှင့် သူမကိုကြည့်တော့ သူမက သူ့ကိုမကြည့်။ ဒါပေမဲ့ သူမလည်း ကျေနပ်နေမှာပါ။

"ဝတ်ရည် ဒါရိုက်တာလုပ်တဲ့ကိစ္စကိုတော့ မပြောပါဘူးနော်"

အန်တီနိုင် သိချင်နေသော အဓိကအချက်က ဒါပင်ဖြစ်သည်။ စိတ်ချင်းကြီးမေး၍ မကောင်းသောကြောင့် လှည့်ပတ်သွယ်ဝိုက်နေတာသိသည်။ အစ်မဖြစ်သူ သိက္ခာကျမှာတော့ ဘယ်ညီမက လိုလားမလဲ။ ညီမဖြစ်သူ ဝတ်ရည်ကိုလည်း သူ့မိဘတွေအထင်သေးမှာ စိုးမှာပေါ့။

"မပြောပါဘူး အန်တီနိုင်။ ဝတ့်ကိုတောင် အဲဒီကိစ္စထိန်ချန်ထားဖို့ ကျွန်တော်ပြောထားသေးတယ်"

"ကောင်းပါတယ်ကွယ်၊ ကျေးဇူးလည်း တင်ပါတယ်"

တူဖြစ်သူကို တစ်ချက်ကြည့်ပြီး အန်တီနိုင်ဝမ်းသာအားရပြောသည်။

"ကျေးဇူးတင်စရာမလိုပါဘူး အန်တီနိုင်ရယ်၊ ဘယ်သူမှ အကျိုးမဲ့တဲ့ကိစ္စအပြင် အန်တီနိုင်ဖြစ်စေချင်သလိုလည်း ဖြစ်ခဲ့ပြီပဲ"

အန်တီနိုင် ကျေနပ်ပြုံးကြီးနှင့်။ အခုထိ မပြုံးမရယ်သည့်အပြင် စကားတစ်ခွန်းမှပင် ဟက်ဟက်ပက်ပက်မပြောသေးသော သူမကို သူ ကြည့်လိုက်ပြီး

"ဝတီ ဘာဖြစ်နေတာလဲ"

"မဖြစ်ပါဘူး"

သူမ အေးစက်စက်နှင့်ဖြေ၏။

"ကိုယ့်ကို ဘာတွေမကျေမနပ်ဖြစ်နေတာလဲ"

သူ့ကိုမကြည့်ဘဲ အကြည့်လွှဲထားသည်။ သူ မေးတာကိုလည်းမဖြေ။ အန်တီနိုင်ကြားက အနေခက်လာပုံပင်။

www.burmeseclassic.com

www.burmeseclassic.com



"အေးအေးဆေးဆေး စကားပြောကြဦး။ အန်တီနိုင် လုပ်စရာလေးရှိလို့"

"အန်တီနိုင်"

အိမ်ထဲဝင်ဖို့ ခြေလှမ်းပြင်နေသော အန်တီနိုင်ကို သူခေါ်လိုက်တော့ ပြန်လှည့်ကြည့်သည်။

"အန်တီဒေါ်မြဝတ်ရည်အကြောင်း ပြောဖို့လာတဲ့ ကျွန်တော့်ကို ဘာပြောမှာလဲလို့ မမေးတော့ဘူးလား"

"သမီးလေးကိုပဲ ပြောပြလိုက်ပါ"

"ထိုင်ပါ အန်တီနိုင်လည်း သိသင့်ပါတယ်"

အန်တီနိုင် ပြန်ထိုင်ပြီးမှ

"ကျွန်တော်ပြောရမှာ အန်တီနိုင်နဲ့ ဝတ့်ကို အားနာနေတာပါ။ ဒါပေမဲ့ ကျွန်တော်တို့က သူစိမ်းတွေမဟုတ်တော့တဲ့အပြင် သိလည်း သိထားစေချင်တယ်"

"ပြောပါ၊ မောစောကတည်းက ဝတ်ရည်နဲ့ပတ်သက်ပြီး အားမနာဘဲ ပြောထားပြီးသားပဲ"

"ဟုတ်ကဲ့ တကယ်တော့ အန်ကယ်မိုး ဦးမိုးခေါင်ပေါ့လေ၊ သူတကယ်ချစ်တာ အန်တီဒေါ်မြဝတ်ရည်မဟုတ်ပါဘူး။ ဦးမိုးခေါင် တကယ်ချစ်တာ ဒေါ်နန္ဒာမော်ပါ"

"ဟာ...မဟုတ်တာ၊ မဖြစ်နိုင်ပါဘူး၊ မဖြစ်နိုင်တာ"

"ရှင့်ကို ဘယ်သူပြောတာလဲ"

အန်တီနိုင် ခါးခါးသီးသီးလက်မခံသလို သူမကလည်း မျက်နှာထိ မျက်နှာထားနှင့်မေးသည်။ ဒီတော့မှ ဖေဖေပြောပြသော ဦးမိုးခေါင် ဒေါ်မြဝတ်ရည်နှင့် ဒေါ်နန္ဒာ မော်တို့၏ ဇာတ်လမ်းကို ပြောပြလိုက်သည်။

❀ ❀ ❀

# အခန်း (၃၁)

"ခလုတ်တိုက်ဦးမယ်၊ အောက်ကိုလည်းကြည့်လျှောက်"

လှည့်ကြည့်လှည့်ကြည့်နှင့် လျှောက်သွားသော ကောင်မလေးတွေကို ကြည့်ပြီး စိုးလေးလှမ်းနောက်တော့ မျိုးအောင်နှင့် မင်းမောင် တခွီးခွီး ရယ်သောကျနေသည်။ စကတ်တို ဘောင်းဘီအကျပ်၊ စကတ်ကွဲနှင့် ဒီဇိုင်း ကာလာစုံနှင့် ကောင်မလေးတစ်သိုက် စိုးလေးကို လှည့်ကြည့်ပြီး တစ်ယောက်တစ်ပေါက် မျိုးစုံအောင် ပြောသွားကြသည်။

"စိုးလေးရေ...မင်းကိုတော့ မေတ္တာပိုင်းပို့သွားကြပြီ"

"ရှက်ရမ်း ရမ်းသွားကြတာလေ၊ ကောင်မတွေ ကိုကြီးမိုးခေါင် ပြောင်းလာကတည်းက တစ်လမ်းလုံး တစ်ရပ်ကွက်လုံး ရှုစိစိနဲ့ဖြစ်နေကြတယ်"

စိုးလေး အားရပါးရ ပြောလိုက်တာကို မိုးခေါင်ပြုံးလိုက်သည်။

"ကိုကြီးမိုးခေါင်က အရမ်းခွံ့တာပဲနော်"

စိုးလေး အားကျကြည့်နှင့်ကြည့်ပြီးပြောတော့ မင်းမောင်က

"ဒီကောင်က အခုမှခွံ့တာမဟုတ်ဘူး၊ အရင်ရပ်ကွက်မှာတုန်းကလည်း စတား၊ ကျောင်းတုန်းကလည်း ကင်း စိုးလေးရဲ့"

"ဟုတ်မှာပေါ့၊ ကိုကြီးမိုးခေါင်က ရုပ်လည်းချော၊ ခန္ဓာကိုယ်ကလည်း ယောကျ်ားပီသ။ ပိုက်ဆံလည်းချမ်းသာ၊ ပညာလည်းတတ်တော့ မိန်းမတွေ စိတ်ဝင်စားတာ မဆန်းပါဘူး။ ကျွန်တော်တို့ကျတော့လည်း ဘယ်မိန်းမမှ အထင်ကြီးစရာမရှိဘူး"

"ကိုယ့်ကိုယ်ကိုယ် အဲဒီလောက်လည်း မနှိမ်ချပါနဲ့ကွာ။ အချိန်တန်တော့လည်း မိန်းမတစ်ယောက်ပဲ ရတာပါ"

www.burmeseclassic.com



"ဒါတော့ ဒါပေါ့ဗျာ"

"မင်းကတော့ ပြောအားရှိတာပေါ့၊ မင်းနားမှာ ဝိုင်းနေတာကို"

မျိုးအောင် ပင့်နေတာကို မင်းမောင်ကလည်း ခေါင်းညိတ်ထောက်ခံသည်။

မိုးခေါင်က ဒီရပ်ကွက်ထဲကို ပြောင်းလာတာ ရက်ပိုင်းပဲရှိသေးတယ်။ ဘီအီးနှင့်ဘွဲ့ရပြီး အလုပ်လုပ်ဖို့ စောင့်နေသော မိုးခေါင်ဆီသို့ ငယ်သူငယ်ချင်းတွေဖြစ်သော မင်းမောင်နှင့် မျိုးအောင်က နေ့တိုင်းလာသည်။ စိုးလေးက မိုးခေါင်အခုပြောင်းလာသော လမ်းထဲက ကောင်လေးဖြစ်သည်။

စိုးလေးကလည်း နောက်ဆုံးနှစ်ဖြေထားပြီး အားနေသဖြင့် မိုးခေါင်တို့ သူငယ်ချင်းသုံးယောက်ကို လာမိတ်ဖွဲ့ပြီး ခင်သွားခြင်းဖြစ်သည်။

အစစပြည့်စုံသော မိုးခေါင်က မင်းမောင်ပြောသလို ဘယ်နေရာရောက်ရောက် ကောင်မလေးတွေ စိတ်ဝင်စားခြင်းခံရသူပင်။ ဒါပေမဲ့ မိုးခေါင်က ယခုအချိန်ထိ ဘယ်မိန်းမကိုမှ စိတ်မဝင်စား။ မိုးခေါင်က အပေါင်းအသင်းတွေနှင့် ပျော်ပျော်ပါးပါးနေမည်။ လက်ဖက်ရည်ဆိုင်ထိုင်မည်။ ဂီတာတီးမည်။ မိုးခေါင် ခေါင်းထဲရှိတာဒါတွေပဲ။

"မိန်းမတွေလည်း ကိုကြီးမိုးခေါင်လို အစစအဆင်ပြေတဲ့သူဆို သူတို့က စပြီးချစ်တယ်ပြောရမှာ ဝန်မလေးဘူး။ မပြေလည်တဲ့ယောက်ျားတွေဆိုရင်တော့ သူတို့ကိုကြည့်တာတောင် သူတို့အသားပုံသွားတာ ကျနေတာပဲ။ ဆတ်ဆတ်ကိုခါလို့။ ကျွန်တော် ဒီလမ်းထဲက ကောင်မတွေကို ကြည့်လို့ကိုမရဘူး"

"မင်းလည်း ဒီလမ်းထဲက မိန်းမတွေနဲ့ပတ်သက်ပြီး နာကျည်းချက်ရှိတယ် ထယ်တယ်၊ ဟုတ်လား စိုးလေး"

စိုးလေး ပါးစပ်ကတောင်မပြောနိုင်ဘဲ မျက်နှာတစ်ပြင်လုံး ရှုံ့မဲ့သည်။

မိုးခေါင်တို့သုံးယောက် စိုးလေးကိုကြည့်ပြီး ရယ်ကြသည်။

"မင်းတို့လမ်းထဲမှာ မိန်းမတွေ တော်တော်ပေါတယ်နော် စိုးလေး"

"ပေါတယ်၊ ပေါသလောက်လည်း ခပ်ရှုပ်ရှုပ်၊ ခပ်လည်လည်တွေချည်းပဲ"

မင်းမောင် အမေးကို စိုးလေး လက်တခါခါ ခေါင်းတခါခါနှင့်ဖြေ၏။

"စိုးလေး"

"ဗျာ အစ်ကို"

"မင်းတို့လမ်းထဲမှာ ဘယ်သူအချောဆုံးလဲ"

မျိုးအောင်က လက်ဖက်ရည်ဆိုင်ရှေ့မှ ဖြတ်လျှောက်သွားသော မိန်းကလေးတစ်အုပ်ကိုကြည့်ပြီး မေး၏။

"မြဝတ်ရည်နဲ့ နန္ဒာမော်ကတော့ အချောဆုံးပဲ။ နှစ်ယောက်လုံးက မျက်ဆံလည်းချွန်းသာတယ်။ ရုပ်လည်းချောတယ်၊ အဲ . . . ကျွန်တော် အခုမှ သတိရတယ်"

စိုးလေးက မိုးခေါင်ကိုကြည့်ပြီး အလန့်တကြားနှင့် ယိုစကားကို ပြောလိုက်ခြင်းဖြစ်သည်။

"မင်းကလည်း လန့်တောင်လန့်တယ်။ မိုးခေါင်ကိုကြည့်ပြီး ဘာသတိရသွားတာလဲ"

"ကိုကြီးမျိုးအောင်က အချောဆုံးဘယ်သူလဲ မေးမှ သတိရသွားတာပါ။ ကျွန်တော်ပြောတဲ့ မမြဝတ်ရည်ကလေ ဒီလမ်းထဲမှာ ချမ်းလည်းချမ်းသာတယ်၊ ချောလည်းချောတယ်၊ ရည်းစားလည်း တစ်ခါမှ မထားဖူးသေးဘူး အခုမှ သတိရသွားတယ်။ ကိုကြီးမိုးခေါင်နဲ့ဆို အရမ်းလိုက်တယ်"

"ရည်းစားတစ်ခါမှ မထားဖူးသေးတာ မင်းကဘယ်လိုလုပ်သိလဲ"

"သိတာပေါ့ ကိုကြီးမင်းမောင်ရဲ့ ကျွန်တော်တို့က ငယ်ငယ်လေးတည်းက တစ်လမ်းတည်းနေလာတဲ့သူတွေပဲ။ ဟုတ်တယ်။ မမြဝတ်ရည်ကို ကိုကြီး မိုးခေါင်သဘောကျမှာပဲ"

မိုးခေါင် ဘာမှမပြောဘဲ ပြုံးရုံပြုံးလိုက်သည်။

"ဟုတ်လား စိုးလေး၊ ငါတို့ကိုပြစမ်း"

"ပြမယ်၊ ပြကိုပြမယ်"

"သူက ဘယ်နားမှာနေတာလဲ"

"ကျွန်တော်တို့နဲ့ သုံးတိုက်ကျော်က တိုက်အစိမ်းကြီးလေ။ ဟိုးနေ



www.burmeseclassic.com

www.burmeseclassic.com



တာပဲ။ မမြဝတ်ရည်က တစ်ဦးတည်းသောသမီး၊ ကိုကြီးမိုးခေါင်လိုပဲ''

''အေး လုပ်စမ်းကွာ၊ ဒီလမ်းထဲရောက်မှ ငါတို့သူငယ်ချင်းကြီး ဖွံ့သွားအောင် မင်းကိုပဲ အားကိုးရမှာပဲ''

မင်းမောင်နဲ့ မျိုးအောင် သူငယ်ချင်းအတွက် အားတက်သရောဖြစ်နေသည်။ နှစ်ယောက်လုံးက ရည်းစားရှိသည့်အတွက် မိုးခေါင်ကိုလည်း ရည်းစားရစေချင်ကြသည်။ မိုးခေါင် မိဘတွေကလည်း ပစ္စည်းဥစ္စာရှာ ပညာရှာရောစုံနေသည့်သားကို မိန်းမပေးစားချင်နေကြသည်မှာ တစ်ပိုင်းသေနေသည်။

''အားကိုးစမ်းပါ၊ ကျွန်တော် အောင်သွယ်ပေးမယ်။ ကျွန်တော်က အဲဒါမျိုးဆို အရမ်းပါသနာပါတာ''

''နေစမ်းပါကွာ၊ ငါ ဒါတွေစိတ်မဝင်စားဘူး၊ အေးအေးပဲနေပါရစေ''

''စိတ်မဝင်စားလို့ ရမလား၊ ကိုယ့်အသက်ကိုလည်း ပြန်ကြည့်ဦး''

''မိန်းမပဲ ဘယ်အချိန်ယူယူပါ''

''မရဘူး ဟေ့ကောင်၊ ဒီတိုင်းနေလို့ကတော့ မင်းမိန်းမရမှာမဟုတ်ဘူး။ ဒီတစ်ခါတော့ မငြင်းနဲ့''

''ဟုတ်တယ် မိုးခေါင်။ ငါတို့ကြည့်ဦးမယ်၊ မင်းနဲ့ သင့်တော်တယ်ဆို မင်းမငြင်းနဲ့တော့၊ စိုးလေး အဲဒီမြဝတ်ရည်နဲ့ မင်းသိလား''

''သိတာပေါ့''

''အဲဒါဆို ငါတို့နဲ့ မိတ်ဆက်ပေး''

''မိတ်ဆက်ပေးမယ်''

အားတက်သရောဖြစ်နေသည့် သူငယ်ချင်းတွေနှင့် စိုးလေးကိုကြည့်ပြီး သူဘာမှ ဝင်မပြောတော့၊ လုပ်ချင်တာသာ လုပ်တော့ဆိုသည့်သဘောနှင့် မိုးခေါင် ဂီတာကြိုးတွေကို ဆော့ကစားနေသည်။

❀ ❀ ❀

## အခန်း (၃၂)

လမ်းထိပ်လက်ဖက်ရည်ဆိုင်မှာ ရောက်နေပြီဟု မင်းမောင် ဖုန်းဆက်ခေါ်မှ မိုးခေါင် ကမန်းကတန်းထပြီး ရေချိုးသည်။ ညက ညဉ့်နက်မှ အိပ်သည့်အတွက် အိပ်ယာထ နောက်ကျသွားသည်။ မိုးခေါင်လက်ဖက်ရည်ဆိုင်ထဲ ဝင်ခါနီးတော့ စိုးလေးလက်ပြ၏။ လူပြည့်နေသောဝိုင်းတွေကြားက မိုးခေါင်ဝင်အလာ စားပွဲဝိုင်းတစ်ဝိုင်းက ထလိုက်သည့်မိန်းကလေးတစ်ယောက်နှင့် ဝင်တိုက်မိသည်။

''ဆောရီး''

တိုက်မိသည့် အရှိန်ပြင်းတော့ တစ်ဖက်မိန်းကလေး ဖင်ထိုင်လျက်သားကျသွားမှာစိုးပြီ၊ မိန်းကလေး၏ ပခုံးနှစ်ဖက်ကို မိုးခေါင်ထိန်းထားလိုက်ရသည်။ မိုးခေါင်တောင်းပန်ပေမယ့် တစ်ဖက်မိန်းကလေးက အကြည့်ရှုံးတစ်ချက်ဖြင့်သာ တုန့်ပြန်ပြီး ဘာတစ်ခွန်းမှ မပြောဘဲ လှည့်ထွက်သွားသည်။

လူများပြီး လူစည်သည့်အချိန်ဖြစ်သဖြင့် မိုးခေါင်တို့၏ လျှင်မြန်သောအဖြစ်ကို သိပ်မသိလိုက်ကြ။ ထိုမိန်းကလေးကြည့်သွားသော အကြည့်က အေးလေးပေမယ့် မိုးခေါင်နှလုံးသားတွေကတော့ ဂျွန်းထိုးဖောက်ခံဖြစ်သွားသည်။ မိုးခေါင်ချက်ချင်း လှည့်ကြည့်တော့ မိန်းကလေး၏ နောက်ပိုင်းအလှကိုပဲတွေ့ရပြီး ထိုနေရာမှာပင် ကြောင်ကြောင်ကြီးရပ်နေမိသည်။

မိုးခေါင်သတိရသွားတော့ မင်းအောင်၊ မျိုးအောင် စိုးလေးတို့

www.burmeseclassic.com

www.burmeseclassic.com



သုံးယောက်လုံး ဝိုင်းကြည့်နေကြသည်။

"ဘယ်လိုဖြစ်တာလဲ"

မိုးခေါင်ထိုင်တောင် မထိုင်ရသေး။ မျိုးအောင်လှမ်းမေးသလို စိုးလေးကလည်း

"အဲဒါနန္ဒာမော် အစ်ကို"

စိုးလေးကို ဖျတ်ကနဲ မိုးခေါင်ကြည့်တော့ မင်းမောင် စိုးရိပ်တကြီးဖြင့်

"သူ့ကိုတော့ စိတ်ဝင်စားမသွားနဲ့နော်"

ဘာဖြစ်လို့လဲဆိုသည့် မိုးခေါင်အကြည့်ကို စိုးလေးသဘောပေါက်သည်။

"မနန္ဒာမော်က အရမ်းရုပ်တယ်၊ ရည်းစားတွေလည်း အများကြီးရှိခဲ့ဖူးတယ်။ အခုလက်ရှိလည်း ရည်းစားရှိတယ်"

မိုးခေါင်ရင်ထဲ ဘယ်လိုဖြစ်သွားမှန်းမသိ။ မျက်စိမျက်နှာ ပျက်သွားတာကိုလည်း သူငယ်ချင်းတွေသိမည်။ မင်းမောင်တို့နှစ်ယောက် စိုးလေးကို ဘာလုပ်ပြလိုက်လဲ မသိ။ စိုးလေး ဝမ်းသာအားရအသံကြီးနှင့်

"ကိုကြီး မိုးခေါင်နောက်ကျသွားတယ်ဗျာ။ မမြဝတ်ရည် ဒီဆိုင်မှာ မုန့်ဟင်းခါးလာစားပြီး ထွက်သွားတာ သိပ်မကြာသေးဘူး"

"ဟုတ်တယ် မိုးခေါင်။ မြဝတ်ရည်က တော်တော်လှတယ်၊ ပုံစံလေးကလည်း နူးနူးညံ့ညံ့အေးအေးဆေးဆေးလေး။ မင်းနဲ့ အရမ်းလိုက်တယ်"

"မင်းအတွက် ဖူးစာရေးနတ်က ဒီရပ်ကွက်ထဲရောက်လာအောင် ဖန်တီးပေးလိုက်တာပဲ။ မင်းက ဒီနေ့မှ ဘာလို့နောက်ကျနေရတာလဲ"

"ညက အိပ်တာနောက်ကျသွားလို့"

"မင်းအတွက် ငါတို့ ဝမ်းသာနေတာ မိုးခေါင်။ မင်း ဘာမှစိတ်ကူးမလွဲနဲ့။ မြဝတ်ရည်နဲ့မင်းက အသင့်တော်ဆုံးပဲ"

"မြဝတ်ရည်ကိုမြင်ရင် ဒီကောင်စိတ်ဝင်စားမှာပါ။ ဒီမှာ ဒါရိုက်တာ စိုးလေးကလည်းရှိတယ်"

စိုးလေး ရင်ကော့ခေါင်းမော့ပြသည်။

"အားကိုးစမ်းပါ၊ စိုးလေးနဲ့တွေ့ရင် အဆင်ပြေစေရမယ်"



မိုးခေါင် မကောင်းတတ်၍သာ ပြုံးလိုက်ပေမယ့် ဘာတစ်ခွန်းမှ ပြန်မပြော။ မိုးခေါင်အာရုံတွေ နန္ဒာမော်ဆိုသော ကောင်မလေးဆီ မရောက်ရေးအတွက် မတွေ့လိုက်ရသည့် မြဝတ်ရည်ကိုပဲ ဝိုင်းပြီးချီးကျူးထောပနာ ပြုနေကြသည်။

မြဝတ်ရည် ဘယ်လောက်လှလဲ မိုးခေါင်စိတ်မဝင်စားတော့ပါ။ မိုးခေါင်နှလုံးသားထဲမှာ နန္ဒာမော်က အခိုင်အမာနေရာယူပြီးသွားပြီ။

အရမ်းလည်း ရုပ်သည်။ ရည်းစားတွေလည်း အများကြီးထားခဲ့ဖူးပြီ။ ယခုလက်ရှိလည်း ရည်းစားရှိသည့် နန္ဒာမော်ကို တကယ်ဆို မိုးခေါင်မချစ်သင့်ပါ။ ဒါပေမဲ့လည်း နှလုံးသားထဲက သူ့ဟာသူဖြစ်လာတာကိုတော့ ဘယ်သူမှ တား၍မရပါ။

"ဟော့ကောင်...ငိုင်မနေစမ်းပါနဲ့၊ ကျက်သရေကိုမရှိဘူး"

မိုးခေါင်ရင်ထဲမှာဖြစ်နေတာကို သိသည်ဆိုသောပုံနှင့် မျိုးအောင်ကြိမ်းသလို မင်းမောင်ကလည်း အကြည့်တစ်မျိုးနှင့်ကြည့်နေ၏။ သက်ပြင်းမောလေးတစ်ချက်ကိုသာ ချလိုက်သည်။

နောက်တစ်နေ့ညနေ မိုးခေါင်တို့သူငယ်ချင်း သုံးယောက်နှင့် စိုးလေးခြံရှေ့အုတ်ခုံမှာ ထိုင်ပြီး ဂီတာတီးနေကြသည်။ ခဏအကြာ မြဝတ်ရည်နှင့် ကောင်မလေးတစ်ယောက် လျှောက်လာနေ၏။

"ဟာ...ဟိုမှာလာနေတာ မြဝတ်ရည် မဟုတ်လား"

မင်းမောင် အလန့်တကြားကြည့်ရာသို့ အားလုံးအကြည့်ရောက်ကုန်သည်။ မြဝတ်ရည်တို့တိုက်က မိုးခေါင်တို့တိုက်ကိုကျော်သွားရသည်။ နန္ဒာမော်တို့တိုက်ကတော့ မိုးခေါင်တို့တိုက် မရောက်ခင်ဖြစ်သည်။

"မမဝတ်ရည် ဘယ်သွားမလို့လဲ"

"လမ်းထိပ်ဘက် ခဏသွားမလို့"

"ကျွန်တော် လိုက်ပေးရမလား"

www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် စိုးလေးရဲ့"

မကြည့်ပေမယ့် တွေ့နေရသော မြဝတ်ရည်က တော်တော်ကိုလှပြီး ပုံစံလေးနှင့် ဝတ်စားထားတာလေးကလည်း ကျနေရသည်။ အသံလေးက ချိုသလို မျက်နှာလေးကလည်း ပြုံးချိုချိုလေး။ မြဝတ်ရည်က အသားဖြူဖြူ ကိုယ်လုံးသွယ်သွယ်နှင့် ဆံပင်ကလည်း ခါးထိရှည်သော ဖြောင့်ဖြောင့် စင်းစင်းလေးဖြစ်သည်။

နန္ဒာမော်က မြဝတ်ရည်လောက် အသားမဖြူပေမယ့် စိုစိုလက်လက် အသားမျိုးဖြစ်သည်။ မြဝတ်ရည်လို ကိုယ်လုံးသွယ်သွယ်မဟုတ်တဲ့ တောင့်တောင့်တင်းတင်း ခန္ဓာကိုယ်ပိုင်ရှင်ဖြစ်သည်။ နန္ဒာမော်က မြဝတ်ရည်ထက် ဝတ်စားထားတာ ခေတ်ဆန်သည်။ ဆံပင်ကလည်း သရီးစတပ် အကောက်ဖြစ်သည်။

သူမတို့နှစ်ယောက်ကို ဘာကြောင့် မိုးခေါင် နှိုင်းယှဉ်မြင်မိသည် မသိ။

"မမဝတ်ရည်နဲ့ မိတ်ဆက်ပေးရဦးမယ်။ ဒီအစ်ကိုက ကိုမိုးခေါင်တဲ့ ဒီလမ်းထဲကိုပြောင်းလာတာ မကြာသေးဘူး။ BE နဲ့ ကျောင်းပြီးသွားပြီ ဒီတိုက်ကြီးကလေ။ ဒီအစ်ကိုနှစ်ယောက်ကတော့ ကိုမိုးခေါင်သူငယ်ချင်းတွေ ကိုမျိုးအောင်နဲ့ ကိုမင်းမောင်။ ကိုကြီးတို့လည်း မှတ်ထားဦး ဒီမမနာမည်က မြဝတ်ရည်။ ကျောင်းပြီးသွားလို့ မိဘတွေနဲ့ ရွှေဆိုင်ထိုင် နေတာ"

"တွေ့ရတာ ဝမ်းသာပါတယ်"

မျိုးအောင်နဲ့ မင်းမောင် ပြိုင်တူပြောလိုက်တော့ မြဝတ်ရည်က အပြုံးချိုချိုလေးနှင့် ခေါင်းညိတ်ပြသည်။ မိုးခေါင်လည်း အသိအမှတ်ပြုသည့်အနေနှင့် အပြုံးလေးနှင့်တုံ့ပြန်လိုက်သည်။

"ကျွန်တော်မပါဘဲ နောက်တွေ့လည်းခေါ်ကြပေါ့"



"ခေါ်ရမှာပေါ့"

"ကျွန်တော်တို့က ခင်တတ်ပါတယ် မြဝတ်ရည်"

"ဟုတ်ကဲ့ပါ၊ လိုတဲ့အကူအညီရှိရင်လည်း ပြောပါ"

မြဝတ်ရည်က မိုးခေါင်ကို ရည်ရွယ်ပြီး ပြောနေတာ အားလုံးသိကြသည်။

"စိတ်ချ မြဝတ်ရည်"

မင်းမောင်နှင့် မျိုးအောင် သွက်နေပေမယ့် မိုးခေါင်ကတော့ ပြောစရာစကားမရှိသည့်အလား တိတ်ဆိတ်နေသည်။

"ကျွန်မကို ခွင့်ပြုပါဦး၊ သွားမယ် စိုးလေး"

"ဟုတ်ကဲ့"

"ဟုတ်ကဲ့ မမဝတ်ရည်"

အားလုံး၏ မျက်လုံးလေးတွေက မြဝတ်ရည်၏ နောက်ပိုင်းအလှဆီသို့ ပြိုင်တူပင်။

"မင်းနှယ်ကွာ၊ အားနာပါးနာစကားလေးတစ်ခွန်းတောင် မပြောဘူး"

မျိုးအောင် ကောက်ကနဲပြန်လှည့်ပြီး အပြစ်တင်တော့ မင်းမောင်ကလည်း

"ဟုတ်ပ့ါ ဒီလောက်ချောချောလှလှ ကောင်မလေးကိုများ တေမိမင်းလုပ်နေတယ်"

"ငါက ဘာပြောရမှာလဲ"

"ဟ…ဘာပြောရမှာလဲ၊ တွေ့ရတာ ဝမ်းသာပါတယ်လောက်တော့ ပြောပေါ့။ ဟိုကတောင် အကူအညီလိုရင်ပြော ဘာညာ စကားကြောင်းနေသေးတာ"

"အေးလေ၊ အခုမှ ချက်ချင်းစကားမပြောတတ်တော့ဘူး"

နှစ်ယောက်သား အတိုင်အဖောက်ညီညီဟောက်နေတော့ မိုးလေး ငယ်နေသည်။

"မင်း အချိုးကိုပြင်နော် မိုးခေါင်"

"ဟ…ဘာလိုင်းကြီးပါလား"

www.burmeseclassic.com

www.burmeseclassic.com



''ဘာလိုင်းကြီး မဟုတ်ဘူး။ မင်း ဘာဖြစ်နေတယ်ဆိုတာ သိတယ်နော်''

မျက်နှာထိမျက်နှာထားကြီးနှင့် မျိုးအောင်အပြောကြောင့် နည်းနည်းတော့ တုန်လှုပ်သွားရသည်။

''ဘယ့်နှယ့်လဲ ကိုကြီးမိုးခေါင်၊ မမဝတ်ရည်ချောတယ်မလား''

''ချောပါတယ်''

''ဟင်...ကိုကြီးမိုးခေါင်ပြောပုံကြီးကလည်း''

''စိတ်ကော ဝင်စားလား''

မိုးခေါင် ပြုံးနေတော့ စိုးလေး အားမလိုအားမရဖြစ်ပြီး

''ပြောစမ်းပါ ကိုကြီးမိုးခေါင်ရာ၊ ကိုကြီးမိုးခေါင်စိတ်ဝင်စားတယ်လို့ တစ်ခွန်းပဲပြော၊ ကျန်တာအားလုံး ညီလေးတာဝန်ထား''

စိုးလေး အားတက်သရောဖြစ်နေသလို ကျန်နှစ်ကောင်ကလည်း မိုးခေါင်ဘာပြောမလဲ စိတ်ဝင်စားနေကြသည်။ မိုးခေါင်ကတော့ မြဝတ်ရည်ကို နည်းနည်းမှ ရင်မခုန်ဘဲ မြဝတ်ရည်က ဘာတစ်ခုမှ အပြစ်ပြောစရာမရှိသည့် မိန်းကလေးတစ်ယောက်ပေမယ့် မိုးခေါင်ချစ်လို့မရတာ ဘာတတ်နိုင်မှာလဲ။ သူငယ်ချင်းတွေနဲ့ စိုးလေးကတော့ မိုးခေါင်ဘာပြောမည်ဆိုတာကို မျှော်လင့်တကြီးနှင့်။

''နေပါဦးကွာ၊ စောပါသေးတယ်''

''ဘယ်စောပါ့မလဲဗျာ၊ ကျောင်းပြီးလို့ အလုပ်ပဲရတော့မယ်''

စိုးလေး အားမလိုအားမရ ပြောပေမယ့် မင်းမောင်တို့နှစ်ယောက်ကတော့ မိုးခေါင်ရဲ့ ခပ်ပေါ့ပေါ့အဖြေကို နည်းနည်းတော့ ကျေနပ်သွားကြ၏။

''မင်းသိပ်ပြီး တွေဝေမနေနဲ့မိုးခေါင်။ ယောင်ယောင်ရွယ်ရွယ်နဲ့ ဆံပင်တွေဖြူကုန်လိမ့်မယ်။ မင်းရဲ့ဖူးစာရှင်အမှန်က မြဝတ်ရည်ပဲ''

''ဟုတ်တယ်၊ စိတ်ကူးထဲမှာတော့ မြဝတ်ရည်နဲ့ နန္ဒာမော်ကို ယှဉ်မတွေးနဲ့၊ သူတို့နှစ်ယောက်ရဲ့ ကာရိုက်တာက ဆန့်ကျင်ဘက်ပဲ။

''မင်းတို့ ဘာဖြစ်နေတာလဲ''



''အဲဒီမေးခွန်းက ငါတို့ကိုမမေးဘဲ မင်းကိုမင်းပြန်မေး''

မင်းမောင် နည်းနည်းမှ မခံဘဲ ကက်ကက်လန်ပြန်ပြောသလို မျိုးအောင်ကလည်း လေပြေလေးနှင့်

''မင်းရင်ထဲမှာ ဘာတွေဖြစ်နေလဲဆိုတာ ငါတို့မသိဘူးများ အောက်မေ့နေလား''

မိုးခေါင် တော်တော်ကို စိတ်ညစ်နေသည်။

အိမ်မှာလည်း ဖေဖေနှင့်မေမေက မြဝတ်ရည်နှင့် အတင်းပင် နားချနေသည်။ မြဝတ်ရည်မိဘတွေနှင့် ဖေဖေ မေမေ ဘယ်လိုရင်းနှီးသွားကြသည် မသိ။ မြဝတ်ရည်ချောကြောင်း၊ တော်ကြောင်း၊ မိန်းမပီသကြောင်းကို ချီးမွမ်းမဆုံးနိုင်။ သားဖြစ်သူကို မိန်းမပေးစားချင်နေသော မိဘနှစ်ပါးက အရင့်အရင်သဘောတူသည့် မိန်းမတွေထက်ကို မြဝတ်ရည်ကို တော်တော်လေး သဘောကျနေကြသည်။ မြဝတ်ရည်ကိုမှ မယူလျှင် သူတို့တစ်ခုခု ဖြစ်သွားနိုင်ပုံမျိုးပြောသည်အထိဆိုတော့ မြဝတ်ရည်ကို တော်တော်ကြီး ချွေးမတော်ချင်နေတာသိသည်။

ခက်တာက မြဝတ်ရည်ကို မိုးခေါင်ချစ်လို့မရ။ ဘယ်လိုစဉ်းစားစဉ်းစားလည်းမရ။ ကိုယ့်ကိုယ်ကိုယ်လည်း မိုးခေါင် ဒေါသဖြစ်မိသည်။ ဒီလောက် အပြစ်ကင်းစင်သည့် မိန်းကလေးကို နှလုံးသားက လက်မခံ။ အပြင်ရောက်ပြန်တော့လည်း သူငယ်ချင်းတွေက တစ်မျိုး။

မိုးခေါင် စိတ်တွေ မွန်းကြပ်ပြီး ထွက်ပေါက်ရှာချင်နေသည်။

''ဒီမှာ မိုးခေါင် မင်းမှာ ဦးနှောက်ရှိပါတယ်။ ဘာလုပ်သင့်လဲဆိုတာ သိမှာပါ''

''ရည်းစားတစ်ယောက်မှ မထားဘူးသေးပေမယ့် မင်းဟာ လူပျိုရိုင်းလေးမဟုတ်သလို မိန်းမတွေနဲ့ အတွေ့အကြုံမရှိသူလည်း မဟုတ်ပါဘူး''

''သေချာတာပေါ့၊ ပိုပြီး သေချာတာကတော့ ဟိုမှာကြည့်လိုက်''

ဆိုင်ပေါက်ဝကို မျက်နှာမူထိုင်နေသော မျိုးအောင်ပြောတော့ မိုးခေါင်မျက်စိတွေက ဆိုင်ပေါက်ဝသို့ ဖျတ်ကနဲ ရောက်သွားသည်။

နန္ဒာမော်နှင့် သူမ၏ ယခုလက်ရှိရည်းစား ဝေယံဆိုသောသူနှင့်

www.burmeseclassic.com

www.burmeseclassic.com



လက်ချင်းချိတ်ပြီး ဆိုင်ထဲဝင်လာကြသည်။

အခု မိုးခေါင်တို့ထိုင်နေသောဆိုင်က ယိုးဒယား၊ ကိုရီးယား၊ တရုတ်၊ ကုလား၊ မြန်မာအစုံရသော စားသောက်ဆိုင်ကြီးတစ်ဆိုင်ဖြစ်သည်။ လှစည်ကားသောရပ်ကွက်တိုင်းတွင် ယခုလိုဆိုင်မျိုးတွေ ကြီးကြီးကျယ်ကျယ် ဖွင့်ထားတတ်သည်။

မိုးခေါင်လှည့်ကြည့်တာ နန္ဒာမော်တွေ့၏။ မိုးခေါင်လှည့်ကြည့်မှ နန္ဒာမော်က သူမရည်းစားဝေယံဘက်သို့ ပိုတိုးကပ်လိုက်တာ ဘာသဘောလဲ မသိ။ မင်းမောင်နဲ့ မျိုးအောင်လည်း ထိုအဖြစ်ကိုတွေ့တာကြောင့် ချက်ချင်း မျက်နှာလွှဲပစ်လိုက်ကြသည်။

မိုးခေါင်ရင်ထဲမှာတော့ နာနာကျင်ကျင်ကြီး ခံစားသွားရသည်။

''တွေ့တယ်မလား မိုးခေါင်၊ ဒီမိန်းမကို မင်းရင်ထဲက မောင်းထုတ်ပစ်လိုက်စမ်းပါ။ ဒါ ဘာသဘောလဲ''

''ဘာသဘောရမှာလဲ၊ ငါတို့သူငယ်ချင်းကပဲ သူ့ကို ငမ်းငမ်းတက် ဖြစ်နေတဲ့ပုံမျိုး။ မင်း ယောကျ်ားမာနတော့ ထားစမ်းပါ မိုးခေါင်''

မိုးခေါင်နားထဲမှာတော့ သူငယ်ချင်းတွေပြောနေကြတာတွေကို စိတ်မဝင် စားနိုင်။ မမြင်ရပေမယ့် မျက်စိထဲမှာ နန္ဒာမော်တို့ စုံတွဲကိုမထွက်၊ နန္ဒာမော်ကို နှလုံးသားထဲက ဖယ်ထုတ်မရပေမယ့် တွေ့တိုင်းဒီလိုအချိုးမျိုးချိုးနေတာ ရင်ထဲမှာနာသလိုလိုပဲ။ သူငယ်ချင်းတွေပြောလည်း ပြောစရာပါ။

နန္ဒာမော်ကလည်း မိုးခေါင်ဝေဒနာကို သိလို့တမင်လုပ်နေလားမသိ၊ မိုးခေါင်နှင့် မျက်နှာချင်းဆိုင်ဝိုင်းမှာ ဝင်ထိုက်လိုက်ကြသည်။ မမြင်ချင်ဘဲလည်းမြင်နေရတော့ မိုးခေါင်ဂနာမငြိမ်ဖြစ်ပြီး သဝန်တိုသလို ခံစားနေရသည်။

''မင်းပုံစံနဲ့မျက်နှာထားကို အခုပြင်လိုက်စမ်းပါ မိုးခေါင်''

ပြော့စရာဖြစ်နေပြီဆိုတာ ကိုယ့်ကိုယ်ကိုယ်လည်း မိုးခေါင်သိသည်။

''မင်း မြဝတ်ရည်ကို ဘယ်တော့ချစ်ရေးဆိုမှာလဲ ပြော''

''ဟုတ်တယ် မိုးခေါင်၊ လုပ်တော့''



မိုးခေါင် ဘာပြောရမှန်းမသိစွာ သူငယ်ချင်းတွေကို ကြောင်တောင်တောင်ကြီး ကြည့်နေသည်။

''ဖုန်းဆက်ပြီး ပြောမလား''

''ဟုတ်တယ်။ မင်းက ဒါမျိုးအတွေ့အကြုံမရှိသေးတော့ ဖုန်းဆက်ပြီးသာပြောလိုက်''

''ဟောကောင် ပြောနေတာကြားလား''

မိုးခေါင်စိတ်တွေက တခြားမှာလွင့်နေတော့ မင်းမောင် အော်လိုက်သည်။ ဒီတော့မှ မိုးခေါင်စိတ်တိုပြီး နန္ဒာမော်ဆီလည်း လှည့်ကြည့်လိုက်သေးသည်။

''မင်းတို့ ငြိမ်ငြိမ်လေးနေစမ်းပါ''

''မနေနိုင်ဘူး''

''မနေနိုင်ရင် ပြန်မယ်''

''ဘာလို့ ပြန်ရမှာလဲ။ မပြန်သေးပါဘူး။ မင်းလည်း ပြန်စရာမလိုဘူး''

မျိုးအောင် ပြုံးတုံးပြုံတဲပြောသလို မင်းမောင်ကလည်း မကြည်သလို ကြည့်သည်။

မိုးခေါင် ဆက်ထိုင်မနေချင်တော့ပါ။ ကောက်ကနဲထပြီး ဆိုင်ထဲက ထွက်လာသည်။

''မိုးခေါင်''

''ဟောကောင် နေဦးလေ''

သူငယ်ချင်းတွေ ဘယ်လောက်အော်အော် မိုးခေါင်လှည့်မကြည့်တော့။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၃)

''ဖုန်း''ဆိုတော့ မင်းမောင်နဲ့မျိုးအောင် တစ်ယောက်ယောက်ပဲ မိုးခေါင်ထင်တာ။ တကယ့်တကယ်မှာတော့

''ဟယ်လို''

''ကိုမိုးခေါင်လား''

အသံရှင်ကို မိုးခေါင် အံ့သြသွားသည်။ ဒါသည် မြဝတ်ရည် အသံ ကလွဲ၍ ဘယ်သူ့အသံမှမဖြစ်နိုင်။ အပြင်မှာ ရင်းနှီးထားသော မြဝတ်ရည် အသံနှင့် အခုဖုန်းထဲက အသံ နည်းနည်းမှမကွဲ။

''ဟုတ်ပါတယ် မြဝတ်ရည်လား မသိဘူး''

''ဟုတ်ပါတယ်ရှင်''

မြဝတ်ရည်က ရုပ်ချောရုံတင်မဟုတ်။ အမူအရာကလည်း ယဉ်ကျေး သိမ်မွေ့သလို ပြောဆိုတာလည်း ယဉ်ကျေးသည်။ မြဝတ်ရည်ဘာကြောင့် ဖုန်းဆက်ရတာလဲဆိုသော မေးခွန်းကို မိုးခေါင်မေးဖို့ပြင်ပြီးမှ ပြန်ထိန်းချုပ် လိုက်ရသည်။ မြဝတ်ရည်လို ကြန္ဒြေရှင်မိန်းကလေးက အကြောင်းမရှိဘဲ တော့ ယောကျ်ားတစ်ယောက်ဆီကိုစပြီး ဖုန်းဆက်မှာမဟုတ်ပါ။

ချက်ချင်းပင် မိုးခေါင်အတွေးထဲ ဝင်လာသူတွေကတော့ သူငယ်ချင်း မင်းမောင်နဲ့ မျိုးအောင်၊ ပြီးတော့ စိုးလေး။ သူတို့သုံးယောက်လုံးက မိုးခေါင်နဲ့မြဝတ်ရည်ကို အသည်းအသည်သဘောတူနေသူတွေ။ မိုးခေါင် နှင့်မြဝတ်ရည်ချစ်သူဖြစ်ဖို့ နည်းလမ်းတွေကို အမြဲရှာနေသူတွေဆိုတော့ မြဝတ်ရည်ကို တစ်ခုခုချွန်တွန်းလုပ်လိုက်တာ သေချာပြီ။

မြဝတ်ရည်ကလည်း ဟုတ်ပါတယ်ဆိုပြီး နောက်ထပ် ဘာစကားမှ



ဆက်မပြောတော့ဘဲ ငြိမ်ငြိမ်နေ၏။ မိုးခေါင်ဘာ[illegible] တွေ့တိုင်း အပြုံးချိုချိုလေးတွေပေးတတ်သည့် [illegible] ရှင်မလေးကို ဥပေက္ခာမပြုသင့်ဘူးဟု ထင်သည်။ [illegible] ဖြစ်တော့ဟု မိုးခေါင်စိတ်ကို တင်းလိုက်ပြီး

''မြဝတ်ရည်ကို ဟိုကောင်တွေ ဘာပြောလိုက်လဲ''

''ကိုမိုးခေါင်က ဝတ်ရည်ကို အရေးတကြီးပြောစရာရှိတယ်လို့ ပြောတယ်၊ ဟုတ်လားဟင် ကိုမိုးခေါင်''

မြဝတ်ရည်က တကယ်ကို ထိတ်ထိတ်လန့်လန့်အသံလေးနှင့် မေးခြင်း ဖြစ်သည်။ တမင်ဟန်ဆောင်နေခြင်းမဟုတ်တာတော့ မိုးခေါင်ပြောရဲသည်။

မိုးခေါင်မျက်စိထဲမှာ ကြန္ဒြေရရလေးနှင့် အေးချမ်းသောမြဝတ်ရည်ကို မြင်ယောင်ပြီး ကျေနပ်ပြုံးလေးပြုံးလိုက်သည်။ တစ်ဆက်တည်းမှာပဲ မိုးခေါင် ကိုတွေ့တိုင်း ရှည်းစားနှင့်ပိုတွဲပြသော နန္ဒာမော်ကို မြင်ယောင်လာတော့ စိတ်ထဲမှာ တင်းကနဲဖြစ်သွားသည်။ မခံချင်စိတ်နှင့်အတူ ယောကျ်ားမာန တွေကလည်း ထောင်တက်လာသည်။

မိုးခေါင် မရယ်ချင်ဘဲ ရယ်လိုက်ပြီး

''ဟုတ်တယ် မြဝတ်ရည်၊ ပြောစရာတွေကတော့ ရင်နဲ့အပြည့်ပဲ''

မြဝတ်ရည်ထံမှ ဘာသံမှထွက်မလာ။ အသက်ရှူသံကိုတော့ ဖုန်းထဲ ကနေ အတိုင်းသား ကြားနေရသည်။

''တို့ပြောတာ ကြားပါတယ်နော် မြဝတ်ရည်''

အသက်ရှူသံ ပို၍ပြင်းတာကလွဲပြီး အသံထွက်မလာ။

''စိတ်မဆိုးဘူးဆိုရင် တို့ကိုစကားပြန်ပြောပါလား မြဝတ်ရည်''

''ဝတ်ရည် စိတ်ဆိုးလို့မဟုတ်ပါဘူး၊ ဘာပြောရမှန်း မသိလို့ပါ''

ရင်ခုန်လှိုက်မောနေသော မြဝတ်ရည်၏ ကရုဏာသံလေးကို မိုးခေါင် တိုင်းအဆမရှိ သနားသွားသည်။

''တကယ်လား မြဝတ်ရည်''

''ဟုတ်ကဲ့''

မြဝတ်ရည်၏ သိမ်မွေ့နူးညံ့ပုံလေးက မိုးခေါင်ရင်ထဲ အမှတ်ပြည့်ဝင်

www.burmeseclassic.com

www.burmeseclassic.com



သွားပြီးနောက်မှာတော့

"ဒါဆို မြဝတ်ရည်ကို ချစ်တယ်လို့ ပြောပါရစေ"

ဇာစ်ဖက်က မြဝတ်ရည်ဘယ်လိုတွေဖြစ်နေပြီလဲမသိ။ မိုးခေါင်ရင်ထဲ မှာတော့ ရင်ခုန်စိတ်လှုပ်ရှားရမည့်အစား ပူလောင်မွန်းကျပ်သည့် ဝေဒနာ တွေကို ခံစားနေရသည်။

"မြဝတ်ရည်"

မြဝတ်ရည်အသံတိုးလေးနှင့် ထူး၏။

"အခုမှပဲ တကယ်စိတ်ဆိုးသွားပြီလား"

"မဆိုးပါဘူး 'ကိုမိုးခေါင်"

အသံတုန်တုန်လေးနှင့် မြဝတ်ရည်ပြောသည်။

"ဒါဆို တို့ကိုစဉ်းစားမှာပေါ့နော်"

"အင်း"

ဘယ်လောက်ကြာကြာ စဉ်းစားမှာလဲ"

"တစ်လလောက်တော့ ကြာမှာပေါ့"

"တစ်လတော့မလုပ်ပါနဲ့ဗျာ၊ တစ်ပတ်တော့ ထားပါ"

"ကဲပါ တစ်ပတ်တော့ မလုပ်နဲ့ နောက်ထပ် တဆယ့်ငါးရက်ကြာရင် ကိုမိုးခေါင်ကြားစေချင်တဲ့စကားပြောမယ်။ ဒါကလည်း ဝတ်ရည်စဉ်းစား နေတာမဟုတ်ပါဘူး။ ကိုမိုးခေါင်က စဉ်းစားစရာလူချိုးမဟုတ်တဲ့အပြင် ချစ်တယ် မချစ်ဘူးဆိုတာကလည်း အသင့်ရှိပြီးသားပါ"

ဘယ်လောက် ပွင့်လင်းလိုက်သည့် ကောင်မလေးလဲလို့၊ မိုးခေါင် ထင်တောင် မထင်ပါ။

"တို့အတွက်အဖြေက အစတည်းကရှိပြီးသားဆိုတော့ တို့နဲ့ဝတ်ရည် ချစ်သူတွေဖြစ်သွားကြပြီပေါ့။ ဒါဆို နောက်တဆယ့်ငါးရက်ကြာရင် ဘာပြောမှာလဲ"

"ဘာပြောရမှာလဲရှင်၊ ချစ်သူတွေဖြစ်သွားပြီပဲ။ ချစ်တဲ့စကားရှာ လွဲလို့ ဘာပြောစရာရှိသေးလဲ"

"ဟာ...မြဝတ်ရည်က တို့ကို တကယ်စားအောင်လုပ်တယ်"



မြဝတ်ရည် ရယ်သံလေးကို နားထောင်ကောင်းကောင်းနှင့် နားထောင် နေပြီးမှ

"အခုရော မြဝတ်ရည်ကို တွေ့လို့ရမလား"

"ရတယ်လေ"

ဒီတစ်ခါတော့ မိုးခေါင်ရင်ခုန်စွာနှင့်

"ဘယ်ကို လာခဲ့ရမလဲ မြဝတ်ရည်"

"အိမ်ကိုပဲ လာခဲ့ပေါ့"

"ဟာဗျာ...အဲဒီလိုတော့ မနောက်ပါနဲ့"

မြဝတ်ရည်သဘောတကျရယ်ပြီးမှ

"ဘာဖြစ်လို့လဲ မိဘချင်းလည်း ရင်းနှီးနေကြတာပဲ"

"အဲဒီလိုတော့ မလုပ်ပါနဲ့ဗျာ"

မိုးခေါင့် ညောင်နာနာသံလေးကို မြဝတ်ရည်သနားသွားပုံရသည်။

"ဒါဆိုလည်း လမ်းထိပ်က ကော်ဖီဆိုင်ကိုပဲ ထွက်လာခဲ့"

မြဝတ်ရည်က ပြောပြီးဖုန်းချသွားသည်။ မိုးခေါင်ကတော့ ဖုန်းကြီးကိုင် လျက်က ငေါင်ငေါင်ကြီးဖြစ်နေသည်။ ချက်ချင်းပင် ရည်းစားရသွားသော ကိုယ့်ကိုယ်ကိုယ်လည်း မယုံနိုင်ဖြစ်နေသည်။ မြဝတ်ရည်ကို မချစ်ပေမယ့် စကားတွေလွန်သွားပြီဖြစ်သည့်အတွက် သစ္စာရှိဖို့တော့ မိုးခေါင်ဆုံးဖြတ် လိုက်သည်။

●

မိုးခေါင်နှင့် မြဝတ်ရည် မြန်မြန်ဆန်ဆန် ချစ်သူဖြစ်သွားတာကို နှစ်ဖက်မိဘတွေနှင့် သူငယ်ချင်းတွေက အရမ်းပင် ဝမ်းသာနေကြသည်။ မြဝတ်ရည်ကိုချစ်တဲ့ သူတွေကလည်း ဒီတစ်ခါတော့ နန္ဒာမော် ဖြတ်ခုတ် လိုက်တော့အောင် မြဝတ်ရည်နှင့်မိုးခေါင် မြန်မြန်ချစ်သူတွေဖြစ်သွားကြတာ ကို အံ့သြဝမ်းသာနေကြသည်။

မြဝတ်ရည်က မိုးခေါင်ကိုသိပ်ချစ်သည်။ အတိအလင်းချစ်သူဖြစ်သွား သည့်အတွက် နန္ဒာမော်ဖြတ်ခုတ်၍ မရတော့ဘူးဟု ယုံကြည်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



အမြဲထမ်းဆိုးခေါင်ကို ဦးစားပေးပြီး သည်းသည်းလှုပ်နေသည်။

"ကိုမိုး"

"ပြောလေ ဝတ်ရည်"

"ကိုမိုးအလုပ်က နယ်မှာကျသွားရင် ဘယ်လိုလုပ်မလဲဟင်"

"ဒါများ ဝတ်ရည်ရယ် သွားလိုက်ရုံပေါ့"

တကယ်တော့ မြဝတ်ရည်ကြားချင်တာ ထိုစကားမဟုတ်တာ မိုးခေါ် သိသည်။ လက်ထပ်ပြီး ဝတ်ရည်ကို ခေါ်သွားမှာပေါ့ဆိုသောစကား မိုးခေါင်ဘာကြောင့်မပြောဖြစ်တာလဲ မသိ။

မိဘတွေကတော့ အလုပ်ရတာနှင့် လက်ထပ်ပေးဖို့ စီစဉ်နေကြ အခုလက်ထပ်မည်ဆိုလည်း မိဘတွေက ချက်ချင်းပေးစားမှာသိပေမယ့် လက်ထပ်ဖို့ကိစ္စကို မိုးခေါင်တွန့်ဆိုင်းနေသည်။ မိုးခေါင် မစသည့်အတွ မြဝတ်ရည်ကလည်း လက်ထပ်ဖို့ကို စမပြော။ နဂိုကတည်းက ဣန္ဒြေ မိန်းမဆိုတော့ မိုးခေါင်အပြောကိုပဲ စောင့်နေတာဖြစ်မည်။

မြဝတ်ရည်နှင့်ချစ်သူဖြစ်ပြီးမှ မြဝတ်ရည်မိန်းမပီသတာ မိုးခေါ မျက်စိနှင့် တပ်အပ်တွေ့ရသည်။ ဘာတစ်ခုမှ အပြစ်ပြောစရာမရှိသ မြဝတ်ရည်ကို လိုချင်သည့်ယောကျ်ားတွေ ဝိုင်းဝိုင်းလည်နေသည့်ကြား မိုးခေါင်က မြဝတ်ရည်အချစ်ကို ရခဲ့တာဖြစ်သည်။

တကယ်ဆို မိုးခေါင်က တော်တော်မိုက်သည့် လူမိုက်တစ်ယောက် ကိုယ့်ကို သိပ်ချစ်သည့် ချစ်သူကိုမချစ်ဘဲ ရည်းစားဇာတိအလင်းရှိနေသ မိန်းမတစ်ယောက်ကိုမှ စွဲစွဲလမ်းလမ်းဖြစ်နေတာ ကိုယ့်ကိုယ်ကိုယ်လ မိုးခေါင်မကျေနပ်။

အသံတိတ်နေသော မြဝတ်ရည်ကို မိုးခေါင်မသိမသာကြည့်ေ မြဝတ်ရည်က အကြည့်တွေကို ရှေ့တည့်တည့်ပဲ ပို့ထားသည်။ ညနေ နှစ်ယောက်သား လမ်းလျှောက်ကြပြီး မြဝတ်ရည်ကို ပြန်ပို့တာဖြစ်သ

မြဝတ်ရည် စိတ်ထဲခိုးလိုးခုလုဖြစ်နေတာ မိုးခေါင်သိသည်။

"အိမ်ထဲဝင်ဦးမလား ကိုမိုး"



"မဝင်တော့ဘူး ဝတ်ရည်"

မြဝတ်ရည်မျက်နှာပျက်သွားပေမယ့် ဘာတစ်ခွန်းမှမပြော။

"အဲဒါဆိုလည်း သွားတော့လေ"

မြဝတ်ရည် ဒါပဲပြောပြီး အသင့်ဖွင့်ပေးထားသော ခြံတံခါးပေါက်က င်သွားသည်။ မိုးခေါင်ကို လုံးဝလှည့်မကြည့်တော့။ မိုးခေါင်ကတော့ ဝတ်ရည်နောက်ကျောကိုကြည့်ပြီး သက်ပြင်းချလိုက်သည်။

မြဝတ်ရည်နှင့် ချစ်သူဖြစ်တာ ရက်နှစ်ဆယ်ကျော်သွားပြီ။ ချစ်သူတွေ ယုယကြင်နာမှုတွေ မိုးခေါင်မပေးခဲ့။ ကိုယ့်ဘက်က လွှန်နေမှန်းလည်း ခေါင်သိသည်။

"တီ...တီ...တီ"

အတွေးလွန့်ပြီး မိုးခေါင်လျှောက်လာစဉ် နောက်က ကားဟွန်းသံ ကြောင့် လန့်ပြီး ဘေးကိုကပ်လိုက်သည်။ ကားက မိုးခေါင်နားရောက်မှ သိမ့်ရုံလေးမောင်းနေသည်။ ကြည့်လိုက်တော့မှ နန္ဒာမော်ကားဖြစ်နေ ကားပေါ်က နန္ဒာမော်က မိုးခေါင်ကိုခပ်စူးစူးတစ်ချက်ကြည့်ပြီးမှ ပုံမှန် ဆိုင်း ကားကိုမောင်းသွားသည်။

သက်ပြင်းတစ်ချက် အလိုလိုချမိသွားသည်။ နန္ဒာမော် ကားလေး လေးဆီရောက်သွားပေမယ့် မိုးခေါင်မျက်စိထဲမှာတော့ နန္ဒာမော့်ပုံရိပ် တွေ အစီအရီ။

ငါ ဘာဖြစ်လို့ မင်းကိုမေ့မရတာလဲ နန္ဒာမော်။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၄)

ဒီနေ့ မြဝတ်ရည်မွေးနေ့ဖြစ်သည့်အတွက် အစောကြီး ရွှေတိဂုံဘုရား တက်ပြီး ကောင်းမှုကုသိုလ်တွေလုပ်ကြသည်။ မြဝတ်ရည် ဘုရားရှိခိုး ပုတီးစိပ်၊ တရားထိုင်တာကို မိုးခေါင်စိတ်ရှည်ရှည်စောင့်ပေးမိသည်။

ဘုရားလာတာဆိုတော့ မြဝတ်ရည်က ခါတိုင်းထက်ပိုပြီး ရိုးရိုးယဉ်ယဉ် လေးဝတ်ထားသည်။ နေ့လည် ဆယ့်တစ်နာရီခွဲလောက်မှ မြဝတ်ရည် ၏ ဘုရားရှိခိုးခြင်းကိစ္စအဝပြီးဆုံးသွားလေ၏။ အစိမ်းရင့်ရင့်ဂါဝန်တိုဝမ်းဆက် လေးကို ဝတ်ဆင်ထားပြီး ပဝါအစိမ်းရောင်လေးအား ပခုံးပေါ်တင်ကာ မိုးခေါင်ရှိရာလျှောက်လာနေသော မြဝတ်ရည်က မိုးပေါ်ကကျလာသည့် နတ်သမီးလေးအတိုင်း ပြောစရာတစ်ကွက်မှမရှိအောင် လှနေသည်။

အဝေးတည်းက အပြုံးလေးနှင့်လျှောက်လာနေသော မြဝတ်ရည်ကို မိုးခေါင်ပြန်လည်းပြုံးမပြ၊ ခရီးဦးကြိုလည်းမပြုမိ။ မြဝတ်ရည်အလှမှာပဲ နစ်မျောနေသည့် မိုးခေါင်နားမှ ရှက်အမ်းအမ်းမျက်နှာလေးနှင့် သူမဝင် ထိုင်လိုက်သည်။ ဒီတော့မှပင် ကိုယ့်အဖြစ်ကိုယ် သတိရသွားပြီး

''ပြီးသွားပြီလား ဝတ်ရည်''

''ဟုတ်ကဲ့''

''ဗိုက်ကော ဆာနေပြီလား''

''ရပါတယ်''

မိုးခေါင်က ပတ်ထားသောနာရီလေးကို ကြည့်လိုက်ပြီး

''ရပါတယ်မလုပ်ပါနဲ့၊ ဆယ့်နှစ်နာရီတောင် ထိုးတော့မယ်။ ထမင်းစား ရအောင်၊ ပြီးရင် ဝတ်ရည်ဘယ်သွားချင်သေးလဲ''



''ထမင်းစားပြီးရင် အိမ်ပဲပြန်တော့မယ် ကိုမိုး၊ အိမ်မှာလည်း လုပ်စရာ ...လေးတွေ ရှိသေးလို့''

''ဝတ်ရည် သဘောပဲလေ''

နှစ်ယောက်သား ပြောစရာစကားမရှိသလို တိတ်ဆိတ်သွားကြသည်။ ...ားထားသည့်နေရာရောက်ပြီး နှစ်ယောက်လုံးကားပေါ်တက်ပြီးမှ

''ဝတ်ရည် ဘာစားချင်လဲ''

''ရှင်''

မြဝတ်ရည် မျက်လုံးအပြူးသားလေးနှင့် ရှင်တော့မှ မိုးခေါင်သဘော ...ပေါက်ပြီး ပြုံးလိုက်ကာ

''ဒီလိုပါ ဝတ်ရည်ရဲ့၊ မြန်မာထမင်းပဲစားမလား၊ တရုတ်အစားအစာ ...စားမလား၊ ဒါမှမဟုတ် ချစ်တီးထမင်းဆိုင်မှာစားမလား အဲဒါမေးတာပါ''

''ကိုမိုး စားချင်တာစားလေ၊ ဝတ်ရည်ကျွေးမှာပေါ့''

''ဘယ်ဟုတ်မှာလဲ၊ ဝတ်ရည်ကြိုက်တာစားပါ''

''ဝတ်ရည်က ရတယ်၊ ကိုမိုး ကြိုက်တာစား''

ဒီလောက်ဆို မိုးခေါင်သိလိုက်ပြီ၊ မြဝတ်ရည်ကို ဆက်ပြီးမေးနေလည်း ...မှာမဟုတ်တော့။ မိုးခေါင်ကပဲ မြို့ထဲက မြန်မာထမင်းဆိုင်ကောင်း ...ကောင်းတစ်ဆိုင်ကို ခေါ်လာခဲ့သည်။

ထမင်းဆိုင်ရောက်တော့လည်း မြဝတ်ရည်ကို ဘာကြိုက်လဲ မမေးတော့ ...ဲ ကိုယ်ကြိုက်တာတွေပဲ မှာလိုက်သည်။ မြဝတ်ရည်က မိုးခေါင်ပန်းကန် ...ဲ ဟင်းတွေ ခပ်ထည့်ပြီးဦးချသည်။ အခုလိုမျိုး နှစ်ယောက်တည်းတစ်ခါ ...မှ အပြင်မထွက်ဖူးပါ။ မိုးခေါင်တို့နှစ်ယောက်က မြဝတ်ရည်တို့ခြံထဲမှာ ...ကားပြောလျှင်ပြော၊ ဒါမှမဟုတ်လျှင် လမ်းထိပ်က လက်ဖက်ရည်ဆိုင်မှာ ...ကားပြောကြသည်။

ချစ်သူ ရည်းစားတွေသာဆိုသည် မိုးခေါင်တစ်ခါမှ ကြင်နာယုယမှု

www.burmeseclassic.com

www.burmeseclassic.com



တွေ မပေးခဲ့ပါ။ မြဝတ်ရည်ကလည်း ပွတ်သီးပွတ်သပ် ချွဲချွဲနွဲ့နွဲ့မနေ။ မိုးခေါင်နှင့် မြဝတ်ရည်က ချစ်သူတွေဟုသာ အများကသိထားပေမယ့် ယခုအချိန်ထိ မြဝတ်ရည်လက်ကလေးကိုတောင် မိုးခေါင်မကိုင်ဖူးသေးပါ။ ဒီကိစ္စနှင့်ပတ်သက်ပြီး သူငယ်ချင်းနှစ်ယောက်လုံးက မိုးခေါင်ကို ရစရာ မရှိအောင်ပြောကြသည်။ မိုးခေါင်ကလည်း ကိုယ်လွန်တယ်ဆိုတာသိသည်။ မြဝတ်ရည်ကတော့ မိုးခေါင်ဘယ်လိုပင်နေနေ သိပ်ချစ်ရှာသည်။

''မှာတာတွေ အဆင်ပြေရဲ့လား ဝတ်ရည်''

မြဝတ်ရည် ထမင်းစားလို့ တစ်ဝက်လောက်ရောက်မှ အတွေးလွန်နေတာသတိရပြီး မေးတော့ ထုံးစံအတိုင်းပင်

''ပြေပါတယ် ကိုမိုး၊ စားလေ''

ဒီတော့မှ မိုးခေါင်လည်း ထမင်းစ စားဖြစ်သည်။

ထမင်းစားပြီး အအေးသောက်နေစဉ်မှာပဲ မိုးခေါင်က မြဝတ်ရည်အတွက် မွေးနေ့လက်ဆောင်ဘူးလေးကို မြဝတ်ရည်၏ရှေ့တည့်တည့်သို့ တွန်းပို့လိုက်ပြီး

''ဝတ်ရည်အတွက် တို့ရဲ့မွေးနေ့လက်ဆောင်''

ချက်ချင်းပင် ပြောင်းလဲသွားသော မြဝတ်ရည်မျက်နှာလေးကိုကြည့်ပြီး မိုးခေါင်ရင်ထဲ တစ်ခါမှမဖြစ်ဖူးသော ကြည်နူးမှုမျိုးဖြစ်သွားရသည်။ ဘာကြောင့်များ ဒီမိန်းကလေးကို မိုးခေါင်မချစ်နိုင်ရတာလဲ၊ ကိုယ့်ကိုယ်ကိုယ်လည်း အားမလိုအားမရ ဖြစ်နေမိသည်။

မိုးခေါင်ရှေ့မှာပင် မြဝတ်ရည်က ဘူးလေးကို လှမ်းယူပြီး ဖွင့်ကြည့်သည်။ ဟန်မဆောင်နိုင်လောက်အောင် မြဝတ်ရည်မျက်နှာလေး ဝင်းထိန်သွားပြီး မိုးခေါင်ကို ဖျတ်ကနဲကြည့်၏။ မိုးခေါင်ပြန်ပြုံးပြပြီး မြဝတ်ရည်လက်ထဲက ဘူးလေးကို လှမ်းယူလိုက်သည်။ ဘူးထဲက လက်စွပ်ကလေးအားထုတ်ယူပြီး မြဝတ်ရည်၏ ဘယ်ဘက်လက်ခလယ်မှာ စွပ်ပေးလိုက်သည်။ လက်စွပ်ကလေးက မြဝတ်ရည်၏ လက်ခလယ်နှင့် တိုင်းထွာထားသည့်အတိုင်း ကွက်တိပင်။



''ကြိုက်ရဲ့လား မြဝတ်ရည်''

မြဝတ်ရည်လက်ကလေးကို လွှတ်ပေးပြီးမေးတော့ သူမလှိုက်လှိုက်လှဲလှဲပင်

''အရမ်းကြိုက်ပါတယ် ကိုမိုး။ ကျေးဇူးလည်း တင်တယ်''

ကျေးဇူးတင်စရာလိုလို့လားဆိုသည့် မိုးခေါင်အကြည့်ကို မြဝတ်ရည်က သဘောပေါက်စွာ ရှက်ပြုံးလေးနှင့် ခေါင်းငုံ့သွားသည်။

အပြန်လမ်းတစ်လျှောက်လုံး ကားပေါ်မှာလည်း မိုးခေါင်ရဲ့မွေးနေ့လက်ဆောင်လက်စွပ်လေးကိုပဲ မြဝတ်ရည်တကြည့်ကြည့်ဖြစ်နေသည်။ မြဝတ်ရည်ပျော်နေတာကိုကြည့်ပြီး မိုးခေါင်ရင်ထဲမှာလည်း အပျော်တွေကူးစက်လာသည်။ မြဝတ်ရည်ကိုပဲ ချစ်နိုင်အောင်ကြိုးစားဖို့လည်း ဆုံးဖြတ်လိုက်သည်။

●

မြဝတ်ရည်ကို အိမ်ပြန်ပို့ပေးပြီး ခြံထဲကပြန်ထွက်တော့ နန္ဒာမော်တို့အိမ်ရှေ့ကဖြတ်ရသည်။ မိုးခေါင်လှည့်မကြည့်မိအောင် စိတ်ကိုထိန်းထားရသည်။ နန္ဒာမော်တို့ခြံနှင့်ခပ်လှမ်းလှမ်းရောက်တော့ မိန်းကလေးတစ်ယောက် မိုးခေါင်ကားကို တားနေ၏။ မိုးခေါင်ကားရပ်ပေးလိုက်တော့ ကားတားသည့် အမျိုးသမီးက ဘာမပြောညာမပြောနှင့် ကားနောက်တံခါးကို ဖွင့်နေသည်။

''ဟိတ်...မင်းဘယ်သူလဲ၊ ဒါ ဘာလုပ်တာလဲ''

ကားမှန်ချပြီး မိုးခေါင်ခပ်ဆတ်ဆတ်မေးတော့မှ အမျိုးသမီးက ဆောင်းထားသောလျှာထိုးဦးထုပ်ကိုချွတ်လိုက်သည်။ မျက်နှာတစ်ဝက်လောက်အုပ်ထားသော မျက်မှန်အမည်းကြီးကို ချွတ်လိုက်မှ မိုးခေါင်အလန့်တကြား ဖြစ်သွားသည်။

''နန္ဒာမော်''

www.burmeseclassic.com

www.burmeseclassic.com



ဂျင်းဘောင်းဘီအရှည်နှင့် တီရှပ်ကိုပေါ့ပေါ့ဝတ်ထားသော နန္ဒာမော်က မထီမဲ့မြင်ပြုံးလိုက်ပြီး

"ဟုတ်ပါတယ်၊ နန္ဒာမော်ပါ၊ ရှင်နဲ့ဆွေးနွေးစရာရှိလို့ ကျွန်မကို တံခါးဖွင့်ပေးပါလား"

မိုးခေါင် တအံ့တသြဖြစ်သွားရသည်။ တွေ့တိုင်းမျက်လုံးချင်းဆုံမိတာကလွဲ၍ နန္ဒာမော်နှင့်စကားတောင် တစ်ခါမှမပြောဖူးပါ။ ဒါ့အပြင် မိုးခေါင်ကိုတွေ့မှ ချစ်သူနားပိုတိုးကပ်ပြတာ ဘာသဘောလဲမသိ၊ နောက်ပြီး ချစ်သူမြဝတ်ရည်နှင့် နန္ဒာမော်က ရန်သူတော်တွေ။ မိုးခေါင်နှင့်မြဝတ်ရည် ချစ်သူဖြစ်နေကြတာကို သိသားနှင့်။ ဘာကြောင့်လာရောတာလဲမသိ၊ ပြောမည်ဆိုလျှင် နန္ဒာမော်နှင့် ဘာမှပတ်သက်စရာအကြောင်းမရှိ။

"မင်းနဲ့တို့ကြားမှာ ဘာဆွေးနွေးစရာအကြောင်းမှ မရှိဘူး"

မိုးခေါင် မျက်နှာထားတင်းတင်းနှင့်ပြောပြီး မျက်နှာလွှဲလိုက်သည်။

"ခဏ...ခဏလေးပါရှင်"

မိုးခေါင် ခပ်တည်တည်နှင့်ကြည့်ပြီး တစ်ခုခုပြောဖို့ပြင်စဉ် နန္ဒာမော်က မျက်ရည်တွေချက်ချင်းရစ်ဝိုင်းလာသော မျက်လုံးကြီးတွေနှင့်ကြည့်ပြီး

"ကျေးဇူးပြုပြီး ခဏလေးပါရှင်"

"ဘာပြောစရာရှိလို့လဲ။ ပြောစရာရှိတာ ပြော"

မိုးခေါင်လေသံပျော့သွားတာကို အခွင့်ကောင်းယူပြီး

"ရှင့်ကားပေါ် ကျွန်မတက်လို့ ရှင်သိက္ခာကျသွားမှာမို့လား။ သုံးမိနစ်လောက်တည်းပါ"

ဒီလောက်ပြောနေမှတော့ ကိုယ့်ဘက်က ဆက်မငြင်းသင့်ဘူးဟု မိုးခေါင်တွေးပြီး ကားလော့ဖွင့်ပေးလိုက်သည်။ နန္ဒာမော့်ကိုမုန်းတယ်လို့ ထင်နေတာလည်း မိုးခေါင်ရဲ့မခံချင်စိတ်တွေ၊ ယောက်ျားမာနတွေကြောင့် ပင်ဖြစ်မည်။ တကယ့်တကယ် နန္ဒာမော်နှင့် နဖူးတွေ့ ဒူးတွေ့တွေ့လာ



တော့ မိုးခေါင်စိတ်တွေတစ်မျိုးဖြစ်သွားသည်။

နန္ဒာမော်က ကားပေါ်ရောက်တာနှင့် ကားတံခါးပိတ်လိုက်သည်။

"မောင်းတော့ ကိုမိုးခေါင်"

မိုးခေါင်ကြောင်အမ်းအမ်းဖြစ်သွားပြီး

"ဘယ်ကိုမောင်းရမှာလဲ"

"မောင်းချင်တဲ့ဆီသာ မောင်းတော့"

မိုးခေါင်စိတ်ထဲ တစ်မျိုးကြီးဖြစ်သွားသည်။ ဘာသဘောနှင့် ဒီလို ပြောတာလဲ။ ပြောစရာရှိလို့ ခဏဆိုပြီး အခုဘာသဘောလဲ"

"နန္ဒာမော်က မြဝတ်ရည်အချစ်ကိုရဖို့ကြိုးစားသူမှန်သမျှကို အမြဲ ဖြတ်ခုတ်တာတဲ့။ မင်းလည်းသတိထား"

"ချစ်သူဖြစ်သွားပေမယ့် ဖြတ်မခုတ်ဘူးမပြောနိုင်ဘူး၊ နန္ဒာမော်က ဆော်တော်မလွယ်တဲ့မိန်းမ"

မျိုးအောင်နှင့်မင်းမောင် အမြဲတမ်းသတိပေးပြောနေကျစကားကို နားထဲပြန်ကြားတော့ မိုးခေါင်တစ်ကိုယ်လုံး ကျဉ်စက်နှင့်အတို့ခံရသူလို တွန့်ကနဲဖြစ်သွားသည်။

မိုးခေါင်မျက်နှာထားကို ပိုမိုမှုန်တင်းလိုက်ပြီး

"ကဲ...နန္ဒာမော် ပြောစရာရှိတာ မြန်မြန်ပြောပြီး မင်းလိုရာသွားတော့၊ တို့လည်း သွားစရာရှိလို့"

"မော် ပြောချင်တာကတော့ ရှင်သွားမယ့်နောက်ကိုပဲ မော်လိုက်မယ်"

"မင်း...မင်း ရူးနေလား"

မိုးခေါင် သွေးရူးသွေးတမ်းနှင့် နန္ဒာမော်ကို ဆင်းခိုင်းဖို့ ကားတံခါးဆီသို့ လက်လှမ်းလိုက်သည်။ ဒါပေမဲ့ နောက်ကျသွားပြီ

"ကိုမိုးခေါင် အေးအေးဆေးဆေး ကားကိုသာမောင်းပါ။ ဟိုမှာ လျှောက်လာနေတာတွေ့လား၊ ရပ်ကွက်လူကြီး။ ကျွန်မအော်လိုက်ရင်

www.burmeseclassic.com

www.burmeseclassic.com



ချင်ဘာဖြစ်သွားမယ်ထင်လဲ''

ချက်ချင်းပင် မိုးခေါင်ခေါင်းထဲ သွေးတွေစောင့်တက်လာသည်၊ လက်ထဲမှာလည်း ဦးချွန်နေသော ဓါးတစ်လက်က တဝင်းဝင်း။ မိုးခေါင်ဘာလုပ်ရမှန်းမသိ။ စိုးရိမ်ပူပန်မှုတွေများနေတာပဲသိသည်။ တကယ်လုပ်တော့မည့်နန္ဒာမော့်ကိုကြည့်ပြီး ကြောက်လာသည်။

''တို့တောင်းပန်ပါတယ် နန္ဒာမော်၊ မင်းမှာလည်း ချစ်သူရှိတယ်၊ တို့မှာလည်း ချစ်သူရှိနေတာ မင်းသိပါတယ်''

''တော်တော့...မကြားချင်ဘူး၊ ဘာမှမပြောနဲ့၊ ရှင်မောင်းမလား၊ မမောင်းဘူးလား''

ယောကျ်ားရင့်မာကြီးက မိန်းမတစ်ယောက်ကို အားမတန်လို့ မာန်လျှော့လိုက်ရပါတယ်ဆိုတာ သိပ်တော့သဘာဝမကျပါ။ ဒါပေမဲ့လည်း တကယ်ကို နန္ဒာမော့်အမိန့်ကို မိုးခေါင်လိုက်နာလိုက်ရသည်။

ကားမောင်းနေသော မိုးခေါင်စိတ်တွေ မတည်ငြိမ်။ သူများတွေပြောတုန်းက မယုံခဲ့ဘူး။ နန္ဒာမော်ဟာ တကယ်ပဲ ယုတ်မာကောက်ကျစ်တဲ့မိန်းမပဲ။

အပြစ်မရှိသည့် မြဝတ်ရည်မျက်နှာကိုမြင်ပိတော့ ရင်ထဲမှာ ကျင်ကာနဲ့ခံစားသွားရသည်။

''ရှင်နဲ့မော်က အပြင်မှာသာ စကားမပြောဖူးကြတာ၊ နှလုံးသားချင်းရင်းနှီးနေကြတာတော့ ကြာပါပြီ''

''မင်း ဘာတွေလာပြောနေတာလဲ''

နန္ဒာမော် ပြုံတီတီအပြုံးနှင့် အနားတိုးကပ်ပြီးပြောတော့ မိုးခေါင်ဒေါသဖြစ်ဖြစ်နှင့် အော်ပစ်လိုက်သည်။ နန္ဒာမော်ကတော့ အပြုံးတောင်မပျက်။

''ရှင် မငြင်းပါနဲ့ ကိုမိုးခေါင်။ နှလုံးသားကို ညာလို့မရပါဘူး။ ရှင့်



နှလုံးသားထဲမှာ မော်ရှိနေတာသိတယ်''

မိုးခေါင် အလန့်တကြားလှည့်ကြည့်တော့ နန္ဒာမော်ကလည်း ညို့အားပြင်းပြင်းအကြည့်တွေနှင့်ပြန်ကြည့်ပြီး

''မော့်နှလုံးသားထဲမှာလည်း ရှင်ရှိနေတာကြာပါပြီ''

မိုးခေါင် ရင်တွေတဒိုင်းဒိုင်းခုန်သွားသည်။ ရဲတင်းပွင့်လင်းလွန်းသောနန္ဒာမော့်စကားတွေကိုလည်း အံ့သြနေသည်။ သာယာသွားချင်သော ကိုယ့်စိတ်ကိုယ် ပြန်ထိန်းပြီး

''မဟုတ်ဘူး၊ မင်းထင်တာ မှားနေပြီ နန္ဒာမော်။ တို့ မြဝတ်ရည်ကိုပဲချစ်တယ်၊ သူ့ကိုပဲ လက်ထပ်မှာ''

''ကိုမိုးခေါင်''

မျက်ရည်တွေဝိုင်းရံနေသော မျက်လုံးကြီးတွေနှင့်ကြည့်ပြီးခါတော့မိုးခေါင်ရင်ထဲ တစ်မျိုးကြီးခံစားသွားရသည်။

''မော့်လုပ်ရပ်တွေအတွက် မော်အနူးအညွတ်တောင်းပန်ပါတယ်။ မော်တို့နှစ်ယောက် အားလုံးနဲ့ဝေးရာကို သွားရအောင်။ ကိုမိုးခေါင်ကိုပြောစရာစကားတွေ မော့်ရင်ထဲမှာ အပြည့်ပဲ''

ဘာတစ်ခွန်းမှ စောဒကမတတ်နိုင်အောင် မိုးခေါင်ငြိမ်ကျသွားသည်။ ဒါသည် နန္ဒာမော်ရဲ့ ကျော့ကွင်းထဲ ထိုးဆင်းသွားသည့် သဘောပေလားသိတော့ပါ။

''မောင်းပါ ကိုမိုးခေါင်၊ ဒီနေရာကနေ မော်တို့မြန်မြန်သွားမှဖြစ်မယ်''

မိုးခေါင်ရင်ထဲ ထိတ်ကနဲဖြစ်သွားသည်။ မိုးခေါင်နှင့် နန္ဒာမော်ကိုဆော့စပ်စပ်ကြည့်သွားသော ရာအိမ်မှူးမျက်နှာ၊ မိုးခေါင်ကို သိပ်ချစ်သောမြဝတ်ရည်မျက်နှာ၊ ပြီးနောက် မြဝတ်ရည်မိဘတွေ၊ ဖေဖေနှင့်မေမေ၊သူငယ်ချင်းမင်းမောင်၊ မျိုးအောင်၊ စိုးလေး။ မိုးခေါင်နှင့်မြဝတ်ရည်

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းသိသည့် ရပ်ကွက်ထဲက လူတွေ။

အားလုံးကတော့ မိုးခေါင်ဟာ သစ္စာမရှိတဲ့လူ။ ယုတ်မာသည့်လူဟု ခေါ်သဖြစ်နေကြမည်မှာ မလွဲ။

သက်ပြင်းချလိုက်သော မိုးခေါင်ရင်ခွင်ထဲသို့ နန္ဒာမော်ခေါင်းလေး မှီချလိုက်သည်။ နန္ဒာမော်ကြည့်နေသော အကြည့်တွေအောက်က ဘယ်လို အင်အားမျိုးနှင့် ရုန်းထွက်ရပါ့မလဲ။ အစကတည်းက မိုးခေါင်ချစ်တဲ့သူက နန္ဒာမော်ဆိုတော့။

မိုးခေါင်ကားလေးကို အရှိန်မြှင့်လိုက်သည်။ မိုးခေါင်ကားလေးက ရှေ့က ကားတွေကို တစ်စီးပြီးတစ်စီး ကျော်တက်နေသည်။ နန္ဒာမော့်ကို လည်း ဘယ်သွားမှာလဲ မမေးမိတော့။

မိုးခေါင်ပခုံးပေါ် ခေါင်းမှီထားသော နန္ဒာမော်ကတော့ အောင်နိုင်သူ အပြုံးကြီးနှင့် ပြုံးနေမှာ သိသည်။

✿ ✿ ✿

## အခန်း (၃၅)

"ဒါ…ဒါဟာတကယ်ပဲလား၊ မင်းကို ဘယ်သူပြောတာလဲ"

"အမေ"

"ဝတ်ရည်"

ဒေါ်မြဝတ်ရည်အကြောင်းကို နားထောင်ပြီး အန်တီခိုင်နှင့် သူမ အံ့ဩမှင်တက်နေစဉ် ရုတ်တရက်ထွက်ပေါ်လာသောအသံကြောင့် သူလှည့် ကြည့်လိုက်သည်။ သူမနှင့် အန်တီခိုင် တဘုံတဩနှုတ်ကထွက်သွားတာ ကြောင့် သူ့ကိုမေးလိုက်သူသည် ဒေါ်မြဝတ်ရည်ဆိုတာ သေချာသွားပြီ။

"နင် ဘယ်တုန်းက ရောက်နေတာလဲ ဝတ်ရည်"

"အမေ"

အာသာနှင့်အန်တီခိုင်က တိုင်ပင်ထားသလို အဖမ့်နား ချက်ချင်း ရောက်သွားသည်။

"ပြောစမ်းပါ၊ ဒါဟာ တကယ်ပဲလားလို့"

အမေက သူ့ကိုပဲကြည့်ပြီး အပြုံးအပြုံအသည်းအသန်မေးနေသည်။ အမေ့ကိုကြည့်ပြီး သူကလည်း ဘာပြောရမှန်းမသိဖြစ်နေပုံနှင့် အာသာနှင့် အန်တီခိုင်ကိုပဲ အားကိုးတကြီးကြည့်၏။

အန်တီခိုင်က အမေ့လက်မောင်းကိုကိုင်ပြီး

"လာ…ဝတ်ရည်၊ ထိုင်"

အန်တီခိုင်ခေါ်ရာ အမေအလိုက်တသင့်ပါလာတော့ အာသာလည်း အမေ့လက်တစ်ဖက်ကိုတွဲလိုက်သည်။ ဆိုဖာတစ်လုံးမှာ အမေ့ကိုထိုင်ခိုင်း လိုက်သည်။အမေကတော့ မေးတာပြန်မဖြေသေးသော သူ့ကိုကြည့်နေ

www.burmeseclassic.com

www.burmeseclassic.com



သည်။

"မင်းက ကိုမင်းမောင်သား သမုတ်ထယ် မဟုတ်လား"

"ဟုတ်ပါတယ် အန်တီ"

"ဒီအကြောင်းတွေကို ကိုမင်းမောင် ပြောပြတာလား"

"ဟုတ်ပါတယ်"

"ဘုရား…ဘုရား၊ ဒါဟာ အမှန်တကယ်ပဲပေါ့"

ဒေါ်မြဝတ်ရည်က မယုံနိုင်သလို ငိုသံပါကြီးနှင့်မေးပြီးနောက်မှာတော့ မျက်ရည်တွေပါ ကျလာသည်။

"ဒါ ငိုစရာမဟုတ်ပါဘူး ဝတ်ရည်ရယ်၊ နင် မသေခင်မှာ အမှန် တရားကို သိလိုက်ရတဲ့အတွက် အမြတ်ပဲ။ နင် ဆက်မမှားတော့ဘူးပေါ့"

"နိုင်နိုင်ရယ်၊ ငါ ဘယ်တုန်းကမှ အဲဒီလိုဖြစ်လိမ့်မယ်လို့ မထင်ဘူး ဒါကြောင့်လည်း သူ့ကိုချစ်တဲ့အချစ်တွေက ကြာလေကြီးထွားလာလေ ငါ့ရင်တစ်ခုလုံးနဲ့တောင် မဆံ့တော့ပါဘူး"

အန်တီနိုင့်ကိုဖက်ငိုပြီး အမေပြောတော့ အာသာနှလုံးသားတွေ အ အတွက် နာကျင်စွာခံစားသွားရသည်။

ချစ်သူအတွက် ဒေါ်မြဝတ်ရည်ကို အမုန်းကြီးမုန်းနေသော အခုလိုပုံစံနှင့် တွေ့လိုက်ရတော့လည်း သနားသွားမိသည်။ တကယ်တော့ ဒေါ်မြဝတ်ရည်ဟာ ကြမ်းတမ်းခက်ထန်ဟန်ဆောင်နေသည့် မိန်းမတ ယောက်ဆိုတာ အခုမှသိသာသွားသည်။ ဒေါ်မြဝတ်ရည်၏ အချစ်ကြီး ကလည်း ကြက်သီးထလောက်စရာပင်။

သူပြောလိုက်သည့်အတွက် ဒေါ်မြဝတ်ရည်ခံစားသွားရတာကို တကယ် စိတ်မကောင်း။

"ကျွန်တော့်ကို ခွင့်လွှတ်ပါ အန်တီ"

အားလုံး၏အကြည့်တွေ ပြိုင်တူပင် သူ့ထံသို့ရောက်ကုန်၏။



"သမုတ်နဲ့ ဘာဆိုင်လို့လဲကွယ်"

အန်တီနိုင် နှစ်သိမ့်သလို ဒေါ်မြဝတ်ရည်ကလည်း

"ဟုတ်တယ်၊ မင်းနဲ့ ဘာမှမဆိုင်ပါဘူး၊ မင်းကိုတောင် ကျေးဇူး တင်သေးတယ်၊ တရားတွေလည်း ရပါပြီလေ။ သေသွားတဲ့သူကိုလည်း အပြစ်မတင်ချင်တော့ပါဘူး"

အခုတော့လည်း ဒေါ်မြဝတ်ရည်က တကယ်ကို သနားစရာပါ။ ရင်က တစ်ခါမှ မမြင်ဖူးပေမယ့် ဖေဖေပြောသော အေးချမ်းဖြူစင် တဲ့ ဒေါ်မြဝတ်ရည်ရဲ့ ရုပ်လုံးက အခုမှပေါ်တော့သည်။

"အားလုံးပဲ ကျွန်တော့်ကိုခွင့်ပြုကြပါဦး"

"ပြန်တော့မလို့လား သမုတ်ရဲ့"

သူနှုတ်ဆက်တော့ အန်တီနိုင် တအံ့တသြမေးလိုက်သလို သူမက လည်း လှမ်းကြည့်သည်။ သူမအကြည့်တွေက မသွားစေချင်သောအကြည့် တွေဆိုတာ သိပေမယ့် ဆက်နေ၍မကောင်းတော့တာ သူသိသည်။ သူက လည်း မပြန်ချင်သေးပါ။ သူမနှင့် စကားတွေပြောချင်သေးသည်။

"သမီး…လိုက်ပို့လိုက်လေ"

အန်တီနိုင့်ကို ကျေးဇူးတင်စွာ လှမ်းကြည့်တော့ ဒေါ်မြဝတ်ရည်က လည်း သူ့ကိုကြည့်နေသည်။ အပြုံးလေးနှင့်ဦးညွတ်ပြပြီး လှည့်ထွက်လာ တော့ သူမနောက်ကပါလာသည်။

"အန်တီတော်တော် စိတ်လှုပ်ရှားသွားတယ် ဝတီ"

"ကျွန်မနဲ့ အန်တီနိုင်တောင် တုန်လှုပ်သွားသေးတာ။ အမေက ယက်ရှင်ဆိုတော့ ပိုဆိုးမှာပေါ့"

ခြံလှမ်းကို တန့်လိုက်ပြီး သူမအနားရောက်လာမှ ပြောလိုက်သည်။

"အန်တီ ဘယ်အချိန်ကတည်းက ရောက်နေလဲမသိဘူးနော်။ ကိုယ် ထားလိုက်မိဘူး။ သူ အရမ်းခံစားသွားရတာ"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မကတော့ အန်တီနိုင်ပြောသလို အမှန်တရားတွေကို အမေ့ သွားတာ ပိုတောင်ကြိုက်သေးတယ်။ ရှင်နဲ့တွေ့ဆုံခြင်းဟာ ကျွန်မအတွက် ကံကောင်းခြင်းပဲ"

"ပိုပြီးကံကောင်းအောင် ဝတီ့အမေရဲ့ မေတ္တာတွေရပါစေလို့ ဆု တောင်းပါတယ်"

သူမ လှိုက်လှိုက်လှဲလှဲပြုံးလိုက်သည့်အပြုံးလေးကို သူသိပ်ချစ်သည်။ သူမ စိတ်ဆိုးချင်လည်းဆိုးတော့ ပြောမှဖြစ်မည့်စကားကို ပြောရဦးမည်။

"ဝတီ"

သူမ မထူး။

နှစ်ယောက်သား သူ့ကားနား ရောက်လာသည်။

"ဝတီ့ကို ပြောစရာရှိတယ်"

ပြောပေါ့ဆိုသည့်အကြည့်နှင့် သူမကြည့်၏။

"ကိုယ်နဲ့ဝတီက ချစ်သူတွေဖြစ်ပြီး မကြာခင်လက်ထပ်ကြတော့ မှာဆိုတာ ဝတီသိတယ်နော်"

"အဲဒါ ဘာဖြစ်လဲ"

"ဘာဖြစ်ရမှာလဲ ဝတီရဲ့၊ ကိုယ့်ကို ရှင်က ရှင်ကလို့လည်းမပြောနဲ့ ကိုယ့်ကိုယ်ကိုယ်လည်း ကျွန်မလို့မပြောနဲ့၊ သူစိမ်းဆန်လွန်းတယ်"

နှုတ်ကမပြောပေမယ့် လက်ခံသည့်ပုံမျိုး သူမနှုတ်ခမ်းမှာ အပြုံး ရိပ်လေးဖြတ်ပြေးသွားသည်။

"ကိုယ့်ကို ချစ်သူတွေခေါ်တတ်တဲ့ နာမ်စားတစ်ခုခုနဲ့ခေါ်ရမယ် ကိုယ့်ကိုယ်ကိုလည်း ဝတီလို့ ပြောရမယ်"

"မွေးမိုးဆက်ကရော ရှင့်ကိုဘယ်လိုခေါ်လဲ"

"ဘာလုပ်မလို့လဲ"

"ပြောပါ"



"သူနဲ့ကိုယ်က ချစ်သူမဟုတ်ဘူး"

"ကဲပါ...သွားတော့"

"ကိုယ့်ကို နှင်နေတာလား"

"ထင်ချင်သလိုထင်တော့"

မျက်နှာထန်ထန်နှင့် သူမပြောတော့ စိတ်[illegible] ကြောက် သည်။ ဒါကြောင့် သူကားပေါ်တက်ပြီး လက်[illegible]

"သွားမယ်နော်၊ ဖုန်းဆက်လိုက်မယ်"

မြန်မြန်ပြီးရောသဘောနှင့် ခေါင်းညိတ်ပြတော့ [illegible] ထွက်သွားသည်။ ကိုယ့်ကိုသိပ်ချစ်သည့် ချစ်သူတစ်ယော[illegible] ကံကောင်းပါသည်။ သူ့ကားလေး ခြံထဲကထွက်သွား[illegible] ထဲကို ပြေးဝင်ခဲ့သည်။

အမေနှင့် အန်တီနိုင် အာသာဝင်လာတာကို လှမ်းကြည့်[illegible] အမေ အာသာ့ကို ကြည့်နေသည့်အကြည့်တွေက အရင်[illegible] [illegible] နူးညံ့ပျော့ပျောင်းမှုတွေ အမေ့မျက်နှာမှာ အထင်းသား[illegible]

"သမီး"

အမေခေါ်လိုက်သည့်အသံလေးက နှလုံးသားထဲထိတိုင် [illegible] [illegible]ကြက်သီးတွေ တဖြန်းဖြန်းထသွားသည်။ အာသာအလိုချင်ဆုံး[illegible] အဖြစ်ချင်ဆုံးသောဆန္ဒ။ ရင်ထဲက တလှိုက်လှိုက်တက်လာပြီး [illegible] [illegible] မျက်ရည်တွေဝဲတက်လာသည်။

"အမေ"

အာသာ ဝမ်းသာအားရပြန်ခေါ်လိုက်သံသည် လည်ချောင်းဝတွင် [illegible]ဆို့ပြီး အပြင်သို့ထွက်မလာပါ။

အမေနှင့်အာသာ တင်းတင်းကြပ်ကြပ်ပွေ့ဖက်ထားရင်း အမေ[illegible] [illegible]တ် တောင်းပန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အမေ့ကို ခွင့်လွှတ်ပါ သမီးလေးရယ်၊ အမေ တောင်းပန်ပါတယ်"

"တောင်းပန်စရာ မလိုပါဘူး အမေရယ်၊ အာသာ ဝမ်းသာတာပဲ သိတယ်။ အရမ်းလည်းပျော်တယ်။ ပြီးတော့လေ အမေ့ကို သိပ်ချစ်တယ် အမေရယ်"

"သမီးရယ်...သမီးလေးရယ်"

အမေက အာသာ့ကို လွတ်ထွက်သွားမှာစိုးသည့်အလား တင်းကျပ်နေအောင် ပွေ့ဖက်ထားသည်။ အမေလည်း ငို၊ အာသာလည်းငို၊ အန်တီနိုင်လည်း ငိုနေပြီ၊ အခုငိုရတာသည် အရင်တုန်းကလို စိတ်ဆင်းရဲသောကတွေနှင့်ငိုရသော အငိုမဟုတ်။ ဝမ်းသာလွန်းလို့ ငိုရသည့်အငိုဖြစ်သည်၊ ဒါကြောင့် အာသာ့မျက်ရည်တွေ ခန်းခြောက်သွားပါစေ။

"ကဲ...ဝတ်ရည်ရော၊ သမီးလေးရော တိတ်တော့"

အမေ မျက်ရည်ကြားက အပြုံးနှင့် ခေါင်းညိတ်ပြီး အာသာ့မျက်ရည်တွေကို တယုတယသုတ်ပေးနေသည်။ တစ်ခါမှုမှ အမေ့ရဲ့ ယုယကြင်နာမှုကို မခံစားရဖူးတော့ အာသာ့ရင်တစ်ခုလုံး ကြည်နူးမှုနှင့် ကဒိတ်ဒိတ်ခုန်နေသည်။

အမေနှင့်အာသာ့ကိုကြည့်ပြီး အန်တီနိုင်ကျေနပ်ဝမ်းသာနေသည်၊ ဒေါ်မိ၊ မစန်း၊ ညိုညိုတို့လည်း ချောင်းကြည့်ပြီး ဝမ်းသာနေကြသည်၊

အောက်မှာထိုင်နေသော အာသာ့ကိုအမေက သူ့ဘေးနားအပေါ်သို့ပြောင်းထိုင်ခိုင်းသည်။

"နိုင်နိုင်"

"ဘာလဲ ဝတ်ရည်"

"ငါနှလုံးသားတွေကလေ ယောကျ်ားတစ်ယောက်ကြောင့် ကြမ်းတမ်းခက်ထန်ပြီး နာကျည်းချက်တွေနဲ့ ဒေါသတွေကိုပဲ အဖော်ပြုခဲ့ရတယ်၊ သမီးရင်းကိုတောင် အချစ်တွေမပေးနိုင်ဘဲ ယောကျ်ားတစ်ယောက်ကို



ပုံအောပြီးချစ်ခဲ့တယ်။ အခု အကြောင်းရင်းမှန်ကိုသိသွားတော့ ငါရှက်လိုက်တာ။ ဒီအကြောင်းတွေကိုသာ တစ်သက်လုံး သိမသွားခဲ့ရင် ငါတွေးတောင်မတွေးရဲဘူး"

"ကဲပါ ပြီးခဲ့တာတွေ ပြန်ပြောမနေပါနဲ့တော့။ ရှေ့ဆက်ပြီး တို့မိသားစုတွေ ပျော်ပျော်ပါးပါးနေကြမယ်။ မကောင်းဘူးလား သမီး"

"ကောင်းတယ် အန်တီနိုင်၊ ကောင်းတယ်"

အာသာဝမ်းသာအားရ လက်ခုပ်တီးပြီး ထအော်တော့ အမေအပြုံးလေးနှင့် ကြည့်နေသည်။

အမေ့အပြုံးလေးက ချစ်ဖို့ကောင်းလိုက်တာ။ ကျက်သရေရှိလိုက်တာ။ ရှေ့ဆက်မည့် အနာဂတ်သည် အာသာ့အတွက် ပျော်စရာတွေချည်းဖြစ်တော့မှာ။ ဒီလိုတော့လည်း လောကကြီးသည် ဘယ်ရှုထောင့်ကကြည့်ကြည့် ကျေနပ်စရာချည်းဖြစ်နေတော့သည်။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၆)

"ရှင့်ကို ကျွန်မ လက်မထပ်နိုင်တော့ဘူး သမုတ်ထယ်"

"ဝတီ ဝတီဘာတွေပြောနေတာလဲ"

သူ့ကိုဖုန်းဆက်ပြီး အာသာပြောတော့ နောက်နေတယ်ပဲ ထင်နေ၏ ပင်။

"ကျွန်မ တကယ်ပြောနေတာ သမုတ်ထယ်"

"နေ နေပါဦး၊ဝတီ၊ ကိုယ့်မှာ ဘာအပြစ်ရှိလို့ ချက်ချင်းကြီးစိမ်းကား ပစ်လိုက်ရတာလဲ"

"ရှင် သိချင်ရင်ကျွန်မပြောပြမယ်။ ငွေမိုးဆက် အမေ့လိုဖြစ်မှာ စိုးလို့ပဲ"

"ဟာ...ဘာဆိုင်လို့လဲ ဝတီရဲ့။ ကိုယ်နဲ့ဆက်က ချစ်သူတွေ မဟုတ်တာ"

"ချစ်သူတွေလို တွဲခဲ့ကြတာပဲ မဟုတ်လား။ ဦးမိုးခေါင်နဲ့အမေလည်း ချစ်သူတွေသာဆိုတယ်၊ ဘယ်မှာ အမေ့ကို ဦးမိုးခေါင်ကချစ်လို့လဲ"

တစ်ဖက်က သူမအပြောတွေကြောင့် သူ စိတ်တွေအကြီးအကျယ် ညစ်သွားသည်။

သူမ ဘာတွေလျှောက်ပြောနေလဲ မသိပါ။ သူမစိတ်ကို ကောင်း ကောင်းကြီးသိထားသည့်သူက တကယ့်ကိုပြောသလိုလုပ်မှာ ကြောက်နေ သည်။

"ဝတီ...အန်တီနဲ့ ကိုယ်တို့က အဖြစ်ချင်းမတူဘူးလေ။ ကိုယ်နဲ့ဝတီက သိပ်ချစ်ကြတဲ့ချစ်သူတွေ။ ကိုယ်ကလည်း ဝတီ့ကိုသိပ်ချစ်တယ်



ဝတီကလည်း ကိုယ့်ကို သိပ်ချစ်တယ်လေ"

ရှည်လျားစွာရှင်းပြပြီး သူမ ဘာပြန်ပြောမလဲ၊ ရင်တထိတ်ထိတ်နှင့် စောင့်နေမိသည်။

"မသိဘူးရှင်၊ အပြစ်မရှိတဲ့မိန်းကလေးတစ်ယောက်ကို ကျွန်မအသား လွတ်ကြီး မရက်စက်ချင်ဘူး"

"ဝတီ...ဝတီ"

ပြောပြီးတာနှင့် သူမ ဖုန်းချသွားတော့ အိမ်မြှောင်အမြီးပြတ် ဖြစ် ကျန်ခဲ့သည်။ အန်တီနိုင် ဒေါ်မြဝတ်ရည်တို့နှင့် ဖေဖေဖုန်းဆက်ပြီး ဒေါ်မြ ဝတ်ရည်အမြင်မှန်ရသွားကြောင်းပြောသည်။ ဒေါ်မြဝတ်ရည်က အခုမှ သမီးကို မျက်စိအောက်က အပျောက်မခံဖြစ်နေပြီဆိုတော့ ချစ်သူအတွက် အရှုံးဝမ်းသာနေတာ။ အခုတော့ သူမက သူ့အမေဆီက အချစ်တွေ၊ ဂရုဏာတွေလည်းရရော သူ့ကိုတောင် မေ့သွားပြီ။

ဒါ မဖြစ်နိုင်ပါဘူး။ သူ့ကို သူမ မေ့မှာမဟုတ်ပါဘူး။ အမေနှင့်ပြန် ဆုံခွင့်ပြေသွားမှ သူ့ကိုမေ့ရအောင် အချစ်ချင်းမှ မတူတာ။

သူ ဘယ်လိုမှ နေမရတော့ပါ။ ချက်ချင်းပင် ကားလေးနှင့် ဆက်ဆီ ဦးတည်လိုက်သည်။ သူ ဆက်ကိုဖုန်းဆက်ပြီးတော့ တောင်းပန်တော့ ဆက်က သူ့ကိုအပြစ်မယူကြောင်း၊ ခွင့်လွှတ်ကြောင်း တတွတ်တွတ်ပြော သည်။ အခု သူမယုံကြည်အောင် ဆက်ကိုသွားခေါ်ပြီး သူမကို ပြောခိုင်း မည်။ ဒါဟာ သူမ ယုံကြည်အောင် သူပြသည့်သက်သေပဲ။

မှတ်ထူပြီးသာ ထွက်ခဲ့သည်။ အန်တီမော် သမီးဖြစ်သူနှင့်သူ့ကိုတွေ့ ရမှာ မဟုတ်ဘူးဆိုသည့်အတွေး မတွေးမိ။ ဘာလုပ်ရမှန်းမသိအောင် ရှုပ်ထွေးနေသည်။ ခက်ခက်ခဲခဲကြားကတောင် စွန့်စားပြီးချစ်လာသေးတာ။ သည်နည်းနှင့်မှ မစွန့်လွှတ်နိုင်ပါ။

အတွေးများစွာနှင့်ပင် သူ့အာရုံက သူမဆီမှာ မိုးဖွဲလေးတွေကလည်း

www.burmeseclassic.com

www.burmeseclassic.com



ကျနေသည်။ မိုးပွင့်မှာကားရပ်ပြီး ပွင့်လွှတ်တော့ အတွေးတွေတစ်ပုံကြီးနှင့် ရပ်မြဲရပ်နေသည်။

နောက်က ကားတွေဟွန်းတီးတော့မှ သတိဝင်သွားသည်။

ထိုအချိန်မှာပဲ မိုးတွေ ရုတ်တရက် သည်းကြီးမည်းကြီးရွာ ချလိုက်သည်။ စိတ်တွေလည်း အရမ်းလှုပ်ရှားနေတော့ ဆက်ဆိုအမြန်ရောက်ဖို့ပဲ သိသည်။ မိုးကလည်း သိပ်သည်းနေတော့ ကားက စလစ်ဖြစ်ပြီး ထိုးရပ်သွားသည်။

●

"သမီး. . .အာသာ"

ခေါ်သံနှင့်အတူ တံခါးခေါက်သံကြောင့် အာသာမျက်လုံးမဖွင့်ဘဲ

"ရှင်"

"သမီး. . .အန်တီနိုင်ပါ၊ တံခါးဖွင့်စမ်း"

အာသာလူးလဲထပြီး တံခါးဖွင့်ပေးတော့ အန်တီနိုင် မျက်စိပျက်မျက်နှာပျက်နှင့်။

"သမုတ်ထယ် ကားစလစ်ဖြစ်ပြီး အက်စီးဒင့်ဖြစ်လို့ ဆေးရုံရောက်နေတယ်"

"ဟင်. . .ဘယ်သူပြောတာလဲ၊ အခု ဘယ်မှာလဲ"

ရင်ထဲက ကလီစာတွေ ဂွန်းထိုးမှောက်ခုံဖြစ်ကုန်သည်။

"သူ့အဖေ ဖုန်းဆက်တော့ ဆေးရုံကြီးမှာတဲ့၊ လာ. . .သမီးလိုက်သွားရအောင်၊ ဝတ်ရည်လည်း ရင်တွေတုန်နေတယ်"

အာသာအဝတ်အစားတောင် မလဲနိုင်ပါ။ ညသ်ခန်းဆိုဖာပေါ်မှာ အမေစောင့်နေရင်း အာသာတို့ထွက်လာတာတွေ့မှ အမေ ထလာသည်။

"ဝတ်ရည် နင်မလိုက်နဲ့၊ ငါတို့ ဖုန်းဆက်လိုက်မယ်"

"ဟုတ်တယ်အမေ၊ အမေလိုက်လို့မဖြစ်ဘူး"



"ရပါတယ် သမီးရယ်၊ အမေ့စိတ်ကို အမေထိန်းနိုင်ပါတယ်"

အမေက တားလို့ရမှာမဟုတ်တော့။ သုံးယောက်သား ဆေးရုံကြီးရောက်လာကြသည်။ တစ်လမ်းလုံးလည်း အာသာဆုတောင်းလာသည်။ သူ့ကိုလည်း လက်မထပ်ဘူးပြောလိုက်သည့်အတွက်လည်း ကိုယ့်ကြောင့်များလားဟုတွေးပြီး ကားကိုမနည်း သတိထားမောင်းနေရသည်။ အားကာအန်တီနိုင်နှင့်အမေကလည်း စိုးရိမ်တကြီး တတွတ်တွတ်ဆုတောင်းနေသည်။

ဆေးရုံကြီးရောက်တော့ အရန်သင့်ပင် သူ့အဖေနှင့်အမေတို့ တွေ့လိုက်ရသည်။

"လာ. . .လာ ဝတ်ရည်၊ သမီး ဘာမှမစိုးရိမ်နဲ့ ခြေထောက်နည်းနည်းပဲ ထိသွားတယ်"

"တော်သေးတာပေါ့"

ဒီတော့မှ အာသာ့ရင်ထဲ နည်းနည်းအေးသွားသည်။

"သွားလေသမီး၊ ဝင်တွေ့လိုက်"

သူ့အမေ သွားနိုင်းနေတော့ အာသာဘယ်သူ့ကိုမှ မရှက်နိုင်တော့ဘဲ အမေနှင့် အန်တီနိုင်ကိုကြည့်ပြီး အခန်းထဲဝင်ခဲ့သည်။ အာသာ့ကို သူ့အပြုံးနှင့် လှမ်းကြည့်နေသည်။

"လာမှ လာပါ့မလားလို့ ဝတီရယ်"

"ခြေထောက် ထိသွားတယ်ဆို၊ ဘယ့်နှယ့်နေသေးလဲ"

"သက်သာပါတယ်။ နည်းနည်းလေးပါ"

သူမက ကုတင်ဘေးခုံမှာဝင်ထိုင်ပြီး သက်ပြင်းချတော့ သူပြုံးလိုက်သည်၊

"ဘာပြုံးတာလဲ"

"ဝတီ အရမ်းစိတ်ပူသွားတယ် မဟုတ်လား"

သူမ ဘာမှမပြောခြင်းအားဖြင့် ဟုတ်တယ်ဟု ဝန်ခံလိုက်ခြင်းပင်

www.burmeseclassic.com

www.burmeseclassic.com



သူမ လက်ကလေးကို ဆုပ်ကိုင်လိုက်ပြီး

"ကိုယ့်ကို ဘာလို့နှိပ်စက်ရတာလဲ"

"ဘာနှိပ်စက်လို့လဲ"

"ကိုယ် ဘာကြောင့်ဖြစ်သွားတာလဲ သိလား"

သူမ ဖျတ်ကနဲအကြည့်ရောက်သည်။ သူ ဘာကြောင့် အက်စီးဒင့် ဖြစ်ရတာလဲဆိုတာ သူမ သိနေသလိုပင်။

"ဝတီ"

"တကယ် ပြောတာ မဟုတ်ပါဘူးနော်"

သူမ ဘာမှမပြော။

"ဆက်က ကိုယ်နဲ့ဝတီ့ကို ခွင့်လွှတ်တဲ့အကြောင်းပြောထားပြီးပြီ ဒါကြောင့် ဝတီထင်သလို မဟုတ်ဘူးဆိုတာ ပြောနိုင်းဖို့ဆက်ကို သွားခေါ်ရင်းဖြစ်တာ"

"အဲဒီလောက်ထိ မလိုပါဘူး"

"လိုတာပေါ့၊ ဝတီက ဘယ်လိုမှ လက်မခံတာ"

"သူမ မျက်နှာလေး အပျက်ပျက်ဖြစ်နေသည်။

"ဘာလဲ ဝတီက ဆက်ကို အားနာနေလို့လား"

သူမ ခေါင်းလေးပဲ ညိတ်ပြပြီး

"ဆက်ကို ခေါ်လာဖို့လိုသေးလား"

"ဟင့်အင်း...မလိုဘူး"

သူမ ခါးခါးသီးသီးငြင်းလိုက်ပုံလေးကို အသည်းယားသွားပြီး သူမ ကိုယ်လေးကို ဆွဲယူပွေ့ဖက်ထားလိုက်သည်။

အစပိုင်းတော့ ငြိမ်နေသေးသည်။ ပြီးမှ အတင်းရုန်းထွက်နေပေမယ့် သူ လုံးဝလွှတ်မပေးတော့။

"သိပ်ချစ်တယ် ဝတီရယ်"



သူမ ရင်ခုန်သံတွေကို အတိုင်းသားကြားနေရသည်။ သူ့ရဲ့အနမ်းများအောက်မှာ မေ့လျော့သွားခဲ့လျှင်လည်း သူမကျေနပ်နေမှာပါ။

"သားရေ"

မေမေအသံပေးပြီး ရှေ့ကဝင်လာတော့ သူမကိုယ်လေးအား မလွှတ်ချင်လွှတ်ချင်နှင့် လွှတ်ပေးလိုက်သည်။

"ဟင်...ဆက်"

မေမေ့နောက်ကပါလာသူကိုတွေ့တော့ သူ တအံ့တသြနှုတ်ဆက်လိုက်[illegible]င်ပဲ သူမလည်း ကြည့်လိုက်သည်။

"လာ...ဆက်"

ဆက်က အပြုံးလေးနှင့်လှမ်းလာပြီး သူမဆီအကြည့်ရောက်သွားသည်။ မေမေကတော့ ပြန်ထွက်သွားပြီ။

"ဝတီ...ဆက်လေ၊ ငွေမိုးဆက်။ ဆက်...သူက အာသာတဲ့ ကွယ်"

ငွေမိုးဆက်ဆိုသော သူ့ချစ်သူကို အာသာအပြုံးလေးနှင့်ကြည့်ပြီး

"ဆက်ကို အာသာသိနေပါတယ်"

"ဆက်လည်း ဒီလိုပါပဲ"

"သမုတ်ထယ်ကို သတင်းလာမေးတာလား"

"သမုတ်ကိုလည်း သတင်းမေးရင်း၊ အာသာနဲ့တွေ့ရအောင်လည်း လာတာပါ"

ငွေမိုးဆက် အပြောလေးကြောင့် အာသာအံ့သြသွားသည်။ သူ အက်စီးဒင့်ဖြစ်သည့်အတွက် အာသာရှိနေမည်ဆိုတာသိမှာပါ။ ဒါပေမဲ့ ငွေမိုးဆက် အာသာ့ကိုတွေ့ချင်သည့်အကြောင်းက သက်သက်ရှိမည်။

"အာသာ့ကို ဘာပြောစရာရှိလို့လဲဟင်"

ငွေမိုးဆက်က အာသာ့လက်ကလေးနှစ်ဖက်ကိုကိုင်ပြီး

"ကိုမုတ်ကို ယုံယုံကြည်ကြည်ချစ်ပါနော်။ အဲဒါကိုပြောချင်လို့ ဆက်လာ

www.burmeseclassic.com

www.burmeseclassic.com



တာပါ။ ကိုမှတ် သက်သာနေတယ်ဆိုတာ သိတယ်''

''ဆက်ရယ်''

ငွေမိုးဆက် လက်ကလေးကို ပြန်ဖျစ်ညှစ်လိုက်ပေမယ့် သူမ မျက်နှာကို မကြည့်မိအောင် ကြိုးစားနေရသည်။

အာသာ ငိုချင်နေတာပဲသိသည်။ သူကတော့ အာသာနှင့်ငွေမိုးဆက်တို့နှစ်ယောက်ကို မမှိတ်မသုန်ကြည့်နေ၏။

''ဆက် သွားတော့မယ်နော်''

သူနှင့်အာသာ့ကို တပြိုင်တည်းနှုတ်ဆက်ပြီး ထွက်မသွားခင် အနားကိုကပ်ပြီး၊ တိုးတိုးလေးပြောသွားသည်။

''အာသာ ငိုစရာမလိုဘူးနော်၊ ဆက်က ကိုမှတ်ကို ချစ်လျက်နဲ့ ရှောင်ပေးတာမဟုတ်တဲ့အတွက် အာသာလုံးဝ ငိုစရာမလိုဘူး''

ငွေမိုးဆက် ထိုသို့ပြောလိုက်ကာမှ အာသာ့မျက်ရည်တွေက တာတမံကျိုးသလို ကျလာသည်။ မျက်ရည်တွေကျနေပေမယ့် အာသာ့မျက်နှာကိုတော့ အပြုံးတွေနှင့် ဖန်ဆင်းထားသည်။

ဆက်အခန်းထဲက ထွက်သွားတော့ အာသာငိုနေတာကို မတားသည့်အပြင် သေသေချာချာတောင် ထိုင်ကြည့်နေသေးသည်။

''တော်ပါတော့ ဝတီရယ်၊ မောနေပါပြီ''

''ဆက်ကို အရမ်းသနားတာပဲ၊ ကျွန်မတောင် ရှင့်ကိုဒီလောက်ချစ်တာ သူမချစ်ဘူးဆိုတာ ကျွန်မ မယုံဘူး''

သူ ဘာမှမပြောတော့ပါ။ ဘာဖြစ်လို့လည်းဆိုလျှင် ဝတီပြောသလို ဆက်က တကယ်ပဲ သူ့ကိုချစ်သောကြောင့်ပင်၊ သူလည်း ခံစားနေပေမယ့် သူမကိုတော့ မသိစေချင်ပါ။ ဒါသည် ဝတီ့ဘက်ကကြည့်လျှင်တော့ တရားမျှတမည်ဟု ထင်ပါသည်။ သူမကလည်း ဒါကိုသိမှာပါ။ တော်တော်ကြာကြာတိတ်ဆိတ်နေပြီးနောက်မှာတော့ သူမ မျက်နှာလေးအား သူ့ရင်ခွင်ထဲဝှက်ထားလိုက်သည်။



သူမ ဆက်ငိုနေမည်ဆိုလည်း ငိုပါစေတော့။ ချစ်သူလေးကို ရင်ခွင်ထဲမှာ တင်းကျပ်စွာ ပွေ့ဖက်ထားရင်း သူ့အတွေးတွေကတော့ ပြုံးပြုံးလေးနှင့် ပြန်သွားသောဆက်ဆီသို့။ အပြန်လမ်းမှာတော့ ဆက်ငိုသွားမှာ သေသေချာချာကို သူသိနေပါသည်။

■

သုံမ

www.burmeseclassic.com

www.burmeseclassic.com

ဆက်လက်၍ ...

# လုံမ

အ နမ်း နစ် သိမ့် ဆု

ထွက်ပါမည်။

စာရေးဆရာမ လုံမ၏ ထွက်ရှိပြီးသော လုံးချင်းဝတ္ထုများ

၁။ ရင်ခွင်စားငှက်
၂။ ရင်ထဲရှိတဲ့အတိုင်း - သစ္စာနှင်းဆီဗီဒီယို
၃။ အရောင်ကွဲပုံရိပ်
၄။ အခမဲ့ရင်ပြင် - အောင်သိဒ္ဓိဗီဒီယို
၅။ ခြယ်သမမိ တိမ်ပန်းချီ - အောင်သိဒ္ဓိဗီဒီယို
၆။ ရှိုက်သံကင်းမဲ့ဖုန် - အောင်သိဒ္ဓိဗီဒီယို
၇။ အလင်းမဲ့ည - မာန်ထက်ချိုဗီဒီယို
၈။ ရွှေရင်သိမ်းသစ်စကဗျာ - အောင်သိဒ္ဓိဗီဒီယို
၉။ စိတ်မျှော်စင် -
၁၀။ မိန်းမလှဥ္စကာ - အောင်သိဒ္ဓိဗီဒီယို
၁၁။ အနာတရလေပြည် - ပါဝါကောင်းဗီဒီယို
၁၂။ ပင်လယ်ရေနဲ့ဆေးပါ့မယ် -
၁၃။ ပန်းနုရောင်နှိဒါန်း - မျက်ခြယ်ဗီဒီယို
၁၄။ တိမ်ပြာပြာနေ့တစ်နေ့ -
၁၅။ ရင်ခုန်သံအမိပ္ပါယ် - ရူပါဝတားဗီဒီယို
၁၆။ အချစ်ညွှတ်ကွင်း - Heart & Soul ဗီဒီယို
၁၇။ အသည်းကွဲအောင်လက်မှတ် - သစ္စာနှင်းဆီဗီဒီယို
၁၈။ အနမ်းများနှင့်ရှေ့ဆက်ခွင့်ပြုပါ - အောင်သိဒ္ဓိဗီဒီယို
၁၉။ အရောင်မဲ့သင်္ကေတ - ရွှေစင်ဦးဗီဒီယို
၂၀။ ပြောဖို့လိုသေးလား - အောင်သိဒ္ဓိရိဗီဒီယို
၂၁။ မင်းအတွက်ဆို - မာန်ထက်ချိုဗီဒီယို
၂၂။ သက်တမ်းရင့်သမုဒယ - သစ္စာနှင်းဆီဗီဒီယို

www.burmeseclassic.com

www.burmeseclassic.com

၂၃။ မေ့ပို့မလွယ် – အောင်သိဒ်ရိဗိဒီယို
၂၄။ အကြင်နာလက်တစ်ကမ်း – ရွှေစင်ဦးဗီဒီယို
၂၅။ မေ့လို့မရသည့်အကြောင်းအရင်း – အောင်သိဒ်ရိဗိဒီယို
၂၆။ လက်ကလေးရဲ့မီးပြတိုက် – အောင်သိဒ်ရိဗိဒီယို
၂၇။ မကြုံဘူးလို့ ချစ်မိတာပါ – အောင်သိဒ်ရိဗိဒီယို
၂၈။ နှလုံးသားထဲ တိုးဝင်ကြည့် – အောင်သိဒ်ရိဗိဒီယို
၂၉။ ငြိတွယ်ခြင်းသင်ခန်းစာ – အောင်သိဒ်ရိဗိဒီယို
၃၀။ ရင်ဘတ်ချင်းနီးနီးလေး – အောင်သိဒ်ရိဗိဒီယို
၃၁။ မင်းမရှိရင်ကိုယ့်ဘဝမရှိ – အောင်သိဒ်ရိဗိဒီယို
၃၂။ နှောင်ဖွဲ့မီး – အောင်သိဒ်ရိဗိဒီယို
၃၃။ ချစ်ခြင်းဖွဲ့ရာသီ – အောင်သိဒ်ရိဗိဒီယို
၃၄။ ချစ်တယ်လို့ပြောပါဦး – မာန်ထက်ချိုဗီဒီယို
၃၅။ မျက်ရည်မြစ်ဖျား – အောင်သိဒ်ရိဗိဒီယို
၃၆။ မြတ်နိုးတင်မယ်ဆိုရင် – အောင်သိဒ်ရိဗိဒီယို
၃၇။ ရည်စားဦးကျိန်စာ – အောင်သိဒ်ရိဗိဒီယို
၃၈။ တိမ်တိုက်ကကြိုး – အောင်သိဒ်ရိဗိဒီယို
၃၉။ ရွှေနားတော်သွင်းမည့်ချစ်ခြင်းဋီကာ – အောင်သိဒ်ရိဗိဒီယို
၄၀။ ရင်ခုန်သံနားကြပ်

ယခုလ

၄၁။ နှလုံးသားသံတမန်

ဆက်လက်၍

၄၂။ အနမ်းနှစ်သိမ့်ဆု

www.burmeseclassic.com